


ဒဏ်ရာဆူးနှင့်

မူးရီရီ




စာမူခွင့်ပြုချက်အမှတ်၊…၁၆၆/၉၆(…)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်…. ၂၁၀/…(၄)
ပထမအကြိမ်၊ ၁၉၉… ခုနှစ်၊
အုပ်ရေ ၅၀၀၊

အတွင်းစာပုံနှိပ်သူ ဒေါ်သိန်းဆိုင်မြ
ပုံနှိပ်တိုက်
၂၄၊ မြတ်ဓလေ
ဒဂုံမြို့နယ်




# လမင်းမိုမို

## ဒဏ်ရာဆူးနဲ့ မှူးရီရီ

ဝတ္ထုသစ် (အစ, အဆုံး)

မျက်နှာဖုံးပုံနှိပ်သူ ဒေါ်တင်တင် (မြဲ ၀၅၂၀၄)
မိုး အော့ဖ်ဆက်
အမှတ်(၃၆)၊ ဓမ္မာရုံလမ်း၊
မြေနီကုန်းမြောက်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့





ထုတ်ဝေသူ ဒေါ်ခင်တာနီ(၀၀၃၉၆)
အဋ္ဌာသုံးစာပေ
အမှတ် ၂၅၉၊ နဝဒေးလမ်း၊
ဒေါပုံ၊ ရန်ကုန်မြို့


# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

(၁)

ဆောင်းညက အေးစိမ့်နေသည်။

ဖွင့်ထားသော ခေါင်းရင်းပြူတင်းမှ မြောက်ပြန်လေအေးက တသုတ်သုတ်ဝင်ကာ အိပ်ခန်းထဲ မွှေနှောက်သွားသဖြင့် ခြုံထားသော ဂွမ်းစောင်ကို ရင်ညွန့်အထိ ဆွဲတင်လိုက်ရင်း တကြည့်မျက်မှန်ကို သူဆွဲဖြုတ်လိုက်ပါသည်။

ထိုအချိန်မှာ မလှမ်းမကမ်းမှ သံချောင်းခေါက်သံ သဲ့သဲ့။

နာရီကို နံရံပေါ် မော့မကြည့်ပဲ၊ သံချောင်း ခေါက်သံကို သူနားစိုက်ထောင်နေလိုက်ပါသည်။ ဆယ့်တစ်ချက်။ သံချောင်းခေါက်သံဆုံးမှ နံရံပေါ်မှ နာရီကို သူမော့ကြည့်သည်။ ဆယ့်တစ်နာရီထိုးဖို့ ဆယ်မိနစ်။ လက်ထဲကိုင်ထားဆဲ အင်္ဂလိပ်ဝတ္ထုစာအုပ်ကို စာမျက်နှာမှတ်ပြီး သူ ပိတ်လိုက်သည်။ ပြီးတော့ ကုတင်ဘေးမှ စားပွဲပုပုပေါ် လှမ်းတင်လိုက်ရာ စားပွဲပေါ်မှ ဆေးပုလင်းကလေးကို တိုက်မိလျက် စားပွဲအောက်သို့ ဆေးပုလင်းကလေး ပြုတ်ကျသွားသည်။

သူပြန်မကောက်ပဲ ကုတင်ခေါင်းရင်းမှ ပိုးကြိုးကလေး ဆွဲလိုက်ရင်း အခန်းမီးကို မှိတ်ငြိမ်းလိုက်ပါသည်။ မှောင်အတိကျနေသော သူ့အခန်းထဲသို့ အပြင်ဖက်မှ အလင်းရောင်မှိန်မှိန် တစ်ချို့ဝင်နေသဖြင့် ပိန်းပိတ်မှောင်မနေပါ။

သူသည် အလင်းရောက်ဟပ်နေသော ပြူတင်းမှန်၊

မှန်တင်ခုံ၊ တီဗီတို့ကို တစ်ခုချင်း လိုက်ကြည့်နေသည်။ အလင်းရောင်က တစ်ချက်တစ်ချက် ဝါဝွေးသွားသလိုလို။ ဒါဟာလရောင်ချည်း သက်သက်မဟုတ်။ သူစဉ်းစားရင်း တိတ်ဆိတ်နေသော ညထဲသို့ နားစွင့်ထားမိသည်။

ကြည့်စမ်း

တဖျုံးဖျုံး တဖြောက်ဖြောက် မီးစွဲသံ။ ခြောက်သွေ့သော သစ်ကိုင်း သစ်ရွက်တို့ကို မီးစွဲသံ။ တော်တော်ကလေးနီးကပ်သော တစ်ဖက်ခြံမှာ တခုခုကို မီးစွဲနေတာ သေချာပါသည်။ သူကုတင်ပေါ်မှာ လူးလဲထကာ ခေါင်းရင်းပြူတင်းပေါက်မှ တစ်ဖက်ခြံကို လှမ်းကြည့်လိုက်သည်။

အော် - ဒါကိုတောင် မစဉ်းစားမိဘူး။

ဆောင်းညမှာ မီးဖိုကာ မီးလှုံနေတာပဲပေါ့။

သူသည် တစ်ဖက်ခြံ အနိမ့်သစ်သားအိမ်ငယ်လေးရှေ့ မြေတလင်းမှာ မီးပုံကြီးတစ်ပုံဖိုထားတာကို မြင်မှ စိတ်အေးကာပြုံးလိုက်မိပါသည်။ အစိုးရိမ်လွန်ရန်ကောလို့လဲ သူ့ကိုသူရယ်ချင်လိုက်ပါသေးသည်။ စိုးရိမ်ဆို - ခေါင်းရင်းခြံကလေးကလူမှမနေတာ။ သူဒီအိမ်သစ်ကို အခေါက်ခေါက်ရောက်နေသမျှအချိန်အတွင်း လူရိပ်လူယောင်တစ်ချက်မှ မတွေ့ပဲ သစ်သားအိမ်ကလေးကိုသော့ခတ်ထားတာသာ မြင်ရသည်။

အစောင့်တောင် မမြင်ရ။ ခုတော့ လူရောက်နေပြီ။ ဘယ်အချိန်က ရောက်လာကြပါလိမ့်။ သူသည် အိပ်လဲမအိပ်ချင်





းပဲ ပျင်းပျင်းရှိသည်နှင့် ထိုမီးလှုံနေသော မြင်ကွင်းကိုပဲ
တ်တိတ်ဆိတ်ဆိတ်ငေးစိုက်ကြည့်နေမိသည်။

မီးလှုံနေသူသည် ဖြူဖန့်ဖန့် ခေါင်းစွပ်ဆွယ်တာ
ကြီးနှင့် အောက်ပိုင်းမှာတော့ ညိုတိုတို မဲတဲတဲ ဘောင်းဘီပဲ
င်ပါရဲ့ ဝတ်ဆင်ထားသည်။ ခေါင်းပေါ်မှာ ငယ်ထိပ်၌
ီးမွေးလုံးလေးပါ သော သိုးမွေးဦးထုပ်ညိုညိုကလေး ဆောင်း
ားသည်။ လက်ကလေးနှစ်ဖက်ကို ဖြန့်ထောင်ကာ မီးပုံတွင်
င်နေသည်။ ကျောပေါ်မှာ ဘာပါလိမ့်။ အော် - ကျစ်ဆံမြီး
ကြီးတစ်ချောင်းပဲ။ ဒါဖြင့် မီးလှုံနေသူဟာ မိန်းကလေးတစ်ယောက်
ပေါ့။

ထိုမိန်းကလေးက သူ့ဖက်ကို ဘေးတစောင်းပေးပြီး
ိုင်နေပါသည်။ ပါးစပ်က တလှုပ်လှုပ်နှင့် သီချင်းပဲ ညည်းနေ
သလား၊ ဘာတွေပဲပြောနေသလဲမသိ။ ဘေးတိုက်မြင်ရသော
ှတ်ခမ်းဖုဖုကလေး နှစ်လွှာသည် ကပ်ချည် ကွာချည် လှုပ်ရှား
နေသည်။ ကောင်မလေးငယ်ငယ်တယောက်ပဲ ဖြစ်လိမ့်မည်။

သူသည် ဘာရယ်လို့ မဟုတ်လှပဲ၊ ထိုမိန်းကလေးကို
ဆက်လက်ငေးကြည့်နေမိသည်။ လက်ဖဝါးလေးနှစ်ဖက်
ဖြန့်ထောင် ထားသည်ကို ကြည့်မိလျှင် ထူးထူးခြားခြား
ဘယ်ဖက်လက်ဖမိုး လေးပေါ်မှာ မဲညိုညိုအကွက်ကလေးတစ်ခုကို
ထင်ထင်ရှားရှားပင် မြင်ရပါသည်။

ဒိုးမဲတို့ ပြာတို့ ပေနေတာလား ဘာလားမသိ

အသစ် ရွှေမတ်စေ့အရွယ် အမဲကွက်ကလေးက ဖွေးဥနေသော သူမ လက်ဖမိုးမှာ ထင်းထင်းကြီး။ ထိုအခိုက် သူမက ပူနေသော လက်ဖဝါးဖြင့် ပါးနှစ်ဘက်ကို ကပ်သည်။ လက်ကလေးချင်း ဆုပ်နယ်သည်။ လည်ပင်း နားရွက်တို့ကို ခေါင်းမော့ကာ ငုံ့ကာ လက်ကလေးဖြင့် ထိကပ်နေ၏။

မီးရောင်ရဲရဲဟပ်နေသော သူမအသွင်သဏ္ဌာန် လှုပ်ရှားမှုများက ကြည့်လို့ ကောင်းလှသဖြင့် ကြည့်ကောင်းကောင်းနှင့် သူ ဆက်ငေးကြည့်နေမိမြဲ။ ထိုစဉ် မိန်းကလေးက သူမဘေးက အရာဝတ္ထုတစ်ခုကို မယူလိုက်သည်။ မှောင်ရိပ် ကျကျမို့ အုတ်ခဲ သို့မဟုတ် ဖင်ထိုင်ခုံပုလေးဟု ထင်ရသော အရာသည် အမှန် တကယ်တော့ မုန့်ဘူးတစ်ဘူး ဖြစ်နေပါသည်။

ချောကလက် သို့မဟုတ် ဘီစကစ်ထဲ့သည် သံဘူးကလေးမျိုး။ ကောင်မလေးက သံဘူးကို အဖုံးဖွင့်ပြီး အထဲမှ တစ်စုံတစ်ခု ထုတ်ယူသည်။ ပါးစပ်မှ တတွတ်တွတ်ပြောရင်း ထိုတစ်စုံတစ်ခုကို မီးပုံထဲပစ်ထည့်လိုက်၏။ သံဘူးကြီးကို သူ့ဝမ်းဗိုက်နေရာ၌ ထည့်ပိုက် ထားကာ ဘူးထဲမှ တစ်ခုပြီးတစ်ခု ထုတ်ယူကာ မီးပုံထဲ ပါးစပ် ကလေး တလှုပ်လှုပ်နှင့် ပစ်ကာ ပစ်ကာ ထည့်နေသည်။

ကြည့်စမ်း။

ဒီကောင်မလေး ရည်းစားစာဖြစ်ဖို့ များသော စာအိတ်တွေ တစ်ရွက်ခေါက်ကလေးတွေကို မီးရှို့ဖျောက်ဖျက်နေတာကိုး။ ပိုပြီး





သေချာသည်မှာ ကောင်မလေးသည် ဆယ့်လေးငါးစောင် ပစ်ထဲ့ပြီးသောအခါ ကိုယ်ကလေး တသိမ့်သိမ့်လှုပ်ခါလျက် မျက်နှာကို လက်ဝါးနှင့် အုပ်ပြီး ငိုရှိုက်နေပြန်လေသည်။

သူ သက်ပြင်းတစ်ချက် ရှိုက်ကာ ခေါင်းယမ်းပြီး ပြုံးနေမိသည်။

သနားစရာ မိန်းကလေး။ စာတွေကို အပြီးအပြတ် လက်စဖျောက်နေချိန်မှာ ငိုရှိုက်နေရဆဲပါလား။

မိန်းကလေးသည် သံဘူးကို မြေကြီးပေါ် မှောက်ချကာ စာတွေအားလုံး မြေပေါ်ပုံလိုက်သည်။ မီးတောက်ကျကာ လောင်စာကုန်သွားပုံရသဖြင့် စာတွေကို မီးထဲမထဲ့နိုင်သေးပဲ မလှမ်း မကမ်းသို့ အပြေးကလေးထသွားသည်။

ထိုအခိုက်မှာ

အဲ့ဒီအခိုက်မှာ ဖြန်းကနဲနေအောင် အင်နှင့်အားနှင့် ပင့်ကာ ဝှေ့ကာ တိုက်လိုက်သော မြောက်လေရှူးကြောင့် စာရွက်ပုံကြီးဟာ ဖရိုဖရဲဖြစ်ကာ တစ်ခုသော စာအိတ်မပါ စာရွက်ခေါက်ကလေးသည် လေအရှိန်နှင့် လွင့်ကာ ဝေ့ဝိုက်ကာ ခြံနှစ်ခြံကြားပုံကျရိတ်စည်းရိုးပေါ် အပြန့်သားကလေး လာတင်နေပါတော့သည်။

သူဦးနှောက်ခြောက်သွားရ၏။

ဟော့ကောင်မလေး မင်းစာတစ်စောင် ဒီဖက်လွင့် လာပြီလို့ ပြောလိုက်ရမလား။ ခပ်ဆဆ လှမ်းအော်ပြောလျှင်

ကြားနိုင်လောက်သော အကွာအဝေးလဲ ဖြစ်ပါသည်။ ထိုစဉ်မှာ ကောင်မလေးကလဲ သစ်ကိုင်းခြောက်တပွေ့နှင့် ပြန်ရောက်ကာ စာရွက်ကလေးကလဲ အရှိန်မသေသေးသော လေရှိန်ကြောင့် ခြစည်းရိုးပေါ်မှ တဆင့် သူ့ခြံတွင်းဖက်ထဲ လုံးလုံးလျားလျား ကျလာပါတော့သည်။

ကောင်မလေးသည် သစ်ကိုင်းခြောက်တွေကို မီးပုံဘေးချကာ ဟိုဟိုဒီဒီလွင့်နေသော သူမရဲ့ စာရွက်တွေ စာအိတ်တွေကို လိုက်ကောက်သည်။ သေသေချာချာ စေ့စေ့စပ်စပ်ရှာကောက်သည်။ ထို့နောက်တော့ မီးပုံထဲကို သစ်ကိုင်းခြောက်တွေ ထည့်လိုက် စာတွေထည့်လိုက် သံဘူးအဖုံးနှင့် ယက်ခတ်လိုက်။ မီးတောက်ကလေးက ပြန်လည်အရှိန်ရလာသည်။

ခဏအကြာတွင် သူမလက်ထဲ စာတစ်စောင်သာ ကျန်တော့သည်။ သူမသည် လက်တစ်ဖက် ပါးမှာ ထောက်ကာ ငေးငိုင်ရင်း နောက်ဆုံးစာရွက်ကလေးကို တခဏစိုက်ကြည့်နေသေး သည်။

"မှတ်ရေ ... "

"ရှင် ... ဒေါ်လေး"

"မအိပ်သေးဘူးလား ... ၊ မီးလှုံတာလဲ တော်ရောပေါ့"

ကောင်မလေးက နှုတ်လမ်းကလေးကို တထွာလောက်စူလိုက်သည်။ အိမ်လေးဖက် မျက်စောင်းလှည့်ထိုးသော အခါသူမဟန်ပန်ကလေးမှာကလေးတစ်ယောက်အသွင်အတိုင်းသား။





မှတ် ... တဲ့။

သဲသဲကွဲကွဲကြားလိုက်ရသော ခေါ်သံထဲမှာ သူမအမည်ဟာ 'မှတ်' သို့မဟုတ် 'မတ်' ဆိုတာမျိုး ဖြစ်နိုင်သော်လဲ သူ့စိတ်ထဲမှာ 'မှတ်'လို့ပဲ သေသေချာချာ သိလိုက်ပါသည်။ ဒါပဲ ဖြစ်နိုင်မှာပေါ့။ ခုနက မြင်ရတဲ့ ကောင်မလေးရဲ့ ဘယ်ဖက်သက်ဖမိုးလေးပေါ်က အကွက်ကလေးဟာ ပေကျံနေတာ ဟုတ်ပဲ အမှတ်ကလေးတစ်ခု ဖြစ်လိမ့်မည်။ ဒါကြောင့်ပဲ သူမအမည်ဟာ 'မှတ်' ဖြစ်လိမ့်မည်။

"လာတော့ သမီးရယ်၊ အပြင်မှာ လေက တိုက်ပါဘိသနဲ့..."

"မအေးပါဘူး၊ မီးလှုံနေတဲ့ ဥစ္စာပဲ ... "

"လာပါကွယ် ...၊ အိပ်ပါတော့ ..၊ မီးငြိမ်းလိုက်တော့"

"အာ ... နေပါအုံး ... ၊ ဒီမှာ နေလို့ကောင်းနေတာ"

ကောင်မလေးက နောက်ဆုံးစာကလေးကို မီးထဲသွမ်းထဲ့လိုက်သည်။

"လာတော့ကွယ်... ဒီမီးပုံငြိမ်းပြီးမှ ဒေါ်လေးလဲ စိတ်ဖြောင့်ဖြောင့် အိပ်လို့ရမှာ ... "

အဒေါ်ကြီးတစ်ယောက် အနွေးထည်တွေ မာဖလာတွေနှင့် ရေတပုံးဆွဲကာ ထွက်လာသည်။

"အဲ့ဒီ ဒေါ်လေးဟာ... သူများငြိမ်းချမ်းမှုကို သိပ်ဖျက်တာပဲ ... "

"မှတ်ကလေးက လိမ်မာပါတယ်ကွယ်..."

"မှတ်ဘာသာ မီးသတ်ပြီး အိပ်မှာပေါ့ ... "

"ညည်း မီးသတ်မှာ စိတ်မချပါဘူးအေ ... ငါစိတ်မဖြောင့်ပဲ အိပ်လို့လဲရမှာ မဟုတ်ဘူး၊ သမီးဘာတွေ မီးဆော့နေလဲ စက္ကူညှော်တွေလဲ ညှော်လိုက်တာအေ... ညည်းမီးလုံ့သလိုလိုနဲ့ မီးဆော့နေမှာ ... "

"မီးဆော့ရအောင် မှတ်က ကလေးလား"

"ဒီလောက်ညှော်နေတာ ... ၊ ညည်းစက္ကူစုတ်တွေ မီးထဲထဲ့ဆော့နေတယ်မှလား ... "

ကောင်မလေးသည် စူပုတ်ပုတ် ပေကတ်ကတ်လုပ်နေသည်။ ခုမှ သက်ဝင်လှုပ်ရှားလာသော သူမဟန်ပန်သဏ္ဌာန်တွေကို ငေးကြည့်ရင်း သူ့စိတ်ထဲ ဘာကို သဘောကျသလဲမသိ ပြုံးနေမိပါသည်။ ကလေးဆိုးဟန်ပန်ကလေးကို သူသဘောကျမိတာ ထင်ပါရဲ့။

"ကဲ ... ဒေါ်လေး မီးငြိမ်းမယ်နော်"

"ငြိမ်း ... ငြိမ်း... ၊ လူကို အစဉ်အမြဲ လိုက်ပိတ်ပင်နေတာပဲ ... "

ကောင်မလေးက ဆတ်ကနဲထရပ်ကာ ခြေထောက်ကို တမင်ကလာဆောင့်ပြီး သူ့သံဘူးပိုက်လျက် အိမ်ထဲ ဝင်သွားတော့သည်။

"အေး ... ပြော - ပြော၊ ကျုပ်တို့ဆိုဖိပြော ... ၊ ညည်းအဖေနဲ့မှ ညည်းနဲ့ကိုက်တယ် ... ၊ ညည်းအဖေပြောမှ ...





ညည်းလေးက ... "

အဒေါ်ကြီးမှာ တတွတ်တွတ်ပြောရင်း မီးပုံထဲသို့ ...လားလေးနှင့် ရေပက်ကာ ဖြန်းကာ မီးငြိမ်းသတ်သည်။ သူလဲ မြင်ကွင်းကို ကျောခိုင်းကာ ကုတင်ပေါ်ပြန်လည် မှီလျောချလိုက်ပါသည်။ မျက်စေ့ထဲမှာ ကောင်မလေးရဲ့ ဖို့ယို့ဖားယား ဝတ်စားလှုပ်ရှားပုံရယ် ... နှုတ်ခမ်းစူစူလေးရယ် ... တိတ်တိတ်လေး ကြိတ်ငိုနေပုံရယ် ... မေ့မရ ဖျောက်မရ။

မျက် စေ့ မှိ တ် လို က် သော် လဲ ပွ စိ ပွ စိ ဘာတွေမှန်းမသိ ရွတ်နေသော နှုတ်ခမ်းလေးကို မြင်ယောင်သည်။ သူ့အတွက်တော့ ကောင်မလေးရဲ့ ပုံသဏ္ဌာန်ဟာ ကလေးတစ်ယောက်ရဲ့ ဂျစ်တူးတူး ပုံစံမျိုးကလေးသာ ဖြစ်နေပါသည်။

မှတ် ... တဲ့။ မှတ်ကလေး ... တဲ့။

မှတ်... ၊ မှတ် ... ။

* * * * *

"ကျွန်တော် တစ်ခါထဲ မိတ်ဆက်ပေးထားလိုက်မယ် ... ၊ နောက်အခေါက်တွေတော့ သူ့အိမ်သွားပြလို့ ရအောင်ပေါ့ဗျာ၊ အိမ်မှာတော့ ဆေးခန်းရယ်လို့ မဟုတ်ပါဘူး ... ၊ သူ့မိတ်ဆွေတွေ ဘာတွေက လာပြရင်သာ လက်ခံကြည့်ပေးတာ၊ သူက ဆေးရုံ ဒါမှမဟုတ် ဆေးခန်းကိုသာ ပြခိုင်းတာများတယ်၊ အခု ကျွန်တော်ပါလာတော့ ... ကိုမင်းနေပြည်ကို အိမ်လာပြခွင့်ပေးလိမ့်မယ် ထင်ပါရဲ့ ... "

စေတနာစာပေ

ဦးကျင်တီ စကားများကို နားထောင်ရင်း မင်းနေပြည် ခေါင်းသာ ညိတ်နေမိသည်။ ဒီဆရာဝန်ကြီးကလဲ ကြီးကြီးကျယ်ကျယ်ထဲက ထင်ပါရဲ့။ ဆေးခန်းကျဉ်းကလေးထဲ ထိုင်စရာနေရာလဲမရှိ - အနံ့ အသက်လဲ စူးရှပြင်းပျသဖြင့် ဆေးခန်းအပြင် ပလက်ဖောင်းပေါ် နှစ်ယောက်သား ရပ်နေသော သူတို့နှစ်ယောက်မှာ ရွှေ့မှာ ဆယ့်ငါးယောက် နှစ်ဆယ်စောင့်ရမှာမို့ ပျင်းပျင်းနှင့် စကားကြောသာ ရှည်နေသည်။

"ဒီလူကြီးက ဝွကျကျဗျ ... "

ဦးကျင်တီက စကားဆက်သည်။ မင်းနေပြည် ခေါင်းညိတ်နားစွင့်လိုက်ရသည်။ ဦးကျင်တီနှင့်က ခင်မင်တာကြာပြီ ဆိုသည်။ မင်းနေပြည်ကတော့ နှလုံးအထူးကုသမားတော် ဦးနိုင်ကျော်ဇော ဆိုတာကို နာမည်ကြီးမို့ ကြားဖူးနေတာသာရှိပြီး တစ်ကြိမ်တစ်ခါမှ မမြင်ဖူး မဆုံဖူးပါ။

"ငွေတွေ ဘာတွေများ ... ဒီလူက မက်လိမ့်မယ် မထင်နဲ့ ဒီဆေးခန်းထိုင်တာတောင် တစ်နှစ်လားရှိသေးတာ၊ အရင်က ဆေးခန်း မထိုင်ဘူး၊ သူ့ကို ပြချင်ရင် ဆေးရုံကိုပဲသွား ... သူထိုင်တဲ့ရက် ပြ ... ၊ သိပ်ရင်းနှီးရင် အိမ်မှာပြ ... ဆေးရုံသွားပြရပြုရတာ တစ်ခါတစ်လေ မလွယ်ဘူးဗျ မရင်းနှီးတော့ အိမ်လဲ သွားမပြဝံ့ ... ဒါတွေနဲ့ မိတ်ဆွေတွေက ဝိုင်းဆန္ဒပြုပြီး အတင်း ဆေးခန်းထိုင်ခိုင်းရတာ အခုလဲ ... ဒီဆေးခန်း တခန်းထဲပဲ ထိုင်တယ် ... ၊





ဒီဆေးခန်းပိုင်ရှင်က သူ့မိတ်ဆွေ ..., သူ့ ပေးရှုံ့ပဲပေါ့၊ အတင်းတောင်းတောင်းပန်ပန် ထိုင်ခိုင်းရတာ၊ ဒီဆေးခန်း တစ်ခုပဲ ထိုင်တော့ လူတွေက အုံပြီး ဒီတနေရာပဲ လာပြရတော့ ... လူများတယ်ဗျ၊ တစ်နေ့တစ်နေ့ တိုကင်နံပါတ်က လေးငါးဆယ် ဖြစ်ဖြစ်နေတယ် ... "

"ဒီလောက်များတော့ ... သေချာကြည့်နိုင်ပါတော့မလားဗျာ ... နော် ... "

"ဟာ ... မထင်နဲ့၊ ဒီလူက သိပ်တော်တာ၊ လက်တစ်ဖက်တင်လိုက်တာနဲ့ သူက အတိအကျလောက်ကို ပြောနိုင်နေပြီ၊ ဒါပေမယ့် သူမသက်ာရင် မသေချာရင် တစ်ယောက်ထဲနဲ့ ဆယ့်ငါးမိနစ် ... မိနစ်နှစ်ဆယ်ကြာရင်လဲကြာတာ၊ ဘယ်လောက်ကြာကြာ ... လူကုန်တဲ့အထိ သေချာကြည့်ပါတယ် ... ၊ သူက တစ်ခြားဆေးခန်းကူးစရာမှ မရှိတာ... "

မင်းနေပြည်က စီးကရက်ကို ပလက်ဖောင်းပေါ် ချကာ ခြေဖြင့် နင်းရင်း ပါးစပ်မှ အခိုးငွေ့များ ဖြည်းဖြည်း မှုတ်ထုတ်သည်။

"သူ့ အိမ်သွားတဲ့အခါလဲ ... လက်ဆောင်တို့ ငွေတို့ အရမ်းကာရော မပေးနဲ့ဗျ ... ၊ ခင်နေတဲ့ ကျုပ်တို့ကိုတောင် ဘုမှုတ်မှုတ်တာ ... အချိန်အခါ ကြည့်ဂျက်ပြီး အကျိုးသင့် အကြောင်းသင့်ပေးရတယ် ... ၊ ခင်မိရင်လဲ ... ဒီလူက တဖွတ်ထိုး၊ သူ့ သဘောက မကြိုက်တရာ ကြိုက်တရာဆို

တာမျိုးပေါ့ ... "

"အိမ်က ဘယ်မှာလဲ ဦးကျင်တီ ... "

"စမ်းချောင်းထဲမှာ ... လုံးချင်းတိုက်လေးပါပဲ၊ ဒါပေမယ့် သူ့အခြေအနေမျိုး သမားတော်တွေထဲ ဒီလိုနေတာ သူတစ်ယောက်လောက်ရှိတော့မယ်ထင်တယ် ... သူသာ ပိုက်ဆံရှာချင်ရင်... ခုချိန်လောက်ဆို... ဝင်ဒါမီယာမှာ အင်းယားမြို့င်မှာ... ခြံဖြစ်နေပါပြီဗျာ... ပိုက်ဆံမှ မရှာချင်တာ ... လေးစားဖို့တော့ ကောင်းတယ်ဗျ ... "

"ဟုတ်တယ် ဦးကျင်တီ... ကြားရတာတော့ လေးစားစရာပဲ ... "

"ကျုပ်ကလဲ လေးစားတော့... ခင်လဲ ခင်တော့ သူ့ရှေ့ရေး သိပ်ပူတယ် ... သူ့ရှေ့ရေးဆိုတာ သူမှာ သမီးလေး တစ်ယောက်ရှိတာ ... ပိုက်ဆံလဲ ထုတ်ထုတ်ထည်ထည် မရှိဘူးဗျ... ကျုပ်ကျေးဇူးရှင်လဲ ဖြစ်တော့ ကျုပ်က သူ့ကို ကျုပ်ဆီရှယ်ယာဝင်ပါ ခေါ်တယ် ... "

မင်းနေပြည် ခေါင်းညိတ်သည်။

"ကျုပ်ဆီမှာ ရှယ်ယာမလိုတာ ခင်ဗျားလဲအသိပဲ... လုပ်ငန်း ကလဲ ကောင်းနေတာ၊ သူ့ကို ဝင်ငွေရှိစေချင်လို့ မြတ်နေတဲ့ ကျုပ်ကုမ္ပဏီထဲ ရှယ်ယာပါခိုင်းတာပါ ... သူက ပိုက်ဆံ ပိုမရှိဘူး ဆိုပြီး မထဲ့ဘူး၊ တကယ်မရှိတာဗျ... ကျုပ်စိတ်မ ကောင်းဘူး ဖြစ်သွားတယ်၊ နောက်တော့... ကျုပ် ဘယ်ထိ



31268969



ပြောလဲဆိုတော့... ကျုပ်ပိုက်ဆံနဲ့စိုက်ပြီး နှစ်သိန်းလောက် ထဲ့ထားလိုက်မယ်၊ မြတ်လာတာကိုယူပြီး ကျုပ်နှိမ်သွားမယ်၊ ကျေရင် ဒီရှယ်ယာဟာ သူ့မှာ အသားတင် ဖြစ်ပြီပေါ့ ... ဘာမှမကြာဘူး တစ်နှစ်ကျော်လောက်နဲ့ ပြီးသွားမယ်ဗျာ၊ အဲ့သလိုပြောပြပြီး ... သူမငြင်းအောင် ကျုပ်မှာ တောင်း တောင်းပန်ပန်နဲ့ကို ကျုပ်ငွေနဲ့ ကျုပ်စိုက်ထဲ့ရတာ ... "

မင်းနေပြည် ခပ်သာသာရယ်မိသည်။

ဦးကျင်တီဟာ ဆရာဝန်ကြီး ဦးနိုင်ကျော်ဇောကို ဘယ်လောက်ထိ လေးစားခင်မင်သလဲ သိသာလှသည်။

"ကျုပ် ငွတ်ထဲ့လိုက်မှန်းသိတော့ နှစ်ပတ်လောက်နေတော့ ငွေနှစ်သိန်းလာပေးတယ်ဗျ... စိုက်တော့ စိုက်မထားပါနဲ့ တဲ့... ဒီစကားတွေကြားလို့ သူ့သမီးလေးက သူ့အမေပေး ခဲ့တဲ့ စိန်နားကပ်လေး ထုတ်ရောင်းပြီး ရှယ်ယာ ဝင် နိုင်းတယ်တဲ့... ကလေးကမှ အမျှော်အမြင်ရှိသေးဗျာ... "

"သမီးက ငယ်ငယ်ပဲလား ... "

"ဆေးကျောင်းတက်နေတယ်ဗျ၊ ဆရာဝန်တော့ မဖြစ်သေး ဘူး ... "

"မိန်းမက ... "

"ဆုံးပြီဗျ ... ကြာပြီ ... သူရယ် သူ့ညီမတစ်ယောက်ရယ်၊ သူ့သမီးရယ် သုံးယောက်ပဲနေတယ်၊ အေးအေးကုပ်ကုပ်ပဲ သူ့သမီးမှာ အမေ့အမွေ လက်ဝတ်လက်စားလေး မဖြစ်

လောက်ရှိမယ် ...၊ ဒါပဲဗျ ...၊ ခုတော့ ... ဝင်ငွေလေး ပိုလာတာပေါ့၊ ကျုပ်ဆီက ရှယ်ယာက တလကို အနည်းဆုံး တစ်သောင်းလောက်တော့ ဝင်နေတာပေါ့ ... သူ့သမီး လေးလဲ ခုမှပဲ နဲနဲပြောင်ပြောင်ယောင်ယောင် ရှိရှာတာ ကလေးမှာ သနားပါတယ် ... ဆေးရုံက လခတစ်ခုထဲနဲ့ ဘယ်လောက်မှာလဲ ...၊ ညှိုးငယ်ရှာတယ်၊ ဆယ်တန်း ဖြေတုန်း ... ကျုပ်က ကျုပ်သားနဲ့ သူငယ်ချင်းတွေအတွက် ကျူရှင်တပိုင်းစီစဉ်ပေးတော့ ... အဲဒီပိုင်းမှာ ကောင်မလေး ကို အခမဲ့ တက်ခိုင်းပါတယ် ...

ကောင်မလေးကလဲ မတက်ဘူးဗျ... အဖေလိုပဲ မာန လေးနဲ့၊ နှစ်ဆယ်တန် အစိတ်တန် ကျူရှင်လေး နှစ်ဘာသာ ယူပြီးဖြေတာ၊ ဖစ်ဆစ် ကယ်မစ္စထရီရယ်၊ မက်စ်ရယ်ပဲ ကျူရှင်ယူတယ်၊ ခြောက်ဘာသာဂုဏ်ထူးနဲ့ဗျာ အမ်စီဝင် သွားတယ် ... "

မင်းနေပြည် အထင်တကြီး သဘောတကျ စိတ်ဝင်တစား ခေါင်းညိတ်နေမိပါသည်။ ကြားရသည်များမှာ သဘောကျ စရာတွေချည်းပါပဲ။

စကားပြောနေရင်း ခံတွင်းက စီးကရက်တောင်း လာပြန်သည်။ မင်းနေပြည် ကိုယ့်ဘာသာ အောင့်အီးလိုက်ရ၏။ လျှော့မှလေ - လျှော့မှ။ သူမကြာခဏ ရင်ဘတ်အောင့်တာ ဖြစ်ခဲ့တာကြာပြီ။ ဟိုး တလောကစပြီး ရင်ညွန့်ထဲက စူးစူးဝါးဝါး





ောင့်အောင့်တက်လာသည်။ ပင်ပန်းခံလို့မရ။ ဒါကို ဆရာဝန် ြည့်တော့ သူငယ်ချင်းဆရာဝန်က E.C.G ရိုက်ခိုင်းသည်။ ်လိုက်တော့ နှလုံးက မကောင်းလှဘူးတဲ့။ နှလုံးအထူးကုနှင့် ်ပြကြည့်ဟု သူငယ်ချင်းက အကြံပေးသည်။

ဦးနိုင်ကျော်ဇောနှင့်ပဲ သူငယ်ချင်းက ပြစေလိုသည်။ ဖော်ကိုင်ဖက် မိတ်ဆွေတွေနှင့် စကားစပ်မိရင်း ဦးကျင်တီနှင့် ိုင်ကျော်ဇော ခင်တာ သိရသည်။ ဒါကြောင့် သူ ဆေးခန်းအလာ ဦးကျင်တီက လိုက်လာပေးခြင်းပါ။ ဦးကျင်တီနှင့် ခင်ပေမယ့် သမဆုံးအကြိမ်မို့ အိမ်တန်းခေါ် သွားပြီး ပြဖို့ မဖြစ်သေးပါတဲ့။ ရာဝန်ကြီးက သူ့အိမ်မှာ တော်ရုံနှင့် လက်မခံပါတဲ့။

ဒါကြောင့် ဦးကျင်တီပါ ဆေးခန်းလိုက်ပါလာသည်။

ဦးကျင်တီနှင့် မင်းနေပြည်မှာ မိတ်ဆွေတွေဟု ရသော်လဲ သက်တူရွယ်တူတော့ မဟုတ်ပါ။ ဦးကျင်တီက ဆယ်ငါးနှစ် ပတ်ဝန်းကျင်လောက်ရှိနေပြီ။ မင်းနေပြည်သည် ဘလောက သုံးဆယ်ရှစ်နှစ်ပြည့်ခဲ့ပြီးသော သူ့အသက်သူ ်ပျက်နေသည်။ ဘာလိုလိုနှင့် လေးဆယ်ပိုင်းဝင်လာပြီ။

အသက်လေး ရလာသလို ရောဂါလေးတွေလဲ ရ ာသည်။ သူ့မှာ သွေးတိုးလဲရှိချင်သလို ဖြစ်နေသည်။ သွေးတိုး ရောဂါဟု နာမည်မတပ်နိုင်သေးသော်လဲ မကြာခဏ သွေးတက် တ်ပါသည်။ ဆေးနှင့်ချလိုက်လျှင် ကျသွားတာမို့ တသမတ် အမြဲသွေးပေါင်ချိန်တက်နေတာ မဟုတ်တာမို့ သွေးတိုးရောဂါဟု

မခေါ်သေးပါဘူးတဲ့။ ဆေးကိုလဲ အမြဲစွဲ မသောက်ရသေးပါ
သို့သော် သူ မကြာခဏ သွေးတိုးတတ်ခဲ့ပြီ။

ဟို တလောကက ညီအငယ်ဆုံးလေး နာရေးကြုံ
လိုက်ရတာမို့ တစ်မိသားစုလုံး ပို့လို့ပက်လက် ကြေကွဲဝမ်းနည်း
ခဲ့ရသည်။ အားလုံးလိုလို အိပ်ရာထဲ လဲခဲ့ရသည်။ မေမေဆိုလ
တခါထဲ ပုံကျသွားတာ။ ညီမ အပျိုကြီးမှာလဲ ခုထိ နေ့စဉ်ငိုတုန်း
ရှိသေး။ သူ့မှာလဲ နှလုံးရောဂါကြောင့် ထင်ပါရဲ့ တလှပ်လှပ်နှင့်
ရင်ဘတ်အောင့်သော အကြိမ် တိုးလာပါသည်။

ညီငယ်လေးဟာ ဆုံးချိန်မှာ နှစ်ဆယ့်ခြောက်ပင်
မပြည့်တတ်သေး။ ဆုံးရပုံကလဲ တပြေရပ်ခြားမှာ။ သင်္ဘောအရာရှိ
ငယ် ညီကလေး မင်းရွှေစည်ဟာ သင်္ဘောပေါ်တာဝန်ထမ်း
ဆောင်ရင်း ပေါက်ကွဲမှု မတော်တဆကြောင့် ရုတ်တရက် ဆုံး
ရတာဖြစ်သည်။ အလောင်းမြင်ရဖို့ ဝေးလို့ပြာပင်မရ။ အရိုးပင်မရ
ဘာမှမမြင်မတွေ့လိုက်ရပါ။

ပိုဆိုးတာက ညီလေး ဗမာပြည်မှ ထွက်သွားတာ
ခုနစ်နှစ်ခန့် ရှိပြီ။ ခုနစ်နှစ်လုံးလုံး တစ်ကြိမ်တစ်ခါမှ အိမ်ပြန်မလာ
ထွက်သွားပြီးကထဲက တစ်ခါမှ မတွေ့ရ။ နောက်ဆုံးမတွေ့ရ
အပြီး ခွဲခွာလိုက်ရသည်။ ဒီကိစ္စအတွက် သူရော မေမေရော
ညီမလတ်ပါ ခုထိနာလန်မထူသလို ဖြစ်နေသည်။

သူတို့မှာ အမအကြီးဆုံး တစ်ယောက်ရှိပါသေး
သည်။ ခုတော့ ယောက်ျားနှင့်အတူ လော့စ်အင်ဂျလိစ်မှာ။ သူလဲ





အိမ်ကို ဖုန်းတဆက်ဆက်နှင့် ညီအမနှစ်ယောက်သား ဖုန်းပေါ်မှာ
အပြိုင်အဆိုင် ငိုကြပြုကြ။ ဒါတွေမြင်တော့ သူပို နေမကောင်းချင်။ ...

သူသက်ပြင်းတချက်ချလိုက်သည်။

"နေသာထိုင်သာရှိရဲ့လား ... ကိုမင်းနေပြည်" ဟုသည်။

"ရှိပါတယ်၊ ကျွန်တော် လောလောဆယ် ဘာမှ ဖြူးနိုင်ကျော်
ပါဘူး ဦးကျင်တီ"

"ဟော ... ခေါ်ပြီ ... ခေါ်ပြီ ... အထဲကနာမည်ခေါ်နေပြ

ဦးကျင်တီက ကမန်းကတန်းလှည့်ကာ "ဦးမင်းနေ
ပြည်"ဆိုသည့် ခေါ်သံကို "ရှိတယ် - ရှိတယ်"ဟု တုန့်ပြန် လိုက်၏။
မင်းနေပြည်ကို လှည့်ပြီး ခေါင်းဆတ်ခေါ်ကာ သူက ရှေ့
ဆောင်လျက် ဆေးခန်းအတွင်းပိုင်းထဲ ဝင်သွားလေသည်၊ နှလုံး
အထူးကု သမားတော်ကြီးဆိုသည့် ဆိုင်းဘုတ်ချိတ်ဆွဲထားရာ
အခန်းထဲမှ အမျိုးသမီးကြီးတစ်ယောက်နှင့် သားဖြစ်ဟန်တူသူ
ထွက်လာသည်။

"ဦးမင်းနေပြည် ... ဝင်ပါ ... "

ဦးကျင်တီက ရှေ့က သူကနောက်က ဝင်သွားကြ
သည်။ ဆေးခန်းလေး တကန့်စာက ကျဉ်းကျပ်လှသဖြင့် အထဲမှာ
လှည့်သာ မပဲ့သာ ဖြစ်နေသည်။

"ဆရာကြီး ... "

"အော် ... ဦးကျင်တီ ... ဆို ... ဘာဖြစ်လာလဲ"

"ကျွန်တော့် မိတ်ဆွေပါ ဆရာကြီး ... ဦးမင်းနေပြည်တဲ့

M.N.P ကုမ္ပဏီဆိုတာ ဆရာဝန်ကြီး ကြားဖူးမှာပေါ့ ... သူပြချင်တာနဲ့ လိုက်လာတာပါ ... ”

သူ့ စားပွဲမှာ ဦးနိုင်ကျော်ဇောက ထိုင်နေသည်။

ဲ့ဖက်နား ဗေစင်မှာ လက်ဆေးနေသော ကောင်မလေး လိုက်သောက်၊ လက်ဆေးပြီးတော့ သူ့လက်သူသုတ်ရင်း ခဲ့ရာ ပြည် ဖက် ခပ်တည်တည်ကလေး လှည့်ကြည့်လာသည်။ တခါ စိမ်းဖန့်သော အသားရောင်ကလေးနှင့် မျက်ခုံး မျက်လုံး အင်မတန်မှ လှပသော မိန်းမငယ်လေး။ ပိတ်ဖောက်ခြည်ထူထူ အဖြူဆွတ်ဆွတ်ကို ရင်ဖုံးလက်ပြတ် အကျီကလေးဝတ်ကာ လုံချည်မှာ အနည်းငယ် အရောင်လတ်သော ပြာလွင်လွင် ဘရိုကိတ်၊ လုံခြည်အောက်နားမှာ အဝါနုချိတ်လိုင်းကလေး နှစ်လိုင်းမျှနှင့် အမြိတ်လိုက်ထားသည်။

တကိုယ်လုံး ဝင်းဝင်းလင်းလင်းဖြစ်နေကာ ကျစ်ဆံ မြီး မဲမဲထူထူကြီးက ကျော်ပေါ်တွင် ထင်းနေ၏။

မင်းနေပြည်က ကုတင်ပေါ် ထိုင်နေသဖြင့် ဦးနိုင်ကျော်ဇောက 'လှဲလိုက်ပါအုံး' ဟု ဆိုသည်။ မင်းနေပြည်လဲ လိုက်၏။ ကုတင်လေးမှာ ခြေထောက်က မဆန့်ချင်။

“M.N.P က နာမည်ကြီးပဲဗျာ ... ဆောက်လက်စ ပလာဇာတွေ အပေါ့ထ်မဲန့်ထ်တွေ ကြည့်လိုက်ရင် အပြင်ဖက် က ဆိုင်းဘုတ်မှာ M.N.P ကွန်စထရပ်ရှင်း ဆိုတာက များနေတာပဲ၊ သူဌေးတွေဆိုတော့လဲ နှလုံးရောဂါရှိ





ချန့်စ်များနေတာပေါ့ဗျာ... ဟုတ်လား၊ ငွေအရင်းများများ လုပ်နေတော့... အိုကေပေါ့မလား... ဆိုတဲ့ စိုးရိမ်စိတ်က ဖိစီးနေရမှာကိုးဗျ ... ”

ဦးနိုင်ကျော်ဇောက ခပ်ပြုံးပြုံး ပြောသည်။ မင်းနေပြည် မှာ သူ့ခန့်မှန်းတာထက် မျက်နှာချိုသော ဦးနိုင်ကျော် ဇောကို ပြုံးပြရင်းသာ ငြိမ်သက်နေရလေသည်။

“ပရက်ရှာတက်တတ်လား ... ”

“ဟုတ်ကဲ့ ဆရာကြီး ... ၊ တစ်ခါတစ်ခါ တက်ပါတယ် ...၊ အဒယ်လ်ဖင်း သောက်လိုက်ရင်တော့ ကျသွားပါတယ်၊ ဆက်တိုက် အကြာကြီး တက်နေတာမျိုးတော့မရှိပါဘူး...”

“မှတ် ... ပရက်ရှာယူလိုက်စမ်း ... ”

မင်းနေပြည် နံဘေးသို့ ကောင်မလေးရောက်လာ သည်။

“သမီးက ... အားကိုးနေရတာပေါ့ ... ”

“ပရက်တစ်စ်ရအောင် ဘေးနားခေါ်ပြီး အမြဲကြည့်ခိုင်း ထားရတာ ဦးကျင်တီ... ခုမှ ပါတ်တူးတက်နေတာ ... ဘာပဲ ဖြစ်ဖြစ် အတွေ့အကြုံ အထိအတွေ့ရှိနေတာပေါ့..”

မင်းနေပြည်သည် မှတ်ဆိုသော အမည်ကြားရ ကထဲက ဒိတ်ကနဲ တဒုံ့တဩဖြစ်သွားရကာ သူ့နံဘေး လာရပ် သော မိန်းကလေးကို ရှူးရှူးရဲရဲနိုင်အောင်ပင် ကြည့်လိုက်မိပါသည်။ သူ့လက်မောင်းတစ်ဖက်ကို ကိုင်မကာ အဝတ်စပတ်ချည် နေသော

သူမ လက်ဖဝါးလေးသည် ချွေးစေးစွတ်စိုနေသော်လဲ နွေးနေသည်။ လက်ဆေးထားပြီးကာစ၌ပင် လက်ဖဝါး အေးစက်မနေ၊ သူ့အသားကပဲ အေးနေတာလားမသိ။

သူသည် အဝတ်စပတ်ချည်လိုက်ပြီး လည်ပင်းမှ နားကြပ်လေး နားရွက်မှာ ရွှေ့ချိတ်ကာ ရာဘာလုံးကလေးကိုင်လျက် တဆတ်ဆတ်ညှစ်နေသော သူမလက်ကလေးကို ဂရုတစိုက်ကြည့်လိုက်မိသည်။ ဘယ်ဖက်လက်ဖမိုး ဖြူဖြူဖောင်းဖောင်းကလေးပေါ်တွင် ခပ်ဝိုင်းဝိုင်းသဏ္ဌာန် အမှတ်စိမ်းမှောင်မှောင်လေး။

မှတ် ... မှတ်။

အဲ့ဒီကောင်မလေးကိုး ... ။

မင်းနေပြည်သည် ရိုင်းပျမှာ စိုးရိမ်သော်လဲ၊ မှတ်ရဲ့မျက်နှာလေးကို ဖြတ်ကနဲ ဖြတ်ကနဲ ခိုးကာ ကြည့်နေမိပါသည်။ သူမမျက်နှာ အမူအရာဟာ တစ်မျိုးပဲ။ ခပ်တင်းတင်းနိုင်သည်။ တစ်စုံတစ်ရာအတွက် တဲန်ရှင်းရှိနေသလို သတိအနေအထားဆန်သည့် မျက်နှာမျိုးဖြစ်သည်။ ရှင်းပြောင်သော မျက်နှာကလေးတွင် ရှုပ်ရှုပ်ယှက်ယှက် ဘာမှမရှိပဲ နဖူးပြင်ကလေး ထင်းနေအောင် စံပင်လှန်ဖြီးထားသည့်အတွက် သူကလေးရုပ်က ရင့်မသွားပါ။

မျက်ခုံး မျက်လုံးတို့ ပြောစမှတ်ပြုရလောက်အောင် ယုကာ နှာတံကလေးမှာ ကော့ကော့စင်းစင်း။ နှုတ်ခမ်းလေးကလဲ အချိုးညီပုံစံကျလွန်းပါသည်။ တော်တော်လေးကို လှပတဲ့





မိန်းကလေး။ ဤမျှ အဆင်တပြေလှပတာမျိုး သူ့ရှေ့မှာ မတွေ့ဖူးသေးဘူး ထင်သည်။

“ဝမ်းဖစ်ဖတိ ... ဟန်ဒရက် ... ဖေဖေ ... ”

အသံကလေးထွက်လာကာ နားရွက်မှ နားကြပ်ကို လည်ပင်းပြန်ပို့လိုက်၏။ အသံကလေးမှာ သာယာလှပါဘိတကား။ ဘာကြောင့်များ အကောင်းတကာတို့ စုဝေးစုပုံရလောက်အောင် ကုသိုလ်ကောင်းနေရပါလိမ့်။

ရာဘာဘုသီးလေးကိုလေလျှော့၊ အဝတ်စဖြုတ်၊ စသည်တို့ကို စက္ကန့်ပိုင်းအတွင်း သွက်လက်သိမ်မွေ့စွာ လှုပ်ရှားဆောင်ရွက်သွားသည်။

“အီးစီဂျီရိုက်ဖူးလား ... ”

“လွန်ခဲ့တဲ့ နှစ်ပတ်လောက်က တစ်ကြိမ်ရိုက်ဖူးပါတယ် ဆရာကြီး ... ပါလာပါတယ် ... ”

သူ့ရုပ်အင်္ကျီအိတ်ထဲမှ စာရွက်ရှည်လမျောခေါက်တွန့်လေးကို ထုတ်ကာ ကမ်းအပေး ... မှတ်ကကြားမှယူပြီး သူ့အဖေဆီ လက်ဆင့်ကမ်းလိုက်သည်။ ပြီးလျှင် လက်ကလေးနှစ်ဖက်နောက်ပစ်ချိတ်ကာ မယ်ရွှေခံနေသလို ကိုယ်ဟန်ကျောလေးနှင့် နံရံတဖက်ကပ်ပြီး ရပ်နေ၏။

အီးစီဂျီကို သေသေချာချာကြည့်ပြီး ဦးနိုင်ကျော်ဇောက နားကြပ်ချိတ်ရင်း ထလာသည်။

“အီးစီဂျီက ဘယ်သူရိုက်ခိုင်းတာလဲ ... ”

"သူငယ်ချင်း ဆရာဝန်တစ်ယောက်ပါ ရိုးရိုးဆရာဝန်ပါပဲ ကျွန်တော် ရင်ဘတ်အောင့်တာ အသက်ရှုကြပ်တာတွေကြောင့် ရိုက်ကြည့်နိုင်းတာပါ ... "

"ရင်ဘတ်အောင့်တယ် ... အသက်ရှုကြပ်တယ်၊ ဒါတွေက ပင်ပင်ပန်းပန်း လှုပ်ရှားရင်လား၊ အလိုလိုဖြစ်တာလား၊ ဥပမာ - လေ့ကားအမြင့်ကြီးတက်တာတို့ ပင်ပန်းတဲ့ အိတ်ဆယ်ဆိုက်စ်တွေ လုပ်တာတို့မှ ... ဖြစ်သလား"

"ကျွန်တော် လေ့ကျင့်ခန်းတွေ ဘာတွေတော့ မလုပ်ပါဘူး၊ လေ့ကားတက်ရတာတော့ ရှိပါတယ် ... လေ့ကားတက်ရင်တော့ မောတတ်ပါတယ် ... "

"မောမှာပေါ့ ... ခင်ဗျားဆောက်နေတာတွေက ဆယ်ထပ် ဆယ့်ငါးထပ်တွေကိုး ... ဟား ... ဟား ... ဟား၊ တစ်ထပ်တိုက်ပဲ ဆောက်ပေါ့ဗျ ... "

နောက်ပြောင်ရယ်မောနေသဖြင့် သူ့ရော ဦးကျင်တိပါ ရောနှောရယ်ကြသည်။ မှတ်ကမူ ပြုံးပင် မပြုံးပါ။ သူ့ကို ခပ်စူးစူးလှမ်းကြည့်နေသည်။

"အဲ့သလိုတက်တဲ့အခါ မောတဲ့အခါ နှလုံးက တအားဆောင့်ပြီးခုန်သလို ခံစားရလား ... ၊ ဒါမှမဟုတ် နှလုံးခုန်မမှန်ပဲ လှုပ်လှုပ်ဖြစ်ပြီး အောင့်လာသလား ... "

မင်းနေပြည်ငြိမ်သွားသည်။ မောသွားတာလောက်သာ သူဂရုထားမိပြီး ဘယ်ပုံဘယ်နည်းဆိုသည်ကို သေချာ





သတိမထားမိပါ။

"သေချာပြောမပြတတ်ဘူး ဆရာကြီး ... ၊ သတိထားပြီး မခွဲခြားမိဘူး၊ မောသွားတယ် ရင်ဘတ်တအားအောင့်လာတယ်၊ ခေါင်းလဲ မူးရိပ်ရိပ်ဖြစ်လာတတ်ပါတယ် ... ၊ ခြေတွေ လက်တွေ အေးစက်လာတတ်တယ်၊ တစ်ခါတစ်လေ လှေကားတက်တာမဟုတ်ပဲ ဖြစ်တတ်ပါတယ်"

"စိတ်ညစ်ရင်လား ... "

"စိတ်ညစ်တိုင်းတော့လဲ မဟုတ်ပါဘူး ဆရာကြီး၊ အလုပ်ကများတော့ ဝါရီတော့ များပါတယ်၊ ဒါပေမယ့် အမြဲမဖြစ်ဘူး၊ တစ်ခါတစ်လေတော့လဲ စိတ်ညစ်ပြီး ဖြစ်တတ်ပါတယ်"

"သိပ်ဝမ်းနည်းရင် ... သိပ်ဝမ်းသာရင် ... "

"ဝမ်းနည်းတဲ့အခါ စိတ်မကောင်းတဲ့အခါတော့ မောနေတာ ရင်ဘတ်နာတာ၊ အသက်ရှုကြပ်တာ၊ အကြိမ်စိတ်သလိုပဲ ဆရာကြီး၊ သိပ်ဝမ်းသာတဲ့ အခါဆိုတာကတော့ သိပ်တောင် မကြုံဖူးပါဘူးဗျာ ... "

သူ့စကားကြောင့် ဦးနိုင်ကျော်ဇောက ရယ်မောနေသည်။

"ခုတလောက သူညီအငယ်တစ်ယောက်ဆုံးသွားတာရှိတော့ သူနဲ့နဲပိုဆိုးလာသလိုပဲ ဆရာ ... ၊ ဒါကို စိတ်မကောင်းဖြစ်နေတာလဲပါမယ် ... ၊ ကျွန်တော်တို့က တွဲလုပ်နေတာတွေရှိတော့ ... ကိုမင်းနေပြည်ကို အမြဲမြင်တွေ့နေရတယ်၊

အားမရဘူး ဆရာကြီးရ... ခုတလော သူပိုပြီး ရင်ဘတ်ထဲက အောင့်နေတတ်တယ် ... "

ဦးကျင်တီကပါ ဝင်ပြောသည်။ ဦးနိုင်ကျော်ဇောက ခေါင်းတညိတ်ညိတ်၊ သေသေချာချာ စမ်းသပ်နားထောင်နေသည်။

"အသက်ကော"

"သုံးဆယ့်ရှစ်ပါ"

"ဒီလိုလုပ်ပါ ... "

ဦးနိုင်ကျော်ဇောက နားကြပ်ဖြုတ်ရင်းပြောသည်။

"ကျွန်တော် အသံကို မကြိုက်ဘူး။ ချို့ယွင်းချက် ရှိတာတော့ သေချာတယ်...၊ ဒါပေမယ့် အီးစီဂျီ တစ်ကြိမ်ထပ်ယူပါအုံး၊ ကျွန်တော်ကြည့်မယ်၊ ပြီးမှ ကျွန်တော် သေချာပြောမယ်၊ အိပ်စ်ရေးလဲ ရိုက်ရမယ်၊ ပြီးတော့ အိပ်ဆယ်ဆိုက်ဒ် အီးစီဂျီဆိုတာလဲ ရိုက်ရမယ်၊ အဲ့ဒါကတော့ မနက်ဖြန် ဂျိုင်ကာ ဆေးရုံမှာ သွားရိုက်ရမယ်၊ ကျွန်တော် လိုအပ်တာ ရေးပေးလိုက်မယ် ... "

"ဟုတ်ကဲ့"

"အီးစီဂျီကို အခုပဲ ... ဒီမှာပဲ ... ရိုက်လိုက် ...၊ မနက်ဖန်ကိုတွေ့မယ် ... "

ဦးကျင်တီက ခေါင်းရှေ့တိုးကာ မဝံ့တဝံ့ ...

"ဟို ... အိမ်ကိုပဲ ... "





"အိမ်ကိုပဲ လာတွေ့ပါ...၊ နက်ဖန် ဆေးခန်းမှာ ကျွန်တော် မရှိဘူး ... "

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ ဆရာကြီး ... "

"ဆေးလိပ် ... အရက် ... ဘာလုပ်သလဲ ... "

"နှစ်ခုလုံးပဲ ဆရာကြီး၊ အရက်က ... ပွဲလမ်းကြုံမှပါ၊ စွဲမသောက်ပါဘူး၊ ဆေးလိပ်တော့ သောက်ပါတယ် ... "

"အိမ်ထောင်ရေး ... "

"သူက လူပျိုကြီး ဆရာကြီး၊ နှလုံးသားကိစ္စနဲ့ မပတ်သက်ချင်တဲ့ သူကိုမှ နှလုံးသားက ပြဿနာလာပေးနေတယ်... ဟဲ ... ဟဲ ... ဟဲ"

"အိမ်ကိုလာပါ... နက်ဖန်ရော၊ နောက်လဲ အချိန်မရွေးပေါ့၊ ဦးကျင်တီမိတ်ဆွေဆိုတော့ ... မိတ်ဆွေတွေပဲပေါ့ ... ခင်ဗျားတို့က အလုပ်လဲ များကြတယ် မဟုတ်လား၊ ဆေးခန်းချိန် ဆေးရုံချိန်တွေ ညှိမရတဲ့ လူမျိုးတွေကိုးဗျ၊ ဟုတ်လား၊ အိမ်ပဲ လာတွေ့နိုင်ပါတယ်၊ အခု ဒီနောက်ဖက်ခန်းထဲမှာ အီးစီဂျီနဲ့ အိပ်စ်ရေးဝင်ရိုက်လိုက်ပါနော် ... "

"ဟုတ်ကဲ့ ... ဆရာကြီး ... ကျေးဇူးတင်ပါတယ်"

ဦးနိုင်ကျော်ဇောက လက်တစ်ဖက်ထောင်ပြကာ ခေါင်းညိတ်သည်။

"ခွင့်ပြုပါဦး ဆရာကြီး ... "

"ဟုတ်ကဲ့ ... "

မင်းနေပြည် လှည့်အထွက်မှာ မှတ်ကို ဖြတ်ကနဲ လှမ်းကြည့်လိုက်မိပါသည်။ သူ့ရင်ထဲ ဒိန်းကနဲဖြစ်ကာ အမူအယာ ပျက်ရလောက်အောင်ပင် စူးရှတောက်ပသော အကြည့်တစ်မျိုးနှင့် သူ့ကို မှတ်က ငေးစိုက်ကြည့်နေလေသည်။ ကယောင်ကတမ်း မျက်လုံးဖယ် မျက်နှာလွှဲကာ ခပ်သုတ်သုတ် ထွက်လာမိသည်ထိ သူ ရင်တုန်ပန်းတုန် ဖြစ်သွားခဲ့ပါသည်။

ရင်တုန်ပန်းတုန် ... ။

သူအဲ့သလို ဘာကြောင့်ဖြစ်ရတာတဲ့လဲ ... ။ သူ့ရဲ့ အသက်အရွယ် ... သူ့ရဲ့ အခြေအနေအားဖြင့် သူဒီလိုဖြစ်ဖို့ မကောင်းပါဘူး။ သူစိတ်မကောင်းစွာ တွေးမိလေသည်။ သို့သော် လှပသော ထိုမိန်းမငယ်ကလေးကို သူ့မျက်လုံးထဲ စတ္တန့်မလပ် ဆက်တိုက် မြင်ယောင်နေမိကာ ထိုနေ့ညတွင် နောက်တစ်နေ့ ညနေ မြန်မြန်ရောက်စေဖို့ သူရှူးနှမ်းနှမ်း ဆုတောင်းစိတ်စောနေမိသော အဖြစ်ကို သူ့ကိုယ်သူ ညာမရနိုင်ပါ။

* * * * *

(၂)

မနက်က ကော်ဖီစားပွဲတွင် ဖေဖေက

"ဒီညနေတော့ ... ကလပ်ဘ်ကို ဝင်ဦးမှထင်တယ် ... "

ဆေးခန်းအားရက်များတွင် ဖေဖေက ကလပ်ဘ် သွားဖို့ အစဉ်အမြဲ အကြိုထုတ်နေတတ်ပါသည်။ ဖေဖေကလပ်ဘ်





သွားတာကို မှတ်က သဘောမကျလှဘဲ။ ဆံပင်ညှပ်ဆိုင်၊ ဘား၊ ဘီလီယက်ခုံနှင့် စာကြည့်တိုက်တွဲဖွင့်ထားသော ထိုကလပ်ဘ်ကို သွားလျှင် ဖေဖေက ဘီလီယက်လေးထိုး ဘီယာလေးမြှုပြီးမှ မိုးချုပ်ချုပ်မှ အိမ်ပြန်လာတတ်သည်။

ဖေဖေမူးလာတာတော့ တစ်ကြိမ်မှ မရှိပါ။ ဖေဖေ့ဘဝတွင် အပန်းဖြေစရာအချိန်ပေးဖို့ လိုအပ်သည်ဟု မှတ်က ယူဆသဖြင့် သင့်တင့်သလောက်တော့ ခွင့်လွှတ်ရမည်ဟု နားလည်သည်။ သို့သော် ဘီလီယက်မှာ ဖေဖေက လက်ကောင်းလှသူ မဟုတ်သဖြင့် အပျော်မဟုတ်ပဲ လောင်းကြေးနှင့်ထိုးလျှင် အမြဲရှုံးပါသည်။ ထိုအခါ လောင်းကြေးတို့ ထုံးစံ ဖေဖေကသာ အရက် ဘီယာ ဒကာခံရတာများသည်။ အဲ့ဒီအတွက် ပိုက်ဆံကုန်သည်။

ဖေဖေ့ကို မှတ်က သတ်မှတ်ပေးထားသော မုန့်ဖိုးသည် ဟိုးအရင် ဖေဖေကလပ်ဘ်ထဲ မဝင်ခင်က ဘာမှမကုန်။ ဖေဖေက ဆေးလိပ်သောက်သူမဟုတ်။ အမြဲလိုလို ပိုက်ဆံက ပိုနေတာ သုံးစရာမရှိ။ ခုနောက်ပိုင်း ဆေးခန်းလဲထိုင်၊ ဦးကျင်တီ ထံမှာလဲ ရှယ်ယာငွေနှစ်သိန်း ထဲ့ဝင်ခွင့်ရလိုက်သဖြင့် ဝင်ငွေ ပိုလာသည်။ ဝင်ငွေပိုလာသဖြင့် ဖေဖေ့ကိုလဲ မှတ်က မုန့်ဖိုးတိုးပြီး ပေးပါသည်။

သို့သော် တိုးပေးပါလျက် မလောက်တော့။ ဖေဖေက ထိုကလပ်ဘ်ထဲ ဝင်လိုက်သဖြင့် ကလပ်ဘ်မှာ ငွေကုန်ကြေးကျ ဖြစ်လာသည်။ "မှတ် ... ဖေဖေကို မုန့်ဖိုးထပ်ပေးပါဦး"ဟု အမြဲ

ထပ်တောင်းလာရသည်။ ဖေဖေက ပေးပါဦးဆိုလျှင် မှတ်က မပေးလို့ မကောင်းပါ။ ဒါကြောင့် အင်တင်တင်နှင့် ပေးရသည်။

သူများတိုက်တာ သောက်ရတာက တစ်ခါဆိုလျှင် ဖေဖေတိုက်ရတာက လေးခါ။ ထို့ကြောင့် မှတ်က ဖေဖေ့ကို ကလပ်ဘ်မသွားဖြစ်အောင် နည်းအမျိုးမျိုး အကြောင်းရှာသည်။ တစ်ရက်စာ သက်သာလျှင်လဲ မနဲပါဘူး။

"ဖေဖေ ညနေ ပေးရှဲနဲ့တစ်ယောက်ချိန်းထားတယ်လေ..."

မှတ်ကော်ဖီကို မော့ရင်း ခပ်သွက်သွက်သတိပေးရသည်။

"ဘယ်သူလဲ ... "

"မနေ့က ဦးကျင်တီနဲ့ လာတာလေ ... "

'ဦးမင်းနေပြည်'ဆိုတဲ့ အမည်ကို အသေအချာကြီး မှတ်မိနေသော်လဲ သူ့အမည်ကို မှတ် ထုတ်မပြောပဲ ဖေဖေရော မှတ်မိသလား သိချင်သည်။

"အော် M.N.P ၊ ဘာတဲ့ ... မင်းနေပြည် ... မင်းနေပြည်"

"ဟုတ်တယ် ဖေဖေ၊ ဖေဖေ ဒီညနေ အိမ်လာဖို့ ခေါ်ထားတယ် ... "

"နာမည်ကတော့ စားသား၊ M.N.P ဆိုတဲ့ စာလုံး အတိုကောက်နဲ့ တွဲမှတ်ရတယ်၊ ဒီလူ ဒီညနေလာမှာပဲ၊ ဟုတ်သားပဲ၊ အင်း ... ဘယ်အချိန်လာမှာလဲ ... "

"ဖေဖေ အချိန်မပြောလိုက်ဘူး"

စေတနာစာပေ



"အေးလေ ... ဒါဆိုလဲ ... အိမ်တန်းပြန်ခဲ့ရမှာပေါ့ ... "

ဒေါ်လေးက ဖေဖေ့အတွက် ထမင်းချိုင့် စားပွဲပေါ် လာတင်ရင်း ...

"အိမ်လာပြမယ် ... ဟုတ်လား၊ ဘယ်သူလဲ ... "

ဖေဖေက မဖြေသဖြင့် မှတ်ကပဲ ...

"ဦးမင်းနေပြည် တဲ့ ... "

"မကြားဖူးပါလား"

ရင်းနှီးခင်မင်သူတွေမှ အိမ်မှာ လက်ခံဆွေးနွေးလေ့ ရှိသော အကိုကြောင့် ဒေါ်လေးက မျက်ခုံးတွန့်ကာ ဇဝေဇဝါမေးသည်။

"ဦးကျင်တီ မိတ်ဆွေတဲ့ ... ဒေါ်လေး"

"အော် ... ဦးကျင်တီ မိတ်ဆွေလား ... "

ဦးကျင်တီကတော့ အထူးသဖြင့် ဒေါ်လေးရဲ့ ဟီးရိုး ဖြစ်သည်။ ဦးကျင်တီကြောင့် သူ့အကို ဆေးခန်းထိုင်တာ၊ ဦးကျင်တီ ကြောင့် ရှယ်ယာလေး ဘာလေးပါရကောင်းမှန်းသိပြီး ငွေ ပိုလျှံလာတာဟု ဒေါ်လေးက သတ်မှတ်ကာ ဦးကျင်တီကို ကျေးဇူး ရှင်လို့ ထင်သည်။ ဦးကျင်တီကလဲ သူ့မိခင်ကြီးရဲ့ ကျေးဇူးရှင်ဟု ဖေဖေ့ကို သတ်မှတ်ကာ ဖေဖေသိအောင်ဖြစ်စေ၊ မသိအောင် ဖြစ်စေ ဒေါ်လေးထံ ကြုံလျှင် ကြုံသလို ဆန်အိတ်၊ ဆီပုံး၊ မုန့်ပုံး၊ နက်စ်၊ ထောပတ် အစရှိသဖြင့် မကြာခဏ လက်ဆောင်ပေးနေကျ။



စေတနာစာပေ

အတော်ပင် အိုမင်းမစွမ်း ဖြစ်နေပြီဖြစ်သော သူ့အမေအိုကြီးရဲ့ နှလုံးရောဂါကို ကြပ်ကြပ်မတ်မတ် ကြည့်ရှုကုသကာ သူ့အမေရဲ့ သက်တမ်းကို ဦးနိုင်ကျော်ဇောက ဆွဲဆန့်ထားသလို ရှိခဲ့သည် မဟုတ်လား။ ဒါ့အတွက် ပြုစုကုသမှု အဖိုးအခလဲ တပြားတချပ်မှ မယူခဲ့ပါ။

"သူဌေးတွေများ သိပ်နှလုံးရောဂါဖြစ်ကြတယ်နော် တို့တော့ ဖြစ်ချင်ပါတယ်ဆိုတောင် မဖြစ်ဘူး၊ အဲ့ဒီလူကြီး ကော ခွဲဖို့လိုသလား၊ အသက်ကြီးပြီလား၊ ဦးကျော်ဇော် အမေလောက်တော့ မကြီးနိုင်ပါဘူး"

"သုံးဆယ်ရှစ်ပဲ ရှိသေးတာ ... ဒေါ်လေး"

"အော် ... ငယ်သေးတာပဲ၊ အိမ်ထောင်နဲ့လား၊ လူပျိုကြီး လား"

"ဒါသိတော့ ညည်းက ဘာလုပ်မလို့လဲ"

ဖေဖေက တတွတ်တွတ်နှင့် စပ်စုနေသော ဒေါ်လေးကို နားကြားပြင်းကပ်ဟန် တစ်ချက် ဘုတောလိုက်သည်။

"ဒီလိုပဲ မေးကြည့်တာပေါ့၊ ဘာလုပ်ရမှာလဲ၊ အဲ့ဒီအကိုကြီး က ဘုပဲ"

"လူပျိုကြီးဗျာ၊ သူဌေးလူပျိုကြီး၊ အကဲလေး ဘာလေး ခတ်ချင် ခတ်အုံး၊ ညည်းတူမအတွက် စပ်သင့်စပ်ရအောင်"

မှတ် မျက်နှာလေး ရဲသွားသလို ဒေါ်လေးမျက်နှာလဲ တွန့်သွားလျှက် ...





"အမလေးတော်၊ ကြားသားမိုးကြိုး၊ အကိုကြီး ဒီလိုစကားမျိုး ဘယ်တုန်းကများ ပြောဖူးလို့လဲ အကိုကြီးမှ ဟုတ်ပါလေစ"

"ဟုတ်ပါလေစတွေ ဘာတွေ လုပ်မနေနဲ့၊ ဟုတ်လေစွ၊ ဟုတ်လေစွ၊ ညည်းအကိုကြီးပါပဲ၊ ငါက နှောက်ပြောင်ပြီး ဖအေတန်မဲ့ လျှောက်ပြောနေတယ် ထင်လို့လား၊ အကောင်းပြောနေတာပေါ့၊ အတည်ပြောနေတာ ..."

တစ်ခါမှ ဒီလိုစကား မဟာဖူးသောကြောင့် ဒေါ်လေး အံ့လဲသြ၊ မျက်နှာပူသလိုလိုလဲ နေရင်းထိုင်ရင်း ဖြစ်နေမိကာ၊ ကိုလုပ်သူကို အကဲခတ်သည်။ အကိုလုပ်သူဟာ အမြဲတမ်း ီး၀ကျနှင့် စိတ်ထဲရှိသလို ပြောတတ်သူပဲမို့ ခုဟာကလဲ ဘာကယ် စိတ်ထဲရှိရာကို ခွကျကျနှင့် ဘွင်းဘွင်းဖွင့်ဟလိုက်တာပဲ သဘောပေါက်လေသည်။

မှတ်သည် ရုတ်တရက်မှာ မျက်နှာ ရဲတက်ရက်သွား ော်လဲ ချက်ချင်း အိန္ဒြေဆည်ကာ ထမင်းကြော်ကို အေးအေး ားဆေး ဆက်စားနေသည်။ သူ့ကိစ္စမဟုတ်သလို။

"ဟုတ်တယ်ကွ၊ လောကကြီးမှာ ငွေနောက်မလိုက်ချင်လို့ မလိုက်ပဲ ဖြိုးဖြိုးချုံချုံ နေနေတုန်းက ဘာမှ သိပ်မသိဘူး၊ ငွေနဲ့ နဲနဲပတ်သက်မိတော့... ငွေနဲ့ တော်တော်ပတ်သက် နေကြတဲ့ လူတွေရဲ့ အကြောင်း သိလာရတယ်၊ ဆေးရုံ မှာဆိုလဲ ဆေးရုံမှာမို့၊ ကလပ်ဘ်မှာဆိုလဲ ကလပ်ဘ်မှာမို့ လူတွေဟာ... ဂုဏ်တွေ ငွေတွေနဲ့ တော်တော် ပတ်သက်

ချင်ကြတာမျိုးဟာ၊ ဒီလိုပဲ ... ဂုဏ် သို့မဟုတ် ငွေနဲ့ ပတ်သက်နေတဲ့ သူတွေကိုမှလဲ တန်းတူရာတူ အဆင့်ထား ဆက်ဆံချင်ကြတာကလား ... "

"အဲ့ဒီတော့ ... "

ဒေါ်လေးက စိတ်မရှည်သလို ဖြတ်မေးလိုက်သည်။

"ဒေါ်ကျော့ သိတယ်မို့လား ... "

ဒေါ်ကျော့ဆိုတာ ဖေဖေနှင့်ခင်သော ဆရာဝန်

ကြီး။ ဖေဖေက ဒေါ်ကျော့ဟု ရင်းနှီးစွာ ဖြတ်ခေါ်တတ်သည်။

"အင်း"

"ဒေါ်ကျော့က ... သူ့သမီးမင်္ဂလာဆောင် ဖိတ်စာပေးတယ်လေ ... သူ့သမီးက တော်တော်ကိုကြီးတဲ့ ကြီးကြီးမားမား သားနဲ့ယူမယ်လေ ... ၊ ဖိတ်စာနဲ့တကွ ကြွပါတဲ့။ ဖိတ်စာ မပါရင် မေ့ကျန်ရင် ပြန်လှည့်ရမယ့် သဘောထင်ပါရဲ့ ဒီပွဲကို ဖေဖေ့ကို ဖိတ်တာဟာ၊ ဖေဖေကို သူဟာ အင်မတန် နေရာပေးလိုက်တာဆိုတဲ့ ဟန်မျိုးပေါ့ကွာ ... "

"သွားမနေနဲ့ ဖေဖေ ... "

မှတ်က ခပ်ဆတ်ဆတ်ဝင်ပြောလိုက်သည်။

"နကိုယ်က စိတ်ဆိုရင်တော့ ဖေဖေမသွားပဲနေရင် နေမယ် ခုတော့ အံ့ဩပြီး ဖေဖေသွားကို သွားအုံးမယ်၊ သူ့သမီးက အင်မတန် အဖက်ဖက်က ချာတူးလန်တာကလား၊ ဆယ် တန်းတောင် ခုထိ မအောင်ဘူး၊ ရည်းစားလဲ ထားလိုက်





သမှလဲ ... ဗျောက်သောက်၊ အဟိုက်တွေ ... အပြဲတွေ ဝတ်မယ်၊ ဟေးလား ... ဝါးလား ဆန်ကုန်မြေလေးအောင် အပျင်းထူ အချိန်ဖြုန်းနေတဲ့ ကလေးမမျိုး၊ ဒီကလေးမျိုး ယောက်ျားကောင်းရတာအံ့ဩသကွာ၊ ပညာလဲ ဒီလောက် မရှိ လောကကြီးအတွက် ဘယ်ဖက်ကမှ အသုံးအကျပဲ အပိုဖြစ်နေတဲ့ မိန်းမတစ်ယောက် ယောက်ျားရတော့ အထွတ်အထိပ်နဲ့ ရသတဲ့ကွာ ... "

"ကုသိုလ်ကံ ရှိသေးတာကိုး အကိုကြီးရဲ့ ... "

"ဒီမှာလေ ... ငါ့သမီးဟာ ပညာတတ်တယ်၊ ရုပ်ရည်လှပ တယ်၊ အကျင့်သိက္ခာကောင်းတယ်၊ အိန္ဒြေရှိတယ်၊ တစ်ချိန် မှာ ဆရာဝန်ဖြစ်ပြီး လောကကို အကျိုးပြုဦးမယ်၊ အဖက်ဖက်က ဘယ်လောက်သာသလဲ၊ ဒီလိုမိန်းကလေး မျိုးဟာ ... ဒေါ်ကျော့ သမီးထက်သာတဲ့ ယောက်ျားမျိုး မရသင့်ဘူးလား ... "

"ကုသိုလ်ကံလေ အကိုကြီးရဲ့ ... ကုသိုလ်ကံ ... "

"လာပြန်ပြီ.. ညည်းကုသိုလ်ကံက.. အပေးအယူ သဘော အရ တွက်မယ်ဆိုရင် ကိုယ့်ဖက်က တစ်ကျပ်ဖိုး အရည် အချင်းပေးနိုင်ရင် တကျပ်တန်တဲ့ အရည်အချင်းပြန်ရ ရမှာ မဟုတ်လား.. တပြားမှ မပေးနိုင်ပဲ ထောင်သောင်း ချီပြီး တန်တာရနေတာဟာ.. ကုသိုလ်ကံဆိုရင်.. အသိန်း အသန်း အဖိုးမဖြတ်နိုင်တဲ့ အရည်အချင်း လိမ်မာရေးခြား

မှုမျိုးရှိတဲ့ ငါ့သမီးဆိုရင်ကော ... ”

“ဒါကြောင့် ပြောတာပေါ့ ... ကုသိုလ်ကံပါဆိုတာ ...”

“ဟိတ် ... နင် ဒီတလုံးပဲတတ်ပြီး အထပ်ထပ် အခါ ရွတ်မနေနဲ့၊ နားညည်းတယ်၊ ကံကိုယုံပြီး ငြိမ်နေရင် ... သမီးဟာ သူ့လောက်မှ အရည်အချင်းမရှိတဲ့ သူမျိုး ဖူးစာလာဆုံတာမျိုး ဖြစ်သွားမှာ ငါစိုးရိမ်တယ်၊ ကံ ချည်းစောင့်ကြည့်လို့ မရဘူး၊ လူကပါလုပ်ပေးရမယ် ... ငါ ဒီလိုတွက်တယ်၊ ဒါကြောင့် ငါလဲ အသက်ကြီး ညည်းလဲ အသက်ကြီးပြီ၊ ငါတို့မရှိပဲ ငါ့သမီးဟာ လော ကြီးမှာ အကြာကြီး ဆက်နေရဦးမယ်၊ နင့်ကံနဲ့ နင်ပြ ချင်သလို ဖြစ်နေခဲ့ဆိုတာမျိုး ငါပစ်မထားခဲ့နိုင်ဘူး၊ စနေ တကျ ကျကျနန စီစဉ်ပေးခဲ့ရမယ် ... ”

“ဘုရားရေ ... အကိုကြီးက မိမှတ်ကို အိမ်ထောင်ချတော့ မလို့လား ... ”

“ချက်ချင်းလက်ငင်း မချသေးပါဘူး၊ ငါ့သမီးနဲ့ တန်တာမျိုး ရှာထားရမှာပေါ့၊ ပညာဖက်က တန်ရင်တန်၊ မဟုတ်ရင် ဥစ္စာဖက်က တန်ရင်တန်၊ မဟုတ်ရင်လဲ ယောကျာ်းကောင်း တို့ရဲ့ ဇွဲ လုံ့လ အရည်အချင်း လုပ်ရည်ကိုင်ရည် စွမ်းရည် ဖက်က တန်ရင်တန်၊ ဒေါ်ကျော့သမီးက သိန်းတန်လူသား ရရင် ငါ့သမီးက သန်းတန်လူသားရသင့်တာ အမှန်ပဲ ...”

“ဖေဖေ ... ဂုဏ်မက်လာတာလား ... ”





“နိုး ... နိုး ... ဒါပေမယ့် လောဘကြီးလာတာတော့ ဟု တယ်၊ ခုထိတော့ ကိုယ့်ဖို့ဆိုတဲ့ တကိုယ်ရေ အတ္တလောဘ မရှိသေးဘူး၊ ကိုယ့်သမီးဖို့တော့ လောဘကြီးလာပြီ၊ ဒါအမှန် ပဲ ... သမီး ... ”

“ဒေါ်ကျော့ကို မခံချင်တာနဲ့တော့ ... သမီးကို အိမ်ထောင် မချပါနဲ့ ဖေဖေရာ ... ”

“မချပါဘူး၊ အိမ်ထောင်ပြုချင်ရင်သာ ဒီထဲက ရွေးဆိုတာ မျိုးပါ။ မပြုချင်ရင်လဲ ပြီးရောပေါ့ ... ”

မှတ်သည် တစုံတရာကို တွေးတောနေသကဲ့သို့ ကျက်လုံးက ငေးနေသည်။ ဦးနိုင်ကျော်ဇောက လှပသိမ်မွေ့သော သမီးကလေးကို အကဲခတ်နေမိသည်။ ကလပ်ဘ်က ... ဦးစိုးဝင်း ဆိုသူရဲ့ သားကလဲ ... ဒိတ်ဒိတ်ကြဲ နာမည်ကြီး ဆေးလိပ်ပိုင်ရှင် သမီးနှင့် ယူတော့မည်။ ဦးစိုးဝင်းဟာ သာမန် အရာရှိကြီးတစ်ဦး။ ချမ်းသာပါ။ သူ့သားက ဆေးဘဲ၊ ကဲ ... လောကကြီးရဲ့ ဖြစ်ချင် ရာ ဖြစ်နေမှုထဲမှာ သမီးကို လွှတ်ထားရမှာလား။

ကိုယ့်သမီးလေးဟာ အဖိုးတန် သမီးလေး၊ အရာရာ အဖက်ဖက်က အောက်သက်ကြေအောင် ဘဝနှင့်နီးစပ်အောင် သူပျိုးထောင် မွေးမြူခဲ့သည်။ သူက ငွေနောက်မလိုက်ခဲ့တာနှင့် အညီ သမီးလေးကို ဘတ်စ်ကား တချိန်လုံး တိုးစီးနိုင်စေခဲ့သည်။ နွံ့တဲ့မှုကို အပြုံးမပျက်ခံနိုင်ရည် ရှိစေခဲ့သည်။ ဇွဲ သတ္တိတို့နှင့်လဲ ပြည့်စုံသော တော်လဲတော်သော သမီးကလေး။ အနုကိုလဲ ခံနိုင်

သည်။ အကြွမ်းကိုလဲ ခံနိုင်သည်။ တော်သည်။ လိမ်မာသည်။ လှသည်။ ခံနိုင်ရည်ရှိသည်။ ဤသို့ ပျိုးထောင်ခဲ့သော လက်ရွေးစင် ပန်းကလေးကို မတန်တရာ အဖြစ်မျိုးတော့ ရောက်မသွားစေလိုပါ။

မိဘတယောက်ရဲ့ လောဘလို့လဲ ဆိုရင်ဆိုနိုင်သည်။ သမီးလေးကို ရောင့်ရဲတတ်မှု ချိုးခြံတတ်မှု ချို့တဲ့မှုတို့နှင့် လေ့ကျင့်ခဲ့တာဟာ ချို့တဲ့သော ဘဝထဲဝင်နိုင်းဖို့တော့ ဘယ်ဟုတ်ပါ့မလဲ။ မတော်တဆ ကုသိုလ်ကံနိမ့်ပါးကာ ဘဝအခြေမလှလျှင် ခံနိုင်ရည် ရှိဖို့သာပေါ့။

မှတ်ဟာ သူဖြစ်စေချင်သလို ငွေမမက်၊ ဂုဏ်မမက်သော ကိုယ်ပိုင်သတ္တိ ကိုယ်ပိုင်အရည်အချင်း တန်ဖိုးထားသော မိန်းကလေးမျိုး ဖြစ်ခဲ့သည်။ သူကျေနပ်သည်။ အထိုက်အလျောက် ဝင်ငွေ ပိုလျှံလာသောအခါ ပိုမို တင့်တယ်လာသော သမီးလေးရဲ့ အနေအထားကိုလဲ သူသဘောကျသည်။

ငွေမက်သည်တော့ ဆိုမရပါ။ သမီးလေးကို သူတ ဒိတ်ဒိတ်ကြဲ လက်ရွေးစင်လေးဟု သဘောထားသဖြင့် တော်ရုံ တန်ရုံလူနှင့်တော့ သဘောမတူချင်ပေ။ ကောင်းသော အရည် အချင်း တခုခုတော့ရှိမှ ဘက်ညီတော့မပေါ့။ မနေ့က မင်းနေပြည် ဆိုသည့် လူချမ်းသာ လူပျိုကြီးကို သူဘာရယ်၊ ညာရယ် စိတ်ထဲ မတွေးမိပါ။ ဒီမနက်မှသာ ရုတ်တရက် ကောက်ကာငင်ကာ စိတ်တူ ပေါက်ခြင်း ဖြစ်ပါသည်။

ပထမဆုံးတစ်ယောက် ရွေးချယ်ကြည့်သည်။





ဆိုကြပါစို့။ ငွေဘယ်လောက်ချမ်းသာ ချမ်းသာ နုံဖျင်းထိုင်းအသော တရိတ္တာပိုးထိုးသော သူမျိုးကိုတော့ သူဘယ်တော့မှ ရွေးချယ်လိမ့်မည်မဟုတ်။ သမီးရဲ့ ဦးနှောက်ကလဲ သူ့လိုပဲ ရှိမည်။ သမီးရဲ့ ဉာဏ်အမြော်အမြင်ကို သူယုံကြည်သည်။

"ဖေဖေ စိတ်ကူးထာပါလေ ... ပတ်ဝန်းကျင်မှာ ငါ့သမီးနဲ့ တန်တဲ့သူကို ဖေဖေ့ဘာသာစိတ်နဲ့ ရွေးချယ်ကြည့်မယ်၊ သမီးရဲ့ စိတ်နဲ့ပါ တိုက်ဆိုင်ရင် ပြီးရောပေါ့ ... မတိုင်ဆိုင် တော့လဲ သွားတော့ပေါ့ကွာ ... "

"ဒါဖြင့် ညနေလာမယ့် မင်းနေပြည်ကို ကျွန်မ အကဲခတ် ဦးမှ ... "

"အေး ... အကဲခတ်"

ဒေါ်လေးမှာ ရင်ခုန်နေပုံနှင့် အယောင်ယောင် အမှားမှား ဖြစ်နေသည်။ ဒါဟာ သူ့အကို လူ့ခွစာကြီး ပထမဦးဆုံး ရွေးချယ်သော တစ်ဖက်သစ် သားမက်လောင်းလျာကြီး မဟုတ် လား ... ဘယ်လိုနေမှာပါလိမ့်။

"ဒါပေမယ့်နော် ... ဒီလူ သိပ်ချမ်းသာတာ တခုလောက်ပဲ ငါကသိသေးတာ၊ ချမ်းသာတာကို အရည်အချင်းတခု လုပ်ပြီး ရွေးချယ်တာ၊ တခြားအရည်အချင်းတွေ နိုးဆိုရင် တော့ ... "

"ဖေဖေရာ.. အတည်တွေပြောနေလိုက်တာ .. တကြိမ်တွေ့ ဖူးတဲ့ လူတယောက်ကို သမီးလုပ်တဲ့သူကို မျက်နှာပူ ပါအုံး"

"ဟ … ဒါမျက်နှာပူစရာ မဟုတ်ဘူး၊ ညည်းမှာ အမေမရှိဘူး၊ ဒါငှါသမိုင်းပေး တာဝန်ဖြစ်နေပြီကွ… မှတ်ကလေးရ"

"တော်ပါပြီ ဖေဖေရယ်၊ ဒီမှာနော်… ဖေဖေ့ ဦးမင်းနေပြည်ကို ချမ်းသာတာ တခုနဲ့တင် မှတ်က ငြင်းလိုက်ပြီ … ကိစ္စပြတ်ပြီ … "

"ချမ်းသာတာ အပြစ်လား သမီးရ"

"အပြစ် ဟုတ်ဟုတ်… မဟုတ်ဟုတ်၊ ချမ်းသာတဲ့ လူတွေကို မှတ်က ရွံတယ်၊ သိပ်ကိုရွံတာ၊ အပေါင်းအသင်းတောင် မလုပ်ဘူး၊ ယူဖို့ဝေးရော၊ အထူးသဖြင့် အဲ့ဒီလူ … "

"အဲ့ဒီလူ ဘာဖြစ်နေလို့လဲ … "

ဦးနိုင်ကျော်ဇောက မျက်ခုံးပင့်သည်။

"ဘာမှ မဖြစ်ဘူး … ကြည့်လို့ကို မရလို့ … "

ဦးနိုင်ကျော်ဇောက … ခဏငြိမ်နေပြီးမှ လက်ညှိုးတဆတ်ဆတ်ထောင်ကာ တဟားဟားရယ်သည်။ မှတ်ခေါင်းကိုလှမ်းထုသည်။ မှတ်က ပထမ မသိချင်ဟန်ဆောင်ပြီး အမှတ်တမဲ့လိုလို ပြောလိုက်တာ ဖြစ်ပေမယ့် ပါးနပ်သော ဖေဖေက … မှတ်တမင်ကလာပြောမှန်း သိနေပါသည်။ ရယ်မဆုံး … ။ မှတ်ခေါင်းကိုလဲ တဖတ်ဖတ်။

မှတ်က ပထမ … မျက်နှာလေးတည်ထားသော်လဲ ဖေဖေအဲသလောက်ရယ်နေသောအခါ ရောနှောပြုံးစိလာရာမှ မပွင့်တပွင့်ရယ်မောရပါတော့သည်။





"ဟင်း … မိမှတ် … မိမှတ် … "

မှတ်ရဲ့ဘဝမှာ ပထမဆုံးနှင့် တဦးတည်းသောရည်းစား။ မှတ်ရဲ့အခေါ်အရ 'ဟိုကောင်လေး'။ ဟိုကောင်လေးနှင့် မှတ်ရည်းစားဖြစ်သွားကြပြီး မကြာခင် ဖေဖေသိသွားပါသည်။ ဟိုကောင်လေးကလဲ အိမ်ရှေ့ ရစ်သီရစ်သီလုပ်၊ လာလည်လိုလည်၊ အိမ်ပေါ်တက် စာအုပ်ငှားနှင့်။ တတန်းထဲသားချင်းမှန်းလဲ ဖေဖေသိပါသည်။ သို့သော် ဖေဖေရိပ်မိသည်။ မှတ်ကို ဖွင့်မေးပါသည်။ ဖေဖေ့ကို မတိုင်ပင်ပဲ အဖြေပေးခဲ့သော်လဲ ဖေဖေ့ကို ညာတော့ မညာချင်ပါ မှတ် ဝန်ခံခဲ့သည်။

"ငါလုံးဝသဘောမတူဘူး၊ ခုချက်ချင်းဖြတ် … ရှုတ်ရှုတ်ယှက်ယှက် မကြိုက်ဘူး … ညည်းရည်းစားလဲ မထားရသေးဘူး မိမှတ် … ငါသဘောမတူဘူး … ဖြတ်ပစ်"

မှတ်ကို နားရင်းလဲ အုပ်လိုက်ပါသေးသည်။ ဒါဟာ မှတ်တို့ ဆယ်တန်းပဲရှိကြသေးလို့ ငယ်ကြသေးလို့လဲ ဖြစ်ချင်ဖြစ်မည်။ ချစ်စိတ်မွှန်နေသော မှတ်က …

"ဖေဖေ ဘာလို့ သဘောမတူတာလဲဟင် … သူ့မှာ ဘာအပြစ်ရှိလို့လဲ … "

"ဘာမှ မရှိဘူး၊ သဘောမတူတာ ကြည့်လို့ကို မရလို့ … သိပြီလား… ငါကြည့်လို့ကို မရလို့ … ရှင်းလား"

ဖေဖေ့ အကြောင်းပြချက်ရယ်လေ။

နောက်ဆုံးတော့ ဟိုကောင်လေးနှင့် မှတ်ကွဲခဲ့ကြ

ပါသည်။ ဖေဖေတင်မက ဟိုဖက်က ဟိုကောင်လေးရဲ့ မိသားစုက ပါသဘောမတူတဲ့ဟာ။ မှတ်ကို ရက်ရက်စက်စက် နာအောင်ပြောကာ ဟိုကောင်လေးဖက်က မရရအောင်ခွဲသည်။ မှတ်မှာ မာနတော့ ရှိပါသေးသည်။ ဟိုကောင်လေး ဆယ်တန်းကိုဒလိမ့်ကောက်ကွေးကျသော်လဲ မှတ်က အပြုံးမပျက် ဆေးတက္ကသိုလ်သို့ ဝင်ခဲ့ပါသည်။

အဲ့ဒီတုန်းက စကားကို ဖေဖေ့ဆီက ခိုးချပြီး မှတ်ပြန်သုံးလိုက်တာ၊ ပါးနပ်ပြီး မှတ်ဉာဏ်ကောင်းလှသော ဖေဖေကလဲ ချက်ချင်းကို မှတ်မိပါသည်။

"ကြည့်လို့ကို မရလို့ ဟုတ်လား ... ဟား ... ဟား ... ဟား ... မိမှတ် ... "

ဖေဖေ တသောသောရယ်မဆုံး။ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က စကားလုံးကို သူ့သမီးမှတ်က ရုတ်တရက် လျှပ်တပျက်အတွင်း အပိုအလိုမရှိ ကွက်တိအံဝင်အောင် ပြန်ပြောလိုက်တဲ့အတွက် သူရယ်လဲရယ်ချင် ... ။ ပြီးတော့ သမီးကို သူ သနားမိပါသည်။

* * * * *

အိမ်ရှေ့ ညှိခန်းကလေးတကွက်မှာ ခင်းထားသော နက်ပြာရောင် ပြောင်ကော်ဇောပေါ် တကုန်းကုန်းနှင့် ကော်ဇောလှဲသော ဘရပ်ရှ်ရယ်၊ ဂေါ်ပြားရယ် အတွဲလိုက်ကလေး ကိုင်ကာ ဖိကာဖိကာ လှည်းနေသော မှတ်သည် ... ဦးကျင်တီနှင့်





ဦးမင်းနေ ပြည် တံခါးဝရောက်လာတာကို မမြင်ပါ ... ။

မမြင်ဆို မှတ်တို့ အိမ်ရှေ့လမ်းမမှာ အငှားလေးဘီးကားတစီးလာရပ်ထားသည်။ ဒါကြောင့် လေးဘီးရဲ့ နောက်မှာ သူတို့ရဲ့ ကားကို ရပ်ရပေမည်။ ထို့ကြောင့် ကားရပ်တာကိုလဲ မမြင်လိုက်ပါ။ ဒါကြောင့်လဲ သူတို့ ရောက်လာကြတာကိုပါ မှတ် သဟီမပြုလိုက်မိတော့တာ ... ။

"သမီးရေ ... မှတ် ... "

သံပန်းတံခါးနောက်မှ လှမ်းခေါ်လိုက်သောအခါကျမှ မှတ်မော်ကြည့်မိသည်။

"အော် ... ဦးကျင်တီ ... "

ဘေးက မင်းနေပြည်ကိုလဲ တွေ့ပေမယ့် ရင်းနှီးပြီးသော ဦးကျင်တီကိုသာ ဦးတည်နှုတ်ဆက်လိုက်ပြီး ဘရပ်ရှ်နှင့် ဂေါ်ပြားချကာ တံခါးသွက်သွက် ထဖွင့်ပေးလိုက်သည်။

"ဖေဖေ ရောက်ပလား ... မရောက်သေးဘူးထင်တယ်"

"မရောက်သေးဘူး ဦးကျင်တီ၊ လာပါတော့မယ်၊ မှတ်မနက်က သေသေချာချာမှာလိုက်ပါတယ် ... ဒီနေ့ ပေးရှုံ့ချိန်းထားတာ မမေ့ဖို့ ... "

ပြောရင်း ကော်ဇောစပေါ်က အမှိုက်မှုန်ကလေးတွေကို ကမန်းကတန်းဂေါ်ပြားထဲ စုယက်ထဲ့လိုက်လျှက် ...

"ထိုင်ပါ ဦးကျင်တီ ... ထိုင်ပါရှင် ... "

မင်းနေပြည်ဖက်ကိုပါ တဆက်ထဲ နာမ်စားမပါပဲ

လှမ်းပြောသည်။ သန့်ပြန့်ရည်မွန်လှသော မင်းနေပြည် ပုံသဏ္ဌာန်မှာ သာမန်လူတယောက်နှင့်မတူပဲ ရောင်ရှိန်ရောင်ဝါတွေ ထွက်နေသလောက် နီးပါးထင်ရလေသည်။ ပိရိသပ်ရပ်လှသော ဆံပင်။ စတစ်ကော်လာပြတ် ရှပ်ဖြူလက်ရှည် ကြယ်သီးမှန်သမျှ စေ့အောင်တပ်ထားလျက်သား။ ကချင်ဆင် ပိုးတွဲလုံချည်ကလဲ ဖြူဆွတ်သောကြွေရောင်ရှပ်နှင့် လိုက်ဖက်အပ်စပ်လှပါသည်။

ရုပ်ချောချောကြီး မဟုတ်ပဲ မျက်ခုံး မဲမဲပြားပြားကြီးနှင့် ထင်ပေါ်လှသော နှာတံကြောင့် ကြည့်ကောင်းလှပါသည်။ ပါးချိုင့်မဟုတ်ပဲ၊ ခပ်တည်တည်နေစဉ်၌ပါ ပါး ပေါ်ထင်နေသည့်ဒေါင်လိုက်ချိုင့်စင်းလေးနှစ်ခုက ပါးတဖက်တချက်ပေါ်မှာ။ ထိုအချိုင့် စင်းရှည်လေးများမှာ ရင့်ကျက်ခြင်းသဘောကို ဆောင်သည်။ နှုတ်ခမ်းအထက် မေးစေ့နှင့် ပါးရိုးပြေစောင်းတလျှောက်မွေးညှင်းတို့ကို သန့်စင်ထားသဖြင့် ဝါပြေသော အသားပေါ်မွေးညှင်းရာ အစက်ပြောက်ကလေးများနှင့်မို့ ငြိုကြည့်လျှင် သူ့မျက်နှာမှာ ပိပိရိရိ ရှိလှသော ရင့်ကျက်မှုတမျိုးနှင့် အဟန့်ခန့်လှပါသည်။

ရှပ်အင်္ကျီအိတ်ထဲ သမင်ရောင် ပိုက်ဆံအိတ်ခေါက်ကလေးကြောင့် အိတ်ဖေါင်းနေသည်။ အိတ်ရဲ့ထောင့်မှာတ ရွှေရောင်တွယ်ချိတ်နှင့် ဘောလ်ပင်တချောင်း။ အင်္ကျီလက်ဖျားအနားစမှ တစွန်းတစပေါ်နေသည်မှာ ရွှေရောင်ပြားရှပ်ရှပ် ခြောက်ထောင့် ဒိုင်ခွက်နှင့် နာရီ။ ဘယ်ဖက်လက်ရဲ့ လက်သူကြွယ်မှာ လက်သဲခွံနီးနီး ပတ္တမြားရဲရဲတလုံးတည်း လက်စွပ်။





ဖြတ်ကနဲ ရှန်းကာ အကြည့်တချက်မျှနှင့် ဦးမင်းနေပြည်ရဲ့ အဆင်အယင် အသွင်သဏ္ဌာန်ကို မှတ် မျက်စေ့ရှင်ရှင်ပြည့်ပြည့်စုံစုံ သိလိုက် မြင်လိုက်ပါသည်။

"ရော့ သမီး ... ဒီမှာ အန်ကယ်လဖ်းက မုန့်ဝင်ဝယ်လာတယ် ... "

ဦးကျင်တီက ရှေ့မှ သစ်ပင်စည်ပြတ် စားပွဲတွန့်တွန့်ပေါ် ကြွပ်ကြွပ်အိတ်တလုံးတင်လိုက်သည်။

"ဦးကျင်တီကလဲ လုပ်ပြန်ပြီ... ဒုက္ခရှာရှာပြီး ဝယ်ဝယ်လာတယ် ... "

လူကြီးသူမလို ပြောပုံလေးကြောင့် မင်းနေပြည်က မပြုံးမိအောင် နှုတ်ခမ်းစေ့ထားမိပါသည်။

"အောင်မလေး သမီးရယ်... ဒုက္ခရှာတယ်ပဲ ရှိရသေးတယ် မုန့်လေး အအေးလေးဥစ္စာ ... "

ထိုစဉ် ဒေါ်လေးက ညှော်ခန်းဖက်ထွက်လာကာ-

"ဟော ... ဦးကျင်တီတို့ ရောက်နေပြီကိုး ... "

နှုတ်ကသာ ဦးကျင်တီ၊ မျက်လုံးက တဖက်ရောက်နေသဖြင့် မှတ်က ဒေါ်လေးလက်ထဲ ကြွပ်ကြွပ်အိတ် လှမ်းထဲ့လိုက်ကာ-

"ဒေါ်လေး ... အအေးပုလင်းရယ်၊ မုန့်ရယ်၊ ဦးကျင်တီ ယူလာတာ"

ဒေါ်လေးပြန်ဝင်သွားရအောင် ရည်ရွယ်သည်။

ဒေါ်လေးက ပိရိသူမဟုတ်၊ ဟန်ဆောင်ကောင်းသူမဟုတ်၊ သို့သော် ဒေါ်လေးက ကုလားထိုင်တလုံးမှာ ဝင်ထိုင်လိုက်ကာ-

"ဦးကျင်တီ မိတ်ဆွေ ညနေလာပြမယ်ဆိုတာ အကိုကြီး ပြောသံကြားတယ် ... "

"ဟုတ်တယ် ဒေါ်လေး၊ကိုမင်းနေပြည်တဲ့... ကိုမင်းနေပြည် ရေ ... ဒါ ဆရာကြီးညီမအရင်းလေ ... မှတ်ရဲ့ဒေါ်လေး ပေါ့ ... "

"ဟုတ်ကဲ့ခင်ဗျ၊ ဦးကျင်တီနဲ့ ရင်းနှီးသလိုပဲ ကျွန်တော့်ကိုလဲ သဘောထားပါ ဒေါ်လေး"

ဦးကျင်တီက ရွယ်တူနီးပါးမို့ ဒေါ်ရခတ်ကာ ဒေါ်လေးကို မှတ်ခေါ်သလို ဒေါ်လေးပဲ ခေါ်တတ်သည်။ ဒါကြောင့် မင်းနေပြည်တယောက်လဲ ရောနှော ဒေါ်လေး လိုက်ရပါသည်။

"ဟုတ်ကဲ့ပါရှင် ... ဦးကျင်တီနဲ့ကတော့ ဆွေမျိုးတွေလို တောင် ဖြစ်နေပါပြီ၊ ဦးမင်းနေပြည်လဲ ခင်ခင်မင်မင် ဝင်ပါ ထွက်ပါ"

"ဟုတ်ကဲ့ ခင်ဗျာ ... "

မှတ်သည် ရယ်ချင်သလိုလိုရှိကာ ... သူတို့ဖက် ကျောခိုင်းပြီး ရှိုးကေ့စ်ပေါ် ဖုံသုတ်ရှင်းလင်းခြင်း ဆက်လုပ်နေ၏။ ဒေါ်လေးက တတွတ်တွတ်နှင့် ရေပက်မဝင် ညှိဝတ်ကျေပွန် နေသည်။ ဒေါ်လေးက ဒီလိုပဲ။ စကား ပြောနိုင်လှပါသည်။ သူ





... ညှိခံနိုင်းထားလျှင် ညှိသည်မှာ ပျင်းတာကြောင်တာ မရှိ ...ရ။ နားညည်းတာသာရှိကောင်း ရှိမည်။ တခုပြီးတခု အကြောင်း ...ရာတွေ ဆက်သွားကာ စကားဝိုင်းကို တိတ်မနေအောင် ထိန်း ...နိုင်လှပါသည်။

"အော် ... မေ့နေလိုက်တာ ... ဘာမှလဲ မတိုက်ရဘူး၊ ဘာသောက်ကြမလဲ ... အပူလား ... အအေးလား"

"ရပါတယ်ဗျာ ... ကြိုက်တာ အဆင်ပြေတာလုပ်ပါ"

"ဒါဖြင့် ကော်ဖီပဲ ဖျော်လိုက်မယ်၊ အအေးက ကုန်နေတာ မဝယ်ရသေးဘူး၊ အအေးဖျော်မယ်ဆိုရင် အခု ဦးကျင်တီ ယူလာတဲ့ ပုလင်းကိုပဲ ဖျော်ရမလိုဖြစ်နေတယ်"

ဒေါ်လေးက ရယ်မောရင်း ...အေးပုလင်းထုတ်ကာ ကြည့်သည်။

"တခါမှ မမြင်ဖူးဘူး ... ဒီအအေး"

"ဒါ... ဩစတြေးလျားကလာတာ ဒေါ်လေး၊ ဂရိတ်ပ်လေ ဆရာကြီးကြိုက်မယ်"

မှတ်က လှည့်ကြည့်လိုက်သည်။ ကော်ဗူးမဟုတ်ပဲ ...ွန့်အထစ်တွေနှင့် ပုံသဏ္ဌာန်လှပသော ဖန်ပုလင်းကြီးထဲ ခရမ်း ...ရောင် အရည်များ။ တံဆိပ်မှာ ခရမ်းရောင် စပျစ်ခိုင်များနှင့်။

"ဦးကျင်တီက ရှားရှားပါးပါးတွေ ဝယ်လာပေး ... ဖေဖေက ကြိုက်ပြီး လျှာအဆင့်အတန်းတွေ မြင့်လာပြီးတော့ အဲ့ဒါ မျိုးတွေ မရမက ရှာဝယ်ခိုင်း၊ ဈေးကကြီး ရှာလို့ကမရနဲ့။

ဖေဖေ့ကို အအေးသောက်ရင် Raya ပဲ သောက်ရမယ်လို့ မှတ်က ပြောထားတယ် ဦးကျင်တီရဲ့၊ အဖျော်လဲခံတယ် ဈေးလဲ သင့်တယ်၊ ဒီပုလင်းကြီးဆိုရင် ဈေးက တအားကြီး မှာ ပြီးတော့ အရည်က ခပ်ကျဲကျဲနဲ့ အဖျော်ခံမှာ မဟုတ် ဘူး ရေသိပ်ရောလို့ ရမယ့်ပုံမပေါ်ဘူး။ ဝယ်သောက်ရင် နှမြောစရာကြီး"

မှတ်ရဲ့ တွက်တွက်ချက်ချက် စစ်စီပုံကို ဦးကျင်တီ သဘောကျနေသည်။ ဦးကျင်တီ အပြုံးကို ဒေါ်လေးက နားလည် စွာ ...

"အိမ်မှာ သူက ဘဏ္ဍာထိန်း ငွေကိုင်လေ ... သူစားဆို စားရတာပါ"

ဒေါ်လေးရဲ့စကားကြောင့် ဦးကျင်တီက တဟား ဟား ရယ်သည်။

"အမယ် ... မှတ်က မကုန်သင့်တာ မကုန်အောင်ပါ ဦးကျင်တီရဲ့ ကိုယ်သုံးနိုင်တယ်ပဲထားအုံး၊ တမင်သက်သက် ပကာသနအနေနဲ့ ဖင်ခေါင်းလေးကျယ်ပြီး သုံးချင်တာမျိုး ဆိုရင် မှတ်က မသုံးသင့်ဘူး ထင်လို့ပါနော် ... "

"သူကိုယ်သူလဲ သထာတာ မဟုတ်ဘူး ဦးကျင်တီ၊ တလော က စကော့ဈေးရောက်လို့ အောက်အနားပိတ်စပျော့လေး တွေ ဝတ်စေချင်လို့ ဝယ်လာမိပါတယ်၊ ကျွန်မဝယ်လာတဲ့ အောက်နားဆင်က အဆင်သစ်မို့ တကိုက် ခုနစ်ရာ ပေးရ





တာကို နှမြောလို့တဲ့လေ၊ အောက်နားထဲမှာ သုံးရာတန် လောက်ထိ ရှိရက်နဲ့ ... ခုနစ်ရာတန် ဝယ်လာရမလား ဆိုပြီးတော့"

"ဒီအဆင်သစ်က နောက်လဆို အဆင်ဟောင်းဖြစ်ပြီး ဈေးကျသွားမှာပဲ ဦးကျင်တီရဲ့"

"ဟုတ်ပါတယ် ဒေါ်လေးရာ၊ ဒါချီးကျူးရမှာဗျ၊ စစ်စီတာ ငွေကို တန်ဖိုးသိတတ်တာဟာ အရည်အချင်းဗျ"

"ဟုတ်ပါတယ် ... ပြောမယ့်သာ ပြောရတာပါ ... ကျွန်မ တူမက ... တခြားမိန်းကလေးတွေလို မဟုတ်ဘူး၊ တော်ရှာ ပါတယ် ... ကျွန်မက သူ့ကို ဝတ်စေ စားစေချင်တာ ကြောင့် ပြောနေရတာပါ။ ကျွန်မငွေကိုင်ပါသေးတယ် ... တလ တလ ဘာမှ မပိုပါဘူး၊ သူ့ပေးကိုင်မှ စုနိုင်တာ မနည်းပါဘူးရှင်"

"တော်တယ်ဗျ ... ဟုတ်တယ်၊ ဆရာကြီးသမီးက အဖက် ဖက်က သိတတ်ရှာတယ် ကိုမင်းနေပြည် ... ကလေး ပေမယ့် ... တော်တယ် ... "

ဦးကျင်တီက စကားဝိုင်းအပြင်ရောက်နေသလို နေသော မင်းနေပြည်ဖက်ကိုပါ လှည့်ပြောသဖြင့် သူခေါင်းညိတ် လိုက်ရပါသည်။ ပေါ့ဆဆညိတ်တာ မဟုတ်ရပါ ... ကြားရသမျှ အတွက် ထိုကောင်မလေးကို သူ တလေးတစား မြတ်နိုးမိပါ သည်။

မှတ်ကတော့ ဦးကျင်တီ စကားကြောင့် ခေါင်းလေး လှည့်လာကာ ...

"မှတ်က ဆရာဝန်တောင် ဖြစ်တော့မှာ ... ကလေးမှ မဟုတ်တော့တာ ဦးကျင်တီရဲ့ ... "

အမူအရာကလေးမှာ ဦးကျင်တီကို ဦးလေးသား ချင်းသဖွယ် ခင်မင်တွယ်တာမှုကလေး ပါနေသည်။ ဦးကျင်တီကို မှတ်တို့ မိသားစုက တကယ်ပဲ ခင်မင်ပါသည်။ ဦးကျင်တီဟု ခေါ်တာကလဲ မှတ်အနေနှင့် ခပ်စိမ်းစိမ်းခေါ်တာ မဟုတ်ပါ။ အန်ကယ်လ်လို့ မခေါ်ချင် အာမတွေ့တာကြောင့် ဦးလေး ဦးကျင်တီဆိုတဲ့ သဘောမျိုး ... ရှေ့က 'ဦး'ဟာ ဦးလေး၊ ဦးဦး ဆိုသည့် အသုံးမျိုးနှင့် ခေါ်ခြင်းသာ။

ရုတ်တရက် ... မှတ်အတွေးထဲ မင်းနေပြည်ကို မတော်တဆ ရင်းနှီးလာရင် ဘယ်လိုခေါ်မလဲဆိုတာ တွေးမိသေး၏။ ကိုမင်းနေပြည်လို့တော့လဲ မခေါ်ချင်။ သူ့အသက်ဟာ သုံးဆယ့် ရှစ်တဲ့ မှတ်က အစိတ်၊ ဆယ့်သုံးနှစ်တောင်မှကြီးတာ ... ဦးမင်း နေပြည်ဆိုတော့ရော ထောင့်သလိုလို။ သို့သော် ဦးမင်းနေပြည်လို့ ပဲ ခေါ်ရမှာပဲပေါ့။ တခြားရွေးချယ်စရာမှ မရှိတာပဲ။

"တကယ်တော့ ချွေတာတတ်တဲ့ သူတွေ လောကမှာ သူဌေးဖြစ်တာပဲဗျ၊ ကိုမင်းနေပြည်တို့ကိုကြည့် ... "

"ဟောဗျာ ... ဦးကျင်တီက လုပ်တော့မယ် ... "

မင်းနေပြည် မျက်နှာမထားတတ်ဖြစ်သွားပုံကို





မှတ်က စိတ်ထဲမှ မဲ့သည်။ ဒင်းတို့ကတော့ ကပ်စေးနည်းတာ ဖြစ်မှာပေါ့။ ငွေမှ ငွေ ... ငွေ ဖြစ်နေကြတာ ဖြစ်မှာပါ။

"ဟုတ်တယ်လေဗျာ ရှာလဲ ရှာတတ် ... စုလဲ စုတတ် မှတော့ ခင်ဗျားတို့ သူဌေးမဖြစ် ဘယ်သူဖြစ်တော့မှာလဲ"

"အချင်းချင်း ကပ်ပြီး ကိုယ်စားကြွားနေတယ်ထင်ပါဦး မယ်ဗျာ"

အမယ် ... ဒင်းက လူပျိုကြီးပီပီ ရှက်တတ်သား။ သူ့ကို သူဌေးလို့ သတ်မှတ်တာကိုပဲ ရှက်နေရပြန်သည်။ မှတ် သည် ထိုလူကြီးကို အမြင်ကတ်ပြီးသား ဖြစ်တာကြောင့် အလကား နေရင်း ချဉ်တင်တင်ပင်။

"ကဲ ... ကဲ ... ကော်ဖီ သောက်ကြပါဦး၊ မှတ်ရေ... လှည်း ကျဉ်းတာ ရပ်ပါအုံး ဒီဖက် ဖုန်တွေဘာတွေ လာပါ့မယ်"

မှတ်က မှန်စားပွဲသေးသေးလေးများကို သတင်းစာ စက္ကူစနှင့် ပွတ်သုတ်နေရင်းက ဒေါ်လေးစကားကြောင့် ရပ်လိုက် ပါသည်။ ဒေါ်လေးက သူ့တူမ ဖုန်သုတ်နေသော ပစ္စည်းဟာ သတင်းစာဟောင်းဖြစ်နေတာမို့ ရှက်သလိုလိုနှင့် ...

"မှန်စားပွဲဆိုတာ အဝတ်နဲ့ ကြက်မွေးနဲ့ မသုတ်ရဘူးတဲ့ ရှင့် ... သတင်းစာနဲ့ သုတ်ရသတဲ့ ... သူ့လက်ထက်ကျမှ ဟင်း ... ဟင်း"

"ဟုတ်တယ်ခင်ဗျ ... မှန်ကို သတင်းစာစက္ကူနဲ့ သုတ်တာ ပိုပြီး ပြောင်လက်ပါတယ် အဲ့ဒါ အမှန်ပါပဲ ... "

"ဟုတ်လား"

မင်းနေပြည်က ဝင်ပြီး ထောက်ခံလိုက်သဖြ
စောဒကတက်မည့် မှတ်ပါးစပ်ကလေး ပိတ်သွားပါသည်။ သတော
တာ အလုံးအကြေတွေ စုသိမ်းပြီး သွားလွှင့်ပစ်ရင်း ... သူ့
ခပ်ပြုံးပြုံး ခိုးကာ ခိုးကာ ကြည့်သည့် မင်းနေပြည်မျက်လုံးကို
ယောင်ကာ ချဉ်သထက် ချဉ်သည်။ သူ့အသက်အရွယ်ကြီးနဲ့မှာ
လူကို ခိုးကြည့်ချင်သေး။ လောကမှာ ရှင်မသိတာတွေ အများကြ
ရှင်ရေ့ ဟု ပြုံးမဲ့မဲ့တွေးရင်း အိမ်ရှေ့ဖက် ဖြည်းဖြည်းပြန်လျှော
လာခိုက် တယ်လီဖုန်းသံက ရုတ်တရက် မြည်လာလေသည်။

မှတ် တယ်လီဖုန်းကိုင်လိုက်တာကို မင်းနေပြည်
အမှတ်တမဲ့ လှမ်းပြီး ငေးလိုက်မိသည်။ တယ်လီဖုန်းကိုက ရှေ့
တုံးဖုန်းအို မဲမဲလေး။ ဖုန်းအိမ်အသစ်ကလေးတွေ လှလှ
အများကြီး အလွယ်တကူဝယ်လို့ရပါလျှက် 'မချွတာ' ကလေး
မလဲဘူး ထင်ပါရဲ့။

အိမ်နေရင်း အင်္ကျီလုံချည်ကလေးတွေမှာ တကေ
တပတ်နွမ်းလေးတွေ။ မွန်လုံချည်နီနီကလေးကလဲ အခါခါ လျှော်
ပြီးသား နီပျော့ပျော့လေး ဖြစ်နေပြီ။ ဗမာအင်္ကျီရင်စေ့လက်ပြ
ကလေးမှာ ခုအခါ တုံးလွန်းသွားလို့ ဝယ်ချင်လျှင်တောင် ရှာတွေ့
ခက်သည့် ဟိုးတုန်းက ဖော့ရှန်စ။ သို့သော်လဲ ဘယ်လိုပင် အနွ
အစား ဟောင်းဟောင်း အနီရဲရဲကလေးသည် သူမရဲ့ ဖြူနုစ်ဝင်း
ကြည်နေသော အသားရေကလေးနှင့် ငေးရလောက်အောင်





လိုက်ပါသည်။

"ဟာ ... ဖေဖေ၊ ရောက်နေကြပြီ ဖေဖေရဲ့ ... ဒီမှာ"

သူမအသံကလေး စူအောင့်အောင့် ... ။

"ဖေဖေ တခေါက်ခဏပြန်လာရင်ကော ... အင်းလေ ... ဟုတ်ပါတယ် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... မှတ် ပြောပြလိုက်ပါ့မယ် ... ဟုတ်ကဲ့ ဖေဖေ ... "

ဖုန်းချပြီးလှည့်လာသော မျက်နှာကလေးတွင် မျက်လုံးလှလှကလေးများက ... မင်းနေပြည်ထံသို့ တိုက်ရိုက်ဦး တည်နေကာ ...

"ဟိုလေ ... ဖေဖေက အရေးပေါ် လူနာတယောက် ရောက်လာလို့ ဒီညနေ ပြန်မရောက်နိုင်တာ အကြောင်း ကြားတာပါ ... ဦးမင်းနေပြည်ကိုလဲ အင်မတန် အားနာ ပါတယ်လို့ သေချာပြောပြပါတဲ့"

"အော် ... ကိစ္စမရှိပါဘူးခင်ဗျ ... ကျွန်တော်ကအားဂျင့် ကေ့စ်မှ မဟုတ်တာ၊ နောက်ရက်လာလိုက်ရင် ရတာပဲ"

"ခေါ်ထားပြီးမှဆိုတော့ ဖေဖေက အားနာနေပါတယ်၊ တခေါက်ပြန်ကြည့်ဖို့လဲ အဆင်မပြေလို့ပါ၊ ပြီးတော့ ကြာမှာမို့ ဖေဖေ့ အပြန်လဲ မိုးချုပ်မှာမို့ပါ ... တဲ့"

"ရပါတယ် မှတ် ... ကျွန်တော်အလျင်မလိုပါဘူး၊ ဆရာကြီး လဲ ဘယ်ပြန်လာဖို့ အဆင်ပြေပါ့မလဲ ... မဟုတ်တာ၊ နောက် ... ဘယ်ရက်လာရမလဲသာ ... "

မှတ်က တခဏ တွေတွေကလေး စဉ်းစားသည်။

“ဦးမင်းနေပြည်ကလဲ အလုပ်ခပ်များများဆို ... ”

“ဒါပေမယ့် ... ကိုယ့်ကျန်းမာရေးကိစ္စ လာတွေ့ရမှာပဲ ဆရာကြီးဘယ်နေ့ အဆင်ပြေမယ်သာ ပြောပါ၊ ကျွန်တော့် ဖက်က အားရမှာပေါ့၊ ဆရာကြီး အလုပ်ရှင်းတဲ့နေ့ လုပ်ပါ.. ”

“နက်ဖြန်တော့ ဖေဖေ ဆေးခန်းမှာ ရှိတယ်၊ ဒါပေမယ့် ဦးမင်းနေပြည်ကို ဖေဖေက ... အိမ်ကိုပဲ သက်သောင့် သက်သာလာပြစေချင်တာပါ”

“ဟုတ်ကဲ့ ... အိမ်မှာရှိတဲ့ ရက်ပဲ ကျွန်တော်လာပါ့မယ်”

“သဘက်ခါနဲ့ ဖိန္နဲခါ ... တရက်ရက်ပေါ့၊ ဖုန်းအရင် ဆက် ကြည့်လိုက်ပါလားရှင်၊ လာပြီး မရှိရင် ... အလကား ဓါတ်ဆီကုန်ပါတယ်”

“ဖုန်းနံပါတ် ... မှတ် ရေးပေးလိုက်နော်”

တယ်လီဖုန်းဘေးမှာ စာရွက်တို ရှာနေသဖြင့် ဦး မင်းနေပြည်က သူ့ရဲ့ ဖုန်းနံပါတ်မှတ်သော မှတ်စုစာအုပ်ငယ်လေး ထုတ်ပေးရင်း ...

“ဒီမှာပဲ တခါထဲ ရေးလိုက်ပါနော် ... မှတ်”

မှတ်က သူ့စာအုပ်လှမ်းယူကာ ရေးပေးသည်။ အဖေ သမားတော်ကြီးကို ဗစ်ဇစ်တင်းကဒ်လေးတောင် လုပ်ခိုင်း မပြုဘူး ထင်ပါရဲ့။ ချွေတာရေးမလေး။ မင်းနေပြည်သည် ချစ်စနိုး





တွေးကာ ကြိတ်၍ပဲ ပြုံးရပါသည်။ တချက်ပြီးတချက် သူမရဲ့ အကြောင်း အချက်အလက်ကလေးတွေ သိရသမျှ သူ့မှာ သဘော တကျ ချစ်ခင်စိတ်သာ တိုးတိုးလာသည်။ ဘာကြောင့်များ ဒီ ကလေးမငယ်လေးအပေါ် မှာ နေရင်းထိုင်ရင်း သူ သံယောဇဉ် လွယ်လွယ် တွယ်မိပါသနည်း။

“သမီးရေ ... ဒီမှာလေ ဆရာကြီးရိုက်ခိုင်းတဲ့ အီးစီဂျီ နှစ်မျိုး၊ တမျိုးက အိပ်က်ဆယ်ဆိုက်စ် အီးစီဂျီဆိုတာ၊ ဂျိုင်ကာမှာ ရိုက်ခဲ့ပါတယ်၊ ဆရာကြီးမရှိတော့ သမီးကပဲ နဲနဲကြည့်ကြည့်ပါအုံး၊ အခြေအနေ ... ”

ဦးကျင်တီက လာပြီးမှတော့ အကြောင်းထူးသိရ ချင်ပုံနှင့် အီးစီဂျီစာရွက်ကလေးများ မှတ်ကို ကမ်းပေးနေသည်။

“ဟင် ... ဦးကျင်တီကလဲ ... မှတ်က ဘာမှ သေချာမပြော နိုင်ပါဘူး”

“အန်ကယ်တို့ လူပြိန်းထက်တော့ သိတာပေါ့၊ ရောဂါရှိမရှိ လောက်ပဲပေါ့၊ သူ့အတွက် စိတ်မချလို့ပါ ... ”

မှတ်သည် အီးစီဂျီကလေးများ ဖြန့်ကြည့်လိုက်ရ သည်။ ပါတ့်တူးကျောင်းသူဆိုသော်လဲ ဖေဖေ့ဆေးခန်းလိုက်ထိုင် နေသဖြင့် နှလုံးအကြောင်းကိုတော့ မှတ်က ယေဘူယျထက် နဲနဲ ပိုတတ်သိနေပါသည်။ Exercise ECG မှာ ST Segment depression ဆိုတာ ပေါ်နေသည့်အတွက် ဦးမင်းနေပြည်မှာ ရောဂါရှိနေတာ အသေအချာ ပြောနိုင်ပါသည်။ မှတ်ကသူ့ကို

တချက်ကြည့်ရင်း ...

"ရောဂါတော့ ရှိနေပါတယ်၊ အတိအကျကတော့ ဖေဖေပဲ ပြောပါရစေ၊ မှတ်က အရင်ပြောလို့ မကောင်းပါဘူး ဆေးလိပ်တော့ ဖြတ်ရလိမ့်မယ်၊"

"အော် ... ဟုတ်လား၊ ဖြတ်ရမှာပေါ့လေ ... "

မင်းနေပြည်က အီးစီဂျီစာရွက်များ ပြန်လှမ်းယူ အပြီး အားလုံး တစ်ခဏ တိတ်ဆိတ်သွားကြသည်။

"အားနာစရာကြီး ... ၊ တစောင့်စောင့်နဲ့ ... အကိုကြီးက မလာနိုင်ပဲ ဖြစ်ရတယ်လို့ ... ၊ အချိန်တောင်နောက်ကျ နေပြီ ... ၊ ထမင်းစားပြီးမှ ပြန်ကြပါလား ... "

ဒေါ်လေးကတော့ ညွှဝတ်ကိုကျေရမှ ... ။

"ဟာ ... နေပါစေ ... ၊ ခုပဲကော်ဖီသောက်ထားတာ ..."

"ဦးကျင်တီကလဲ ... ၊ ကိုယ့်ဆွေလို မျိုးလိုအိမ် ဘာအားနာ စရာရှိလဲ ... ၊ လုပ်ပါ ... စားသွားပါအုံး၊ ထမင်းလောက် ပါတယ်၊ အကိုကြီးဖို့ ပြီးမှ ထပ်ချက်လိုက်မယ် ...၊ လာပါ"

"နေပါစေတော့ခင်ဗျာ ... "

မင်းနေပြည်လဲ ဝင်ငြင်းရပါသည်။

"ဘယ့်နှယ် နေပါစေတော့လဲ ... ၊ ဦးကျင်တီနဲ့က စားအိမ် သောက်အိမ် ခင်တာပါ၊ ကိုမင်းနေပြည် အားနာမှာ ရှက်မှာ စိုးလို့ ဦးကျင်တီက ငြင်းနေတာ ... ၊ ကိုမင်းနေပြည်က စားလိုက်ပါ ... "





ဒေါ်လေးသည် တခါတရံ၌တော်။ ဖေဖေ အမှတ်တမဲ့ စိတ်ကူးပေါက်ရာ ပြောလိုက်သော မနက်က စကားတွေကို ဒေါ်လေးကအတည်လုပ်ပြီး သိပ်ကို ညွှဝတ်ကျေချင်နေပုံပင်။ မစားဘူးဆိုလဲ နေပစေပေါ့ ... ဒေါ်လေးကလဲ ... 'ဟု ကြိတ် ပြောချင်သော်လဲ အားလုံးရှေ့မို့ မှတ်က ငြိမ်နေရပါသည်။

"လာပါရှင် ... တခါထဲ လက်ဆုံစားသွားကြပါ ... ၊ ဟင်းကောင်းပါတယ် ဦးကျင်တီရဲ့၊ ဒီနေ့ ကြက်သားဟင်း ပါ"

"ဟာ ... ဒေါ်လေးကလဲဗျာ၊ လုပ်ပြီ မစားရင်ဟင်းမကောင်း မှာစိုးသလို ဖြစ်ရအုံးမယ် ... ၊ ကဲပါဗျာ စားတာပေါ့ ... ၊ နေဦး... ကိုမင်းနေပြည်၊ ခင်ဗျားလဲ နောင်ဆိုဒီအိမ်မှာ ဝင်ထွက် ခင်မင်သွားမှာပဲဟာ ... ၊ ဒေါ်လေးကတော့ ကျွေးရမှာဗျ ... "

မင်းနေပြည်သည် ဆက်ငြင်းရခက်ကာ ခေါင်းတ ကုတ်ကုတ် ဖြစ်နေလေသည်။ သူဘယ်လိုလုပ်စားချင်ပါ့မလဲ။ ဒီနေ့မှ ပထမဆုံးရောက်ဖူးတဲ့အိမ်။ ရင်းနှီးပြီးသားတွေလဲမဟုတ်။ သို့သော် ရိုင်းရာကျသွားမှာကိုတော့ ကြောက်ပါသည်။

"မှတ် ... သမီးက ခေါ်ဦးလေ ... ဒီလူနဲ့ ဒီလူတွေ တစိမ်း တွေလား ... "

ဒေါ်လေးကတော့နော် လုပ်သာချလိုက်ပေတော့ ပါးစပ်ကြီး ပိတ်နေလို့ မကောင်းတော့သဖြင့် ...

"ဟုတ်ပါတယ်... စားသွားကြပါနော်၊ ဦးကျင်တီ... အရင်ထလေ... ဦးမင်းနေပြည်လဲ လာပါ၊ အားမနာပါနဲ့... အားနာစရာ မရှိပါဘူး"

ဦးကျင်တီက အရင်ထ ရပ်လိုက်ပါသည်။ တဟားဟား ရယ်ရင်း 'လာဗျာ'ဟု မင်းနေပြည် ပုခုန်းကို ပုတ်သည်။ မင်းနေပြည် ဘယ်လိုငြင်းပါတော့မတဲ့လဲ။ ထပြီး ထမင်းစားခန်းဆီ တပြုံကြီးလျှောက်လာကြပါတော့သည်။

"အဆင်သင့် ... ချူးပြီးသားပဲ၊ ကဲ ... ထိုင် ... ထိုင် ဦးကျင်တီ ထိုင်၊ ကိုမင်းနေပြည် ထိုင်၊ မှတ်ရေ... ဟင်းရည်အိုးကို တချက်နွှေးလိုက်ပါအုံး၊ ပူတော့ ပူအုံးမယ် ထင်ပါရဲ့ မနက်က ငါးကြင်းခေါင်းလဲ တခေါင်းဝယ်လာတာလေ မှျစ်ချဉ်နဲ့ ဟင်းရည်လေးချက်ထားတာ ... ပဲဇောင်းလျား သီးလေး အဆိမ့်သုတ်ထားတာ ... ဒီမှာ ... ငပိရည်တို့စရာကတော့ မပါလို့ မဖြစ်ဘူး၊ သူ့အဖေက ငပိရည်တို့စရာမပါရင် ဆူညံရော"

ဟင်းတွေထက် ... ဒေါ်လေးစကားက ဖွယ်ဖွယ်ရာရာ ရှိလှပါသည်။ မှတ် ဟင်းရည်အိုးကို နွှေးမနေတော့ပါ။ ပူတုန်းပဲ။ ပန်းကန်လုံးထဲ ခပ်ထည့်ကာ အောက်မှ ကြွေပန်းကန်ပြား ငယ်တချပ်ခံလျှက် သယ်ယူလာခဲ့သည်။

"တခါထဲ ... ဒီလောက်စောင့်ရပြီးမှ အလုပ်မဖြစ်၊ ထမင်းလေးတော့ စားသွားမှ တန်တော့မှာပေါ့ ဟုတ်ဘူး





လား ... ဟင်း ဟင်း ... "

"ဒေါ်လေး တခါထဲ စားလေ ... "

"စားမှာ ဦးကျင်တီရေ့၊ စားမှာ ဆာပြီ ... ကျွန်မက ဂက်စ်ထရစ်ရှိတယ်၊ ဆာရင်စားရမှ... မှတ်လဲ တခါထဲ ဝင်လိုက်လေ ... "

မှတ်... သွက်သွက်ကလေး ခေါင်းယမ်းလိုက်သည်။ ဒေါ်လေးကတော့လေ။ မှတ် အလှူအိမ်ကလွဲလျှင် တစိမ်းယောက်ျားနှင့် ထမင်းတဝိုင်းထဲ မစားလိုပါ။ အထူးသဖြင့် ဒီ ဦးမင်းနေပြည်နဲ့ စားချင်ပါဘူး။

"မှတ် မဆာသေးလို့ပါ ဒေါ်လေးရဲ့၊ ညသန်းခေါင်ကျ တကျက်ရင်း ထဆာလာလိမ့်မယ် ... ခဏနေမှ ... "

"ဟုတ်တယ် ... သူက ထမင်းစားနောက်ကျတယ် ... သူ့အဖေနဲ့ သူနဲ့က အတူတူစားကြတာ... ကျွန်မကတော့ ဆာရင် မစားနိုင်လို့ မရဘူး ... "

မှတ်သည် ထွက်သွားလို့လဲ မကောင်းတတ်။ ထမင်းဝိုင်းထဲလဲ ဝင်မထိုင်ချင်။ ထိုင်ခုံလွတ်တခုနောက်မှာ မတ်မတ်တောင့်တောင့်လေး အူကြောင်ကြောင်ရပ်နေသည်။

"ဦးကျင်တီ ... ထည့်စား၊ မှတ်ရေ ... ကိုမင်းနေပြည်ကို ဟင်းထည့်ပေးဦးကွဲ့ ... "

မှတ်သည် ဒေါ်လေးကို မျက်စောင်းခိုးထိုးကာ နိုင်းအောင် လက်ကလေးလှမ်းလိုက်ရသည်။

"ဟာ ... နေ ... နေပါစေ၊ ရပါတယ် မှတ်၊ ကျွန်တော် ထဲ့စားမှာပါ ... "

"စားနော် ... အားနာစရာ မရှိဘူးနော် ... "

လက်ကိုရုတ်ရင်း ပါးစပ်ကတော့ တာဝန်ကျေပွန်လိုက်ပါသည်။ ဒေါ်လေးကြည့်ရတာ ... ဒီလူကြီးကို သဘောကျတယ်ထင်ပါရဲ့။ အရိပ်တကြည့်ကြည့်နှင့် ... မင်းနေပြည်ကိုပဲ ခပ်ထဲ့ထဲ့ပေးနေသည်။ ဦးကျင်တီကတော့ ဖေဖေနှင့်အတူ ရံဖန်ရံခါ ထမင်းဝင်စားဖူးတာမို့ မစိမ်းတော့ဘူး ယူဆပုံနှင့်... ဦးကျင်တီကိုတော့ ခပ်မထဲ့ပေး ... ။

မင်းနေပြည်က ... သူနှင့်နီးရာ ပဲဇောင်းလျားသီးသုပ်ကိုပဲ ခပ်ခပ်ယူသည်။ ရှက်ပုံနှင့် ခေါင်းကြီးမဖော်။ အရွက်အသီးသာကြိုက်သော မှတ်ကတော့... 'ငါ့ပဲသီးသုတ်တွေ ကုန်ပါပြီ'ဟု စိတ်ထဲမှ ကြိတ်ကာ တွေးမိသေး၏။

"နောင်လဲ ကြုံရင်ကြုံသလို ဒီလိုပဲ ဝင်ထွက်စားသောက်ပါ၊ ဒေါ်လေးတို့က အိမ်မှာ နေတာပဲများတော့ ခင်မိရင် အိမ်လာလည်ပါစေပဲ ထိုင်မျှော်နေမိတယ် ... ဆွေမျိုးသားချင်းလိုပဲ သဘောထားပါ၊ အကိုကြီးကိုလဲ လိုတာအားလုံးပြောပေါ့၊ အကိုကြီးက စကားပြောတာ တခါတရံ ခွကျပေမယ့် သဘောကောင်းပါတယ်"

"ဟုတ်ကဲ့"

"ကိုမင်းနေပြည်တို့က မိဘရှိသေးလား"





"မေမေရှိပါသေးတယ်၊ ဖေဖေကတော့ ဆုံးတာ ကြာပါပြီ"

"ညီကို မောင်နှမရော ... "

"လေးယောက်ပါ ... အငယ်ဆုံး ညီကလေးကတော့ ... လွန်ခဲ့တဲ့ တလခွဲလောက်က ဆုံးသွားပါတယ်"

"အို ... ကျွတ် ... ကျွတ် ... ဘာရောဂါလဲကွယ်"

"သဘော်မှာ မတော်တဆပေါက်ကွဲပြီး ဆုံးတာပါ"

"အို ... ဖြစ်မှဖြစ်ရလေ"

အတန်ငယ်ညှိုးငယ်သွားသော မင်းနေပြည် မျက်နှာကို မှတ် ခပ်စူးစူး ကြည့်နေမိသည်။ ဒီလူဟာ သံယောဇဉ် ကြီးတတ်ပုံတော့ ရပါသည်။

"အစ်မ တယောက်၊ ညီမတယောက်ရှိပါတယ်၊ အင်မက ခင်ပွန်းနဲ့ လော့စ်အင်ဂျလိစ်မှာပါ ... ညီမကတော့ ကျွန်တော့်လိုပဲ သူလဲ အပျိုကြီးပဲ ... အမေနဲ့ လောလောဆယ် တူတူနေတာတော့ သုံးယောက်ပေါ့ ... "

"အမေက ... ကြီးပြီလား"

"ခြောက်ဆယ့်ငါးနှစ်ပါ ... "

"ကျန်းမာတယ် မဟုတ်လား"

"သွေးတိုးဆီးချိုတော့ ထုံးစံအတိုင်း မကင်းလှဘူးပေါ့ ခင်ဗျာ၊ ဒါပေမယ့်... ထွေထွေထူးထူး မဖြစ်ပါဘူး။ ကျန်းမာတယ်ပဲ ဆိုပါတော့ ... "

"ကောင်းတယ် ... ကောင်းတယ်၊ ကျန်းမာရေး ကောင်းမှ က အဓိကပဲ ဒေါ်လေးက အခု ငါးဆယ့်နှစ်၊ ခြေတွေ လက်တွေ မကောင်းဘူး၊ ကြီးပေါင်းတက်တယ်ဆိုလား အရိုးအတက်ထွက်တာဆိုလား၊ ခဏ ခဏ ခြေနာ လက်နာ နဲ့၊ လမ်းများများလဲ လျှောက်လို့မရ၊ ကျန်းမာအောင် နေရတယ်၊ ဒီကောင်မလေးက တယောက်ထဲ မဟုတ်လား ကွဲ့၊ မွေးချင်းကလဲမရှိ၊ သူငယ်ချင်းရယ်လို့လဲ များများမရှိ ဒီအဖေ ဒီအဒေါ်ပဲ သူ့ ရှိရှာတာ၊ သူ့စိတ်မချသေးတာနဲ့ နေမကောင်းတောင် မဖြစ်ရဲပါဘူး ... သူ့အတွက် စိတ်ချ လက်ချရှိပြီးမှပဲ ... လဲပါရစေ ... ဆုတောင်းရတယ်"

ဒေါ်လေးရေ ... လုပ်လိုက်ကွ။ မှတ်က တီးတိုး ဩဘာပေးသည်။ ဒေါ်လေးတို့ နွယ်ပုံများ ကျန်းမာရေးကနေ ဒီဖက်ကို ကွေ့ပြီး ချောချောကလေး ရောက်လာတော့တာပါပဲ။

"သမီးက အခု အသက်ဘယ်လောက်လဲ ... "

"နှစ်ဆယ့်ငါးပါ ဦးကျင်တီ"

"အင်း ... မငယ်လှတော့ပါဘူး၊ ကဲ ... သမီးအဒေါ်က စိတ်ချချင်လို့တဲ့၊ ယောကျ်ားကောင်းကောင်း အားကိုးရ မယ့်ထဲက ရှာယူလိုက် ... ဟုတ်လား ... "

မှတ် မျက်နှာအနည်းငယ် နီမြန်းကာ ခွန်းမတုံ့ပဲနဲ့ ပြုံးနေသည်။ ဝင်းပဖြူနှစ်သော ပါးပြင်လေးနှစ်ဖက်ပေါ် ပါးအို နေရာနား သဘာဝ ရှက်သွေးကလေးက အရောင်ဆိုးသကဲ့သို့





...ကလေး တင်ကာ လှနိုင်လွန်းသူကို ဖြတ်ကနဲကြည့်ရင်း-

"ဘခု သိပါရစေ... ဆရာကြီးက ဦးနိုင်ကျော်ဇော ဆိုတော့ ဒေါ်လေးတို့က မွန်စပ်ပါသလားခင်ဗျာ ... "

"ဟုတ်ပါ့... ဒေါ်လေးနာမည်က မိရီရီလတ်၊ မှတ်နာမည်က မိညိုပြာမှတ်တဲ့ကွဲ့၊ မွန်တိုင်းရင်းသားတွေပါ၊ မှတ်ရဲ့ မေမေ ကတော့ မြန်မာသွေးနဲနဲစပ်သေးတယ်၊ မှတ်ကတော့ မြန်မာ သွေးလဲပါ၊ မွန်သွေး များများပေါ့လေ ... "

မိညိုပြာမှတ် ... ။

မင်းနေပြည် ရင်ထဲမှာ နာမည်စာလုံးလေး ...ပါက် ရိုက်ခတ်ပဲ့တင်ထပ်နေတော့သည်။ လှလိုက်တဲ့ ...ည်ကလေးနှယ်၊ လှုကလေးနဲ့ လိုက်လဲ လိုက်ဖက်ပါပေ့၊ ...ပိန်းမှောင်နေသော ဆံနွယ်မဲမဲများ၊ သွယ်သာနှစ်နှစ် ...လေးနှင့် ဝတ်စုံရဲရဲကလေးရဲ့ ပြေပြစ်လိုက်ဖက်လှပုံကိုတော့ ...နေပြည် စာဖွဲ့မပြောတတ်တော့ ပါ။

အကြောင်းနာတရားဖြင့် ထုံမွှန်းထားသော သံယောဇဉ် ...မျိုးနှင့်အတူ မင်းနေပြည် ရင်ထဲသို့ အချိန်တိုတို အရှိန်နစ်နစ်ဖြင့် ...ရောက်လာသော ... မှတ်ကလေးပါတကား။

* * * * *

"ကောင်းတယ် ... ကောင်းတယ်၊ ကျန်းမာရေး ကောင်းဖို့က အဓိကပဲ ဒေါ်လေးက အခု ငါးဆယ့်နှစ်၊ ခြေတွေလက်တွေ မကောင်းဘူး၊ ကြီးပေါင်းတက်တယ်ဆိုလား၊ အရိုးအတက်ထွက်တာဆိုလား၊ ခဏ ခဏ ခြေနာ လက်နာနဲ့၊ လမ်းများများလဲ လျှောက်လို့မရ၊ ကျန်းမာအောင်နေရတယ်၊ ဒီကောင်မလေးက တယောက်ထဲ မဟုတ်လားကွဲ့၊ မွေးချင်းကလဲမရှိ၊ သူငယ်ချင်းရယ်လို့လဲ များများမရှိ၊ ဒီအဖေ ဒီအဒေါ်ပဲ သူ့ ရှိရှာတာ၊ သူ့စိတ်မချသေးတာနဲ့ နေမကောင်းတောင် မဖြစ်ရဲပါဘူး ... သူ့အတွက် စိတ်ချလက်ချရှိပြီးမှပဲ ... လဲပါရစေ ... ဆုတောင်းရတယ်"

ဒေါ်လေးရေ ... လုပ်လိုက်ကွ။ မှတ်က တီးတိုးသြဘာပေးသည်။ ဒေါ်လေးတို့ နွယ်ပုံများ ကျန်းမာရေးကနေ ဒီဖက်ကို ကွေ့ပြီး ချောချောကလေး ရောက်လာတော့တာပါပဲ။

"သမီးက အခု အသက်ဘယ်လောက်လဲ ... "

"နှစ်ဆယ့်ငါးပါ ဦးကျင်တီ"

"အင်း ... မငယ်လှတော့ပါဘူး၊ ကဲ ... သမီးအဒေါ်က စိတ်ချချင်လို့တဲ့၊ ယောကျ်ားကောင်းကောင်း အားကိုးရမယ့်ထဲက ရှာယူလိုက် ... ဟုတ်လား ... "

မှတ် မျက်နှာအနည်းငယ် နီမြန်းကာ ခွန်းမတုံ့ပဲနဲ့ပြုံးနေသည်။ ဝင်းပဖြူနှစ်သော ပါးပြင်လေးနှစ်ဖက်ပေါ် ပါးအို့နေရာနား သဘာဝ ရှက်သွေးကလေးက အရောင်ဆိုးသကဲ့သို့





ပြေပြေကလေး တင်ကာ လှနိုင်လွန်းသူကို ဖြတ်ကနဲကြည့်ရင်း-

"တခု သိပါရစေ... ဆရာကြီးက ဦးနိုင်ကျော်ဇော ဆိုတော့ ဒေါ်လေးတို့က မွန်စပ်ပါသလားခင်ဗျာ ... "

"ဟုတ်ပါ့... ဒေါ်လေးနာမည်က မိရီရီလတ်၊ မှတ်နာမည်က မိညိုပြာမှတ်တဲ့ကွဲ့၊ မွန်တိုင်းရင်းသားတွေပါ။ မှတ်ရဲ့ မေမေကတော့ မြန်မာသွေးနဲနဲစပ်သေးတယ်၊ မှတ်ကတော့ မြန်မာ သွေးလဲပါ၊ မွန်သွေး များများပေါ့လေ ... "

မိညိုပြာမှတ် ... ။

မင်းနေပြည် ရင်ထဲမှာ နာမည်စာလုံးလေး ... ပေါက် ရိုက်ခတ်ပဲ့တင်ထပ်နေတော့သည်။ လှလိုက်တဲ့ ... မည်ကလေးနှယ်၊ လူကလေးနဲ့ လိုက်လဲ လိုက်ဖက်ပါပေ့။ ... းပိန်းမှောင်နေသော ဆံနွယ်မဲမဲများ၊ သူ့အသားနုစ်နုစ် ... လေးနှင့် ဝတ်စုံရဲရဲကလေးရဲ့ ပြေပြစ်လိုက်ဖက်လှပုံကိုတော့ ... းနေပြည် စာဖွဲ့မပြောတတ်တော့ ပါ။

အကြင်နာတရားဖြင့် ထုံမွှန်းထားသော သံယောဇဉ် ... မျိုးနှင့်အတူ မင်းနေပြည် ရင်ထဲသို့ အချိန်တိုတို အရှိန်နစ်နစ်ဖြင့် ... ရောက်လာသော ... မှတ်ကလေးပါတကား။

* * * * *

(၃)

"ကဲ့... ဒေါ်အုန်းမြေးကလေးမွေးနေ့ ဒီညနေ မဟုတ်လား
သွားဖို့ ပြင်ကြဆင်ကြအုံး၊ မစပယ်... နေပြည့်ဆီ ဖုန်းလေး
ဘာလေး ဆက်အုံး"

"ကိုကိုက ပြန်ရောက်နေပြီ မေမေရဲ့၊ သူ့အခန်းထဲမှာ ...
ရင်ပတ်အောင့်လို့ ဆိုလားပဲ"

"ဘာများဖြစ်ပါလိမ့်... ခုတလော၊ နေပြည်တယောက်
ချချချာချာ"

ဒေါ်ခင်ခင်ညွန့်သည် မျက်မှောင်လေးတွန့်
အပေါ်ထပ်သို့ အိတပ္ပဲပုံ တက်သည်။ တက်ရင်းက နှုတ်မှလဲ

"မစပယ် ... ပြင်ဝေ့၊ ဆင်တော့၊ ညည်းတို့ မောင်
လိုက်ရမှာ၊ ဦးမြင့်ဦးတို့ ဘာတို့လာမှာ ..."

"ဟာ ... မေမေကလဲ လုပ်ပြန်ပြီ ...၊ ဒါဖြင့် စပယ်မလိုက်
ဘူး ..."

"ဟဲ့ ... မလိုက်လို့ မရဘူး ...၊ လိုက်ခဲ့ ..."

စပယ်သည် ဆံပင်ရှည်ကြီးမှာ ဘီးတချောင်း
ကာ ဘီးကျော်ပတ်ပတ်ရင်း စိတ်ညစ် လက်ညစ် ပစ်ထိုင်
လိုက်သည်။ သုံးဆယ့်နှစ်နှစ်မျှသာ ရှိသေးသော အသက်
မလိုက်ဖက်အောင် စပယ်က ဘီးကျော်ပတ်တကားကားနှင့်
မကြီးလုပ်နေတတ်သည်။ အိမ်ထောင်သားမွေးအလုပ်ကို ရွံ့
ဆုပ်သဖြင့် တကြိမ်တခါမျှပင် ရည်းစားမထားဖူးလေပါ။ တစ်





သောဖို့နှင့်မ မေတ္တာကို စပယ်က ညစ်ပတ်သည် ယူဆသူဖြစ်သည်။
ခုနောက်ပိုင်း တလောတော့ သူ့အမေက ဟိုလူနှင့်
ဝပ် ဒီလူနှင့်စပ် လုပ်လာသည်။ စပယ့်ကိုတင်မကပါ။ အကိုဖြစ်သူ
မင်းနေပြည်ကိုလဲ ထိုနည်းဒုင်း။ မောင်ငယ်လေး မင်းရွှေစည်ဆုံးပြီး
နောက် မေမေ့ဆန္ဒမှာ ပိုပြီးပြင်းထန်လာသည်။ နိုင်ငံခြားမှ အမကြီး
ဒေါ်နှင်းဆီတယောက် ဘယ်လိုမှ ကလေးမရနိုင်ဘူးဆိုတာ သိပြီး
သည့်နောက် မေမေသည် သူ့မျိုးဆက်အတွက် အငယ်ဆုံး
သုံးယောက်ကို အားထားရမည်။ မောင်အငယ်ဆုံးပါ မရှိတော့
သောအခါ အလယ်အလတ် လူပျိုကြီး အပျိုကြီး မောင်နှမကိုသာ
သူမှာ မျှော်လင့်ချက် ကျန်သည် မဟုတ်လား။

ဒီနှစ်ယောက်ကလဲ မအေကမှ ဇွတ် မစီစဉ်လျှင်
ဗုံလမ်းမမြင် သလို ဖြစ်နေသည်။ မေမေသည် သူ့ရွယ်တူတွေမှာ
မြေးတွေက လူပျို အပျို ဖားဖားတွေပင် ဖြစ်နေတာပင် ရှိသဖြင့်
တခြားမှာ သူများမြေးတွေ မြင်လာလျှင် အိမ်မှာ တဗျစ်
တောက်တောက် လုပ်လျှက် သွေးတိုးသလို ခေါင်းကိုက်သလို
ရောဂါတိုးသည်။

စပယ်ကို မေမေစပ်နေသော ဦးမြင့်ဦးဆိုသူကိုကား
အိမ်ထောင်သားမွေး စိတ်မကူးသော စပယ်တစ်ယောက် အထူး
သဖြင့် ပိုပြီး ကြည့်မရ။ စက်ဆုပ်အမြင်ကတ်လှသည်။ အသက်က
လေးဆယ်၊ ကိုကို့ထက် နှစ်နှစ်ပဲ ကြီးသော်လဲ ကိုကို့လို ကြည့်
ကောင်းတော့ပဲ အသေးစား ဘူတားလေး ဖြစ်နေသည်။ ထိပ်က

ပြောင်ပြောင်။ ဗိုက်ကထွက်နေပြီ။ အရည်အချင်းတွေ ကျန်တဲ့နေရာမှာ ဘယ်လောက်ကောင်းကောင်း စွံနိုင်သော အရည်အချင်းတော့ ခေါင်းပါးသဖြင့် သူကိုယ်တိုင်ဟာလဲ သူများစပ်မှ စွံမည့်သူမျိုးသာ။

သူ့အမေနှင့် စံပယ်တို့မေမေ စည်းဝါးရိုက်နေတာကို သူကတော့ သဘောကျ သဘောတူနေလျှက် တပြုံးပြုံးရှိချေသည်။ စပယ့်ကို တွေ့လျှင် သူနှင့်ဆိုင်သလိုလို။ စပယ်သူ့ပုံစံကြီးကို ရွံ့လှပေသည်။ ကိုကို စွံပါမှ သူ့မှာ ဘေးကင်းမည် ဖြစ်သဖြင့် ကိုကို မိန်းမယူပါစေဟု စပယ် ဖိပြီး ဆုတောင်းရတာအမော။ သူငယ်ချင်းတွေနှင့်စပ်ဖို့ရာလဲ စပယ့်သူငယ်ချင်းထဲ အပျိုကြီး မကျန်တော့ပါ။

စပယ်ထိုင်ရာမှ ဆတ်ကနဲထကာ အပေါ်ထပ် ်းနေပြည်အခန်းရှိရာ လိုက်လာခဲ့သည်။ မေမေက မင်းနေပြည် ့ပဲ့နေသော ကုတင်စွန်း၌ ထိုင်လျှက်သား။ စပယ်က တဖက်မှာ ဝင်ထိုင်ရင်း ...

"ကိုကို ... ဘယ်လိုနေလဲ၊ နေမကောင်းဘူးလား"

"အင်း ... "

"ဘာဖြစ်လို့လဲဟင်"

"ဟိုမှာလေ ... ဆိုက်ထဲမှာ ... တိုက်ဖြို့ချတာ ... အုတ်ပြိုတွေစင်ပြီး သူ့ဆိုက်က ကောင်လေးတယောက် ခုနကပဲ ဆေးရုံပို့လိုက်ရလို့တဲ့။ စိတ်မကောင်းဖြစ်လာတာ ... ရင်တွေတုန်ပြီး နာနေသတဲ့၊ ဒုက္ခပါပဲ ... "





"ကိုကို နှလုံးရောဂါတွေဘာတွေများ ရှိနေသလားပဲ"

တကယ်တော့ စပယ်က ပေါ့ဆဆပြောလိုက်ရုံသာ။ သို့သော် မင်းနေပြည်သည် အမေနှင့် ညီမကို အရိပ်အမြွက်မျှတော့ ပြောပြထားမှဟု ဆုံးဖြတ်မိကာ ...

"ဟုတ်တယ်၊ ငါ့နှလုံး မကောင်းဘူးတဲ့ ... "

"ဘယ်သူကလဲ"

မေမေက တအံ့တဩ မေးသည်။

"သန့်ဇင်က ပြောလို့ ... အီးစီဂျီရိုက်ပြီး ဦးနိုင်ကျော်ဇောနဲ့ သွားပြထားတယ် ... "

"ဟင် ... တကယ်ပဲလား၊ မေမေတို့ကိုလဲ မပြောပါလား နေပြည်ရယ် ... "

ဦးနိုင်ကျော်ဇောဆိုတာ အကျော်အမော် နှလုံးရောဂါအထူးကုသမားတော်ကြီးမှန်းတော့ ကြားဖူးနားဝရှိကြတာမို့ ... သားအမိနှစ်ယောက် လန့်ဖျတ်သွားရပါသည်။

"သွားမပြခင်ကတော့ သိပ်လဲ မသေချာတာနဲ့ ကျွန်တော် မပြောတာပါ၊ ဦးနိုင်ကျော်ဇောက အီးစီဂျီရယ် အိပ်စ်ရေးရယ် ... ရိုက်ခိုင်းတယ်၊ ဟိုတနေ့က သွားတွေ့တော့ ... နှစ်လုံးရောဂါခပ်ပျော့ပျော့ စနေပြီဆိုတာ သိရတယ် မေမေ အဆီကို လုံးဝ မစားခိုင်းတော့ဘူး၊ သတိထားပြီး ဆင်ခြင်စားသောက် သွားလာရမယ် ... "

"ဘုရား ... ဘုရား၊ နှလုံးရောဂါရှိနေပြီ ... "

ဒေါ်ခင်ခင်ညွန့်မှာ ချက်ချင်းပင် ပူပန်တကြီး မျက်ရည်ဝဲ တက်လာပါသည်။ သူ့ရဲ့ မျိုးဆက် မျိုးနွယ် မြေးကလေးရဖို့ စပယ့်ထက်စာလျှင် မင်းနေပြည်ကို သူက ပိုရှို မျှော်လင့်ထားပါသည်။ ယောကျ်ားဆိုတာ မျိုးက အသက်ဘယ် လောက်ရရ မိန်းမရဖို့အခွင့်အရေး အများကြီး ပိုရှိတာ မဟုတ်လား စပယ်က ခါးခါးသီးသီးမို့ သူက မင်းနေပြည်ဖက်ကို ပိုမိုအားထား ပါသည်။

ခုတော့ သူ့သားကြီးမှာ နှလုံးရောဂါနှင့်တဲ့ … ။

"ဖြစ်မှဖြစ်ရလေ … သေချာရဲ့လား သားကြီးရယ် … "

"သေချာပါတယ် မေမေရယ်၊ ဦးနိုင်ကျော်ဇောလို လူက မမှားနိုင်ပါဘူး၊ ကျွန်တော် ခံစားနေတာတွေကလဲ သက်သေပဲဟာ၊ စိတ်ဆင်းရဲစရာ မြင်ရကြုံရရင် … မခံနိုင် ဘူး ပင်ပန်းရင် တလှပ်လှပ် ဖြစ်လာပြီး နှလုံးတအား ခုန် လာတာပဲ၊ တအားခုန်ရတော့ မောလာတာပေါ့၊ ရင်ပတ် လဲ အောင့်အောင့်လာတယ် … ကျွန်တော့်ရောဂါကို အစ်စ်ခီးမစ်ဟာ့ထ်ဒီဇီးစ် (Ischaemic Heart Disease) လို့ ခေါ်တယ်တဲ့၊ ဆေးလိပ်ဖြတ်ရမယ်၊ ပြင်းပြင်း ထန်ထန် ပင်ပင်ပန်းပန်း မလှုပ်ရှားရဘူး၊ ပုံမှန်လေ့ကျင့်ခန်း နဲ့နဲ့လုပ်ရမယ်၊ ကိုယ်အလေးချိန်မတိုးအောင် မဝအောင် လုပ်ရမယ်၊ အစာစားရင် နဲနဲချင်းစားရမယ်၊ ဆေးတွေလဲ ပေးလိုက်တယ် … "





"ဒါဖြင့် … စိတ်ဆင်းရဲစရာ ရှောင်ရတော့မှာပေါ့ … သတိဝီရိယနဲ့ နေရမှာ … အမလေး၊ ငါ့သားမှာ နှလုံး ရောဂါဖြစ်ရတယ်၊ အရွယ်ကောင်းလေး… အိမ်ထောင်ပြု ရ ကလေးမွေးရအုံးမှာ ဥစ္စာ၊ ဒီနှလုံးရောဂါက ငါ့မှာ ဖြစ် လိုက်ပါတော့ … ဖြစ်မှ ဖြစ်ရလေကွယ် … "

စပယ်သည် အငေးသား ငိုင်နေသည်။ အကို အတွက် စိုးရိမ်ပူပန်တာလဲ တကဏ္ဍာ၊ သူ့အတွက် သူပူရတာလဲ တကဏ္ဍာ၊ ကိုကိုက နှလုံးရောဂါနှင့်ဆိုတော့ အိမ်ထောင်ပြုလို့မှ ရပ့်မလား။ ထိုအခါ … မြေးရဖို့အတွက် မေမေ့စီမံချက် မြားဦး ဘာ စပယ့်ထံမှာပဲ လုံးလုံး လျားလျား ဦးတည်ကျရောက်လာ တော့မှာ … ။ ကိုကို့ရောဂါက မိန်းမယူလို့ မရလောက်အောင် တော့ မဟုတ်သေးဘူး ထင်ပါရဲ့။

"ကိုကို … ဂရုစိုက်မှ ဖြစ်မှာနော်၊ မဖြစ်ဘူး၊ ရောဂါမတိုး အောင် စီမံချက်နဲ့ကို နေထိုင်စားသောက်မှ၊ ဒီနေ့ကစပြီး ကိုကိုစားဖို့ စပယ်ကိုယ်တိုင် စီစဉ်မယ်၊ ဝက်သားမစားနဲ့ တော့… အဆီအနှစ်လဲ မစားနဲ့တော့… ရေနဲ့ပဲ ပြုတ်ကျော် လို လုပ်စားရမယ် … ထောပတ်တွေ ချိစ်တွေ မစားရဘူး ထင်တယ် … "

"ဟုတ်တယ် … နင်က တယ်တော်ပါလား … နှလုံးသွေး ကြောတွေထဲမှာ အဆီများလာတာ … အဲ့ဒီအဆီဓါတ်ကို လျှော့ရမယ် … အဆီတွေ ဆက်စားနေရင် သွေးကြောထဲ

မှာ အဆီနဲ့ ပိတ်လာမယ်တဲ့ ... ”
“အခု နေသာရဲ့လား သားရယ် ... ”
“နေသာပါတယ် မေမေရဲ့၊ ငြိမ်ငြိမ်နေလိုက်ရင် နှလုံး
ပြန်မှန်သွားမှာပါ။ မောတာလဲ လျော့လာပါပြီ၊ ခုန
လျှာအောက်ငုံရတဲ့ ငုံဆေးသောက်လိုက်ပါတယ် ...
“တော်ပါသေးရဲ့၊ ကဲ ... စပယ်၊ ညည်းအကိုတော့ မလို
နိုင်တော့ဘူး၊ ညည်းလိုက်ခဲ့ပေတော့၊ ကဲ ... ပြင်ဆင်
စပယ်မျက်နှာကလေး ရှုံ့မဲ့နေသည်။
“ဦးနိုင်ကျော်ဇောကိုလဲ သွားတွေ့ပြီး အခြေအနေမေး
အုံးမှ၊ လက်ဆောင်လေးဘာလေး သွားပေးအုံးမှ ...
အမြဲဆက်ပြရမှာ ... ပေါင်းသင်းထားမှ”
“မေမေ ... ဘာမှ သွားပေးဖို့ မကြံနဲ့နော်၊ ကျွန်
ကြည့်လုပ်ပါ့မယ်၊ သူက ငွေတွေဘာတွေမက်တာ မ
ဘူး၊ လူတစ်မျိုးနော်၊ တော်ကြာခွကျကျ ပြောလွှတ် လို
အလကားစိတ်မကောင်းဖြစ်နေရမယ်၊ ဘာမှ သူ မမက်
တန်ဖိုးလက်ဆောင်နဲ့ ဝင်ဖို့ လုံးလုံးမကြိုးစားနဲ့၊ ခု
ဦးကျင်တီနဲ့ခင်လို့ သူ့အိမ်ထိ သွားပြခွင့်ရတာ ...
“အင်းပါ ... မေမေ သဘောပေါက်ပါတယ်ကွယ်
မေမေက ငအမကြီး မဟုတ်ပါဘူး နေပြည်ရဲ့၊ သူ
တော့ ငွေထုပ်ဘုတ်ကနဲ ဘယ်ပစ်ချပါ့မလဲ၊ နောက်
ပေါက်ဆိုတာ ရှိပါသေးတယ်၊ သူ့မိန်းမရှိမှာပေါ့ ...





“သူ့မိန်းမ မရှိတော့ဘူး၊ သူ့သမီးနဲ့ သူ့ညီမနဲ့နေတာ”
“မိန်းမ မရှိလဲ ဒီညီမတို့ သမီးတို့ကို ပေါင်းရမှာပေါ့၊ ကိုယ့်ကျန်းမာရေးအတွက် သူနဲ့ပဲ တသက်လုံး လူလုပ်ရတော့မယ့်ဟာ၊ ကိုယ့်ကို သူများထက် ပိုဂရုစိုက်အောင်တော့ လုပ်ရမှာပေါ့။ လူရင်းလုပ်ထားရမှာပဲ သား ... ”
“အရမ်းတော့ လျှောက်မလုပ်နဲ့အုံး မေမေ၊ ကျွန်တော့်ကို ပြောပြီးမှလုပ်”
“အေးပါ... ကဲ... ကဲ... စပယ်ထချည့်တော့၊ သားနေခဲ့လို့ ဖြစ်တယ်နော်၊ အောက်မှ ဒေါ်သန်းတို့ အလုံးတို့ ရှိတယ်၊ မေမေ ဒရိုင်ဘာနဲ့ပဲ သွားလိုက်မယ်၊ ခဏပဲနေမယ်၊ မသွားလို့ မကောင်းတတ်ဘူး၊ ဒေါ်မမသား ... ဦးမြင့်ဦးတို့ ဘာတို့လာမှာ မေမေလဲ လာမယ် ပြောထားတယ်”

မင်းနေပြည် ခေါင်းညိတ်ပြလိုက်ရသည်။ စပယ်ကတော့ ရှုံ့မဲ့ ထထွက်သွားလေသည်။

* * * * *

မိုးကောင်း ဘုရားပွဲက ထုံးစံအတိုင်း ကြိတ်ကြိတ်တိုးလူစည်ကားနေသည်။ ဒေါ်လေးကြောင့် ဒီမိုးကောင်းဘုရားပွဲကို နှစ်စဉ်နှစ်တိုင်း ရောက်ဖြစ်လေသည်။ လူကြပ်ကြပ်ကြားထဲ တိုးတိုးခွေ့ခွေ့သွားနေရာမှ အလကားပေးဝေနေသလို လူပြုံတိုးနေသော ဆိုင်တဆိုင်ထဲ မှတ်က ခြေဖျားကလေးထောက်ကာ မေးလေး မော့ပင့်ပြီး ကဲကြည့်လိုက်သည်။

"ဘာတွေရောင်းနေတာလဲ မှတ်ရဲ့"

"စဥ္စတီတုံးတွေ ခါးမတွေ၊ ဖင်ထိုင်ခုံကလေးတွေရှိတယ် ဒေါ်လေးရဲ့"

"အေး ... ဝယ်ရအောင် ... ဝယ်ရအောင်"

"ဒေါ်လေးက ဘာဝယ်မှာလဲ"

"ခါးမတချောင်းလောက် ... အိမ်က ခါးမကြီးက သွေးလွန်းလို့ အလယ်ဟိုက်ပြီး ကွေးကွေးကြီးဖြစ်နေပြီ၊ တုံးကလဲတုံး ခပ်မြိုမြိုကလေး တချောင်းလောက်၊ လူတွေ ဒီလောက်တိုးနေပုံထောက်ရင် တန်တယ်ထင်တယ်ဟဲ့ ... "

မှတ်က ဒေါ်လေးကို တခိခိရယ်လိုက်သည်။ တန်ပုံရတဲ့ ပစ္စည်းတခုကို လက်မလွှတ်ချင်ပဲ ဝယ်လိုက်ချင်သော ဒေါ်လေးရဲ့ အမူအယာက ရယ်စရာ။ 'လာ'ဟု မှတ်က ဒေါ်လေးကို ခေါ်ရင်း လူအုံထဲ တိုးဝင်ဆောင့်ကြောင့် ထိုင်လိုက်သည်။ နှုတ်က ရေရွတ်အော်ဟစ်ကြေညာနေသော ဈေးနှုန်းဟာ တကယ်ပဲ တော်လှတန်လှပါသည်။ လူအများ လုယက်ရွေးနေကြသည်မှာ လက်တွေရှုပ်ကာ ... ဓားချင်းရိုက်ခတ်သံ တချွမ်ချွမ် မည်နေသည်။

မှတ်ရဲ့ လက်တဖက်နှင့် နောက်ထပ်လက်တဖက် ခါးတချောင်း၏ အနှောင့်ရိုးပေါ် ပြိုင်တူဆုပ်ကိုင်မိကြသည်။ မှတ်က ထိုခါးကို ရွေးချယ်လိုက်တာ မဟုတ်ပဲ နီးရာဆွဲကိုင်လိုက်မိတာမျိုးသာ ဖြစ်ပါသည်။ သို့သော် မှတ်လက်က အောက်ကဖြစ်ပြီး ကျန်လက်တဖက်က မှတ်ရဲ့လက်ပေါ် အုပ်ကိုင်မိသလိုမို့ ထိုလက်





ပိုင်ရှင်က အရင်လက်ကို ရုတ်လိုက်သည်။ မှတ်က အမှတ်မထင် လှည့်ကာကြည့်လိုက်မိသဖြင့် လက်ပိုင်ရှင် အမျိုးသမီးက ...

"ဆောရီး ... ညီမ ... ယူယူ ... "

ပြုံးချိုသော မျက်နှာနှင့် ယဉ်ယဉ်ကျေးကျေးဆိုပေသည်။ မှတ်ကလဲ ခပ်သွက်သွက် ပြန်ပြုံးပြလိုက်ရင်း ...

"ရပါတယ် အမ ... ရွေးနေတာပါ ... ဒါယူမလို့ မဟုတ်ပါဘူး ... "

နှစ်ယောက်သား ကိုယ်စီပြုံးရင်း ဆက်လက်ရွေးချယ်နေကြပြီး ခဏအကြာ ထိုအမျိုးသမီးရော မှတ်ပါ ... ခါးမဘချောင်းစီရကာ ငွေချေထွက်လာခဲ့သည်။ စက္ကူနှင့် ပတ်ထားသော ခါးမကို ဒေါ်လေးလက်ထဲမှ ကြွပ်ကြွပ်အိတ်ထဲ ထဲ့လိုက်ရင်း ခုနအမကြီးကိုပါ ပြုံးပြနှုတ်ဆက်ပြီး ဆက်ထွက်လာခဲ့၏။ ဒေါ်လေးကြောင့်ပဲ ဆိုင်ပေါက်စေ့နီးပါး ဝင်ကာ ဟိုမေး ဒီမေး ဟိုဝယ်ဒီဝယ်နှင့် အချိန်အတော် ကြာသွားပါသည်။

ပွဲဈေးလျှောက်လျှင် မုန့်စားရမှ ... သို့မဟုတ် မုန့်ဝယ်ရမှဖြစ်သော ဒေါ်လေးက 'မှတ် - ဘာစားမလဲ'ဟု မေးသည်။

"ဒီမှာတော့ ဘာမှ မစားပါနဲ့တော့ ဒေါ်လေးရယ်၊ ဖုန်တွေနဲ့နော် ... "

"ဒီဆရာဝန် သားအဖနဲ့ သွားရလာရတာ သိပ်ငတ်တယ်"

"ဟိုမှာလေ ... ကောက်ညှင်းကျည်တောက် ... ဒေါ်လေးရော မှတ်ရော အကြိုက်ပဲ ... သွားဝယ်ရအောင် ... "

ဒေါ်လေးလက်ကိုဆွဲကာ ကောက်ညှင်းကျည်တောက်ဆိုင်သို့ ဆွဲခေါ်လာခဲ့သည်။ မှတ် ကောက်ညှင်းကျည်တောက် ထိုင်ရွေးနေဆဲ စောစောက အဖြစ်အပျက်လိုပဲ ကျည်တောက်တချောင်းကို မှတ်နှင့် နောက်ထပ် လက်တဖက် ဟိုဖက်ထိပ် ဒီဖက်ထိပ် ကိုင်ဆွဲမိကြသည်။ ဒီတကြိမ်တော့ မှတ်က သေချာရွေးဆွဲလိုက်တာမို့ လက်မလွှတ်ပဲ အားတင်းဆွဲရင်း တဖက်လူကို မော့ကြည့်လိုက်ပါသည်။

"ဟာ ... ဆောရီး ... "

ချက်ချင်းလက်လွှတ်လိုက်သူမှာ ဦးမင်းနေပြည်။ ရှပ်လက်ရှည်ကွမ်းရိုးစင်းစိပ်စိပ်လေးပေါ်မှ မီးခိုးရောင် ချိုင်းပြတ်ဆွယ်တာ ထပ်ဝတ်လျှက် ခပ်မှောင်မှောင် ပိုးတွဲလုံချည်အရောင်နှင့်။ ဘယ်အချိန်တွေ့တွေ့ သပ်ရပ်ကြည်လင်သော အသွင်အပြင်နှင့်။

"မှတ် ... "

သူ တအံ့တဩရေရွတ်သည်။ အံ့ဩတာနှင့်အမျှ ကြည်လင်ဝင်းပသွားသော ရင်ခုန်မြူးတူးရိပ်ကို သူ့မျက်နှာမှာ မြင်လိုက်ရသဖြင့် မှတ် ခပ်ငိုင်ငိုင်တွေနေသည်။

"ဒေါ်လေးကော ... မပါဘူးလား"

"ပါတယ်လေ ... ဒီမှာလေ ... ကိုမင်းနေပြည်"

မှတ်ဘေးမှာ ကပ်ထိုင်နေသော ဒေါ်လေးက နိုးနိုးသားသားပြုံးကာ ဖြေလိုက်သော်လဲ သူတအားရုက်သွားကာ





မျက်နှာပြင်ပေါ် ရဲတက်သွားသည်။

"အော် ... ဒေါ်လေး၊ ကျွန်တော်ဟိုဖက်မကြည့်မိဘူး"

"ကိုမင်းနေပြည် ... တယောက်ထဲလား"

"အမေနဲ့ညီမပါတယ် ဒေါ်လေး။ သူတို့ဘာသာ လျှောက်နေကြတယ် ... ကျွန်တော် ကောက်ညှင်းကျည်တောက် ဆင်းဝယ်တာ၊ ကားထဲထိုင်စောင့်ရတာပျင်းပြီး ညောင်းလာတာနဲ့ ... "

"ဟုတ်တယ် ... ဆင်းမလျှောက်ပါနဲ့ ... ဖုန်ထူတယ်ကွဲ့၊ ကိုယ့်မှာက ရောဂါနဲ့ဥစ္စာ ... "

မှတ်ရယ်ချင်သည်။ ဒေါ်လေးကဖြင့် နှလုံးရောဂါနှင့် ဖုန်ထူတာကို ဆိုင်မဆိုင် ဆိုင်ဆွဲစေ့ပြောပစ်လိုက်တာပဲ။ ဒါပေမယ့်လဲ ... ဟုတ်တော့ဟုတ်ပါရဲ့။ မောတတ် အသက်ရှူကြပ်တတ်သူ အဖို့ လူစည်သောနေရာ ... လူစည်ကားသောနေရာတို့ သွားသင့်ပါ။

"ဒါ ... ဘယ်လောက်လဲ"

"လေးဆယ် ... "

"ဟင် ... မလျှော့ဘူးလား အဒေါ်ရယ်"

"တပြားမှ မလျှော့ဘူး၊ ကုန်ချင်လို့ ဒီလောက်ရောင်းတာ"

ဖြေပုံကြောင့် မှတ်က အမျက်ထွက်ကာ ပြန်ချမိတော့မည်ရှိစဉ် ...

"ယူလိုက်ပါ မှတ် ... ကျွန်တော်ဝယ်ပေးပါရစေ ... "

"ဟင် ... မဟုတ်တာ၊ ဝယ်မပေးပါနဲ့ ... "

"ဝယ်ပေးပါရစေဗျာ ... ကျွန်တော်လဲ တချောင်းယူရင်း မို့ပါနော် ... "

မင်းနေပြည် အသံက နူးညံ့ကာ တောင်းပန်ဟန် စွက်နေသည်။ ပြောပြီးပြီးချင်းပင် ... နှစ်ရာတန်တရွက် ထုတ်ပေး လိုက်တာမို့ ဈေးသည်အဒေါ်ကြီးက လှမ်းယူကာ ခပ်သွက်သွက် ပိုက်ဆံအမ်းသည်။

မှတ် ဘာမှပြောမနေတော့ပါ၊ ငွေလေးဆယ်မျှ လောက်နှင့်လဲ တအားကြီးငြင်းဆန်နေဖို့ မသင့်။ ကောက်ညှင်း ကျည်တောက်ကိုင်ကာ ထရပ်လိုက်ရင်း

"ကျေးဇူးပဲ ဦးမင်းနေပြည် ... မှတ်တို့ ပြန်ကြတော့မယ်"

"ဟာ ... ကျွန်တော် လိုက်ပို့ပေးပါရစေ"

"နေပါစေ ... ဦးမင်းနေပြည် အမေနဲ့ညီမ ပါသေးတယ် မဟုတ်လား၊ နေပါစေ လာလေ ... ဒေါ်လေး"

မှတ်က ... လိုက်ချင်သလိုလို လုပ်နေသော ဒေါ်လေးလက်ကို ဆွဲကာ လှည့်ထွက်သည်။ သူ့အမေနှင့် သူ့ညီမ တို့နှင့် မျက်နှာချင်း မဆိုင်လိုပါ။ ဒိတ်ဒိတ်ကြဲ သူဌေးမကြီး ဒေါ်ခင်ခင်ညွန့်ဆိုတာကို မှတ်က ရွံကြောက်ကြီးမို့... မပတ်သတ် လိုပါ။ တော်ကြာ သူ့ထံမှ အင်တင်တင် အမူအရာ အပြုအမူမျိုး ရင်ဆိုင်လက်ခံနေရပါဦးမည်။ ဦးမင်းနေပြည်က ဖိတ်ခေါ်သဖြင့်





လိုက်ပို့ဖို့ လက်ခံခဲ့ပြီးမှ သူ့အမေကြီးက မကြိုက်ပုံပြလျှင် မှတ် ဒေါ်သဖြစ်မိမည်။

လှည့်ထွက်ပြီး လေးငါးလှမ်းမျှလျှောက်မိလျှင် မျက်နှာချင်းဆိုင် တနေရာမှာ ရပ်နေသော သားအမိနှစ်ယောက် နှင့် ရင်ဆိုင်တိုးသည်။ သမီးဖြစ်သော အမကြီးက မှတ်ကို မှတ်မိ သလို ပြုံးလိုက်ရင်း သူ့လက်ထဲမှ တစုံတရာကို လှမ်းပြလိုက် လေသည်။

"မမတော့... ဒါကြီး ပြုတ်သွားပြီ ... ဟင်း ဟင်း"

မှတ်သည် သူမလက်ထဲမှ လက်ကိုင်ရိုးပြုတ်နေ သော ဓါးမတိုကိုကြည့်ကာ ... မအောင့်နိုင်ပဲ ပြုံးရယ်လိုက်မိလေ သည်။

"ဒါကြောင့်လဲ... ဈေးပေါတာ ... "

"ဟုတ်ပါရဲ့ ... ဒါပေမယ့် လက်ကိုင်ရိုးကတော့ ပြန်တပ်လို့ ရမှာပါ အမ၊ ကြပ်သွားအောင် သစ်စလေးတွေ သပ်လျှို ရိုက်ထဲ့ပေး'လိုက်ရင် ရပါတယ်"

ခရီးသွားဟန်လွှဲလို နှုတ်ဆက်ပြောဆိုနေရာသို့ မင်း နေပြည်ရောက်လာသည်ကို မြင်သော် မှတ်သည် ထိတ်ကနဲ အခြေအနေ အရပ်ရပ်ကို သဘောပေါက်သွားသည်။ သူ့အမေနဲ့ ညီမဟာ ဒီသားအမိပဲပေါ့။

မင်းနေပြည်က ပြုံးရင်း ...

"မှတ်... ဒေါ်လေး ... ဒါ ... ကျွန်တော်အမေနဲ့ညီမပါ"

"အော်... ဟုတ်လား"

ဒေါ်လေးက ချိုသာစွာ ပြုံးနှုတ်ဆက်သည်။ မှတ်ကတော့ ခပ်တည်တည်။ အမေဆိုသည့် အမျိုးသမီးကြီးကို ဖြတ်ကနဲ ကြည့်မိသည်။ အမျိုးသမီးကြီးသည် မှတ်ကို တအံ့တဩ အကဲခတ်နေ၏။ တကယ်တော့ သားဖြစ်သူရဲ့ အသိမိတ်ဆွေထဲ ဒီလို လှပနုငယ်သော မိန်းကလေးတယောက်ရှိနေတာကို ဒေါ်ခင်ခင်ညွန့် ... တအံ့တဩ သဘောကျသွားမိတာပင်။

"မေမေ ... ဒါ ... ဆရာကြီး ဦးနိုင်ကျော်ဇောသမီးလေး မှတ်တဲ့၊ ဒါက ဆရာကြီးညီမ ဒေါ်လေးပါ၊ ဒေါ်မိရီရီလတ်တဲ့"

"အော် ... ဆရာဝန်ကြီး ညီမနဲ့ သမီးကိုး"

သဘောကျသဘောင်မှုရှိနေသော ဒေါ်ခင်ခင်ညွန့် မျက်နှာမှာ တောက်ပဝင်းထိန်သွားကာ ... ပြုံးပြုံးကြီးဖြစ်လျက် နှုတ်ကလဲ တိုးတိုးရေရွတ်အံ့ဩလိုက်သည်။

"ခုနတောင် ... ခါးမဝယ်ရင်း စပယ်တို့ ဆုံသေးတယ်၊ ဈေးပေါလို့ ဝယ်တာ ဒီမှာ အရိုးပြုတ်သွားတာ ခုပဲပြနေရတာ ... "

မှတ်သည် ခုချိန်ထိ ခပ်မဆိတ် ... ။

"ကားငှားပြန်ကြမယ်ဆိုလို့ ကျွန်တော်က လိုက်ပို့ဖို့ ပြောနေတာ မေမေ ... အဲ့ဒါ ... မှတ်က"

မင်းနေပြည်စကားမဆုံးခင် ...





"အို ... ကားမပါရင် ... မေမေတို့ လိုက်ပို့ရမှာပေါ့ ... လာပါ ... လာပါ ... ဒီကညီမရော ... သမီးလေးရော"

မှတ်သည် ... လိုလိုလားလား လှိုက်လှိုက်လှဲလှဲရှိလှသည့် အမျိုးသမီးကြီး ဟန်ပန်ကို အကဲတခတ်ခတ်နှင့် အံ့အားသင့်နေသည်။

"ဟုတ်တယ် ... အတူလိုက်ခဲ့လေ ... ညီမ ... လာ"

စပယ်ကလဲ လှိုက်လှဲစွာ လက်ကလေးဆွဲရင်းခေါ်သည်။

"ဟို ... မလိုက်တော့ပါဘူး ... မမ၊ မမတို့ပြန်ရမှာက ကမ္ဘာအေးဘုရားလမ်းတင် ... မှတ်တို့ စမ်းချောင်းကို တကူးတကကြီး ချော်တောငေါ်ပြီး ပို့နေရမှာမို့ပါ ... ကားငှားရတာ လွယ်ပါတယ် ... "

"မဟုတ်ပါဘူး မှတ်ရယ် ... စမ်းချောင်းဆိုတာ ဘာဝေးတာမှတ်လို့ ... "

"ဦးမင်းနေပြည်အတွက် တကူးတက ပင်ပန်းနေမှာမို့ပါ"

"ကျွန်တော်အတွက် ဘာမှ အပန်းမကြီးပါဘူး"

မှတ်က အကြောက်အကန်ငြင်းနေသဖြင့် ဒေါ်လေးက တပြန်တလဲအားနာလာပုံရသည်။ ခပ်ပြုံးပြုံးနှင့် ...

"သူက သိပ်အားနာတတ်တာ ... ရှင့်"

"အို ... ဘာအားနာစရာရှိလဲ၊ ဆရာဝန်ကြီးက ကျွန်မသားအပေါ် ဂရုတစိုက်နဲ့ ကျေးဇူးအများကြီး ရှိပါတယ်၊

ဒါလောက်လေးမှ ပို့ခွင့်မရရင် ကျွန်မတို့လဲ ဘယ်
ကောင်းပါ့မလဲ ... လာပါ သမီးရယ် ... ပို့ပါရစေ ...
အားနာမနေနဲ့ ... လာပါ"

မှတ် လက်ကို တွဲခေါ် ယူနေသော အမျိုးသမီးကြီး
မှတ် ဝတ္တရားကျေအောင် ပြုံးပြလိုက်ရပါသည်။ သိပ်
အသဲအသန် ဆက်ငြင်းနေဖို့လဲ မကောင်းတတ်တော့ပါ။ ဦးမင်း
ပြည်ရဲ့ ခဲပုပ်ရောင် မာစီဒီးကားကြီးဆီသို့ ပါလာခဲ့ရပါတော့သည်။

ရှေ့ခန်းမှာ ဦးမင်းနေပြည်ရဲ့ အမေ။ နောက်ခန်း
မစပယ်၊ မှတ်နှင့် ဒေါ်လေး။ ဦးမင်းနေပြည်၏ အမေမှာ ရှေ့ခန်း
အေးအေးမထိုင်နိုင်။ တချိန်လုံး နောက်လှည့်စကားပြောနေသည်
အဓိကကတော့ မှတ်ထံသို့ ဦးတည်၍သာ။

"သမီးနာမည်က ... မှတ်တဲ့လား ... "

"မိညိုပြာမှတ်ပါ အန်တီ"

"သမီးလေးက လက်ခုံပေါ်မှာ မွေးရာပါ အမှတ်လေး
ပြာပြာနဲ့မို့ ... သူ့အမေကိုယ်တိုင် ပေးခဲ့တာလေ ...

"အော် ... အော် ... ဘယ်အတန်းရောက်ပြီလဲသမီး
ပြီလား၊ တက္ကသိုလ်မှာ တက်တုံးလား ... "

"မှတ် ... ပါ့တ်တူး တက်နေပါတယ်"

"ဆေးကျောင်းမှာမေမေ ... ဒီနှစ်ပြီးရင် ဆရာဝန်ဖြစ်ပြီ

မင်းနေပြည်၏ ဖြည့်စွက်စကားကြောင့်
ဒေါ်ခင်ခင်ညွန့် မျက်နှာမှာ ဝင်းပသည်ထက် ဝင်းပလေသည်။





"အော် ... ဆရာဝန်မလေးဖြစ်မှာ ... ကောင်းလိုက်တာ
ကောင်းလိုက်တာ ... ဖအေခြေရာနင်းမယ့် သမီးလေးပဲ"

မှတ်သည် ကိုယ်ကလေးတောင့်တောင့်နှင့် အလိုက်
သင့် ခေါင်းညိတ် ခေါင်းခါရှိနေရသော်လဲ ဦးမင်းနေပြည် အမေကို
ဖြင့် အံ့ဩမဆုံးနိုင်ပါ။ အပိုသက်သက်မဟုတ်ပဲ အစစ်အမှန်
ရွှန်းရွှန်းဝေနေပုံမှာ ဘာကြောင့်များပါလဲ။ မှတ် ဆရာဝန်ဖြစ်မည့်
အရေးဟာ သူ့အတွက် ဘာတွေများ ကောင်းနေလိုက်တာပါလဲ။

သတင်းကြားဖူးသလောက် မာန်မာန ခက်ထန်
ကျက်မောက်တတ်သော ဒေါ်ခင်ခင်ညွန့်ဆိုသည့် အမျိုးသမီးကြီး
ဘာ ဘာကြောင့်များ မှတ်အပေါ် ဖော်ဖော်ရွေရွေ ရွှန်းရွှန်းဝေပြီး
နှစ်နှစ်ခြိုက်ခြိုက် ဖြစ်နေပါလိမ့်မလဲလို့ ... ဇဝေဇဝါ ရှိလှပါသည်။
သို့ကလိုဝှက် ရှိနိုင်စေဦး ... စကားများ တတွတ်တွတ်ပြောကာ၊ အိမ်ရောက်
သည်ထိ စကားမပြတ်နိုင်အောင် ဂရုတစိုက်လိုက်လျော အရေး
ဘားလှသော်လဲ ... မှတ်ရင်ထဲ ထိုအမျိုးသမီးကြီးကို ခင်မင်နှစ်သက်
မှု မရှိတာကိုတော့ တကိုယ်ထဲ ကြိတ်သေချာနေပါသည်။

ဘာကြောင့်များ ကိုယ့်အပေါ် ဤမျှ လိုက်လှဲသလဲ
ဆိုတာကိုလဲ မျှားမကြာမီမှာ မှတ်တို့ သိခွင့်ရပါတော့သည်။

* * * * *

(၄)

သူတို့အိမ်ရဲ့ ဘုရားကိုးဆူအလှူပွဲကို မှတ်လိုက်လာလိမ့်မည်ဟု မင်းနေပြည်ထင်ကို မထင်မိခဲ့ပါ။ သူကိုယ်တိုင်သွားရောက်ဖိတ်စာပေးပြီး ဆရာဝန်ကြီးနှင့်တကွ ... ဒေါ်လေးကိုရော မှတ်ကိုပါ တလေးတစား နှုတ်နှင့် ထပ်မံဖိတ်ကြားခဲ့သော်လဲ ဆရာဝန်ကြီးလောက်ပဲ ရောက်လာလိမ့်မည်လို့ သူထင်မိတာပါ။

ကားပေါ်မှ မှတ်ဆင်းလာသည်ကို မြင်လျှင် သူမျက်စေ့ကိုပင် သူမယုံချင်။ ပိတ်ဖောက်ဇာအနက်ရောင် မြန်မာအကျီလက်ရှည်လေးနှင့် မြန်မာပိုးစစ် အပြာရင့်ပြောင်လုံချည် တောက်တောက်ကလေးမှာ သူ့အသားဝင်းဝင်းလေးနှင့် လှပလိုက်သည်ဖြစ်ခြင်း။ မဆိုးစဖူး နှုတ်ခမ်းဆိုးဆေးပန်းဆီရဲရဲလေး ဆိုးထားပြန်သေးသဖြင့် သူမ မျက်နှာကလေးမှာ တောက်ပ ဖူးကြွလှနေသည်။ တက်တင်းပုဝါကြည်ပြာနုရောင်လေးလက်မှ ကပိုကရိုကိုင်ထားနောက်တွဲ ဆံထုံးသေးသေးလေးနှင့် ရှင်းပြောင်သော မျက်နှာကလေးတွင် အံ့ဩလောက်စရာ ကောင်းအောင် လှရနေသည်မှာကား ... အဓိပ္ပါယ်ဖမ်းရခက်သော မျက်လုံးရီရီကြီးများတည်း။

ထိုမျက်လုံးဝိုင်းကြီးများက သူ့အား ဘာကြောင့်ဤသို့ ကြည့်ပါသနည်း။

သူ့ရင်တွေခုန်လာသည်မှာ မောဟိုက်လာတော့မလိုပင် ဖြစ်တော့သည်။ မှတ်တို့အိမ်ကို သူတပတ်တကြိမ်လောက်သာ ဆရာဝန်ကြီးနှင့်တွေ့ဖို့ ရောက်သော်လဲ မေမေ့မှာတော့ ...





ရေထွက်မလောက် အခေါက်ခေါက် ရောက်သည်။ ဒါကို သူမျက်နှာပူပါသည်။

မျက်နှာလဲ ပူသင့်ပါသည်

သူ့အသိဆုံး မဟုတ်လား။ ပထမဆုံးအကြိမ် မေမေ့ အကြံအစည်ကိုမှာ ဆုံပြီးကတည်းက မေမေက သူနှင့် မှတ်ကို ...
အတိအလင်း ကြေညာပြီးသား။ မေမေ ဤ...
အကြီးအကျယ် အံ့ဩထိတ်လန့်ကာ ...
အားနာစရာပါ။ ဖွင့်ဟ မစီစဉ်လိုက်ပါနဲ့ဟု အဝ...
သည်။ မေမေ့ဖက်မှ လုံးလုံးလျားလျား မဲတင်း...
မင်းနေပြည် အိမ်ထောင်ပြုပြီဆိုလျှင် သူ့အတွက်...
အနေချောင်သွားပြီ မဟုတ်လား။

"မင်းအနေနဲ့ ဘာများငြင်းစရာရှိလို့တုန်း ...
အတွက် မေမေကြည့်ရှုထားဖူးတာတွေက ... မင်း
မယိမ်း သုံးဆယ်ကျော် သုံးဆယ့်ငါး အ...
တော်ကြာ ဒီအပျိုကြီးတွေက မင်းအမကြီးလို ...
နိုင်တော့ဘူး ဘာဘူးဆိုပါပြီတဲ့ ... ဝါ့မှာ မြေးမ...
မယ်၊ အခုမှ မှတ်က အသက်အစိတ် ... အရွယ်...
လေးပဲ၊ ပြီးတော့ ဆရာဝန်မ၊ ဆေးပညာဗဟုသုတ...
ငါသိပ်သဘောတူတယ်၊ မင်းက ဒါကိုများ ငြင်း...
သေးလား"

မေမေကား တယူသန်ပင် ...

"အသက်ကြီးတာ ငယ်တာနဲ့ ကလေးရတာ မရတာ တိုက်ရိုက်ကြီးတော့ မသက်ဆိုင်ပါဘူး မေမေရယ်၊ ကန်တော့ပါ မေမေ ... အသက်ငယ်ငယ်လေးနဲ့ မွေးရာပါ မြုံနေတဲ့ မိန်းကလေးတွေ မရှိတော့ဘူးလား"

"အောင်မလေးဟဲ့ ... ဖွဟဲ့ ... ပါးစပ်ပုပ်နဲ့ ငြင်းမနေစမ်းပါနဲ့ကွယ် ... ဒါဖြင့် ရှေ့အဆက်ဆက်က မင်းငြင်းလာခဲ့တဲ့ အပျိုကြီးတွေထဲကပဲ တယောက်ယူမလား"

မေမေပြောပုံမှာ ချွေးမလောင်းတယောက်ကိုစွတ်အကျီတထည်ဝယ်သလောက်နီးနီး အလွယ်တကူနိုင်လှဘိတော့သည်။ ဟိုဟာယူမလား၊ ဒီဟာယူမလားနှင့် မင်းနေပြည် အသာအယာရယ်မောနေမိပါသည်။ သူကိုယ်တိုင်သည် မိမိကိုယ်တိုဆုံးမနေရင်းကြားကပင် မှတ် ဆိုတဲ့ မိန်းမငယ်ချောချော တင်းတင်းကလေးကို စိတ်၌ အစွဲကြီးစွဲကာ ကယောင်ချောက်ချား အိပ်မက်မက်မိတတ်နေချေပြီ... ။

သုံးလေးလအတွင်း ဂဒီးဂဒီး ဝင်ထွက်ကာ ရင်းနှီးမှုရယူထားပြီးသော မေမေသည် အတိအလင်း မပြောရသေးတောင်စကားရိပ် စကားမြွက်တော့ သွင်းပြီးလေပြီ ဖြစ်မှာပါ။ ဒါကြောင့်လဲ တပတ်တခါ ဆရာဝန်ကြီးကို တွေ့ဖို့သွားတိုင်း မှတ်ကို မျက်နှာပူသလို ရှက်သလို အားနာသလိုဖြစ်လျက် ... သူနှုတ်ဆွံ့နေတတ်ပါသည်။ သူ့ဖက်က ဤသို့ ဖြစ်သော်လဲ မှတ်ဖက်မှ ထူးခြားသည်ကား တကြိမ်ထက်တကြိမ် အဓိပ္ပါယ်တွေ တလေ့ကြီးပါသော





ချက်လုံးရွဲကြီးများနှင့် စိုက်ကြည့်လာတတ်ခြင်းပင်တည်း။

မှတ်ရဲ့ စရိုက်ကို သူအကဲခတ်မိသလောက်တော့သည် သူ့ကို ပိုက်ဆံချမ်းသာ သူတယောက်ဆိုသော အချက်အချက်နှင့်တော့ ဘယ်နည်းနဲ့မျှ လက်ခံလိုက်မှာ မဟုတ်တာကိုပင်။ ...သော်... အခု ဘုရားကိုးဆူပွဲသို့ ပါလာမည် မဟုတ်ဘူးဆိုသည့် သူ့အထင် ... ယခုပင် မှားယွင်းခဲ့ပြီ ... ။ လှပကျော့ရှင်းစွာ ရောက်ရှိလာသော မှတ်ကြောင့် သူ့အံ့ဩရင်ခုန်ရပါသည်။

ရင်သည် တဒိတ်ဒိတ်ခုန်ရာမှ တလှပ်လှပ် ဖြစ်လာသည်။ သူအတန်ငယ် မောဟိုက်သလို ရှိလာသဖြင့် သူ့ကို ရဲရဲ ...င်းတင်းကြည့်ကာ သူ့အဓိပ္ပါယ် မတောက်တတ်အောင် ပြုံးစစ နေသည့် မှတ်ကိုရော ... ဆရာဝန်ကြီးကိုပါ ဦးကျင်တီနှင့် ...ဝိုင်းထဲ လွှတ်ထားလိုက်လျှက် ခြံထဲဆင်းလာမိပါသည်။

ခြံထဲမှာ လရောင် ... ။

အပြာနုရောင် ဒန်းရှည်ကလေးပေါ်ထိုင်ပြီး သူအသက်ရှူရှိုက် လေ့ကျင့်ခန်း လုပ်နေမိသည်။ ဘာကြောင့် ရင်ကဤမျှ ခုန်လာရပါသလဲ။ မှတ်အလှပြင်ဆင်ထားသည်ကို သူမမြင်ဘူးတာအမှန်။ ထူးကဲသော ပြင်ဆင်လှပမှုကလဲ သူ့ကို အသက်ရှူမှားစေသည်။ ပြီးတော့ ... သူမရဲ့အကြည့်။ ထိုအကြည့်ကို ...ရင်ဆိုင်နိုင်အား ဘာသိဘာသာနေနိုင်အား သူ့တွင်မရှိပါ။

ခက်နေပါရောလား မှတ်ရေ ...

သူသည် သူ့ထက် အသက်ဆယ့်သုံးနှစ်မျှငယ်သော

မိန်းကလေးတယောက်ကို တကယ့်ကို ဆန်းကျယ်စွာ ချစ်မြတ်နိုး နေပြီပဲ။ အသက်အရွယ် အခြေအနေတို့အရ ... သူတပါးမသိ အောင် ထိန်းချုပ်အောင့်အည်းထားနိုင်သော်လဲ ကိုယ့်ကိုကိုယ် တော့ လှည့်ဖျားဖုံးကွယ်ထားလို့ မရတော့ပေ။

စဉ်းစားကြည့်လိုက်တော့ သူမှတ်ကို သံယောဇဉ် ဖြစ်မိသည်မှာ ပထမဆုံးအကြိမ် ဆရာဝန်ကြီးဆေးခန်းမှာ ဆုံရ ထဲက ဖြစ်သည်။ 'မှတ်'ဆိုတာ သိလိုက်ပြီး လက်ဖမိုးက အမှတ် ကလေးမြင်လိုက်တော့တာက စသည်။ ဆောင်းညတညမှာ ဒီးလှုံရင်း ရည်းစားစာတွေ မီးရှို့နေသော ကောင်မလေးတယောက် ဟု မှတ်မိတာက စသည်။

ဒါလေးနှင့် ဒီလောက်တောင်ဖြစ်ရရောလား ဒါလေးပဲတော့ မဟုတ်ပေ။ နောက်တနေ့မှာ သူ့ခြံထဲ ကောင်မလေးရဲ့ လွင့်လာသော ရည်းစားစာရွက်ကလေးကို သူ ကောက်ရပြီး ဖတ်ကြည့်ခွင့်ရလိုက်တာကြောင့် ဖြစ်သည်။ နှင်း ရည်စိုရွှဲနေသော ထိုစာရွက်ကလေးမှာ သူမရဲ့ ချစ်သူကောင်လေး က ပေးထားတဲ့ စာတစောင်ပါ။ ထိုစာကို သူအံ့ဩတကြီး ဖတ် ရအပြီးတွင် ကောင်မလေးကို သဲသဲကွဲကွဲ မမှတ်မိပါပဲနှင့် သိပ်ကို စိတ်ဝင်တစားဖြစ်နေမိတော့သည်။

သေသေချာချာ မမြင်ဖူးသေးခင်ကထဲက တ ရာသော သံယောဇဉ်သည် မှတ်အပေါ် ခိုင်ခိုင်မြဲမြဲ ရှိပြီးသား ဆေးခန်းမှာ အမှတ်မထင် မြင်တွေ့လိုက်ရသောအခါ သူအံ့ဩ





သွားပြီး မှတ်ရဲ့ ချစ်ခင်လေးစားဖွယ် ရုပ်ကလေးကို ရင်ခုန်စွာ အမှတ်ရ စွဲမြဲခဲ့ရပါတော့သည်။

ဟုတ်ပါတယ် ... မှတ်လေးရယ် ...

မင်းကို ကိုယ်ချစ်နေမိပါတယ် ... ။ မရှက်တမ်း မကြောက်တမ်း ဝန်ခံရရင် မင်းကလေးကို ကိုယ်ရယူပိုင်ဆိုင်လိုစိတ် နဲ့ မြတ်နိုးနေမိပါတယ်။ အဲ့သလို ရင်ထဲမှာ မြတ်နိုးကိုးကွယ်ထားမိ ပေမယ့် မင်းကို အသိပေးဖို့ရာလဲ အပြစ်ရှိသလို ခံစားရပါတယ်။ ကိုယ်သိထားရတဲ့ မင်းရဲ့နောက်ကြောင်း လျှို့ဝှက်ချက်ကလေး ကြောင့် မင်းကို ချစ်ပါတယ်လို့ ဖွင့်မပြောရက်အောင် ကိုယ်ထိခိုက် မိပါတယ် ... ။

ဒါပေမယ့် ...

မင်းနေပြည်သည် လမင်းကို မော်၍ကြည့်ကာ တင်းကြပ်မောဟိုက်နေသော ရင်ကို သက်သာလို့ငြား အသက် ပြင်းပြင်း ရှူလိုက် မှုတ်ထုတ်လိုက် တွေးငေးနေဆဲ ရုပ်ကနဲ အသံ ပါးပါးကလေးတခု သူ့အနားမှ ကြားလိုက်ရသောအခါ ဆတ်ကနဲ လန့်သွားပြီး ဘေးဘီကို ကမန်းကတန်း လှည့်ကြည့် လိုက်မိပါ သည်။

"ဟင် ... "

မင်းနေပြည် အံ့ဩလွန်းသွားသဖြင့် ထိုင်ရာမှ ထရပ်ဖို့တောင် မေ့နေသည်။ တောင့်တောင့်ကြီး ဆက်ထိုင်နေမိ ကာ သူနှင့် ပေနှစ်ဆယ်လောက်သာကွာသော ပန်းတံတား

ခုံးကလေးအောက်က မှတ်ကို ငေးမောနေမိပါသည်။

သူ အင်မတန်ကြီး အံ့သြနေသည်။ မှတ် ဘာကြောင့် သူ့ဆီ ဆင်းလာရသလဲ။ ဒါမှ မဟုတ် သူဟာသူများ ငြီးငွေ့လို့ ဆင်းလာရင်း သူနှင့် လာဆုံနေရတာလား။ မှတ်ရဲ့ မျက်လုံးရီရီကလေးသည် သူ့ထံ စိုက်တန့်ကာ ငြိမ်သက်နေသည်။ သူသတိဝင်လာကာ ...

"မှတ် ... ဘာဖြစ်လို့လဲ ... အိမ်ပေါ်မှာ လူများလို့ ခေါင်းနောက်လာတယ်ထင်တယ်"

"မဟုတ်ပါဘူး"

"ခင်ဗျာ ... ဒါဖြင့်"

"ရှင့်ဆီလိုက်လာတာပါ ဦးမင်းနေပြည်"

"ခင်ဗျာ ... "

မင်းနေပြည် ထရပ်လိုက်သည်။ တဒိတ်ဒိတ်ရင်ခုန်လာကာ အသက်ရှူမြန်လျှက် ဒန်းရဲ့ ဘောင်တဖက်ကို ဖမ်းဆုပ်ကိုင်ထားလိုက်ရသည်။ ထိုစဉ် မှတ်ကာ ရှေ့သို့ အနည်းငယ်တိုးရင်း။

"ဦးမင်းနေပြည် ... နေမကောင်းဘူး မဟုတ်လား"

မင်းနေပြည် နှုတ်ဆိတ်နေသည်။ မှတ်ရဲ့ သွေးအေးတည်ငြိမ်ပုံကို ကြည့်ရင်း သူထိတ်လန့်လာသည်။ ဒီမိန်းကလေးဟာ သူ အရှုံးပေးရတော့မယ့် မိန်းကလေး ထင်ပါရဲ့။ အေးစက်နိုင်မှုပိရိနိုင်မှုတွင်ပင် အညှံ့ခံလိုက်ရပေပြီ။

"ဟုတ်တယ် ... ကျွန်တော် အသက်ရှူကြပ်သလို မောသလို





ရှိလာလို့"

"မှတ် အဲသလိုထင်လို့ လိုက်လာတာ၊ ရှင်တယောက်ထဲ ခြံထဲမှာ မူးပြုလဲနေမှာစိုးလို့"

သူမယုံကြည်နိုင်အောင် မျက်လုံးအကြောင်သား ဖြစ်နေသည်။ သူ့စိတ်တွေသည် ကစဉ့်ကလျား။ ဤကဲ့သို့ ဂရုတစိုက်မှုမျိုးကို ရှေ့ကတကြိမ်မျှ မပြုဖူးသေးပဲ၊ ရုတ်တရက် တရင်းတနှီးပူတပင် ဂရုတစိုက်လုပ်ပြလိုက်သဖြင့် သူ့ကို နှလုံးသွေးရပ်သေစေချင်သလားဟုပင် ထင်မိပါသည်။ သူ့ကို အနိုင်ယူမည့်မိန်းကလေး တယောက်ဆိုတာကို မမျှော်လင့်ပဲ သူမက အသိပေးခဲ့ချေပြီ။

"ဆေးသောက်လိုက်ရင်ကောင်းမယ် ... ရှင် ဘာကို ဒီလောက် အံ့သြနေတာလဲ ဦးမင်းနေပြည် ... "

"မှတ် ... ခုလို လိုက်လာတာကို"

သူ အမှန်အတိုင်းဝန်ခံလိုက်သည်။ ဝန်မခံလို့မရ။ အိမ်ညာလိုက်လျှင်လဲ သိမည့် မိန်ကလေးမျိုးမို့ အလိမ်ပေါ်လျှင် သူပိုအဖြစ်ဆိုးရမည်။ သူဝန်ခံလိုက်ရပါသည်။

"ဒါဘာများ ထူးဆန်းသလဲ ဦးမင်းနေပြည်၊ ရှင်ထိုင်နေလိုက်လေ ... ရှင့်ကြည့်ရတာ မောနေပုံပဲ ... "

"ဟုတ်တယ် ... ကျွန်တော် ရင်ဗတ်ထဲက အောင့်လာတယ်"

မင်းနေပြည် ဒန်းပေါ် ပြန်ထိုင်ချသည်။ ယောက်ျားပီသန်မယ့် သူ့ဝမ်းနည်းသလိုလဲ ဖြစ်မိပါသည်။ သူမှတ်ကို ရှုပ်ပျက်

ဆင်းပျက် ချစ်နေမိပြီ။ အကျိုးနည်းလောက်အောင် မြတ်နိုးနေမိပြီ။ ကတုန်ကရီနိုင်လှစွာ သူအညှဉ်းခံရလိမ့်မည်။ သူသည် ယောက်ျား တန်မဲ့ မိန်းကလေးတယောက်ရှေ့မှာ ဘာဆိုဘာမှ မဖုံးကွယ် မလျှို့ဝှက်နိုင်အောင် စင်းစင်းကြီးပေါ် လွင်နေသော နှလုံးသားဖြင့် အရှုံးပေးရတော့မည်တကား ... ။

နှလုံးရောဂါရလောက်အောင် ချစ်ရသလားဟု အများက ရယ်စရာ ဖြစ်ပါလိမ့်မည်။ သို့သော် တကယ်ပင် ရောဂါ အခံရှိသော သူ့အဖို့ ရင်ခုန်ရသည်မှာ ပင်ပန်းဆင်းရဲလှပါသည်။

"မှတ် ... ဆေးသွားယူခဲ့မယ်"

"ဆရာကြီးပေးထားတဲ့ နိုက်ထရောလ် (Nitrol)ငုံဆေးက ကျွန်တော့ ... "

"မှတ် ဆေးအသင့်ထဲ့ယူခဲ့ပါတယ် ... မှတ်ပိုက်ဆံအိတ်ထဲ မှာ ပါပါတယ်"

မှတ်လှည့်ထွက်သွားသည်။ ချက်ချင်းလို ပြန်ရောက် လာသည်။ သူ့ကို ဆေးတိုက်သဖြင့် မင်းနေပြည် ထိတ်လန့်တုန်လှုပ် စွာ ပါးစပ်ဟရုံ ဟပေးလိုက်ရပါသည်။ အဖြစ်အပျက်ကို သူအင်မတန် အံ့ဩလှသည်။ မေမေတို့များ နားဖောက်လိုက်ပြီ လား။ သူမက လက်ခံသည့် သဘောလား ... ။

သူမှတ်ကို မမြင်ဖူးသလို မော့ကြည့်လိုက်သည်။

"ဒီဆေးကို မှတ်က အမြဲဆောင်ပြီး သယ်တတ်တာ လား ..."





သူ့မေးခွန်းမှ မျှော်လင့်ချက်ကိုမှတ်ကပြုံးလေသည်။

"ရှင့်အိမ်လာမှာမို့ ရှင့်အတွက် လိုလိုမယ်မယ် ထဲ့ဆောင် လာတာပါဦးမင်းနေပြည် ...၊ အရင်ကမဆောင်ပါဘူး ..."

"ကျွန်တော်ဒီလိုဖြစ်မယ်လို့ သိလို့လား ... "

မှတ် ဦးမင်းနေပြည်ကို တအံ့တဩသနားကြင်နာ စွာစိုက်ကြည့်မိလေသည်။ အို ... ဒီလူ့မျက်လုံးနှယ်။ ကြင်နာဖွယ် အားငယ်တတ်ပါဘိ။ မေးလိုက်ပုံနှင့် သူ့အသံကြောင့် မှတ်သူ့ကို အင်မတန် ဂရုဏာသက်သွားမိပါသည်။

"ရှင်ဟာ သနားစရာကောင်းလောက်အောင်ကို အင်မတန် ရိုးသားတာပဲကိုး ... "

ဖွဖွကလေး အသံထွက်ရှုံ့ညည်းညူလိုက်မိသည်။ ဤမျှထိ အသဲနုနယ်လှမည်ဟုဦးမင်းနေပြည်အပေါ် ယူဆမထား ခဲ့မိပါ။ ဒီလူတစ်ယောက် အရှုံးမှုးဖြစ်စေဖို့ ဘာပညာမျိုးမှတောင် လိုအပ်တော့မှာ မဟုတ်ပါဘူး။

မှတ် ခေါင်းကလေး အသာယမ်းပြုံးနေမိသည်။

* * * * *

"ဦးကျင်တီက တဆင့် ... ကြားလူကစကားတောက်တဲ့ အနေအထားမျိုးနဲ့ နားဖောက်တာပဲ သမီးရဲ့ ... "

ဖေဖေ့စကားဆုံးလျှင် ဒေါ်လေးကတစ္ဆေနှင့် အငြိမ် မနေနိုင်သလို စိတ်စောကာ မှတ်ကို လှမ်းကြည့်သည်။ မှတ်ငြိမ်

သက်နေလေ ဒေါ်လေးနေမထိ ထိုင်မသာဖြစ်လေ။ မှတ်က ဒေါ်လေးကို သတိပြုမိပုံမရပေ။ ပြူတင်းပေါက်မှာ မှီရပ်နေသည့် အတိုင်းတုတ်တုတ် မလှုပ်ပဲ လမ်းမဖက်ကို ငေးနေသည်။

ဦးမင်းနေပြည်ကို မြင်ယောင်ကာ မှတ်ရယ်ချင် ရယ်ချင် ဂရုဏာလဲသက်နေမိပါသည်။ မိန်းမတစ်ယောက်ယောက် အပေါ် စိတ်မညွတ် ရင်မခုန်ဖူးမှန်း သိသာလိုက်တာ။ ဟိုးတလော တဘုရားကိုးဆူညကိုပဲ ကြည့်လေ။ ပြောမိပြောရာ ကပေါက်တီ ကပေါက်ချာနှင့် ဖုံးကွယ် အိန္ဒြေမလုပ်နိုင်ရှာပဲ ရင်ထဲတော်တော် လျှောက် ဒိုးယိုပေါက်မြင်သာအောင် သူ့မျက်ဝန်းတံခါးက ဟင်းလင်းကြီး ပွင့်နေလိုက်တာ ... ။

ကိုယ့်အတွက် ကျဆုံးနေလေပြီဆိုတာ အရှင်းကြီး မြင်တွေ့နေရသောအခါ မှတ်သူ့ကို သနားသည်။ သူဟာ ဘာပရိယာယ်မှ မရှိတဲ့သူ ... ။ သူ့ထက်အလွန်ငယ်သော မိန်းကလေး တစ်ယောက်ထံတွင်အားကိုးတကြီး ဖြစ်နေပုံမျိုး ...။

သူ့အမေတစ်ယောက် ဝင်ခါထွက်ခါနှင့် ရိပ်မမိ သံဖန်းစကားတွေကို အရိပ်အမြွက်ပြနေကထဲက ဒေါ်လေးနှင့် မှတ်က တထွာပြတလံမြင်နေကြပြီးပါပြီ။ ဒီလိုပျိုးလျှင် ဒီလိုလာတော့မည်ဆိုတာဟာ ဘာမှသံသယဖြစ်စရာမလို။ ဒေါ်လေးကတော့ သဘောတူရုံမက။ တု ... တူ ... တူး ... လို့ပင် ပြောရမလို ဖြစ်နေသည်။

သူ့အမေကို ဝင်ကာ ထွက်ကာ စက ကြည့်မနေ





အမြင်ကတ်လှကာ... ထိုစကားရိပ်တွေကို နားမှာခါးသည်းလှ သော် လဲ တစတစ တနေ့ထက်တနေ့ မှတ် ခေါင်းထဲ စိတ်ကူးတွေ အကြံအစည်တွေ တရစ်ချင်း တပတ်ချင်း တထပ်ပြီးတထပ် ရစ်ပတ်လာသည်မှာ ခုတော့ စိတ်ကူးနန်းတော်ကြီး မိုသို့ဟည်း နေပြီ။ နောက်ပိုင်းမှာ သူ့အမေကို မှတ်က ဖော်ရွေမှုပြလျှက် ... တုံ့ပြန်ကျွမ်းဝင် ခင်မင်သလို နေလာသည်မှာ ကိုယ့်ရဲ့ စိတ်ကူး အိပ်မက်နှင့် ကိုယ်ပဲပေါ့ ... ။

သူ့အမေကပဲ စွတ်ရွတ်သဘောတူနေတာလား၊ သူကစိတ်မှပါရဲ့လားဟု မှတ်မှာ သံသယဝင်စရာကလဲ ရှိနေသည်။ နောက်ပိုင်း အိမ်လာလျှင် မရောမနှော့ပဲ ခေါင်းကြီးငုံ့ငုံ့နှင့် မျက်နှာ ရှောင်ဖယ်ဖယ် လုပ်နေတာဟာ၊ သူ့ဆန္ဒမပါလို့လားဆိုတာ မှတ်က သိလိုပါသည်။ ဒါကြောင့် ဘုရားကိုးဆူညတုန်းက အကဲခတ်ဖို့ စကားပြောကြည့်ဖို့ သက်သက်ရည်ရွယ်တာ။ သို့သော် သူ့ကို ဤသို့ အရောတဝင်ပြုမည်ပင် မကြံရသေး။ သနားစရာ သူ့ခမျာ မှာ မှတ်ရဲ့ ခြေရင်းလည်စင်းကျလာသလို ရုတ်တရက် တုန်လှုပ် ခြောက်ချား မှားမှားယွင်းယွင်းတွေ ကယောင်ကတမ်းတွေဖြစ်ပြီး သနားစဖွယ်ကလေးငယ်တယောက်လို ဖြစ်နေခဲ့ပါသည်။

လက်စသတ်တော့ သူ့ဆန္ဒမပါလို့မဟုတ်။ သူဟာ ရှက်ကြောက်နေတာ။ သနားစရာကောင်းလောက်အောင် ရှက်ကြောက်နေတာ ... ။

"မှတ်ကလေး... မှတ်က ဘယ်လိုလဲဆိုတာ... မှတ်သဘော

ထား အဖေကိုပြောလိုက်အုံးလေ၊ သူနဲ့မဆိုင်တဲ့ ကိစ္စတွေ နေတာပဲ"

မှတ်ငြိမ်သက်ငေးမောနေသည်မှာ ကြာလှသဖြင့် ဒေါ်လေးက မအောင့်နိုင် မအည်းနိုင် လှမ်းပြောလိုက်ပါသည်။

"နေအုံး ... "

ဖေဖေက တားလိုက်သဖြင့် မှတ် ဖေဖေ့ကို လှမ်းကြည့်လိုက်မိသည်။

"ညည်းကလဲ လောလိုက်တာ ... မှတ်သဘောထားသိဖို့ မလိုသေးပါဘူး၊ ငါပြောနေတာမှ မဆုံးသေးပဲ ... "

"ဆုံးပြီမဟုတ်လား၊ ဦးကျင်တီက သူ့အိမ်မှာ ထမင်းစိတ်ကျွေးရင်း ... မင်းနေပြည်နဲ့ ကိစ္စစကားတောက်တယ် နားဖေါက်တယ်လေ၊ ဒါပဲမဟုတ်လား"

"ဒါတော့ ဒါပဲပေါ့၊ ညည်းက ဘာဖြစ်နေတာလဲ၊ သိပ်ချမ်းသာတဲ့ သားမက်လောင်းဆိုပြီး သဘောကျနေပြီ ထင်တယ်"

"အို ... အကိုကြီးကိုယ်တိုင်ပဲ သိမ်ချမ်းသာတဲ့ အချက်ကို ကသဘောကျပြီး အကဲခတ်ကြ ဘာကြ ညာကြလို့ ပြောခဲ့တာပဲဟာ၊ မှတ်ကို ချမ်းသာတဲ့ လူနဲ့ အကိုကြီး ရစေချင်ခဲ့တာပဲဟာ၊ ခုမှ ကျွန်မကိုကျတော့ ချမ်းသာတာကို သဘောကျရကောင်းလားနဲ့ အပြစ်ဖြစ်ရပြန်ပြီ"

"အပြစ်လဲ မတင်ရသေးပါဘူး ... မီရီရယ် ... ညည်းလော





လွှန်းလို့ ပြောနေတာ ... ၊ မင်းနေပြည်က သိပ်ချမ်းသာတယ်၊ ဒါကို သဘောကျပါတယ်၊ ဒါပေမယ့် ငါပြောခဲ့ပြီးပြီပဲ၊ ဒီတချက်ထဲ ကြည့်ပြီးတော့ ကျန်တာတွေကိုတော့ လျစ်လျူမရှုနိုင်ဘူးလေ ... တခြားအရည်အချင်းတွေ ကြည့်ရအုံးမယ်၊ ဥပမာ ... အကျင့်စာရိတ္တ"

"အကျင့်စာရိတ္တလဲ ကောင်းပါတယ်၊ မိန်းမမြင်လို့မှ စိတ်ဝင်စားရကောင်းမှန်းတောင် သိတာ မဟုတ်ဘူး၊ လူပျိုကြီး ဖြစ်နေတာကြည့်"

"ထပ်သရီး ... လူပျိုကြီးဖြစ်တာနဲ့ပဲ အကျင့်ကောင်းရောလား၊ ညည်းလိုဖြင့် အိမ်ထောင်ပြုမယ် စိတ်ကူးတဲ့ မိန်းကလေး တွေ လူပျိုကြီး အရွယ်ဟိုင်းထဲက ရှာယူရမလို ဖြစ်နေပြီ၊ အေးပါ... ဘာပဲဖြစ်ဖြစ်၊ မင်းနေပြည်က တည်ကြည်ပါတယ်၊ အကျင့်သိက္ခာနဲ့ ပြည့်စုံပုံရပါတယ်၊ မဟုတ်တဲ့ ကိစ္စတွေ ကင်းရှင်းရိုးသားပုံရပါတယ်"

"ဒါဆိုပြီးတာပဲ"

"ဒါတင်ဘယ်ပြီးမလဲ ... မီရီရဲ့ ... အချက်အလက် စုံစေအောင်ကြည့်မှပေါ့ ... မင်းနေပြည်ဟာ ညည်းတူမထက် ဆယ့်သုံးနှစ်လောက်တောင် ပိုကြီးတယ်"

"ဒါကလဲ ... ယောကျ်ားပဋ္ဌင်း မိန်းမပုခတ်တွင်းတောင် ဆိုကြတာပဲ"

"နေပါအုံး မီရီရယ်၊ အသက်က လေးဆယ်နားနီးနေပြီ၊

ကျွန်းမာရေးဆိုတာဟာလဲ အိမ်ထောင်ရေးမှာ အရေးပါ[illegible] အချက်တချက်ပဲ၊ ညည်းတူမကိုယူပြီးမှ ငယ်ငယ်ရွယ်ရွယ် ဖျိုးဖျတ်ဆို သေသွား ဘယ့်နှယ်လုပ်ပါ့မလဲ၊ ညည်းတူ ငယ်ငယ်နဲ့ မုဆိုးမဖြစ်မယ် နားလည်လား၊ ဒါ[illegible] ညည်းက လင်သေရင် လင့်ပစ္စည်းရတာပေါ့လို့ ဆိုဦးမလား ကဲ"

"အကိုကြီးက ပြောရော့မယ် ... ဒီလိုတော့ ဘယ်သဘော ထားနိုင်ပါ့မလဲ"

"အေး ... ကျွန်းမာရေးဖက်ကကြည့်ရင် မင်းနေပြည်[illegible] နှလုံးရောဂါရှိတဲ့ သူတယောက်၊ နှလုံးရောဂါဆိုတာ[illegible] ပြောရအကြပ်သားပဲ၊ အာမခံချက် မရှိတဲ့ ရောဂါဗျ၊ ကောင်း ရင်လဲ ကောင်းနေမယ်၊ ဖေါက်ရင်လဲ ဖေါက်လာမယ်"

"ဟုတ်လား အကိုကြီး၊ သူ့ဟာက ဖေါက်လာနိုင်သလား"

"ဖေါက်လာနိုင်သလား ငါဘယ်လိုပြောတတ့်ပါမလဲ[illegible] ဖေါက်ချင်လဲ ဖေါက်လာမှာပေါ့၊ မဖေါက်ချင်လဲ မဖေါ[illegible] လာဘူးပေါ့ ညည်းနှယ် ... "

ဒေါ်လေးက မျက်ခုံးလေးတွန့်ကာ စိတ်ရှုပ်သ[illegible] ရှိနေသည်။

"တခြားစဉ်းစားစရာတွေလဲ ရှိတာပဲ ... သူ့မိဘဆွေမျိုး အသိုင်းအဝိုင်းနဲ့ ကိုယ်နဲ့ လိုက်လျောညီထွေ ရှိ မရှိ"

"သူ့အမေကြီးရော သူ့ညီမရော တော်တော်သဘော





ကောင်းကြပါတယ်၊ မှတ်ကိုလဲ လိုလိုလားလား ရှိကြတာ ရိပ်ဖမ်း သံဖမ်း ပါပါလာတတ်တယ်"

ဦးနိုင်ကျော်ဇောက ခေါင်းတညိတ်ညိတ်လုပ်ရင်း..

"မင်းနေပြည်နဲ့ သိကျွမ်းလာတာ ... ဆယ်လကျော်ပြီ ... တနှစ်နီးပါးပေါ့၊ ဒီအတွင်း မြင်ရ အကဲခတ်ရသလောက် မင်းနေပြည်ကို ဖေဖေသဘောကျပါတယ် မှတ်၊ ဒီကျွန်း မာရေး ကိစ္စတခုက လွဲရင် သူ့ကိုသားမက် တယောက် အဖြစ် သဘောတူနိုင်ပါတယ် ... ဒါလေးတခုပဲ စိတ် အနှောက်အယှက် ဖြစ်နေတယ်၊' မိဘဆိုတော့ ကိုယ့် သမီးကို စင်းလုံးချောပဲ ရစေချင်တာပေါ့၊ ဒါပေမယ့် တခုရှိ တာက သမီးကများ သူ့ကို နှစ်သက်သဘောကျတယ် ဆိုရင်"

မှတ် ... လက်သဲလေးကိုက်ကာ ဖေဖေ့ကို စိုက် [illegible]နေသည်။

"ရှင်းရှင်းပြောရရင် သမီးက ချစ်တယ်ဆိုရင်တော့ ကန့် ကွက်မနေတော့ပါဘူး၊ ကျွန်းမာရေး ကိစ္စမျိုးဆိုတာကလဲ ကံတရားပါသေးတာပဲ၊ လူကျွန်းမာတယောက်ကိုယူပြီး မနက်ဖြန် လေဖြတ်သွားတော့ ကိုယ်ဘာတတ်နိုင်မလဲ ... မဟုတ်ဘူးလား၊ ဒါကြောင့် ဖေဖေပြောချင်တာ ဒီကိစ္စမှာ ဖေဖေ့ သဘောထားက ဖစ်ဖတီ ဖစ်ဖတီပဲ၊ ယူစေချင်တယ်၊ မယူစေချင်ဘူး ... တဝက်စီပဲ၊ ဒီတော့ သမီးခံစားချက်နဲ့

သမီး ဆုံးဖြတ်ပေတော့ ... ဟုတ်လား"

မှတ် ခေါင်းမညိတ် ခေါင်းမခါပဲ ... ဖေဖေ့ကို ကြည့်နေသည်။

"တခုတော့ရှိတယ် ... ငါ့သမီးရွေးတဲ့ အိမ်ထောင်ဖက် မည်သူမဆို လက်မထပ်ခင် အိပ်ချ်အိုင်ဗီ စစ်ရမယ်၊ ... စစ်ရမယ်၊ ဟက်ပတိုက်တစ်စ်ဘီ ကာကွယ်ဆေးထိုးရမယ် ဒါပဲ"

မှတ်က ရယ်ချင်သဖြင့် ခိကနဲ အသံထွက်အောင် ရယ်မိပါသည်။

"မရယ်နဲ့ ... ဦးနိုင်ကျော်ဇော သမီးကို ယူရင်တော့ ဦးနိုင်ကျော်ဇော ကျေနပ်လောက်တဲ့ ကျန်းမာရေး ထောက် ခံချက် ဆာတစ်ဖီကိတ် တွေလိုတယ် ... ဒါပဲ"

မှတ်က ပြောင်ချော်ချော်ကလေး ပုခွန်းတ... တွန့်ကာ ပြုံးတင်းပေါက်နားက ခွာလာခဲ့သည်။ ဒေါ်လေး... လိုက်ကြည့်ရင်း ...

"မရွှေချောက ဘယ်လဲ"

"ရေချိုးမလို့ပါ ဒေါ်လေးရဲ့"

"ဟဲ့ ... ဒီမှာ ပြောတုန်းဆိုတုန်းဟာ၊ ဘာမှလဲ အဖြေမပေး သွားပဲနဲ့"

"မှတ် အဖြေပေးဖို့ လိုလို့လား ဖေဖေ"

မှတ်က ဖေဖေ့ကို လှမ်းမေးသည်။





"သမီး အဖြေရရင်တော့ ... ဦးကျင်တီကို အရိပ်အမြွက် စကား ပြန်ရမှာပေါ့၊ ဖေဖေတို့ဆီက ... ဂရင်းလိုက်ထ်ဆိုရင် ဦးကျင်တီက ဟိုဖက်ကို ပြောလိုက်တာနဲ့ မင်းနေပြည်ရဲ့ လူကြီးမိဘတွေက တရားဝင် လာတောင်းရမ်းမှာပေါ့။ ဒါပေမယ့် သမီးကို အခုအဖြေမတောင်းပါဘူး၊ သမီး စဉ်းစားပေါ့၊ လူကြီးလို စဉ်းစားပါသမီး၊ ဟိုတခါ ဖေဖေ့ကို ကလဲ့စားချေသလို ကြည့်လို့ကို မရလို့ ဆိုတာမျိုးတော့ မျက်စေ့မှိတ် မငြင်းနဲ့ပေါ့။ သမီးကြီးလာတဲ့အခါ နောင်တ မရမယ့် အဖြေမျိုးထွက်အောင် စဉ်းစားပါ၊ ဖြည်းဖြည်း စဉ်းစားနိုင်ပါတယ်၊ အချိန်ယူတာ အကြောင်းမဟုတ်ပါဘူး"

"သမီး ... စဉ်းစားပြီးပါပြီ ဖေဖေ"

မှတ်စကားကြောင့် ဒေါ်လေးပျာပျာသလဲ ဖြစ်သွားသည်၊ ဒီလောက်အချိန်တိုတိုလေးနှင့် တထိုင်ထဲ တိကနဲ ငြင်းလိုက်မှာမျိုးကို မလိုလားပေ။ ဒေါ်လေးက သဘောတူသည့်ဖက်က များပါသည်။

"ပေါ့ပေါ့ဆဆ မဖြေနဲ့ မိရွှေမှတ် ... ညည်းဟာက တထိုင်ထဲ"

"တထိုင်ထဲ မဟုတ်ပါဘူး ဒေါ်လေး၊ သူ့ကို စတွေ့ကထဲက ခေါင်းထဲထဲ့ပြီး စဉ်းစားလာခဲ့တာပါ၊ တစ်နှစ်နီးပါး ဆိုပါတော့"

ဒေါ်လေး မျက်နှာမှာ ညှိုမှောင်ဆဲ။

"ပြောပါအုံး ... သမီး"

မှတ် ... ဖေဖေ့ကို စူးစူးကလေး ရင်ဆိုင် စိုက်

ရင်း ...

"နှလုံးရောဂါကလွဲလို့ တခြားဖေဖေကန့်ကွက်စရာ

ဘူးဆိုရင် ... ဦးမင်းနေပြည်ကို သမီးလက်ထပ်ဖို့ သ

တွချင်ပါတယ် ဖေဖေ"

စည့်ခန်းကလေး တိတ်ဆိတ်သွားလေသည်။

သည် ရဲရဲဝံ့ဝံ့ ဖြေပြီးမှ ရှက်ရှက်ရွံ့ရွံ့ မျက်လွှာချလိုက်ပါသ

ဖေဖေရော ဒေါ်လေးပါ တိတ်နေသည်။ ဒေါ်လေးမှာ အံ့ဩ

နှင့် ဝမ်းသာလုံးရော ဆို့နေဟန်ရှိသည်။ ဖေဖေကတော့ မှတ်

မှ လူတယောက်ကို လက်ထပ်ပါတော့မည်ဆိုသည့် စကားအတွ

နဲ့မြောကြေကွဲ သွားပုံရပါသည်။

"ဒါ ... တကယ်ပဲလား ... သမီး"

"ဟုတ်ပါတယ် ... ဖေဖေ"

"မင်းနေပြည်ကို သမီးမေတ္တာရှိနေပြီလား ... "

မှတ် ငြိမ်သက်နေသည်။

"ဖြေပါအုံး သမီး ... သမီး သူ့ကို ချစ်လို့လား"

"သူ သမီးကို ချစ်တယ်လို့ သမီးယုံကြည်တယ် ဖေဖေ"

"ဖေဖေမေးတာက ... သမီး သူ့ကို ချစ်သလားဆိုတာ"





မှတ်က အသက်အောင့်ရင်း ...

"သူ့ကို မှတ် ... လက်ထပ်ချင်တာ အမှန်ပါပဲ ဖေဖေ၊ သူ့ကို လက်ထပ်ချင်တယ်ဆိုတာပဲ မှတ် အဖြေပေးနိုင်ပါတယ်"

ဖေဖေက တိတ်ဆိတ်စွာ မှတ်ကို စူးစိုက်ကြည့်နေသည်။

* * * * *

မှတ် အဖြေပေးလိုက်ပြီးသည်၏နောက်တွင် အဖြစ်အပျက်များက လျင်မြန်စွာ ဖြစ်ပျက်ကုန်ကြသည်။ ဖေဖေကပဲ ဦးကျင်တီနှင့် ဆုံကာ ...

"ကိုမင်းနေပြည်ကို ကျွန်တော့်အနေနဲ့လဲ ဘာမှ ပြောစရာမရှိပါဘူး၊ သမီးကလဲ ငြင်းစရာ အကြောင်းမရှိနိုင်ပါဘူး"

ထိုမျှလောက် စကားခံလိုက်သည်ဆိုလျှင်ပင် ဦးကျင်တီက အကဲခတ်ရိပ်မိနိုင်လေပြီ။ ကြားလူဖြစ်သော်လဲ နှစ်ဖက်စလုံးမှာ လူခင်တွေချည်းမို့ ဤကိစ္စဖြစ်မြောက်မည့် အရေး၌ ဦးကျင်တီပါ ဝမ်းမြောက်နေသည်။ ဦးကျင်တီကို ဤကိစ္စနားဖေါက်ပေးဖို့ အမိက အရေးဆို အကူအညီတောင်းသည်မှာ ဒေါ်ခင်ခင်ညွှန့်ဖြစ်သော်လဲ မင်းနေပြည်ရဲ့ ဟန်ပန်သဏ္ဍာန်ကို အကဲခတ်လိုက်သည်နှင့် မအေ့ဆန္ဒသက်သက် မဟုတ်ဘူးဆိုတာ သူ သေချာစွာ သိနိုင်သည်။

ဒါကြောင့်လဲ မင်းနေပြည်ကို ဆုံလျှင် ဆုံသလို

ဦးကျင်တီ ကျိုးစယ်စရာ အကြောင်းရလာတော့သည်။ လူရိုးလူအေး လူပျိုကြီးခမျာ ...

"ကျွန်တော်ကတော့ ... မှတ်ကို အားနာတာ တခုပါပဲဗျာ လူကြီးတပိုင်းဖြစ်နေတော့၊ ဒီတိုင်းနေတာ အကောင်းသား စလိုက်မိမှ အငြင်းခံထိပြီး မျက်မှာပျက်စရာ မျက်နှာချင်း မဆိုင်ရဲစရာတွေ ဖြစ်ရမှာ သိပ်စိုးရိမ်တယ်"

ကြိုတင်ပြီး စိုးရိမ်မှုကြီးနေသဖြင့် ဦးကျင်တီအား အားပေးခဲ့ရပါသည်။

"မျက်နှာပျက်ရလောက်အောင် ... ဘယ်အတိအလင်း ဟုတ်မလဲ၊ စကားလေးတောက်ကြည့်ပြီး ဟန်ပုံပေါ်မှ လမ်းဆက်ကြောင်းမှာပါ၊ ကိုမင်းနေပြည်လဲပဲ ဂုဏ်ထူး ဝိသေသနဲ့နေတဲ့ လူပဲ၊ ငြင်းစရာလဲ မရှိတဲ့အပြင် ငြင်းနိုင် မြင်ရင်လဲ ကျွန်တော်က စကား ဘယ်အဖတ်တင်ခံမလဲဗျာ စိတ်ချပါ ... "

'သမီးကလဲ ငြင်းစရာအကြောင်း မရှိနိုင်ပါဘူး'ဆိုသည့် စကားဟာ တရားဝင်လာရောက်ကြောင်းလမ်းပြီးလျှင် 'မငြင်းပါဘူး'ဆိုသည့် အဓိပ္ပါယ် သက်ရောက်ဖို့ပဲ ရှိတာကို ဦးကျင်တီ ရိပ်မိပါသည်။ သတို့သားလောင်းဟာ. သာမန် လူငယ်လေး တယောက်မဟုတ်ပဲ ... လုပ်ငန်းရှင် လူကြီးလူကောင်း တဦးအဖြစ် သိက္ခာနှင့် ဂုဏ်နှင့်ဖြိုးနှင့် ရပ်တည်နေသူ လူကြီးပိုင်းမို့ ကိုယ့်ဖက်က မပိုင်နိုင် မသေချာပဲ တဖက်ကို မျက်နှာပျက်စရာ





သက်သက်ကျန်ရစ်အောင် ဦးနိုင်ကျော်ဇောကလဲ စကားပြော လွယ်မည် မဟုတ်ပါ။

တဖက်နှင့်တဖက် ထောင်ချင့်လေးစားစရာ လူတွေ ချည်းပဲမို့ မရေမရာ မသေမချာပဲ ဘယ်ဖက်ကမှ အမှားခံမှာ မဟုတ်ပါ။ ဒါကြောင့်လဲ ထိုစကားရသည်နှင့် ဦးကျင်တီက ဒေါ်ခင်ခင်ညွန့်ကို သွားရောက်ကြောင်းလမ်းနိုင်ပါပြီ ... မှတ်ရဲ့ ဒေါ်လေးနှင့် လူကြီးချင်း ညှိနှိုင်းပြီး နေ့ရက်ရွေးကြပေတော့ဟု စကားပြန်လိုက်ပါတော့သည်။

ဦးကျင်တီထံမှ ထိုစကားရသဖြင့် ဝမ်းသာအားရရှိ လှသော ဒေါ်ခင်ခင်ညွန့်၏ ကျေးဇူးတင်ခြင်း အထိမ်းအမှတ် လက်ဆောင်မှာ ပိုက်ဆံပေးနိုင်တိုင်းလဲ ရှာတွေ့ချင်မှ တွေ့မည် ဖြစ်သော ရှားရှားပါးပါး ပြာနုရောင်သန်းသည့် ဖန်ဂေါ်လီနီးနီး ပုလဲလုံးကြီးကို လက်စွပ်ကွင်းထားသည့် ရတနာပစ္စည်းပါတည်း။

'ဦးကျင်တီဇနီးအတွက်'ဟု ပြောကာပေးသော လက်ဆောင်မို့ ဦးကျင်တီ မိန်းမမှာ ဆွေ့ဆွေ့ခုန်မတတ် ဝမ်းလဲ သာ အံ့လဲသြ။ ခင်မင်မှုဖြင့် ကိုယ်တတ်နိုင်သည့် ကိစ္စကို ကူညီတာ ဖြစ်သော်လဲ ဤသို့ လက်ဆောင်လေးနှင့် ကျေးဇူးဆပ်လိုက်ပုံ ကိုတော့ မနှစ်မြို့က်ပဲ မရှိပါ။

"ရှင့်ကို ကျေးဇူးတင်တာတောင် ဒီလက်ဆောင်ပေးတယ် ဆိုရင်တော့... ဟိုကလေးမလေးတော့ ဘယ်လောက်များ အပုံလိုက်ရမလဲပဲ"

ဦးကျင်တိမိန်းမမှာ မိန်းမပီပီ တမျှော်တခေါ် တွေးတော သိချင်နေလိုက်သေး၏။ ဘာပဲဖြစ်ဖြစ် အခြေအနေ အဆင်ပြေပြေနှင့် ဆက်လက်စခန်းသွားနေကြသည်မှာ တော်တော်ပဲ ခရီးရောက်ပါသည်။ ကြောင်းလမ်းစကား မဆိုမီ … မှတ်ရဲ့ သဘောဆန္ဒအရ မင်းနေပြည်နှင့် မှတ်တို့ နှစ်ဦးတည်း ဆိတ်ငြိမ် အိခြေရသော စားသောက်ဆိုင်တဆိုင်တွင် တွေ့ဆုံစကားပြောဖြစ်ပါသေးသည်။

မှောင်ရိပ်သန်းစ ညနေချမ်း … ။

မှတ် … အထူးတလည်အလှပြင်ဆင်သည်ကို မင်းနေပြည် ဒုတိယတကြိမ် မြင်ဖူးရခြင်း ဖြစ်တော့သည်။ လက်ပြတ် အနက်ရောင်အပေါ် အောက်နှင့် ပုလဲရတနာကို ခပ်ကျဲကျဲ ဆင်မြန်း လာသော မှတ်ရဲ့ အသွင်အပြင်ကို မင်းနေပြည် စေ့စေ့မျှ မကြည့်ရဲ။ မကြည့်ရဲလောက်အောင်လဲ မှတ်က လှပလွန်းပါသည်။ ထိုအလှ ထိုအပြုံး ထိုမျက်လုံးတို့ ရှေ့မှောက်တွင် တော်တန်ရုံလူ ရူးသွပ် ချာလပတ်ယမ်းသွားနိုင်လောက်ပါသည်။

မှတ်အိမ်မှ မှတ်ကိုကြိုကာ ခေါ်လာအပြီး မင်းနေပြည်သည် ဘာစကားမှ မဆိုဝံ့ပဲ တိတ်ဆိတ်နေသည်။ သတ်မှတ်ထားသောဆိုင်ထဲ ရောက်ကာ စားပွဲမှာ ထိုင်မိသည်အထိ ဘာမှ မပြောမိသေးပဲ စောင့်ရှောက်ဖေးခေါ် ရုံ ထိုင်စရာ ပြင်ဆင်နေရာချပေးရုံမျှသာ ပြုမိပါသည်။

ထိုင်မိပြီး အတန်ကြာလျှင် စားပွဲထိုးရောက်လာ





သဖြင့် မင်းနေပြည်က မီနျူးဖတ်ကာ စားသောက်ဖွယ်ရာ မှာဖို့ ပြင်သည်။

"မှတ် … မှတ်စားချင်တာ မှာပါလား … ခင်ဗျာ"

လူကြီးတယောက်က မိမိကို ဤမျှ မရိုသေသင့်ဟု မှတ် ထင်သည်။ သို့သော် အပြုံးကလေးနှင့် ပေးသော နေရာကို ယူထားလိုက်ပြီး …

"ဦးမင်းနေပြည် မှာပါ … ဦးမင်းနေပြည် မှာတာကိုပဲ စားမှာပါ … "

ထိုအခါ သူသည် စေ့ဒကမတက်ရှာပဲ … သူမှာတာနဲ့နေမှာစိုးသလို တမျိုးပြီးတမျိုးရေရွတ် မှာကြားတော့သည်။ ဖတ်လိုက် မှာလိုက် စားပွဲထိုးက ရေးလိုက် အတော်ကြီး လွန်ကျွံကျွံ ဖြစ်လာမှ မှတ်က မျက်ခုံးလေးတွန့်ကာ …

"တော်လောက်ပါပြီ … ဦးမင်းနေပြည်"

"ဟုတ်ကဲ့ … "

ထိုအခါ သူသည်လဲ ထွက်ပေါက်ရသလို သက်ပြင်းလဲချ … မီနျူးကိုလဲချ … စကြည့် မျက်မှန်ကို ချွတ်လေသည်။ သူ့ပုံစံမှာ မှတ်က ရပ်ခိုင်းသော အသံကို အသက်အောင့် စောင့်စားနေသလိုလို။ သဘောကောင်း အေးဆေးရိုးသားလှပုံရသော သူ့ကို မှတ် ဂရုဏာသက်ပြီးရင်း သက်မိရင်းသာ … ။

"ဦးမင်းနေပြည် မျက်စေ့က တော်တော်မှုန်တာလား … "

မှတ်၏ ပွဲဦးထွက်စကားကြောင့် သူ့မျက်နှာဖြူလျော်

သွားပါသည်။ တချက်ပြုံးကာ ...

“မျက်မှန်မပါရင်တော့ တော်တော်အားစိုက်ရပါတယ် ... ကျွန်တော်က စာလဲ သိပ်ဖတ်တော့ ... ”

စကားကို တဝက်တပျက်ရပ်သည်။ ခဏနေပြီးမှ-

“ကျွန်တော်က အသက်ကြီးပါပြီ ... ”

မှတ်သည် ထိုစကားအတွက် အတော်ရယ်ချင်မိကာ ပြုံးစေ့စေ့ နှုတ်ခမ်းကို လိမ်မော်ရည်ဖန်ခွက်နှင့် ကွယ်လိုက်ရရင်း-

“အချိန်စီးရင် ပြီးတာပါပဲ ... ဟင်း ဟင်း ဟင်း”

ရယ်နေဟန်လေးကို မင်းနေပြည် တအံ့တဩငေးမောကာ နေမိသည်။ သည်လိုကျီစယ်လိုက်သဖြင့် သူတော်တော်လဲ အနေချောင်သွားရကာ မှတ်နှင့် ရောနှောရယ်မောလိုက်ခဲ့ရပါသည်။

“မှတ် စတာပါ ... ဦးမင်းနေပြည် မှတ်ကိုဘာအကြောင်းကြောင့်မှ ရှိုးတိုးရှန့်တန့်မရှိပါနဲ့၊ ရဲရဲပြောဆိုဆက်ဆံနိုင်ပါတယ်၊ ဦးမင်းနေပြည်က လူကြီးလဲဖြစ်တော့ ... မှတ်က ဦးမင်းနေပြည်စကားကို လက်ခံ နာခံရမယ့် သဘောမှာ ရှိပါတယ် ... ”

ပြောတတ်ဆိုတတ်သော ဤနှုတ်ခမ်းကလေးကား ထူးဆန်းလေစွ။ သူမှာဖြင့် ဘာကြောင့် ဤကဲ့သို့ မပြောတတ်ရပါလိမ့်။

စေတနာစာပေ



“ဒီလိုတော့လဲ မဟုတ်ပါဘူး မှတ် ... ကျွန်တော်လူကြီးဆိုပြီး အထက်စီးက ဖြစ်ရမယ်လို့ မဟုတ်ပါဘူး၊ အခြေအနေ အရ မှတ်က ငယ်ပေမယ့် မှတ်ရဲ့ စကားကို နာခံဖို့ရာ ကျွန်တော်ပိုပြီး ထက်သန်ပါတယ်၊ မှတ်ပြောချင်တာ ဖြစ်ချင်တာကို နာခံပြီး လုပ်ပေးဖို့ ကျွန်တော်လာတာပါ ... ”

သူအတော်ကြီး အားယူကြိုးစားပြောရသည်။

“ဟုတ်ပြီလေ ... ဒါဖြင့် တယောက်စကားကို တယောက်က တလေးတစား နာခံကြကြေးပေါ့ ... ဟုတ်လား”

“အဲ့ဒါ ကောင်းပါတယ်”

“ဒါဖြင့် ... ဦးမင်းနေပြည် ပြောစရာရှိတာပြောပါ ... လူကြီးမို့ အရင်ဦးစားပေးပါတယ်၊ ပြီးရင် မှတ်ပြောစရာရှိတာပြောကလဲ့”

မင်းနေပြည် မှတ်ကို ကြည့်ကာ ပြုံးလိုက်သည် ချစ်ဖွယ်ရာ မြတ်နိုးဖွယ်ရာ မူယာဟန်ပန်လေးများနှင့် အတွေ့နောက်ကျလေခြင်း သူငယ်မရယ်။

“ကျွန်တော် ပြောစရာ တခုပဲရှိတယ် ... ”

“ပြောလေ ... ”

“ကျွန်တော့် ကမ်းလှမ်းမှုကို လက်ခံသလား သိပါရစေ မှတ်”

“လက်ထပ်ဖို့လား”

စေတနာစာပေ

"ဟုတ်ကဲ့"

"မှတ်လက်ခံဖို့ များပါတယ်၊ များပါတယ်ဆိုတာက မှတ်သိချင်သေးတာတွေ ပြောချင်တာလေးတွေ ရှိလို့ပါ"

"ပြောပါမှတ်"

"မှတ်ကို အဲ့သလောက် တရိုတသေ ဆက်ဆံဖို့ မလိုပါဘူး ဦးမင်းနေပြည်၊ မှတ်ကို နေရထိုင်ရ ခက်စေပါတယ်"

"ဟုတ်ကဲ့ ... ကျွန်တော် သတိထားပါ့မယ်"

မှတ်က လက်ဝါးလေးဖြန့်ထောင်ကာ ပုလဲလက်စွပ်တန်းကွင်းလေးတွေကို တချက်နှစ်ချက် တို့ထိကစားလိုက်ပြီး ...

"မှတ် တခုဝန်ခံပါရစေ ... မှတ်မှာ အထက်တန်းကျောင်းသူဘဝက ရည်းစားတယောက်ရှိဖူးပါတယ် ... "

တိုးတိတ်သော လေသံကလေးနှင့် ဤမျှ အဆောတလျှင် ဝန်ခံမည်မထင်သဖြင့် မင်းနေပြည် အငိုက်မိအံ့ဩသွားသည်။ သူ သိပါသည်ဆိုတာကို ဖွင့်ပြောဖို့ မလိုအပ်ဘူး ထင်ပါရဲ့ဟု တွေးရင်း မှတ်ကို တလေးတစားပဲ ဆက်လက် ငေးကြည့်နေလိုက်သည်။

"ဒါပေမယ့် ... တနှစ်လောက်ပါပဲ ... ပြီးတော့ အဆက်ပြတ်သွားကြပါတယ် ... "

မင်းနေပြည် ခေါင်းညိတ်လိုက်ရပြန်သည်။ တည်ငြိမ်သော မျက်နှာကလေးမှ ပြာစင်သော မျက်လုံးဝိုင်းကြီးများသည် တနေရာ၌ စိုက်မိစိုက်ရာ စိုက်နေသလိုလို။





"အဲ့ဒါ...ဦးမင်းနေပြည် သိသင့်တယ်ထင်လို့ ပြောပြတာပါ"

"ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်အတွက် ဒါကို သိလိုက်ရတဲ့အတွက် ဘာမှ မထူးခြားပါဘူး မှတ်"

"နောက်နောင်အတွက်လဲ ... ဘာမှ စိတ်ပူစရာ မရှိပါဘူး၊ သူက လောကမှာ မရှိတော့ဘူး၊ ဦးမင်းနေပြည် ... "

မှတ်က ဖြတ်ကနဲ သူ့ကိုကြည့်သည်။ သူကလဲ စိုက်ကြည့်မြဲ ... ။ တယောက်မျက်ဝန်းတယောက် စူးစူးနစ်နစ် ထွင်းဖေါက်ဝင်ရောက် မွှေနှောက်ရှာဖွေပြီးသော် နှစ်ဦးလုံး သားရေပွဲအဖြစ် မျက်လွှာကိုယ်စီ ချလိုက်ကြပါသည်။

"ဒါပဲလား ... မှတ်"

"ဝန်ခံစရာကတော့ ... ဒါပါပဲ"

"ကျွန်တော့်မှာ ဒီလိုဝန်ခံစရာ ကိစ္စမျိုး တကြိမ်မှ မကြုံဖူးခဲ့တာကိုလဲ မှတ်လိုပဲ ဝန်ခံပါရစေ"

"ကျေးဇူးတင်ပါတယ် ဦးမင်းနေပြည်"

"ဒါဖြင့် မှတ်ပြောစရာရှိတာ ပြောပါအုံး"

"ဒါကတော့ မှတ်တို့ လက်ထပ်ဖို့ ကိစ္စနဲ့ ဆိုင်ပါတယ်"

မင်းနေပြည် ခုမှ ပင့်သက်ရှိုက်ရှုလိုက်မိသည်။ ခုလိုတောင်းရမ်းကမ်းလှမ်းလာမှုမှာ ရှင့်ဆန္ဒပါသလား ... ရှင်က မှတ်ကိုချစ်သလားလို့ ဘွင်းဘွင်းမေးချလိုက်လျှင် သူ့မျက်နှာထူ ရဲကာ 'ဟုတ်ကဲ့'လို့ တုံးတိကြီးပဲ ဖြေမိမည် ထင်သည်။ စကားလမ်း

ကြောင်း မပေးမိပဲ ငူငူကြီးနေရင်း သူ ရင်စတင်ခုန်လာတော့သည်။

"မှတ်ကို ဘယ်လိုမှတော့ မထင်ပါနဲ့၊ မှတ်က ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်လို့ပါနော် ... "

သူ ခေါင်းညိတ်သည်။

"မှတ်တို့ လက်ထပ်ကြမယ်ဆိုရင် ... မှတ်ရဲ့ သတို့သမီးတယောက်အနေနဲ့ ရင်ဆိုင်ရမယ့် လက်ခံရမယ့် အစီအစဉ်ကို သိချင်ပါတယ် ... "

"ခင်ဗျာ ... "

သူတကယ်ပဲ နားမရှင်းလိုက်ပေ ... ။ မှတ်က ပြုံးရင်း ...

"ဥပမာ ... ဘယ်မှာ ညှော်ခံမယ်၊ ဘယ်လိုလက်ထပ်မယ် ပြီးရင် ဘယ်မှာ နေရမယ် ... ဒါတွေကို အသေးထပ်စိတ်လိုက်ရင် အချက်ကလေးပေါင်း မြောက်များစွာ ရှိပါတယ် အသေးစိတ် အစီအစဉ်ကို မှတ် သိချင်ပါတယ် ... "

သူအသက် အောင့်ထားရာမှမှုတ်ထုတ်လိုက်သည်။

"အမှန်တိုင်းပြောရရင် ... ကျွန်တော်အသေးစိတ် မစဉ်းစားရသေးဘူး၊ ဒါပေမယ့် သေချာတာတခုက ... မှတ်ဖြစ်စေချင်သလို ဖြစ်ရမယ် ဆိုတာပါ ... "

မှတ်က မျက်ခုံးလေးပင့်ချီကာ ...

"မှတ် ဖြစ်စေချင်တာ မှန်သမျှဖြစ်ရမှာ တကယ်ပဲလား ...





အသေးစိတ်တခုချင်း အတွက်နော်"

လက်ညှိုးလေး တထောင်ထောင် မျက်ခုံးလေး ှင့်ချိချိ မေးဟန်ကို မင်းနေပြည် အသဲထဲ အချစ်ပိုသွားမိပါသည်။ ရဲ့ပဲ ခေါင်းညိတ်လိုက်မိလျှက် ...

"ဖြစ်ကို ဖြစ်ရမှာပါ မှတ် ... မှတ်ကို လိုက်လျောပေးဖို့ စေတနာ မေတ္တာလဲ အပြည့်ရှိတယ် ... ပြီးတော့ လိုက်လျောပေးနိုင်တဲ့ ငွေအင်အားလဲ ရှိပါတယ် ... ဒါကြောင့် မှတ်ဖြစ်ချင်တာ ဘာမဆို ဖြစ်ရပါစေ့မယ် ... "

"တကယ်နော်"

"တကယ်ပါ ... အစစအရာရာပါ ... "

"ဒါဖြင့် ... မှတ်ကို ရွှေစနေကျ လူကြီးစုံရာနဲ့ လာတောင်းရမ်းနိုင်ပါပြီ ဦးမင်းနေပြည် ... လက်ထပ်ဖို့ ကိစ္စ မှတ် လက်ခံပါပြီ ... ဦးမင်းနေပြည်ကို အခုကစပြီး 'ဦးမင်း' လို့ပဲ ခပ်တိုတို ခေါ်တော့မယ်၊ မှတ်ကိုလဲ ကျွန်တော်လို့ ပြောတာထက် ပိုပြီး သင့်တင့်မယ့် နာမ်စားနဲ့ သုံးနှုံးပါ"

မင်းနေပြည် ရင် တဖြတ်ဖြတ်လှုပ်ရှားသွားရင်း ...

"ကိုယ် လက်ခံသဘောတူပါတယ် ... "

"ကဲ ... ဒါဖြင့် ... ပထမဦးဆုံး မှတ်အလိုရှိရာတခု အစမ်းတောင်းရမလား"

မင်းနေပြည်သည် ထိုမိန်းကလေးကို ချစ်ပြီးရင်း ရင်း တပြုံးပြုံးနှစ်သိမ့်ကြည်နူးနေမိကာ ...

"တောင်းပါ မှတ်ရယ် ... တောင်းပါ"

"မှတ်ကို စနေနေ့မှာ လာတောင်းရမ်းရင် ... စိန်တစ်ဆင်
တင်ပြီး တောင်းရမ်းရမယ် ... "

သူ့ရုတ်တရက် ထိုစကားကြောင့် ကြောင်အသွား
မှတ်က မျက်လုံးကလေးထောင့်ကပ်ကာ လက်ညှိုးလေး နားသ
ထောက်လျှက် ရယ်ဟဟနှင့် ...

"တဆင်စာဆိုတာ နားကပ်၊ ဘယက်၊ လက်ကော
လက်စွပ်၊ ရင်ထိုး၊ ကြယ်သီး ... အစုံနော်၊ မှတ်တခါမှ စိ
တဆင်စာ မဝတ်ဖူးဘူး ဦးမင်းရဲ့၊ မှတ်လိုချင်တယ်၊ အဟု
လိုချင်တာ၊ ဦးမင်းက သူဌေးဆိုတော့ ဦးမင်းနဲ့ မှတ်ကြော
လမ်းတာသိရင် အသိမိတ်ဆွေတွေက ဘာတင်တောင်း
မေးကြမှာ ... အဲ့ဒီကျ ... မှတ်က စိန်တဆင်စာ
ဖြေရရင် သိပ်ဂုဏ်ရှိမှာပဲ ... ဖြစ်နိုင်ပါ့မလားဟင် ဦးမင်း"

မင်းနေပြည်သည် ထိုကလေးမကို အအံ့သြ
အံ့သြကာ ထိုမျှအထိ ပွင့်လင်းလှတာကို သဘောကျရတော့
ဇဝေဇဝါဖြစ်နေမိသည်။ သူ ဒီကိစ္စ မစဉ်းစားထားမိပါ။ မေ
အစီအစဉ် ဘယ်လိုရှိပါလိမ့်။ ဘာပဲဖြစ်ဖြစ် ... တင်မတောင်းနိုင်
ဘူးဟု ငြင်းလို့ဖြစ်သည့်ကိစ္စမဟုတ် ... သူရယ်ချင်လာမိသည်

"ဘာစဉ်းစားနေလဲ ဦးမင်း ... မှတ်နောက်နေတယ်ထင်
လား ... "

"မှတ် အတည်ပြောနေတာလား"





"အတည်ပြောနေတာပါ"

"ဒါဆိုရင် ဖြစ်ရမှာပေါ့မှတ် ... မှတ်လိုချင်တဲ့ စိန်တဆင်စာ
တင်ပြီး တောင်းပါ့မယ်"

"ဦးမင်း မေမေက ပေးပါ့မလား ... "

"ပေးရမှာပေါ့ ... မေမေ့မှာလဲ အစီအစဉ်ရှိပြီးသား ဖြစ်ရင်
ဖြစ်မှာပါ ... ၊ ဘာပဲဖြစ်ဖြစ် ... မှတ်ကျေနပ်ဖို့ စိတ်ချမ်း
သာဖို့ ကိုယ်အဓိကထားပါတယ်၊ ဖြစ်ရမှာပေါ့ ... မှတ်"

"ဒါဖြင့် ပြီးရောလေ ... ဦးမင်းက မင်္ဂလာကိစ္စ မှတ်ဖြစ်စေ
ချင်တာတွေရမယ် ဆိုပေမယ့် မှတ်က ဒီတခုပဲ စဉ်းစား
လို့ရသေးတာ၊ နောက်မှ လုပ်ချင်တာတွေ တဖြည်းဖြည်း
စဉ်းစားယူမယ် ... အဲ့ဒီစိန်တွေလဲ တင်တောင်းပြီး အပိုင်
ပေးရမှာနော်၊ နောက်မှ ပြန်ယူတာတို့ ဘာတို့ မလုပ်နဲ့၊
ခဏငှားဝတ်တာမျိုး မဟုတ်ဘူးနော် ... အပိုင်ပေးရမှာ"

မင်းနေပြည်သည် ... မှတ်မျက်နှာကို ချစ်စနိုးကြည့်
င်း တစစရယ်ချင်လာကာ ခပ်အုပ်အုပ်အသံထွက်လျှက် သဘော
ဘကျ ရယ်မောနေမိပါတော့သည်။ အံ့သြစရာကောင်းသော
မိန်းကလေးတယောက်ပါတကား ... ။

* * * * *

"မေမေကလဲ တင်တောင်းဖို့ကို စဉ်းစားထားပြီးသားပါ
... မေမေတို့ဂုဏ်နဲ့ ဘာမှ မတင်ပဲ စကားချည်းသက်သက်
သွားတင်ဖို့လဲ စိတ်မကူးပါဘူး၊ ဒါပေမယ့် မေမေစီစဉ်ထား

တာက ပတ္တမြားလေးတွေမှာ စိန်ကလေးတွေ ရံထား
ရတနာတစုံကွဲ၊ အပ်တောင်အပ်ထားပြီ၊ ရတော့
ပြီးတော့ အဲ့ဒီတစုံထဲမှာ ကြယ်သီးတော့ မပါဘူး …
ခုခေတ်က ကြယ်သီးတပ်တဲ့ ခေတ်လဲ မဟုတ်၊ သူ
ကလေးမလေးဆိုတော့ … ကြယ်သီးကို မစဉ်းစား
ပေါ့ … ”

သူထံမှ စကားကိုကြားရပြီးလျှင် မေမေကို
ပြန်ပြောပါသည်။ သူသည်ရယ်ချင်စိတ်ပဲရှိနေကာ … ဘာ
ပြောရမည်မသိ … ။ ဒေါ်ခင်ခင်ညွန့်သည်သာ မျက်နှာကလေး
တွန့်ချိုးရင်း …

“သူက အဲ့သလို ဖွင့်ပြောပြီး တောင်းတယ်ဆိုတာ သား
လို့သာပဲ … မယုံနိုင်စရာပဲကွယ် … ”

မင်းနေပြည်သည် မေမေ့စိတ်ထဲ အဖုအထစ်
သွားမှာကို နဲနဲမှ မလိုလားပါ။

“သူတောင်းပုံက ကလေးတယောက် မုန့်ဝယ်ပေးနိုင်
ပဲ မေမေ… သူမဝတ်ဖူးဘူးတဲ့ … ဝတ်ရရင် သိပ်ဂုဏ်ရှိ
ပဲဆိုလားပဲ … ရယ်စရာကောင်းပါတယ် … မှတ်
မိသားစုက စည်းစိမ်ဥစ္စာ ငွေကြေး သိပ်မက်မောတတ်
မဟုတ်ဘူးမေမေ … သူ လောဘစိတ်နဲ့ တောင်း
မဟုတ်ဘူးဆိုတာတော့ ကျွန်တော်ပြောရဲပါတယ်၊ သူ
ကလေးဆန်တယ် ထင်တယ် မေမေ … ”





ဒေါ်ခင်ခင်ညွန့်က သက်ပြင်းချရင်း …

“အင်းလေ … သားကလဲ မြတ်နိုးနေပြီ … မေမေကလဲ သဘောကျပါတယ်၊ ကိုယ့်အတွက်လဲ ဒီလောက်ဝန်မကြီးပါဘူး။ အပ်ချိန် ပြုချိန်တော့ မရတော့ဘူးပေါ့၊ မိဘဘိုးဘွား ပစ္စည်းထဲကပဲ ထုတ်ရတော့မှာပေါ့၊ ပတ္တမြားလေးနဲ့ စိန်လေးနဲ့ရော လုပ်ထားတာရော သူ မကြိုက်ဘူးလား မေးကြည့်ပါအုံး … ”

ထိုနေ့ညဖက်ကတော့ မှတ်ထံ မင်းနေပြည်
…း ဆက် လိုက်ပါသည်။

“မေမေကတောင် မှတ်အတွက် တင်တောင်းဖို့ အပ်ထားတာ ရှိတယ်ပြောနေတယ်၊ ပတ္တမြားနဲ့ စိန်နဲ့ရောခြယ်ထားတာ မှတ်များ ကြိုက်မလား မသိဘူး၊ ဒါပေမယ့် ကြယ်သီးကတော့ ခေတ်မရှိတော့လို့ သူထဲ့မအပ်ထားဘူး မှတ်…”

မှတ်ဖက်မှ လေသံကလေးက အပူပင်ကင်းကင်း
…ြည်ကြည်လင်လင် …

“ဟာ … ဦးမင်းမေမေကို ပြောလိုက်ပါ။ မှတ်က စိန်ချည်းပဲ ကြိုက်တယ်လို့ … ပြီးတော့ ကြယ်သီးလဲပါမှ … ခေတ်မရှိတော့လို့ … မှတ်က ပြန်ပြီး ဖက်ရှင်လုပ်ဝတ်ချင်တာပေါ့… သိလား၊ စိန်ချည်းပဲလို့ ပြောလိုက်နော်… ဒါပဲနော်… ဦးမင်း”

မြတ်ကနဲ ဖုန်းချသွားသည်။ မင်းနေပြည် မျက်နှာ

နှစ်ဖက်လုံးပင့်ကာ ပုခုန်းတချက်တွန့်ရင်း … နူတ်ခမ်းစေ့ပြုံးနေ သည်။ လွယ်လွယ်ပေါ့ပေါ့ကလေး အပူအပင်မရှိ တောင်းရမ်း သတ်မှတ်နေလိုက်တာ … ။ သူမ စိတ်ထဲရှိတာကလွဲလျှင် တခြား ဘာကိုမှ သိပ်ရှုပ်ထွေး စဉ်းစားသိတတ် မနေဘူးထင်သည်။ သင့်မသင့်လဲ ဝေခွဲပုံမရ။ ဘယ်လိုကလေးပါလိမ့်မလဲ … ။

အနှောက်အယှက်ရယ်လို့တော့ မဟုတ်ပဲ တအံ့ နွေးနွေးထွေးကာ ထိုတမျိုးကလေးကိုပင် သူက ချစ်မြတ်နိုး ပိုမိုး ပြန်လေသည်။

* * * * *

(၅)

မှတ်တို့ရဲ့ ပါ့ထ်တူး ဖိုင်နယ်လ် စာမေးပွဲကြီးက ဖေဖေါ်ဝါရီလထဲမှာ ဖြစ်သည်။ မတ်လထဲမှာ လက်ထပ်မင်္ဂလာ ကျင်းပဖို့ တိုင်ပင်သတ်မှတ်လိုက်ကာ ဇန်နဝါရီလထဲမှာ စေ့စပ် ကြောင်းလမ်း မင်္ဂလာအခမ်းအနား ဖြစ်ပါသည်။

"စေ့စပ်ပွဲက … ကရဝိတ်မှာ လုပ်မလားလို့ ကိုယ်စဉ်းစား ထားတယ် … စုံစမ်းလိုက်တော့ လူတရာစာ … ထောပတ် ထမင်းနဲ့ ဟင်းစုံကျွေးမယ်ဆိုရင် … "

မင်းနေပြည်က စာရွက်ဖြန့်ကာ သူရေးမှတ်ထား သော အစီအစဉ်များကို လက်ညှိုးလေး တထောက်ထောက် ပြောနေဆဲ မှတ်က ကုလားထိုင်မှာ မှီထိုင်စာကျက်ရင်း နားထောင်





နေရာမှ ဖြတ်ကနဲ စာအုပ်ကို လက်ညှိုးလေးညှပ်ပိတ်လိုက်ကာ…

"ဟာ… ကရဝိတ်ဆိုတာ ရှင်ပြုလုပ်တဲ့နေရာကြီး… ကရဝိတ်မှာ လုပ်ချင်ပါဘူး … "

မင်းနေပြည် ပြောလက်စ … စကားရပ်ကာ မှတ်ကို မော်ကြည့်မိလျက် …

"ကိုင်း … ဒါဖြင့် မှတ်က ဘယ်မှာ လုပ်ချင်သလဲ … "

"မှတ်ကလေ … စေ့စပ်တာတော့ … မြရိပ်ညိုရှိုင်ရယ်မှာ လုပ်ချင်တယ်၊ လက်ထပ်ရင်တော့ နဝရက်မှာ… ဟာကွာ ဆမ်းမစ်ပါ့ခ်ဗျူးက မဖွင့်သေးတော့ နာတာပဲ … အဲ့ဒါကြီး ဖွင့်ရင် မှတ်က ဆမ်းမစ်မှာ လက်ထပ်ချင်တာ … သူက ဒီမတ်လမှာ မဖွင့်သေးဘူးကွ … နဝရတ်ပဲ ထားလိုက်ပါ"

"အင်းယားလိပ်မှာ မလုပ်ဘူးလား … "

"အင်းယားလိပ်က နိုးနေလို့ပါ… နဝရတ်ကို မှတ်မှ မရောက် ဖူးတာ … အသစ်အဆန်းလေးပေါ့ … နော် ဦးမင်း"

မင်းနေပြည်သည် ချစ်စရာကောင်းသော အမူအရာ နှင့် ပြောတတ်လှသူကို ငေးမောရင်း … ခေါင်းထဲရှုပ်သွားသည် တို့ကို သက်ပြင်းတချက်နှင့် ရှင်းထုတ်လိုက်သည်။

"အင်းယားလိပ် မဟုတ်ပဲ နဝရတ်လုပ်ချင်တာကတော့ မှီပါတယ် … ဒါတောင် မေမေက အင်းယားလိပ်မှာ တက်တက်ကြွကြွနဲ့ စရံသွားသွင်းပြီးသား ဖြစ်နေတယ်"

"စရံပေးပြီးပြီးလား … ခြောက်ထောင်မဟုတ်လား၊ ဦးမင်း

တို့အတွက် အာပလာပါကွာ၊ အဆုံးခံလိုက်ပေါ့ ... နဝရတ်မှာပဲ လုပ်မယ်၊ မှတ်ကိုလဲ ကြိုတိုင်ပင်အုံး ဦးမင်းရဲ့ တော်ကြာ မှတ်က ဂျီးများတာနဲ့ စရိတ်တွေ ဟိုဆုံး ဒီဆုံး ဖြစ်နေမယ်၊ အင်းယားလိပ်မှာ လုပ်မယ်လို့ ဦးမင်း မေမေကို မှတ် မပြောမိပါဘူး ... "

မင်းနေပြည်သည် ပုခုံးတွန့်ပြီးရင်း မလှမ်းမကမ်းမှ ဒေါ်လေးကို လှမ်းကြည့်သည်။ ဒေါ်လေးသည် ယားနေသော လျှာကို ကိုက်ကာ အောင့်နေရသော်လဲ မင်းနေပြည်ကို အမှန်ပင် အားနာနေမိပါသည်။ မှတ်က ဒေါ်လေး ဘာမှဝင်မပါရ... ဘာမှ ဝင်အားမနာခံရ ... လို့ ယတိပြတ် အမိန့်တော်ချမှတ်ထားသည် မဟုတ်လား ... ။

"စေ့စပ်ဖို့ကတော့ သုံးပတ်ပဲ လိုတော့တာလေ မှတ်ရဲ့ ... နေ့ကောင်းရက်သာရွေးထားတာက ... နောက်သုံးပတ် မြောက် စနေ မဟုတ်လား ... "

"ရပါတယ် ... မြရိပ်ညိုက လူနဲ့ပါတယ် ... ရအောင်လုပ်ပေါ့ ဦးမင်းရဲ့ ... ဦးမင်းလိုလူပဲ ဒီလောက်တော့ အပျော့ပါ... မြရိပ်ညိုမှာ ဦးမင်းပြောသလို ထမင်းဟင်း ကျွေးချင်ကျွေး ဒါပေမယ့် မှတ်က ဒီကော်ဘလာ စားချင်တယ်နော် ပြီးရင် အဲ့ဒါကျွေးနော် ... "

အရေးထဲ အစားပုတ်နေပြန်တာ ကိုမင်းနေပြည် ရယ်ချင်မိကာ ...





"ဒေါ်လေးရေ... မှတ်ကတော့ ကလေးဆိုးပဲဗျာ... တကဲ့ နော့တီးဂဲလ်နဲ့ လာတွေ့နေတော့တာပဲ ... "

နှုတ်ပိတ်နေသော ဒေါ်လေးကို အတင်းဆွဲသွင်း လိုက်ပါသေးသည်။

"အေးကွယ် ... မှတ်ကတော့ ဂျီကောင်မလေးကွဲ့ ... "

ဒေါ်လေးကလဲ သူ့စကားကို ထောက်ခံရုံကလွဲလို့ ဘာမှ ဝင်မကန့်ကွက် မဟန့်တားပါ... ။ ရှိစေတော့ ... ၊ မင်းနေ ပြည့်သည် စာရွက်ပေါ် မြရိပ်ညိုရှိုင်ရယ်လ်ဆိုတာ ချရေးလိုက်ရင်း စာလုံးကို ကွင်းဝိုင်းကြီးနှင့် အထပ်ထပ် ဘောင်ခတ်ရေးခြစ်နေမိ သည်။

* * * * *

"တကယ့်မှတ်ပဲကွာ... အချိန်ဖြင့် ဆယ်ရက်ပဲလိုတော့တာ အကျီမချုပ်ရသေးဘူးတဲ့ကွာ ... "

ညည်းညူးလိုက်မိသော မင်းနေပြည်မှာ ဘယ်ဖက် လက်မောင်းတဖက် တအုံးအုံး ဆင့်ကာဆင့်ကာ အထုခံလိုက်ရ သည့်အတွက် မထင်မှတ်ပဲ လန့်တောင်သွားသည်။

"ဘာလဲ ... မှတ်ရဲ့ ... "

"ဘာဝတ်မလဲလို့ ဦးမင်းက မေးလို့လား ... လိုက်ချုပ်ပေး လို့လား၊ ခုမှမေးတာကိုး ... "

မျက်ရည်ဝဲဝဲကြီးဖြင့် ရန်တွေ့လိုက်သော် မင်းနေ ပြည်ပင် အပြစ်ရှိသကဲ့သို့ ဖြစ်သွားရပြန်သည်။

"ကိုယ်မေ့နေလို့ပါ မှတ်ရယ် ... "

"အမေ့ခံနေတာများ၊ မှတ်ဘာသာ သွားဝယ်ချပ်ဖို့ လွှတ်ထားတာများ၊ သွားဖို့တယ်မှာလဲကား၊ ဖေဖေကလဲ မောင်းပို့နိုင်မလား၊ မှတ်ဘာသာဝယ်ရရင် ... အစုတ်အပြတ်ပဲ ဝယ်လာရမှာပေါ့၊ မှတ်မှာ ပိုက်ဆံမှ မရှိတာ ... ဦးမင်း ဘာသာ အသိစိတ်နဲ့ ကြိုကြိုတင်တင် မေးပြီး ဝယ်ပေးပေါ့၊ သူကပဲ အပြစ်တင်ရသေးတယ် ... ကဲ ... ကဲ"

"ကိုယ့်လက်မောင်းတွေ နာလှပါပြီ မှတ်ရယ် ... "

နာလောက်ပေသည်။ ချစ်သူချင်း ကျီစယ်သလို မှတ်က ထုတာမဟုတ်။ တကယ့်ကို အညှိုးကြီးနှင့်ထုတာ ... ။ လေးငါး ခြောက်ချက် ခုနစ်ချက် ... ရှိမည်။

"တော်သေးတာပေါ့ အခုမေးလို့ ... မစေ့စပ်ခင်တရက်မှ ကပ်မေးရင် မှတ်ကတော့ ... ဝတ်စရာမရှိလို့ အစုတ်တော့ မဝတ်ဘူး၊ စေ့စပ်ပွဲ ရက်ရွှေ့မှာပဲ ... "

အမလေး ... တော်ပါသေးရဲ့။ အခုမေးမိလို့။ မင်းနေပြည် သက်ပြင်းချရသည်။ သူတကယ်ပဲ ခေါင်းထဲမရှိတာပါ။ သူ့ဖို့ ပုဆိုး တိုက်ပုံတောင် မေမေနှင့် စပယ် စီစဉ်နေကြတာဖြစ်သည်။ ဒီမနက်မှ စပယ်က 'မှတ်ကဘာရောင်ဝတ်မှာလဲ ... ဘာဝတ်မှာလဲ... 'မေးသဖြင့် သူ မှတ်ကို သတိတရမေးဖြစ်တာပါ။ ဒါဟာ သူ့အောက်သက် မကြေမှု သက်သက်ပါ။ မှတ် အထင်လွဲမှာကိုတော့ သူမခံလိုပါ။





ကားမောင်းရင်း တလမ်းလုံး အထုခံလာရသည့်အတွက် စကော့ဈေးရောက်လျှင် မင်းနေပြည် လက်မောင်းတဖက်တောင့်နေသည်။

"ကဲ ... မှတ် ကြိုက်တာလိုက်ကြည့်ဝယ် ... "

"ပိုက်ဆံယူခဲ့လို့လား ... "

"တသောင်းလောက်တော့ ဆောင်နေကျမို့ အမြဲပါပါတယ်"

"လောက်မယ် အားကြီး ... မှတ်ဝတ်ချင်တာရှာပြီးသား၊ တကိုက်ခြောက်ထောင် ... "

"ဒါဖြင့် လောက်တာပေါ့ ... "

"တကိုက်ကိုပြောတာ ... တကိုက်။ တကိုက်နဲ့ မှတ်က ဘယ်လို လုံအောင်ပတ်ထားရမှာလဲ၊ အင်္ကျီလုံချည်အတွက် ... သုံးကိုက်ခွဲကုန်မယ် ... အဲ့ဒါ နှစ်သောင်းတထောင်ကျတယ်... အောက်ခံ ပိတ်စဖဲက တကိုက်နှစ်ရာ သုံးကိုက်ကုန်မယ်၊ ခြောက်ရာ ... "

"နှစ်သောင်းနှစ်ထောင်နီးပါးပေါ့"

"ပြီးသေးဘူး ... "

အံ့သြပြီး မျက်ခုံးတဖက်ပင့် နားစွင့်နေမိသည်။

"ဖိနပ်က အီတလီကလာတဲ့ ရှူး ... အစစ်သိလား၊ ပိတ်စကဇာလေးနဲ့ တရောင်ထဲ ... ခုနစ်ထောင်တဲ့ ... ပြီးတော့ မှတ်လက်ကကိုင်ဖို့ လက်ကိုင်အိတ် ... ဒီမှာ ဘော်ကြယ်ထိုးတာတွေ မဟုတ်ဘူး ... တအိတ်လုံး အဖုအဖုထအောင်

ကပ်ထားတာ ... သိပ်လှတယ် သိလား၊ အဲ့ဒါက ဈေးနဲ့နဲ့ ကြီးသွားတယ် ... တသောင်းတထောင်ကို ငါးရာလျှော့ ပေးနိုင်မယ်တဲ့ ... ၊ မှတ် အားလုံး လိုက်ကြည့်ပြီးသား။ ပိုက်ဆံမရှိသေးလို့ ဦးမင်း မပြောသေးလို့ မဝယ်ရတာ"

"ဖြစ်မှ ဖြစ်ရလေ မှတ်ရယ် ... "

မင်းနေပြည်သည် အရိုးခံဝန်ခံလေခြင်းဟု ... မှတ်ကို အားနာစွာ ဝရုဏာသက်မိပါသေးသည်။

"လေးသောင်းပေါ့ အားလုံး ... "

"အင်္ကျီချုပ်ခ ... အမြန်ကြေးပေးရတော့မယ်၊ နမြောစရာ အဲ့ဒါ ဦးမင်းကြောင့်"

"ဘယ်လောက်လဲ ... "

"သုံးထောင်လောက် ဖြစ်မယ် ... "

လေးသောင်းဖိုးလောက် စိတ်နှင့် ဝယ်ခြမ်းပြီးသော် သုံးထောင်ကို နမြောသည်ဆိုသဖြင့် မင်းနေပြည်က ကြိတ်ရယ် မိလေသည်။ သူနမြောတာတော့ မဟုတ်ပါ ... သို့သော် မိန်းမ တယောက် ခေစပ်ဖို့ကိစ္စ ဒီလောက်ပိုက်ဆံကုန်တာကို တခါမှ မကြားဖူးသဖြင့် အံ့အားသင့်နေသည်။

"ကဲ ... ဝယ်လေ ... "

"ပိုက်ဆံဖြင့် သူမှာ တသောင်းထဲ ... "

ပြောပုံလေးက ...။ မင်းနေပြည် ... မှတ်ရဲ့ လက်က လေးကို ဆုပ်တွဲလိုက်သည်။





"မင်းကိုလေ ... သိပ်ချစ်တယ်သိလား မှတ် ... "

ဈေးလယ်မှာ မအောင့်နိုင်ပဲ မရှက်နိုင်ပဲ လွှတ်ကနဲ ဖွင့်ပြောလိုက်ပါလေသည်။

"မိန်းလမ်းမကြီးမှာ မိတ်ဆွေ ရတနာဆိုင်တဆိုင်ရှိပါတယ်၊ ပိုက်ဆံလိုသလောက် ဝင်ယူလို့ရတယ် ... ဝယ်ချင်တာ ဒါပဲလား၊ တခါထဲ စဉ်းစားအုံး ... ကလေးမ တချီထဲ ဝယ်သွား ... နောက်တကြိမ်ထွက်ဝယ်ရရင် စာကျက် ပျက်နေအုံးမယ် ... "

"ဒါပါပဲ ဦးမင်းရယ် ... အဲ့ဒီနေ့ မှတ်ပန်ဖို့ သဇင်ပန်းတော့ ဦးမင်း တပည့်တယောက်ယောက် ရှာခိုင်းပေါ့၊ နှစ်ဆယ့်ငါး ခတ်နော် ... မှတ်ရဲ့ သက်ဇော၊ ပြီးတော့ မမေနဲ့အုံး မှတ် အလှပြင်ဖို့ မိတ်ကပ်ဆရာ ရက်သွားချိန်းရမယ်၊ အဲ့ဒီနေ့ အိမ်ကို ပို့ပေး၊ ပြီးတော့ ဓါတ်ပုံဆရာ ... ဗီဒီယိုအဖွဲ့တွေ ကြိုစီစဉ်ထားအုံး ... ဘာမှ မေ့မနေနဲ့အုံး ... တခါထဲ သူများက လိုက်ဦးဆောင်နေရတော့မယ် ... "

"အလုပ်ခွင်မှာ ဦးဆောင်ဦးရွက်လုပ်ရ စီမံရတာ ကိုယ်မော လှပါပြီ မှတ်ရယ်၊ အပြင်ကိစ္စ ... အိမ်ထောင်ရေးကိစ္စမှာ တော့ ... မှတ်ပဲ ဦးဆောင်စီစဉ်သွားတော့နော် ... ကိုယ် အားလုံး လိုက်နာပါ့မယ် ... "

ရီညွတ်သော မျက်လုံးများမှာ ဒလဟော ဖိတ်သွန် ကာ မှတ်ကိုယ်ပေါ် အုပ်မိုးဖုံးလွှမ်းကျလာသလိုရှိသည့် ချစ်မေတ္တာ

အငွေ့ အသက် အထုအထည်ကြီးကို တစိမ့်စိမ့် ခံယူလိုက်ပြီး နောက် ... ထိုလူကို မှတ် ... သန့်ရှင်းသော အားနာသနားမှုဖြင့် ငေးကြည့်မိပါသည်။

* * * * *

"ဒီမှာလေ ကိုကို... စောစောကပဲ ... မှတ်ဝင်ပေးသွားတဲ့ ဖိတ်စာနမူနာ ..."

စပယ့်စကားကြောင့် မင်းနေပြည်က အပေါ်ထပ် တောက်လျှောက် တက်သွားတော့မည်ပြုရာမှ ခြေလှမ်းတုံ့ကာ ဧည့်ခန်းထဲ ပြန်လျှောက်လာသည်။

"ဒေါ်သန်းရေ ... ဒီအိတ်လေး ကျွန်တော့ အခန်းထဲ ထားပေးပါ ..."

ဒေါ်သန်းက မင်းနေပြည်လက်ထဲမှ သားရေအိတ် အညိုပြောင်ပြောင်ကြီးကို ယူကာ အပေါ်ထပ်တက်သွားတော့သည်။ စတစ်ကော်လာမှ အပေါ်ဆုံးကြယ်သီးဖြုတ်ကာ အသက်ဝဝရှူ လိုက်ပြီး ကုလားထိုင်တစ်ခုမှာ သူဝင်ထိုင်လိုက်ပါသည်။

"မှတ်ဆိုတဲ့ မိန်းကလေး တော်သလားမှတ်ပါတယ် ... ခုတော့ ထင်တာနဲ့ တမျိုးစီ ဖြစ်နေပါလားသား ..."

"ဗျာ ... ဘာဖြစ်လို့လဲ မေမေ ..."

ရှေ့မှာ ထိုင်နေသော မေမေ့ကို သူအလန့်တကြား ကြည့်လိုက်မိသည်။ မေမေက ဖိတ်စာကို မမြင်လိုဟန်နှင့် တဖက်တို့ မျက်နှာလှည့် မျက်ခုံးတွန့်ထားရင်း ...





"မင်းပြောတော့... ငွေမမက်ဂုဏ်မမက်တဲ့ မိန်းကလေးမျိုး ဆိုနေပြည် ... ၊ ခုထိ မြင်နေရ ကြားနေရသမျှတော့ ... ငါတို့ကို သူ့ငွေးဆိုပြီး အညှိုးနဲ့များ ဖြန့်တီးနေသလား တောင် ထင်ရတယ် ..."

မင်းနေပြည် မျက်နှာပျက်ပျက်နှင့် ဖိတ်စာကို လှန် ကြည့်နေလိုက်သည်။ သူသိပါသည်။ သို့သော် ချစ်မြတ်နိုးသူကို သူမပြောရက်ပါ။ မှတ်ရဲ့ အဆိုးကလေးများကို သူ့ရဲ့သည်းညည်း ခံ အနွံတာခံနိုင်မှု မေတ္တာအားကလုံလုံခြုံခြုံ ဖုံးလွှမ်းနေပြီ ဖြစ်လေ သည်။

"စေ့စပ်တုံးကတောင် တကိုက်ခြောက်ထောင်တန် ပိတ် စဝတ်ရင် လက်ထပ်ပွဲကျဘာများ ဝတ်မလဲ ငါသိချင် တော့တယ်...၊ မင်းဝယ်ပေးတာက တမျိုး... သူပူဆာတာ ကတမျိုး၊ စရံတွေလဲဆုံးလိုဆုံး ...၊ အကောင်းဆုံးမှ ဒင်မှ သူက လက်ခံတယ်၊ မင်္ဂလာဧည့်ခံပွဲကျရင် နဝရတ်မှာ သူ ထည့်မယ်ဆိုတဲ့ အစားအသောက်စာရင်းနဲ့ လူခြောက်ရာ စာကုန်ကျစရိတ်တွက်လိုက်တော့... ဆယ့်နှစ်သိန်းကျော် နေတယ်၊ တယောက်နှစ်ထောင်ဖိုး မကဘူး၊ ဒါနေရာထိုင် ခင်းအတွက် ခန်းမကြေး ... မီးကြေး ... တီးဝိုင်းကြေး ဘာမှ မပါသေးဘူး၊ အစားအသောက် တခုထဲ သက်သက် ဆယ့်နှစ်သိန်းကျော်၊ ဒါကို ရင်မလို့မှ မအေးသေးဘူး၊ အခုလာပြန်ပြီ ဖိတ်စာ ..."

မင်းနေပြည်သည် လှပလွန်းသော ဇာပေါက်ဖိတ်စာ
လေးကို ငေးကြည့်ပွတ်သပ်နေမိလေသည်။
"ဒါ သူ့အကြိုက် ... သူက ကနေဒါကို လှမ်းမှာလိုက်တာ
တဲ့ ... သူ့ သူငယ်ချင်း ဟိုမှာရှိလို့ ... ဟိုက ဝယ်ပို့မယ်တဲ့
ဖိတ်စာလေးရောမှာလိုက်တယ်တဲ့၊ တစောင်ကို တဒေါ်လာနဲ့
ကိုးဆယ်ကျတယ်၊ နှစ်ဒေါ်လာဆိုကြပါစို့... အပြင်ကတ်
ချည်းပဲ၊ အထဲက စာသားက ဒီမှာပဲ စာရွက်ဖြူမှာ ရိုက်ပြီး
ရောက်လာတဲ့ ကဒ်တွေ အလယ်မှာ ကပ်ရမှာတဲ့လေ
အလယ်စာရွက်ဖိုးရိုက်ခ... မပါသေးပဲ ဖိတ်စာကဒ်ချည်း
ပဲက တသိန်းနားကပ်နေပြီ ... နေပြည် အဲ့ဒါ မင်းလာရင်
ပြပါတဲ့၊ ကနေဒါက ဒီလိပ်စာကို ငွေလွှဲပို့ ပေးပါတဲ့... တဲ"
ဒေါ်ခင်ခင်ညွန့်မျက်နှာမှာ အခံရခက်သလို ဖြစ်နေ
သည်။
"ဒီမှာ ခြောက်ဆယ်တန်ဆို အကောင်းစား ဖိတ်စာလှလှ
ရနိုင်နေပါပြီ ... အလွန်ဆုံးတရာပေ့ါ၊ သူက ဇာချဲ့လွန်း
တယ်ကွယ်၊ ပြီးတော့ မင်္ဂလာဆောင်မှာ ကမ်းဖို့
စီစဉ်ထားတာက ကားရှေ့မှန်မှာကပ်တဲ့ အရုပ်လေးတွေ
ဆို ... သူထုတ်ပြသွားပါရဲ့၊ မင်းကို ပြောပြီးသားတဲ့
ကပ္ပလီလေးတွေ၊ ဂျပန်လေးတွေ၊ တရုပ်လေးတွေ ...
ဝတ်စုံလေးတွေနဲ့ အရုပ်တန်းလန်းကလေးတွေလေ၊
မင်္ဂလာဈေးမှာ ယူမယ်ဆို၊ နဲနဲသေးတာက ရှစ်ဆယ်၊ နဲနဲ





ကြီးတာက တရာ့တစ်ဆယ်နဲ့ ရမှာဆို ... "
မင်းနေပြည် ခေါင်းကို ခပ်လေးလေးညိတ်ရင်း ...
"သူလုပ်ချင်တယ်ဆိုတာနဲ့ ... "
"ကိုယ်တိုင်ပိုက်ဆံရှိတယ် ဆိုပေမယ့် သူဖြုန်းနေသလို
တခါမှ ဖောဖောသီသီ ဒလဟော မဖြုန်းဖူးပါဘူးတော်၊
သူ့လက်ထက်ကျမှပဲ ... "
"သူ့ဟာက မသုံးစဖူး ဒလကြမ်းသုံးနေသလို ဖြစ်နေပြီ
ကိုကိုရဲ့ ... "
စပယ်က အဲ့သလိုပြောလိုက်တော့လဲ သူ့မှာ မှတ်ကို
ငြင်ယောင်သနားရပြန်သည်။
"တချို့ဟာတွေ ပိုနေမှန်း ကျွန်တော်သိပါတယ် မေမေ ...
ဒါပေမယ့် စပယ်ပြောသလိုပါပဲ၊ သူက ပူဆာရင် ... ဒီလို
မဝတ်ဖူးလို့ ... ဒီလိုမလုပ်ဖူးလို့ ... ဆိုပြီး သနားစရာလေး
နှမ့်နှမ့်ချချပြောပြီး ပူဆာတော့ ကျွန်တော်လဲ သနားတဲ့စိတ်
နဲ့ လိုက်လျှောလိုက်မိတယ် ... သူကလဲ ပြောပါတယ်၊
ဒီမင်္ဂလာကိစ္စတခုပဲ ... သူ့ဘဝမှာ မင်္ဂလာရှိစရာ ရှိတော့
တာတဲ့ ... သူ့စိတ်တိုင်းကျ ကျေကျေနပ်နပ် ဖြစ်ချင်တယ်
ဆိုတော့လဲ ... "
"အမလေးတော် ... သူ မင်္ဂလာရှိချင်တိုင်း ငါ့စည်းစိတ်ပြုတ်
ရတော့မှာလား ... "
"စည်းစိမ်တော့ မပြုတ်လောက်ပါဘူး မေမေရယ် ...

လက်ထပ်ပြီးရင်တော့ တခြားလဲ သုံးစွဲစရာ မရှိပါ
ကျွန်တော်တို့လဲ ဝင်ငွေကောင်းသားပဲ ... "

"အင်းလေ ... လုပ်ငန်းတွေကို မင်းပဲ ဦးစီးဦးဆောင်လုပ်
ကိုင်နေရတာ၊ မင်းရှာဖွေနေရတာကို၊ မင်းမင်္ဂလာကိစ္စ
ထိုက်ပါတယ်၊ ပြောရတာကလဲ ... သိပ်တရားလွန်လာ
စိုးလို့ပါပဲ ... မင်းက သိပ်ချစ်လို့ လိုက်လျောနေရတာ
ကျေနပ်နေရင်ပြီးတာပါပဲ ... မင်းပါအောင့်သက်သာ
မငြင်းချင်တာနဲ့ ခေါင်းညိတ်နေရမှာပဲ စိုးတယ် ... "

"မစိုးနဲ့ မေမေ၊ ကိုကိုက မှတ်ကို သိပ်ချစ်နေပြီ ... သူ့မျက်
နှာလဲ ကြည့်ပါအုံး၊ စပယ်တို့ ဘာရယ်ကြောင့် မှ ပြော
တာ မဟုတ်ပါဘူး ကိုကို၊ မေမေက လူကြီးဆိုတော့
တသက်လုံးလဲ စည်းကမ်းနဲ့ သုံးလာတော့ ... နှမြော
မှာပေါ့ ... "

"ကျွန်တော် နားလည်ပါတယ် မေမေ ... သူဆိုးနဲ့ပူဆာ
တာတွေ တချို့ နည်းလမ်းမကျတာ သိပါတယ် ... "

"သိသိနဲ့ လိုက်လျောချင်သပ ဆိုတော့လဲ ရှိစေတော့
သားရေ ... "

မင်းနေပြည် သက်ပြင်းတချက်ချကာ မျက်နှာ
သလိုလို ရှိနေမိပါသည်။ ချစ်လို့ လိုက်လျောနေတာအပြင် မင်း
ပြည်မှာ အကြောင်းရှိပါသေးသည်။ မှတ်ကိုမို့ ... ဒီလို သူ့
အခွင့်ပြုထိုက်သည် ပြုသင့်သည် ထင်မိတာကြောင့်လဲ ဖြစ်



စေတနာစာပေ



သည်။ ဒါကိုတော့ ... မေမေတို့ထံ သူဖွင့်ပြောဖို့ မရည်ရွယ်ပါ။
မေမေတို့ မသိကြပဲသာ နေပါစေ။ မှတ်ကိုယ်တိုင်ပင်လျှင် သူ့ကို
ဖွင့်မပြောပဲ လျှို့ဝှက်ထားတာမို့ သူက သိပေမယ့် တခြားသူတို့ကို
တော့ မသိစေလိုပါ။

"ဘာပဲဖြစ်ဖြစ် မေမေရယ် ... ကိုကိုက အသက်လဲကြီး၊
ပြောရမယ်ဆိုရင် နှလုံးရောဂါသည်လိုလဲ ဖြစ်နေတဲ့သူပါ၊
မှတ်က ငယ်ငယ်ရွယ်ရွယ် ဖူးဖူးထွတ်ထွတ်လဲဖြစ်၊ ကိုကို့
တသက်လုံး ကျန်းမာရေးကိုလဲ အနီးကပ်ပြုစုသွားနိုင်မယ့်
ဇနီးမို့။ မှတ်ကိုရတာ ကိုကို့အတွက် ကံလဲကောင်း အဆင်
လဲ ပြေပါတယ်၊ မေမေလိုချင်တဲ့ မြေးလဲ... ဒီချွေးမ
မွေးထုတ်ပေးမှရမှာ မဟုတ်လား ... ကျေနပ်လိုက်ပါ"

ဒေါ်ခင်ခင်ညွန့်က မျက်နှာပြင်ရင်း ...

"အေးပါအေ ... စပယ်ပြောတာ ဟုတ်ပါတယ်၊ ဆရာဝန်မ
ဖြစ်လို့ နေပြည့်အတွက်လဲ စိတ်ချရ ... ငါလဲ မြေးလေး
ဘာလေးရနိုင်မှာ ... ဒီချွေးမပဲ ဖူးဖူးမှုတ်ထားရမလို
ဖြစ်နေပြီ၊ ညည်းမှ အသုံးမကျတာ ... "

စပယ်က တဟင်းဟင်းရယ်နေသည်။ ဒေါ်ခင်ခင်
ညွန့် မှာလဲ ငယ်စဉ်ကတော့ မာန်စွယ်တလူလူနှင့် ထက်မြက်
ခက်ထန် ဂုဏ်မောက်ခဲ့သလောက်... ခုတော့ ကျစပြုခဲ့ပါပြီ၊
ကိုယ့်ဉစ္စာ စည်းစိမ်တွေဟာ ကိုယ်ဘယ်လောက်ဂုဏ်မောက်နေနေ
ဆက်ခံ သူမရှိပဲ မဟုတ်လား။ သူဆန္ဒ ပြင်းပျခဲ့သော သားရဲ့

စေတနာစာပေ

အိမ်ထောင်ရေးလဲဖြစ်နေ... အသက်ကြီးအရွယ်ကျချိန်လဲ ဖြစ်နေ
သဖြင့် စိတ်ကို ချိုးချနိုင်လိုက်ရပါသည်။

ကဲလေ ... ဖြုန်းပါစေ ... ဖြုန်းပါစေ။ သမီးကြီး
နှင်းဆီမှတဆင့် သားမက်တယောက်ရပေမယ့်၊ သားမက်
သာသိဘာသာ သားမက် ... ။ သူ့ငွေလဲ မထောက် ... ကိုယ့်ငွေ
လဲ မသုံး။ လုံးလုံးကြီး သီးသန့်နေတတ်သည့်အပြင် နိုင်ငံခြား
ထွက်သွားကြပြန်တော့ ပိုလို့ဝေးသည်။ ကျန်သားသမီးနှစ်ယောက်
ထဲက ... ဒီချွေးမတယောက်သာရဖို့မြင်သည်။ စပယ်နှင့် ပတ်သက်
၍လဲ သားမက်ရတော့မည် မထင်။ ဒီတော့ တဦးတည်းသော
ရှားရှားပါးပါးချွေးမ ... ဖြုန်းချင်ဖြုန်းပါလေတော့ ... ။သား
ရှာနိုင်သားပဲ ... ။ ဒီလိုပဲ သဘောထားရမည်။

"လက်ထပ်ပြီးတော့ရော... တိုက်တလုံး ကားတစီး သီးသန့်
ခွဲတောင်းဦးမှာလား ... "

စိတ်လျှော့သည့်ကြားက သိချင်တာကို မေးရသေး
သည်။

"ဆယ်မိုင်မှာ ကျွန်တော်ဆောက်ထားပြီး မရောင်းရသေး
ခြံနဲ့တိုက်လေးရှိတယ်... မဟုတ်လား၊ အဲ့ဒီမှာ ခွဲနေမလား
မေးပါသေးတယ် ... "

"ဘာတဲ့လဲ ... "

ဒေါ်ခင်ခင်ညွန့် စိတ်စောစောနှင့် မေးရသည်။

"အဲ့ဒီခြံနဲ့ကပ်ရက် ခြံကလေးက မှတ်တို့ခြံကလေး မေမေ





အိမ်လေးကတော့ သေးသေးပါ ... "

"အင်း ... "

ထိုခြံမှာ သူ မှတ်ကို စတွေ့ရတာပဲလေ။ သူက ...
အဲ့ဒီတလောက ထိုအိမ်သစ်လေး လုံးဝအပြီးအစီး အချောသတ်စဉ်
ရက်နှစ်ရက်မျှ သွားအိပ်ဖြစ်ခဲ့ပါသည်။ နောက်မှ စကားစပ်မိ
ကာ ... မှတ်တို့က အဲ့ဒီတလောက ... ထိုခြံလေးကို ရောင်းကြ
လို့ ... ညအိပ်ညနေလာရောက်ရှင်းလင်းခြင်း ဖြစ်သည်။
ယ်ထားတာလဲ ဟိုးတုန်းက ဈေးပေါပေါနှင့်။ အသုံးလဲ မပြုတော့
ရောင်းချကာ ဦးကျင်တီထံကိုပဲ ငွေထပ်ထည့်ထားလိုက်မည်
စိတ်ကူးနှင့် တူအရီးနှစ်ယောက် လာရှင်းလင်းကြတာ ဖြစ်သည်။

နောက်တော့ ... လာကြည့်သူ တဦးစ နှစ်ဦးစက
နှစ်သက်သဖြင့် ရောင်းမထွက်ပဲ ခုထိ ဒီအတိုင်းရှိသေးဆဲ ...

"အိမ်ခွဲနေချင်ရင် သူတို့ပိုင်ဆိုင်တဲ့ ခြံလေးအိမ်လေးမှာလဲ
နေလို့ရပါတယ် ... တဲ့"

"အင်း ... "

"ဒါပေမယ့် မှတ်က သီးသန့် မနေချင်ဘူး မေမေ ... "

"ဘာလဲ... သူ့ အဖေအိမ်ကမခွဲဘူးလား၊ သားက လိုက်နေ
ရမှာလား ... "

"မဟုတ်ဘူး မေမေ၊ သူ ဒီအိမ်ပေါ် တက်လာမှာပါ ... "

"အော် ... "

ဒေါ်ခင်ခင်ညွန့် အံ့လဲသြ စိတ်လဲ အေးသွားသည်။

အဖေတခု သမီးတခုမို့ အဖေနှင့် မခွဲပါဘူးဆိုလျှင် သူ့မှာ သူ့သား ကြီးကို ခွဲကာ လွှတ်ထည့်လိုက်ရမှာကို အင်မတန်ပူပန်နေမိတာ ပါ။ ဒီအိမ်ပေါ်တော့ မှတ်က အတူလာနေချင်မည် မထင်ခဲ့တာ။

"အဲ့ဒါတော့ မဆိုးပါဘူးလေ ... "

အိမ်ပေါ် ဆရာဝန်တယောက်ရောက်လာမည် ကိစ္စကို ဒေါ်ခင်ခင်ညွန့် သဘောကျသွားရပါသည်။

"ကဲ ... ကဲ ... သားလဲနားအုံး၊ နေထိုင်ရော ကောင်းရဲ့ လား ... "

"ကောင်းပါတယ် မေမေ ... "

သူထိုင်ရာမှထရပ်ကာ ဖိတ်စာလေးယူပြီး အပေါ် ထပ်တက်ဖို့ ပြင်သည်။ လှေကားရင်းနားအရောက် ဖုန်းမြည်သံ ကြောင့် သူပဲ ကောက်ကိုင်လိုက်ပါသည်။

"ဟယ်လို ... "

"ဦးမင်းလား၊ ပြန်ရောက်ပြီပေါ့ ... "

"မှတ် ... ကိုယ်ခုပဲ ပြန်ရောက်တယ် ... "

"ဖိတ်စာတွေ့လား ဦးမင်း ... လှရဲ့လား ... "

"တွေ့ပါတယ်၊ လှလဲလှပါတယ်၊ ဈေးကြီးတာလေး တခု ပါပဲ ... အဟင်း ... "

"ဈေးကြီးတာများ ဦးမင်းအဖို့ အရေးလုပ်လို့၊ မှတ်ပြောစရာ ရှိသေးတယ် ဦးမင်းရဲ့၊ ထိုင်မသိမ်းချုပ်ဖို့လေ ... မှတ်က





ကြိုးကြိုးချိတ်နဲ့ မချုပ်ဘူး၊ ဇာနဲ့ပဲ ချုပ်မယ်၊ ဇာဖြူဖြူကလေး တခုလေ ... အုပ်လိုက်ပေါ့ ... အင်္ဂလန်သံရုံးက အရာရှိ တယောက် အပြန်မှာ ရောင်းဖို့ သယ်လာတယ်၊ ဈေးကြီး လို့ ဘယ်မှ မသွင်းရသေးဘူး ဖြစ်နေတယ်၊ မှတ် သတင်း ရပြီးပြီ၊ အဲ့ဒါ ဦးမင်း သွားဝယ်ပေးပါလို့ ... "

"ကိုယ်မှ အဲ့ဒီ အရာရှိနဲ့ မသိတာ မှတ်ကလေးရယ် ... "

"မှတ်လဲ လိုက်မှာပေါ့၊ ဖေဖေ့မိတ်ဆွေ ဆရာဝန်မကြီး တယောက်နဲ့ အဲ့ဒီအရာရှိကတော်က ခင်တယ် ဦးမင်းရဲ့၊ သူလိုက်လာပေးမယ်၊ ဦးမင်း အဲ့ဒါ နက်ဖြန် ညနေ အချိန် ပေးနော်၊ ဒီထက်နောက်ကျလို့ မရဘူး ... မှတ်လေ မြင် တာနဲ့ အရမ်းကြိုက်နေတာ ... ဒါတောင် နမူနာ အစပြတ်လေးပဲကြည့်ရတာ ... နက်ဖြန်နော် ... ပိုက်ဆံလဲ ယူခဲ့ဦး၊ ဦးမင်းမေမေလဲ ပိုက်ဆံကုန်လို့ သွေးတက်နေအုံး မယ် ... ချော့ပြောလိုက်ဦးနော် ... ဒါပဲနော် ... ဦးမင်း"

တဖက်မှ ဖုန်းချသံကလစ်ကနဲ ...

မင်းနေပြည် သက်ပြင်းတချက်ချကာ ဖုန်းကို ...းဖြည်းတင်လိုက်ရသည်။ သူ့စိတ်တိုင်းကျ ဖြစ်ရှာပါစေဟု ...ာနာပိုမိသူကို တဇွတ်ထိုးမလေးက ထင်တိုင်းကျဲပေတော့မည်။

* * * * *

စေ့စပ်သည့်နေ့မှာ မှတ်ဝတ်ဆင်လာခဲ့သည့် မှန် ...ွန်စပေါ် ပုလဲလုံးစိန်ပွင့်တွေ ကော်နှင့်ကပ်ထားပြီး ပန်းခက်

ငွေချည်တွေ ထိုးထားသည့် ပိတ်စကို စပယ့်မှာ လှလိုက်တာ တအံ့တသြ ကြည့်နေရပေသည်။ သူ့မှာ အပျိုကြီး ဉာဉ်ကလဲ ဒါ နေတော့ အလှအပလဲ ဒီလောက် ဝါသနာ မထုံလှပါ။ မေ ဝယ်လာသော ကြိုးကြိုးချိတ် ဒူးနားဆိုသည့် လေးထောင်တ ထဘီကိုပင် ဈေးကြီးသည်ဟု သူက ထင်သေးသည်။

အဝတ်အစား ဝါသနာမပါသော စပယ့်ကို အ ရွယ်ရွယ် ဘဝထဲက ဘာမှ သိပ်မဆင်ခဲ့ရပါ။ ပိုက်ဆံကို စည်း နှင့် တိုင်းသုံးသော မေမေကလဲ ပူဆာလျှင်ပင် မရပါ။ တကို ခြောက်ထောင်ဆိုသည့် ပိတ်စကို ဒိတ်ဒိတ်ကြဲ လူချမ်း စာရင်းဝင် သူဌေးမကြီး ဒေါ်ခင်ခင်ညွန့်၏ သမီး စပယ်မှာ တစ်ကြိမ်ပဲ အနီးကပ်မြင်ဖူးပါသည်။

ဒါဖြင့် မင်္ဂလာဆောင်အတွက် ဝယ်သည်ဆို ခုနှစ်ထောင့်နှစ်ရာတန်ဇာမှာ ဘယ်လိုဇာမျိုးပါလိမ့်။ မင်းနေပြည် အပြောအရ နှင်းဆီပန်းပုံ ဇာသားပိတ်စ အိအိကလေးပေါ် အ သို့ အငုံလိုက် ဖူးကြွနေသော သီးသန့်နှင်းဆီဖူးလေးတွေနှင့် စိန် ကလေးတွေ သပ်သပ်ထပ်ကပ် ထားတာမျိုးတဲ့။

မှတ်ကလဲပဲ ပြောပလောက်အောင်ကို လှပလှ သဖြင့် ငေး၍ကို နေရပါသည်။ စပယ့်တို့ ဆွေမျိုးများကလဲ မှတ် ကို လှလိုက်တာ လှလိုက်တာ ချီးမွမ်းကြသဖြင့် မင်းနေပြည် မျက်နှာမှာ ပြုံးတုံးတုံးဖြစ်နေသည်။

"မှတ်... မှတ်ဖေဖေကို ပြောလိုက်ပါအုံး၊ ဒီကပြီးရင်





မမတို့အိမ် ခဏလိုက်ခဲ့ဖို့..."

"ဖေဖေရောလား မမစပယ်..."

"ဟင့်အင်း၊ မှတ်ပဲလေ...၊ အိပ်ရာခမ်းနား ကိစ္စ မေမေက ပြောမလို့တဲ့... ၊ မှတ်ကို ပြမလို့ ဆိုလားပဲ... "

"အော်... ဦးမင်းမေမေကလဲ ဒုက္ခရှာလို့၊ ကိုယ်တိုင် ဝင် လုပ်နေရလား၊ ခဏနော် ဖေဖေ့ကို သွားပြောလိုက်ဦးမယ်"

ဖခင်ကို သွားပြောလိုက်အပြီး ဒေါ်လေးနှင့် ဖေဖေ နှစ်ယောက်သား မြရိပ်ညိုမှ ပြန်သွားကြပါတော့သည်။ မှတ်က မင်းနေပြည်ကားနှင့်၊ ဒေါ်ခင်ခင်ညွန့်နှင့်စပယ်က နောက်ကား တစ်စီးနှင့် ရှေ့ဆင့်နောက်ဆင့် ထွက်လာခဲ့ကြသည်။ ကမ္ဘာအေး ဘုရားလမ်းမကြီးပေါ်မှ မင်းနေပြည်တို့ ခြံကြီးမှာ ကျယ်ပြန့်လှပ လှကာ အိမ်ကြီးသည် ခြံဝမှ နောက်ဖက်ပေတစ်ရာနီးပါး ဆုတ် ဆောက်ထားသဖြင့် ကားတောက်လျှောက် မောင်းဝင်လာနေတုန်း မှတ်က အိမ်ကြီးသို့ မျှော်ကြည့်ရင်း...

"ဦးမင်းတို့ အိမ်ကြီးက အကျယ်ကြီးပဲနော်... ၊ အိမ်သား ကဖြင့် သုံးယောက်ထဲ... ၊ အဲ... ဟိုဘယ်ဖက်က ဝရံတာ ငယ်ငယ် ထုတ်ထားတဲ့ အဆောင်က ဘယ်သူနေသလဲ ဟင်... "

"အဲဒါ ဟိုးအရင်က... ကိုယ်နဲ့ကိုယ့်ညီလေး နေတဲ့ အခန်း ပေါ့... ၊ မင်းရွှေစည် သင်္ဘောထွက်သွားတော့ ကိုယ်တ ယောက်ထဲ အခန်းက ကျယ်လွန်းတာနဲ့ ဟိုဖက် တခန်း

ပြောင်းနေလိုက်တယ်၊ အဲ့ဒီ အခန်းလဲ ကျယ်ပါတယ်... ၊ ပေ အစိတ် ဆယ့်ငါးပေ ရှိတယ်၊ ကိုယ်နဲ့မှတ် အဲ့ဒီအခန်းပဲ ဆက်နေကြရအောင်နော်... "

"ဟင်... ဦးမင်း လူပျိုခန်းမှာ ဆက်မနေချင်ပါဘူး၊ ခုန အခန်းကလေးက ဝရံတာလဲပါတယ်၊ အဲ့ဒီ အခန်း နေရအောင်... "

"အဲ့ဒီအခန်းက လူမနေတာ ငါးနှစ်ကျော် ခြောက်နှစ်တောင် ရှိနေပြီဆိုတော့... အခန်းနံ့ရဲရော မျက်နှာကျက်ရော ဟောင်းနေတယ်... ၊ ပြီးခဲ့တဲ့နှစ်က အိမ်တွင်းပိုင်းတွေ ဆေးသစ်ထပ်တင်တော့တောင် မေမေက အဲ့ဒီအခန်း မသုတ်နဲ့ဆိုလို့ မသုတ်ဖြစ်ဘူး၊ အခန်းတံခါးကို မေမေက မဖွင့်တော့တာ၊ သားငယ်ကို သတိရမှာစိုးလို့နဲ့တူပါတယ်၊ ဖုန်အလိမ်းလိမ်းနဲ့ ဆေးတွေတောင် မကောင်းနိုင်တော့ဘူး၊ ပြန်သုတ်မှရမှာ... "

"ဟင်... ဒါပေမယ့် ဝရံတာလေးပါတော့ မှတ်ကြိုက်တယ်၊ နေပါရစေနော် ဦးမင်းနော်၊ ပြင်ဆင်ချိန်ရပါတယ်... ၊ နှစ်လနီးပါးတောင် လိုသေးတာပဲ ဦးမင်းရဲ့ နော်၊ အေးအေးဆေးဆေးပြင်ပါလေ့... သုတ်ပါလေ့... ၊ ဝရံတာလေးနဲ့ ဆိုတော့ စိတ်ကြည်လင်စရာ... ၊ ညဖက်ကျ တံခါးလေး ဖွင့်ထားရင် လေကောင်းလေသန့်လေးနဲ့ အိပ်ရမှာ... ၊ ဦးမင်းကျန်းမာရေးအတွက်လဲ ကောင်းတယ်... ၊ အဲ့ဒီ





အခန်းပြင်လိုက်ပါနော်၊ ဆေးကို အဝါနုနုသုတ်နော်... "

အခန်းကိစ္စ အခြေအချ စကားပြောနေသည်မှာ အိမ်ရှေ့ကားရပ်ပြီးတာတောင် မဆင်းမိကြသေး၊ နောက်ကားထဲမှ ဒေါ်ခင်ခင်ညွန့်နှင့် စံပယ်တို့ ဆင်းလာကာ သူတို့ကားကို ငုံ့ကြည့်ရင်း...

"ဟဲ့... ဆင်းကြလေ၊ ဘာတွေ ပြောနေကြလဲ... ၊ အိမ်ပေါ်မှာဆက်ပြောကြ... "

မှတ်က ခေါင်းလေး ဆတ်ကနဲညိတ်ကာ ကားပေါ်မှ ဆင်းသွားသည်။ ဒေါ်ခင်ခင်ညွန့်ဘေးမှ ညှိခန်းထဲ အတူယှဉ်ဝင်လာရင်း...

"အရင်က ဦးမင်းတို့ ညီအကိုနေတဲ့ အခန်းလေ... အဲ့ဒါ ပြင်ဆင်ဖို့ တိုင်ပင်နေတာပါ... ၊ ဦးမင်းကတောင် နံရံရော မျက်နှာကျက်ရော ဆေးပြန်သုတ်ရမယ်တဲ့... ပြောနေတယ်... ၊ မှတ်ကလဲ အဲ့ဒီအခန်းက ပိုကျယ်ပြီး လေကောင်းလေသန့်ရတယ် ဝရံတာပါတယ်ဆိုတော့ ဦးမင်းကျန်းမာရေးအတွက် ပိုကောင်းမယ်လို့ ယူဆတာပဲ မေမေ... "

"ဟုတ်လား... သူက အဲ့ဒီအခန်း ပြင်မယ်တဲ့လား... "

"သိဘူး... ဦးမင်းပြောတာပဲ... ၊ မျက်နှာကျက်တွေ နံရံတွေ ဟောင်းနေတာ ဆေးပြန်သုတ်မှ ရမယ်တဲ့... ၊ ဟုတ်တယ်မှုလား ဦးမင်း... "

နောက်နားမှပါလာသော မင်းနေပြည်သည် မှတ်ရဲ့

စကားပရိယာယ်ကို အံ့ဩနေကာ သူနေချင်လို့ ဆေးသုတ်ဖို့သူပဲ စီစဉ်နေသလို ဖြစ်နေသော စကားလမ်းကြောင်းပေါ် အလိုက်သင့်ပဲ နင်းလိုက်ပါတော့သည်။

"ဟုတ်တယ် မေမေ... ၊ အဓိက ဝရံတာပါနေတာက... ကျွန်တော့်အတွက် ကောင်းတယ်လို့ မှတ်ကပြောတာနဲ့"

"အေး... ဟုတ်တာပေါ့... ၊ ဒါဖြင့်လဲ ဖြင်ကြဖို့လုပ်အုံး..."

မေမေကလဲ သူ့သားကျန်းမာရေးအတွက် အဓိက ဖြစ်နေသဖြင့် ဘာမှတွေးမနေ ငြင်းမနေတော့ပါ။ မင်းနေပြည် နေချင်တာ မဟုတ်ပဲ မှတ်ကနေချင်တာဆိုတာသာ သိလျှင်တော့ 'လာပြန်ပြီ... ၊ တဆင့်တက် တမျိုးကဲလာပြန်ပြီ..." လို့ မေမေ အဖုအထစ်ဖြစ်မှာ သေချာပါသည်။ ဒါကြောင့်လဲ မင်းနေပြည်က အကျယ်ကျယ် မဖြစ်စေလိုတော့ပါ။ ခုလို မသိလိုက်ပဲ အေးအေး ပြီးသွားတာ ပြီးပါစေတော့။ ရွှေ့ရောက် ဘာတွေကိုများ သူ ဖုံးအုပ်ကာဆီးရဦးမှာလဲ။ မင်းနေပြည်သည် မှတ်ကိုကြည့်ရင်း ကပင် ကြောက်လာသလို ရှိသည်။

မှတ်ရဲ့အပြုအမူတွေဟာ သူထင်တာနှင့် တခြားစီ ပါလား။ ဒေါ်လေးက အတင်းဝယ်လာသော တစ်ကိုက်ခုနစ်ရာကို နှမြောနေသော မှတ်သည် တစ်ကိုက် ခုနစ်ထောင်ကို ပြုံးပြုံးလေး ပူဆာနိုင်သည်။ သူကုန်တာမဟုတ်ဘူး မင်းနေပြည်ကုန်တာ ဆိုပြီး ခွဲခြားခွဲခြမ်း သဘောမျိုးများ ထားလို့လား။ သူ့အဖေကိုပင် ဘာ အအေးမျိုး သောက်ရမည်ဟု စည်းကမ်းတကျ စစ်စီခဲ့သော မှတ်





သည် မင်းနေပြည်နှင့် အပြင်ထွက်လျှင် ထမ်းမှာ ဆယ်ဝကျန်း တန်သည့် ကော်ဖီကို မသောက်ပဲ ရာဝကျန်းတန်သည့် ကော်ဖီ ကိုမှ သောက်သည်။

ဒါဟာ ဘယ်လို ပြောင်းလဲသွားတာမျိုးပါလဲ ဆိုတာ သူမှန်းဆကြည့်နိုင်သည်။ ရင်လေးလေးနှင့် ရွှေ့ရေးအတွက် မောဟိုက် ပူပင်နေပြီ ဖြစ်သော မင်းနေပြည်သည် မှတ်အပေါ်၌ အကြွင်းမဲ့သော သူ့အချစ်ကိုတော့ သူကိုယ်တိုင်ပင် အံ့ဩလေးစား ဦးညွှတ်သည်။

သူမှတ်အပေါ်၌ စိတ်မကွက်ပါတကား။

"မေမေ... မှတ်ကို အိပ်ရာခမ်းနားကီစွပြောမလို့ဆို... "

မှတ်က ဒေါ်ခင်ခင်ညွန့်ကို သတိပေးသလို သူကိုယ်တိုင် စပြောလိုက်သဖြင့် ဒေါ်ခင်ခင်ညွန့်က ခေါင်းညိတ်ရင်း...

"အေး... ဟုတ်တယ် သမီးရဲ့... ၊ အိပ်ရာပြင်ဆင်ဖို့အတွက် ခြင်ထောင် အိပ်ရာဖုံး ခေါင်းအုံးစွပ် ဘာဘာညာညာ ချုပ်ရမယ်... ၊ မှတ်က အဖြူရောင်ဝတ်မယ်ဆိုတော့ ဖဲနဲ့ဇာ အဖြူပဲ ရောပြီး ချုပ်မလား။ အဖြူရောင်ဆိုရင် တောက် တောက်ပပ ရှိပါ့မလားလို့... ၊ အဲ့ဒါက အပ်ရမှာလေ... ၊ ချုပ်မယ့် အမျိုးသမီးကြီးကိုလဲ ဒီနေ့ပဲ ချိန်းထားတယ်... "

"မေမေကလဲ ဒုက္ခရှာလို့ အပ်မနေပါနဲ့... ၊ မှတ်... ရယ်ဒီမိတ် တွေ့ထားတယ်... "

ဒေါ်ခင်ခင်ညွန့်က မျက်ခုံး တဖက်ပင့်သွားပြီးမှ

"မှတ်ကဘာရောင်နဲ့စီစဉ်မှာလဲ... "

"အဝါတွေ ဖန်းရောင်တွေက မင်္ဂလာရောင်ဆိုပေမဲ့ မှတ် မျက်စေ့ထဲ အမြင်ရှိုင်းသလားလို့ မေမေ... ၊ မှတ်... ခရင်မ်ကာလာလေးရွေးထားတယ်... "

"အော်... ရတာပဲ... ခရင်မ်ကာလာလဲ ဖဲထဲမှာရော ဇာထဲမှာရော ပေါပါတယ်၊ မေမေအပ်လိုက်မယ်လေ... ၊ ချုပ်တဲ့ မိန်းမကြီးက သိပ်တော်တာ၊ မင်္ဂလာအိပ်ရာခင်းနား တမျိုးပဲ အထူးချုပ်တာ... ၊ သူချုပ်တဲ့ နမူနာတွေ မေမေ တွေ့ဖူးတယ်... ၊ ခေါင်းရင်း အနားတဖက်ကလွဲလို့ ကျန်တဲ့ အနားသုံးဖက်မှာ အတွန့်ဖားဖားကြီးတွေများ ဝေလို့ သိပ်လှတာပဲ... ၊ ဇာတွန့်တထပ်ကအတို၊ ဖဲတွန့်တထပ်က ကြမ်းအထိအရှည်... ၊ မွေ့ရာနေရာမှာလဲ ဖဲပေါ် ဇာအုပ်ထားတာ... သိပ်လှတာပဲကွယ်... ၊ မှတ်ကြိုက်မှာ... "

"ရယ်ဒီမိတ်ပုံ ယူချုပ်ထားတာပဲပေါ့... ၊ အဲ့ဒီပုံစံတွေ မှတ်သိပါတယ်... ၊ ရယ်ဒီမိတ်လေး မြင်ဖူးထားပြီးသား မှတ်ကအဲ့ဒါရွေးထားတာ၊ ဦးမင်းကိုတောင် အဲ့ဒီဆိုင်မကြုံလို့ မပြရသေးဘူး၊ မှတ်က ရက်လဲလိုသေးတယ်ဆိုပြီး ဦးမင်းကို မဝယ်ခိုင်းသေးတာ... ။ အဲ့ဒါထက်တော့ ဘယ်ဟာမှ ပိုမလှနိုင်တော့ဘူး၊ ဖဲပေါ်မှာ တက်တင်းအုပ်ထားတာ၊ မေမေ ပြောသလိုပဲ... ဘေးကို တက်တင်းဇာတွန့်တထပ်၊ ဖဲတွန့်တထပ် အုပ်ချထားတယ်၊ ခေါင်းအုံးပါ...





အဲ့သလို အစွပ်မျိုးပဲ... သိပ်လှတာ... "

ဘုရား... ဘုရား... ။ တက်တင်းဇာ အုပ်ထားသည်ဆိုတော့ ဘယ်လောက်များ ဈေးခေါ် လိုက်မည်မသိ။ ဒေါ်ခင်ခင်ညွန့် ရင်တမမနှင့် ဈေးကိုပင် ထုတ်မမေးရဲ။ ဘာဆက်ပြောရမည် မသိအောင်ရှိနေဆဲ မှတ်ကပင်ဆက်၍...

"သုံးသောင်းတဲ့ မေမေရဲ့... ၊ တပြားမှ မလျှော့ဘူးတဲ့... "

"သုံးသောင်း... "

ဒေါ်ခင်ခင်ညွန့်သာမက စံပယ်ရော မင်းနေပြည်ပါ ပါးစပ်ဟသွားပြီး မင်းနေပြည်ကတော့ အံ့ဩလှသဖြင့် နှုတ်ကပင် ထုတ်ပြီး ရေရွတ်လိုက်မိသေးရာ မှတ်အကြည့်က မင်းနေပြည်ထံသို့ ဒက်ကနဲနှင့်...

"ဟုတ်တယ် သုံးသောင်း... "

သားဖြစ်သူပါ ဈေးကိုလန့်တွန့်သွားမှန်း သိသဖြင့် ဒေါ်ခင်ခင်ညွန့်က အားတက်သွားကာ ငွတ်တရွတ်ပင်...

"ဟင်... များလိုက်တာသမီးရယ်၊ မတန်တဆပဲ... ၊ အပ်လိုက်ရင် ချုပ်ခက ခြင်ထောင်ပါ အပါအဝင်မှ လေးထောင့်ငါးရာငါးထောင်၊ ပိတ်ဖိုးဇာဖိုးနဲ့ တသောင်းကျော်၊ သောင်းနှစ်ထောင်လောက်ပဲ ကျမှာ... "

မှတ်က ဘာမှပြန်မပြော။ မင်းနေပြည်ကို လှမ်းကြည့်နေသည်။ မှတ်ရဲ့ရယ်ဒီမိတ် တန်ဖိုး သုံးသောင်းကိုတော့ မပြောနဲ့တော့ မေမေပြောသည့် တန်ဖိုးသောင်းနှစ်ထောင်ကို

တောင် မင်းနေပြည် အံ့ဩလှပါပြီ။ ဒါဟာ ဒီလောက် ကုန်ကျသလား။ တရက်ပဲ ပြင်ဆင်အုပ်ဆိုင်းထားပြီး နောက်ကို ဆက်သုံးရမည့်ဟာမျိုးလဲ မဟုတ်။

"မှတ်ရာ... ၊ အဲ့ဒီအိပ်ရာဖုံးကြီးတွေက တောက်တောက်ပြောင်ပြောင်နဲ့၊ နောင်လဲ သုံးဖြစ်မှာ မဟုတ်ပဲ သိမ်းထားရမှာ... ၊ တပွဲတိုး... တရက်ထဲလေးသုံးရမှာ... ၊ ဘယ်သူမှလဲမြင်တာမဟုတ်ဘူး... "

"အို... ဦးမင်းကလဲ၊ ဝင်ကြည့်တဲ့သူတွေက ဝင်ကြည့်ကြတာပဲ... ၊ အနည်းဆုံး ဆွေတွေမျိုးတွေတော့ မြင်ရတာ၊ ဘယ်သူမှ မမြင်ဘူးတော့ မဟုတ်ဘူး။ မြင်တယ်၊ တခါပဲသုံးရမှာ နမြောရင်... နောင်လဲ အိပ်ရာကို ဆက်ဖုံးနေပေါ့ ရတာပဲ... "

မင်းနေပြည်ဘာပြန်ပြောရမည် မသိဘဲ နှုတ်ဆိတ်နေသည်။ စံပယ်သည် လက်သဲလေးတွေချင်း တို့ကာဆိတ်ကာ ရွှေကစားပွဲပေါ် တွေတွေကြီး စိုက်ကြည့်နေ၏။ ဘာမှဝင်မပြော။ ကိုယ်က ယောင်းမနေရာ။ နာစရာရှိ ယောင်းမတို့ ယောက္ခမတို့ကိုနာမှာ။ သူတို့ချင်း ညှိပြီး အဆင်ပြေရမှာပဲ။ တကယ်တော့ မေမေ့မှာလဲ ဝင်ပြောနေဖို့ မကောင်းပါ။ သို့ပေမယ့် ပြောချင်လောက်အောင် ဖြစ်နေတော့လဲ မိန်းမပီပီ အမေပီပီ ပြောမိပေမည်။ တကယ်တမ်းက မင်းနေပြည်က မှတ်ကို ပြောနိုင်ဆိုနိုင်ရမှာပေါ့။





ခုတော့ မင်းနေပြည်က မှတ်ကို ဘာမှ ပြောနိုင်ပုံပေါ်။ ငုံ့ခံနေမည့် ပုံစံပေါ်နေလေသည်။ ဤအဖြစ်ဟာ ရင်လေးရာကောင်းလှပါသည်။ စံပယ်စိတ်ထဲတော့ မှတ်ကို မြင်ဖူး သိဖူးဘာလဲ သိပ်မကြာလှသေး... အတွင်းကျကျလဲ မသိသဖြင့် မှတ်ဟာ တော်တော် ပကာသန အဆောင်အယောင် ဂုဏ်ဒြပ်မက်သူပဲဟု မှတ်ချက်ချမိသည်။

မင်းနေပြည်ကတော့ မှတ်ကို ဤသို့မထင်။ မှတ်ဟာ အဖေတူသမီးလဲဖြစ်သည်။ ပြီးတော့ မှတ်အမူအကျင့်တို့ကို ဦးကျင်တီမှတဆင့် သူအချို့ ကြားဖူး သိဖူးသည်။ ဒါကြောင့် မှတ်ကို ပကာသနတွေ ဂုဏ်တွေ မက်လှချည့်လား.. ဟု မြင်လို့မရပဲရှိသည်။ ဤသို့ မမြင်မထင်သဖြင့် သူအံ့ဩပြီး ဘာမှမပြောပဲ ဖြစ်စေချင်သလို ဖြစ်စေရမည်ရယ်လို့ပဲ အလိုလိုက်ခဲ့ပါသည်။

မှတ်ဟာ ဘာကြောင့်များ ဂုဏ်ပကာသနကို မက်မောတတ်ပဲနှင့် အတင်းမက်မောနေပါလိမ့်။ ဘယ်လို အညီးနှင့်ဒီလောက်တောင် ဒလဟော ငွေကုန်ကြေးကျများစေရပါလိမ့်။ ဒါကို မင်းနေပြည် ရှည်ရှည်ဝေးဝေး တွေးနေစရာမလိုပေ။ သူသိပါသည်။ သူသိခဲ့လို့လဲ မှတ်အလိုဆန္ဒကို ဒီလောက်ထိ သည်းညည်းခံအလိုလိုက်နေတာပါ။ မေမေ တခါတရံ နမြောနေမှန်းသိလျက် သူ့ဇွတ်ပဲ သုံးစွဲနေခဲ့တာပါ။ မေမေနှင့်စံပယ်ကတော့ သူ့ကို ထင်ပေမည်။ ဒီဖက်ကို မတွက်တော့ပဲ မှတ် တမျက်နှာပဲ ကြည့်တဲ့သူ၊ မိန်းမငယ်ငယ် ရမှာမို့ မိန်းမကို တဖူးဖူးမှုတ် အလိုလိုက်နေတဲ့သူလို့။

မှတ်ပြောသမျှလဲ ခေါင်းပဲ ညိတ်တတ်တဲ့ ပုတ်သင်ညိုကြီး... လူ
လူညံ့ကြီးရယ်လို့... ။

သူမှတ်ကို အင်မတန်ပဲ ချစ်ပါသည်။ ချစ်လို့ အင
လိုက်ချင်တာလဲ ရှိပေမယ့် သူ ခုလောက်ထိ အလိုလိုက်နေတာ
တော့ ချစ်တာတခုထဲထက် ပိုသော မှတ်အပေါ် နားလည်နေမိခြင်း
ကြောင့်ပါပဲ။

စကားဝိုင်း ခေတ္တတိတ်ဆိတ်နေပြီးမှဒေါ်ခင်ခင်ညွန့်
က လည်ချောင်းတချက် ရှင်းရင်း...

"ဈေးနှုန်းကွာတာ မကွာတာထက်ကို... မေမေက... ချပ်
ဒေါ်တိုးကို ပြောပြီးဆိုပြီး ဖြစ်နေတယ်... "

မှတ်က မျက်နှာမပျက်ပါ။ နကိုယ်နေ မျက်နှာ
ငြိမ်ငြိမ်ကလေးနှင့်ပင်...

"မှတ် ရယ်ဒီမိတ် ဝယ်လာလို့ မချုပ်တော့ဘူးလို့ အဲ့ဒီ
ဒေါ်တိုးကို ပြောပြလိုက်ရင် မဖြစ်ဘူးလား မေမေ... "

အဲသလောက်ထိ ဇွတ်တိုးခေါင်းမာစွာ ပြောမည်
မထင်သဖြင့် ဒေါ်ခင်ခင်ညွန့်သည် အံ့ဩတာနှင့်အတူ ဒေါသ
ဖြစ်စပြုလာလေသည်။ ဒီလောက် သူ့ဖက်က ချုပ်ဖို့ ရည်ရွယ်ပြော
နေလျက် မချုပ်ဘူးဆိုတဲ့ဖက်သာ ခေါင်းမာမာ ခံငြင်းနေဆဲဖြစ်
သော မှတ်ကို မြင်ပြင်းလဲ ကတ်လာမိသည်။ သူက ကလေး
ကိုယ်ကလူကြီးပဲ။ ကိုယ့်စကားသာ အတည်ဖြစ်ရမှာ။ အလျှော့ပေး
လိုက်ရ၍ ပိုက်ဆံနှစ်ဆကျော် ပိုကုန်ရမည်ကို ထည့်မတွက်တော့





အလျှော့ပေးလိုက်ရခြင်း အကျင့်ပါသွားမှာကိုသာ သူမတွက်ဆ
ပြောပူပန်ကာ လုံးဝအလျှော့မပေးဘူး ဟုသာ ဆုံးဖြတ်ချက်
လိုက်သည်။

"အဲသလိုပြောလို့ မဖြစ်တော့ဘူး မှတ်ရဲ့... ။ ခု ချုပ်မယ့်
ခု မချုပ်ဘူးနဲ့ စကားပြင်ရတာလဲ မကောင်းဘူး... ။လူကြီး
တွေမဟုတ်လား... "

"ဒါပေမယ့် မျက်နှာပျက်စရာရှိရင် မှတ်အပေါ် ပုံချလိုက်
ပေါ့ မေမေ... ။ မှတ်က အဲ့ဒီ ရယ်ဒီမိတ်ပဲ ဇွတ်ဝယ်လိုက်
တယ်လို့ ပြောလိုက်ပေါ့... "

"မှတ်ပေါ် ပုံချလိုက်ရုံနဲ့ မပြီးဘူး၊ မေမေက သူ့ကို စရံ
ပေးပြီးပြီ၊ ချုပ်ခပဲကျန်တယ်... "

မှတ်က ဒေါ်ခင်ခင်ညွန့်ကို စူးစူးကလေး ကြည့်နေ
သည်။

"မေမေပြောတော့ ဒီနေ့မှ ချိန်းထားတာဆို... "

ဒေါ်ခင်ခင်ညွန့် တော်တော်ကြီး မျက်နှာပျက်လာ
တာ...

"ဒီနေ့ တကြိမ်ပဲ တွေ့တာမှ မဟုတ်တာ... ။ဒီနေ့ ဘယ်လို
ပုံချုပ်မယ်... အသေးစိတ် ပြောဖို့ ချိန်းထားတာ... ။ သူနဲ့က
ဒီကိစ္စအတွက် နှစ်ကြိမ်ရှိပြီ တွေ့တာ...၊ ဒီနေ့ ချိန်းတာကိုက
အရင်တွေ့တဲ့ရက်က ထပ်ချိန်းလိုက်တာပဲ... ၊သူ ခုလောက်
ဆို ပိတ်စတွေ ဝယ်ပြီးလောက်ပြီ။ ငွေ ခုနစ်ထောင်ဖိုး

လောက်... အလကားဖြစ်သွားမှာပေါ့... ”

စံပယ်သည် နေရာမှ ထထွက်သွားချင်လောက်အောင် မျက်နှာလဲပူ စိတ်လဲပျက်နေသည်။ ဘယ်သူမှ မကြည့်ဘဲ စားပွဲကိုသာ တွင်တွင်စိုက်ကြည့်နေရင်း တကိုယ်လုံး ထူထူပူပူ ဖြစ်နေလေသည်။

မှတ်သည် ဒေါ်ခင်ခင်ညွန့်ပြောသော ငွေပေးပြီးသားဆိုသည့်စကားကို လုံးလုံးမယုံပါ။ ခုနပြောတော့ ဒီနေ့ ဒေါ်တိုးနှင့် တိုင်ပင်အပ်နှံမလိုလို။ ဘာမှ သေချာ မပြောရသေးဘဲ ပိတ်စဖိုး ပေးပြီးပြီဆိုတာကို မှတ်မယုံ။ သို့သော် ဤမျှအထိတော့ ပွင့်ပွင့်လင်းလင်း ရင်ဆိုင်လို့ မရနိုင်တော့ပါ။ အခံရခက်စွာ အောင့်မြိုထားလိုက်ရသည်။

“ဟိုတခါလဲ ဟိုတယ်မှာ စရံဆုံးပြီးပြီကွယ်၊ အကုန်အကျတွေက... စရံဆုံးတာတွေနဲ့ပါဆိုရင် မတက်သင့်ဘဲ တက်နေတယ်...၊ ဒီတခါကတော့ ပြောပြီးဆိုပြီး ငွေပေးပြီး ဖြစ်နေပြီဆိုတော့... ဒေါ်တိုးဆီမှာသာ ချုပ်လိုက်ပါတော့... ”

မှတ်သည် ရုတ်တရက် ခေါင်းညိတ်ကာ လှစ်ခနဲ ပြုံးလိုက်ပြီး ချက်ချင်းပြန်တည်သွားကျက်...

“ဒါဖြင့်လဲ ပြီးတာပါပဲ...၊ မှတ်က မှတ်ကို ခေါ်လာပြီး ခုန တိုင်ပင်ကြမှာ မှတ်လို့...၊ ပြောပြီးဆိုပြီး ပိုက်ဆံပေးပြီးသား ဆိုရင် မှတ်ကို ခေါ်တိုင်ပင်စရာ မလိုတော့ဘူး ထင်လို့ ပါ... မေမေ့ဒေါ်တိုးနဲ့ပဲ ချုပ်လိုက်လေ...၊ မေမေ ဘာမှ





စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့...”

မှတ်ရဲ့လေသံနှင့် စကားက ပြေပြေလည်လည် ရှိပါသည်။ မင်းနေပြည်သည် သက်ပြင်း တချက်ချလိုက်မိ၏။

“ဒါဖြင့် ဦးမင်း... မှတ်တို့ ပြန်ကြစို့...၊ မှတ် စာကျက်ရအုံး မယ်၊ မှတ်ပြန်တော့မယ် မေမေ...၊ မေမေပဲ ကြည့်ပြီး စီစဉ် လိုက်ပါတော့နော်... ”

မှတ် နေရာမှထသည်။ ဒေါ်ခင်ခင်ညွန့်မှာ ခေါင်း ညိတ်ရုံသာ ညိတ်နိုင်ပါသည်။ မှတ်လောက် အလွယ်တကူ စိတ်ကို ပြန်လျှော့မချနိုင်ပါ။

“မမစံပယ်...၊ မှတ် သွားမယ်နော်... ”

“အင်း... အင်း... ”

မှတ်က ဘာမှ မဖြစ်သလို ပုံစံလေးနှင့်ပင် အိမ်ပေါ်မှ ဆင်းသွားတော့၏။ မင်းနေပြည် နောက်ကပါလာသည်။ စေ့စပ်ပွဲမှ ပြန်လာသော အဝတ်တွေ သူခုထိ မချွတ်မိသေးပါ။ ဒရိုင်ဘာ ဦးခ က သူမောင်းပေးရမည်အမှတ်နှင့် ကားနားရောက်လာသည်။

“နေပစေ ဦးခ...၊ ကျွန်တော် မောင်းပို့လိုက်မယ်... ”

မင်းနေပြည် ကားပေါ်တက်ကာ မောင်းထွက်လာခဲ့ သည်။ မှတ်က ခပ်မှိုမှိုထိုင်ရင်း ပြူတင်းမှ ငေးမောကြည့်ကာ ငြိမ် နေ၏။ မင်းနေပြည် ဘာပဲပြောပြော မှတ်ကို ချစ်သည်။ မှတ် မျက်နှာညှိုးမနေသော်လဲ တစုံတရာ ကသိကအောက်တော့ ရင် ထဲရှိနေမှာ သူသိတတ်သဖြင့် စိတ်မကောင်းပါ။

"မှတ်... စိတ်အနှောက်အယှက် ဖြစ်နေသလား.. "

"အင်းပေါ့.. ၊ ဦးမင်း မေမေက ငွေကုန်ကြေးကျ များလို့ မကြည်ဘူး ထင်ပါတယ်... "

"ဒီလိုတော့ မဟုတ်ပါဘူး မှတ်ရယ်.. ၊ မေမေကလဲ ဒူ တဖက်ကစီစဉ်ပြီး ဖြစ်နေတာကို မဖျက်ချင်ဘူး ဖြစ်မှာပေါ့ မျက်နှာပျက်ရာ ဖြစ်မှာမျိုး မဖြစ်စေချင်လို့ပါ၊ မှတ် အဖို့ အတွက် စိတ်ထဲမှာ ဘယ်လိုမှ မထားနဲ့နော်... "

မှတ်က ဘာမှမဖြေ။

"မှတ်... စိတ်ထဲ ဘယ်လိုမှ မထားနဲ့နော်...၊ ကိုယ်ပြောတာ နားထောင်မှာလား... "

"အင်းပါကွာ...၊ ဘယ်လိုဖြစ်နေတာလဲ..၊ စိတ်ထဲထားထား မထားထား အခြေအနေကတော့ ဒါကဒါပဲ မဟုတ်လား"

"ဒါတော့ဒါပေါ့ မှတ်ရယ်...၊ ဒါပေမယ့် ဒါကို မှတ် ဘယ်လို မှ စိတ်မပြေနိုင်အောင် အတေးအမှတ် သဘောမျိုး စိတ်ထဲ တသက်လုံး မကြည်မလင် ဖြစ်သွားမယ်ဆိုရင်တော့ ကိုယ်အဲဒါမျိုး အဖြစ်မခံနိုင်ဘူး၊ မှတ် စိတ်တိုင်းကျ လုပ် ရဖို့ မေမေ့ကို ပြောပါ့မယ်... "

မှတ်က မင်းနေပြည်ကို လှည့်ကြည့်သည်။ နားရွက် နောက်ဖက် နားတဝိုက်မှာ ဆံပင်ဖြူ သုံးလေးချောင်း မြင်သာ နေသော ထိုလူကြီးရဲ့ မျက်နှာနွမ်းနွမ်းကို ကြည့်ရင်း...

"ဦးမင်း ဘာကိုဆိုလိုတာလဲ... "





"မှတ် လုံးဝမကျေနပ်ဘူးဆိုရင် မှတ်ကြိုက်တဲ့ ရယ်ဒီမိတ် ပဲဝယ်ပါ.. ၊ မေမေ တာဝန်က ကိုယ်တာဝန်ထားပါ.. "

မှတ်သည် စိတ်ကသိကအောက်ဖြစ်မှုများချက်ချင်း လက်ငင်း လျော့ခနဲ ပြေကာ စိတ်ထဲ ရှင်းလင်းပေါ့ပါးသွားသလို ကြည်လင် ချမ်းသာစွာဖြင့် မင်းနေပြည်ကို ကြာကြီးငေးမော ငိုက်ကြည့်နေသည်။

"ဦးမင်းမေမေနဲ့ ဦးမင်းပြဿနာဖြစ်မှာပဲ.. "

"ဖြစ်ပါစေတော့... "

"ဦးမင်းကို မှတ်ကို ကြောက်ရတယ်လို့ ထင်မှာပဲ... "

"ထင်ပါစေပေါ့... "

"ဘာဖြစ်လို့လဲဟင်... ဦးမင်း မှတ်ကို ဘာလို့ ဒီလို အလို လိုက်တာလဲ... "

"မှတ်... မင်္ဂလာ မြဲမြဲမှတ်ထားဖို့ သိထားဖို့က... မှတ်ကို ကိုယ်သိပ်ချစ်တယ်...၊ ပြီးတော့ သနားတယ်... ဒါပဲ..."

"ဘာကြောင့် သနားရတာလဲ... "

"ရည်းစားနဲ့ကွဲထားတဲ့ ကောင်မလေးမို့လို့ပေါ့...၊ ဟား... ဟား..."

မှတ်မျက်နှာ စူပုပ်ပုပ်ဖြစ်သွားကာ အနေရလဲ ခက် သွားပါသည်။ ကားက မှတ်တို့ အိမ်ရှေ့ရပ်လိုက်ပြီမို့ မှတ်က တံခါးဖွင့်ရင်း...

"ဦးမင်း ဆင်းဦးမလား.. "

"ခဏဆင်းမှာပေါ့..၊ ဆရာကြီးလဲ ရှိနေတာဆိုတော့ နှုတ်ဆက်ရမှာပေါ့။ ဒီတိုင်းမှတ်ကို ချပြီး ပြန်သွားလို့ ဘယ်ကောင်းမလဲ.."

"ဒါဖြင့်လာ.."

မှတ်က အရင်ဆင်းသည်။ မင်းနေပြည် မှန်တင်သော့ပိတ်နေတာကို စောင့်ရင်း..

"ဦးမင်း..၊ မှတ်ကြိုက်တဲ့ ရယ်ဒီမိတ်ဆိုတာ မဝယ်တော့ပါဘူး။ တကယ်လဲ သိပ်ကြိုက်လှတယ် မဟုတ်ပါဘူး လှလို့ပါ..၊ဦးမင်း မေမေအပ်တဲ့ဟာပဲ ယူတော့မယ်လေ.."

ဘာကြောင့် သူမ ရုတ်တရက် အလွယ်တကူ အလျှော့ပေးလိုက်မိသလဲ မှတ်ကိုယ်မှတ် ဝေခွဲမရချေ။ သေချာတာတခုကတော့ အမေနှင့်ဇနီးလောင်းကြား ဗျာများကာ စိတ်ညစ်ရရှာမည့် ဆံပင်ဖြူစာ ထိုလူကြီးကို သနားမိတာကြောင့်ပဲ ထင်ပါရဲ့။

"ဟော.. လာကြပြီလား..၊ လာ.. လာ.. ထိုင်...၊ မောင်မင်းနေပြည်... ထိုင်... "

"ဟုတ်ကဲ့.."

မှတ်ဖေဖေက အိမ်အဝတ်အစား လဲထားပြီး ဧည့်ခန်းထဲ ထိုင်နေပါသည်။ သမီး စေ့စပ်သည့်နေမို့ အိမ်မှာပဲ နားနားနေနေ တဆက်ထဲ နေတော့မည် ထင်ပါရဲ့။

"ခုပဲ ပြောနေရတယ်..."





ဦးနိုင်ကျော်ဇောက စကားစတော်သည်။ အခန်းထဲဝင်ကာ အကျီသွားလဲတော့မည် ပုံရှိသည့် မှတ်ကို လှည့်ကြည့်ရင်း

"မှတ်... လာအုံး.. "

"ဘာလဲ.. ဖေဖေ.."

"ခုနကမှ ညည်းဒေါ်လေး စကားစပ်မိရတယ်.. မင်္ဂလာဆောင်အတွက် ဝယ်တဲ့ပိတ်စက တကိုက် ခုနှစ်ထောင့်နှစ်ရာဆိုတာဟုတ်လား.."

"ဟုတ်ကဲ့... "

"အား လား လား..၊ စိန်စီထားတာမှလောက် ဈေးကြီးရသလား..၊ ဈေးများလှချည်လား..ဝတ်စုံတစုံက နှစ်သောင်းကျော်..၊ထိုင်မသိမ်းချုပ်ခကသောင်းနှစ်ထောင်ဆို... "

"ဟုတ်ကဲ့..."

"ကြီးကြီးချိုတ်ကို ထိုင်မသိမ်းချုပ်ရင်း တစည်လုံးမှ ချိတ်ဖိုးက ခုနစ်ထောင်ရှစ်ထောင်ဆို.. မှတ်.. ဒီတောင် ဈေးများလှပြီ..၊ ပိတ်စကို နှစ်သောင်းကျော်ဖိုးဖို့ တန်သလားကွယ်၊ ဒီတကြိမ်ပဲ ဝတ်ရမယ့်ဟာ..၊ တော်ရုံဆို တော်ပြီပေါ့။ ဘာလို့ ဒီလောက်ဇာခွဲ့နေကြသလဲဟင်...၊ နှမြောစရာကောင်းလိုက်တာ၊ ပိုက်ဆံဆိုတာ ရှာရလွယ်တာမဟုတ်ဘူးကွ၊ ဘာဖြစ်လို့ ဒီလောက်တောင် ဖြုန်းချင်ကြရတာလဲ..."

မင်းနေပြည် ခေါင်းငုံ့ကာ ပြုံးပြုံးကလေး ငြိမ်နေရသည်။

"ဟင် မိမှတ်... ပြောပါအုံး တခုခု..."

"မှတ်က ကြိုးကြိုးချိတ် မဝတ်ချင်ဘူး ဖေဖေ... ၊ ဇာဝတ်ချင်လို့..."

"ဇာထဲကတော့... ဒီဇာကလွဲရင် တူတူတန်တန် မရှိတော့လို့လား..."

"အခု ဒီဇာက သိပ်လှတယ် ဖေဖေ... ၊ ဆင်တူ မရှိဘူး"

"ဆင်တူမရှိတော့ ဘာလုပ်ရမှာလဲ...၊ လှ... လှပါစေအုံး ဒီလောက်ဟာကို... သမီးကိုက လိုချင်စရာလား၊ ပူဆာစရာလား..."

မှတ် မျက်နှာ ကလေးက သုန်မှုန်နေသည်။ မင်းနေပြည်သည် မှတ်မျက်နှာကလေးကိုသာ တထင့်ထင့် အရိပ်ကြည့်နေမိသဖြင့် မှတ် မျက်နှာ သုန်မှုန်တာ မြင်လျှင် သူပါ ရောနှော မှုန်းကြုပ်သလို ဖြစ်ကာ...

"ဒီလိုပါ ဆရာကြီး၊ ဇာလေးကလဲ မှတ်ပြောသလိုပဲ သိပ်လှပါတယ်၊ ကျွန်တော်ကလဲ မှတ်ကို အဲဒါပဲ ဝယ်ဖို့ တိုက်တွန်းလိုက်မိလို့ပါ..."

ဦးနိုင်ကျော်ဇောက ပြုံးမဲ့မဲ့နှင့် ခေါင်းတညိတ်ညိတ်ပြုရင်း...

"မင်းတို့နှစ်ယောက် အချင်းချင်းကတော့... တဦးကိုတဦး





စေတနာနဲ့ မေတ္တာနဲ့ကိုးကွ..၊ မင်းအနေနဲ့လဲ လက်ထပ်ခါနီး ဇနီးလောင်းကို အလိုလိုက်ချင်ပေမပေါ့..၊ ဒါပေမယ့် အကျင့် ပါသွားမယ်နော် သမီး..၊ ဖေဖေ မကြိုက်ဘူး၊ မိသားစုက ရှိသေးတယ်..၊ မောင်မင်းနေပြည် ဘယ်လိုပဲ အလိုလိုက်လိုက်... သူ့အမေ သူ့ညီမရှိသေးတယ်... သူ့အမေ သူ့ညီမက မကြည်ဖြူဘူးလို့ ဖေဖေ ဆိုတာမဟုတ်ဘူး... မကြည်ဖြူချင်စရာ မရှိစေနဲ့... အဲဒါပြောတာ... သမီးက ပြီးရင် ယောကျ်ားအိမ်လိုက်နေမှာဆို..၊ မောင်မင်းနေပြည် ရှေ့တင်ပဲ ပြောရမယ်... ၊ ယောက္ခမ ချွေးမ ယောင်းမ ပြဿနာဆိုတာမျိုးက ဖြစ်တတ်ပါဘိသနဲ့... အနေအထိုင် တတ်ရမယ်... သူများ အမြင်ကတ်ချင်လာအောင် မဖြစ်စေနဲ့ပေါ့ကွာ၊ အဲ့ဒါ မြဲမြဲ မှတ်ပေတော့..."

မင်းနေပြည်သည် ဦးနိုင်ကျော်ဇော စကားကို တလေးတစား နားထောင်ရင်း ထိုလူကြီးကို ကြည်ညိုသည်ထက် ကြည်ညိုခြင်းမင်မိပါသည်။

"သမီး ဘယ်လို စိတ်ကူးပေါက်သလဲ ဖေဖေ မတွေးတတ်ဘူး၊ သမီးကို ငယ်ငယ်ကထဲက ဖေဖေ လေ့ကျင့်ပျိုးထောင်လာတာ၊ ကျစ်ကျစ်လျစ်လျစ် ခြိုးခြိုးခြံခြံ သမီး နေတတ်ခဲ့ နေနိုင်ခဲ့သားနဲ့... ၊ အခု မင်္ဂလာဆောင်ခါနီးကျကာမှ ကိုယ်ယူမယ့် လူက သူဌေးမို့ပဲ စိတ်တွေ ပြောင်းသွားသလား မသိဘူး၊ သူဌေးကတော် ဖြစ်မယ်ဆိုရင် ငွေဖြုန်းတီး

ရမယ်လို့တော့ မရှိပါဘူးကွာ... "

မှတ်က မျက်နှာပေါ် လက်ခုံနှင့်ပွတ်သုတ်လိုက်မှ မှတ်ငိုနေပါလား ဆိုတာ မင်းနေပြည် သတိပြုလိုက်မိသည်။ ရှိုက်သံ မထွက် အသံတစုံတရာ မထွက်ပဲ ကြိတ်ပြီး ငိုနေသည်။

"ကဲ... ကဲ သွားတော့ ဒါပါပဲ... ဆင်ဆင်ခြင်ခြင်လုပ် သမီးရယ်"

မှတ် ငိုနေကြောင်း ဦးနိုင်ကျော်ဇောလဲ သိသွားသဖြင့် ဦးနိုင်ကျော်ဇောက စကားဖြတ်လိုက်ပါသည်။ မှတ်က သူ့အခန်းရှိရာဖက်သို့ ခပ်မြန်မြန် လျှောက်ဝင်သွားသည်။ အပြင်ဖက် စကားဝိုင်းမှာ တိတ်ဆိတ်ပြီး ဘယ်သူမှ ဘာမှစကား မဆက်ပဲ ငြိမ်သက်နေသဖြင့် မင်းနေပြည်က လည်ချောင်း တချက်ရှင်းရင်း

"မိန်းကလေးတစ်ယောက်အဖို့ တသက်မှာ ဒီတမင်္ဂလာပဲ ရှိတော့တာမို့လို့... မင်္ဂလာကိစ္စအတွက်တော့ မှတ် စိတ်တိုင်းကျ ဖြစ်ရှာပါစေ ဆရာကြီး... "

ဦးနိုင်ကျော်ဇောက ခေါင်းလေးလေးညိတ်ရင်း...

"ဒါပေမယ့် ချင့်ချင့်ချိန်ချိန်ပေါ့ကွယ်... မောင်မင်းနေပြည် စေတနာကို လေးစားပါတယ်ကွယ်..."

ထိုနေ့က မှတ်က အခန်းထဲမှ ပြန်ထွက်မလာတော့ပါ။ ဦးနိုင်ကျော်ဇော၊ ဒေါ်လေးတို့နှင့်သာ ခဏတဖြုတ် စကားထိုင်ပြောပြီး မင်းနေပြည် ပြန်လာခဲ့ရပါသည်။

* * * * *





(၆)

ဧနဝစ်အပြီး ဘာမှမကြာ။ မှတ် စာမေးပွဲစဖြေရသည်။ စာမေးပွဲပြီးသည်နှင့် တလပင် မလိုတော့သော မင်္ဂလာဆောင်အတွက် လုံးပမ်းကြ။ ပြေးရလွှားရဖြင့် မင်းနေပြည် ဖတ်ဖတ်မောနေသည်။ အလုပ်ကိစ္စတွေကလဲများ။ ဝယ်တာ ခြမ်းတာတွေကိုလဲ တပည့်လက်သားနှင့် မျက်နှာမလွှဲချင်။ အခန်းပြင်ဆင်ရတာက တစ်ကိစ္စ။ မိုးလင်းက မိုးချုပ် တသုတ်သုတ် ပြေးလွှားမောဟိုက်နေသော မင်းနေပြည်ကို ကြည့်ကာ စံပယ်က...

"နှလုံးရောဂါသည်မို့ ဆရာဝန်မနဲ့ယူပြီး ရောဂါသက်သာမလား မှတ်ပါတယ်၊ သူနဲ့မယူရခင်ပဲ ရောဂါတိုးပြီး အိပ်ရာထဲလဲတော့မှာပဲ ကိုကိုရယ်... "

"ငါ နေကောင်းပါတယ်... လူသာ နဲနဲပန်းတာပါ... "

"သူများနဲ့လွှဲတန်တာလဲ လွှဲအုံးသားရေ့... မင်းကိုယ်တိုင် မလုပ်မနေရတဲ့လား၊ နောက်ဆုံး မင်္ဂလာဆောင် ကိစ္စက လွှဲမရရင် အလုပ်ကိစ္စမှာ လွှဲလို့ရတာ မျက်နှာလွှဲအုံး၊ လဲသွားမယ် နေပြည်ရေ..."

မေမေကပါ အမြင်ကတ်သလို ဂရုဏာ ဒေါသောနှင့် ဆိုပါသည်။ အလုပ်ကိစ္စကလဲ မျက်နှာလွှဲလို့ရသလောက်လွှဲပါသည်။ ဒီထက်ပိုလွှဲလို့ မရတော့။ မင်္ဂလာဆောင် ကိစ္စကိုလဲ သူများနှင့် ဘယ်လိုမှ မလွှဲနိုင်ပါ။ အားလုံးကို သူ အသေးစိတ်

သိချင်သည်။ အသေးစိတ် ပတ်သက်ဝင်ပါချင်သည်။ သူသည်ကား မှတ်ဆိုသည့် မိန်းကလေးထံမှ သူမရသေးဘူး ဆိုတာ အသေအချာသိသည့် ချစ်မေတ္တာကို မြန်မြန်ဆန်ဆန် ရလာလို့ရလာငြား မျက်နှာလို မျက်နှာရ တွေလဲ များနေမိလေသည် တကား။

မင်္ဂလာဆောင်တစ်ခုမှာ အသေးစိတ်စိတ် ကဏ္ဍငယ်ကလေးတွေများမြောင်လှသဖြင့် မှတ်နှင့်သူ့မေမေ အကြား မထိခလုတ် ထိခလုတ် မကျေနပ်သာ ကျေနပ်သာ အဖြစ်အပျက်ကလေးတွေ ဟိုကဒီက ချောင်တိုးထွက်လာပါသေးသည်။ ဒါတွေကြောင့် မောရတာကလဲ တဖက်မှာရှိနေပြန်သည်။

မှတ်ဆိုတဲ့ မှတ်ကလဲ မှတ်ပါပဲ။

ကုတင်ကဒီလို မွေ့ယာကဒီလို မှန်တင်ခုံကတမျိုး ဘီရိုကတမျိုး။ ဘာမဟုတ်သည့် အဝတ်လှမ်းစင်ကလေးကအစ ချေးများလိုက်သေးသည်။ များသောအားဖြင့်တော့ သူ့ဟာနှင့်သူ အပြီးအစီး လုပ်လိုက်ပါသည်။ သို့သော် မေမေကလဲ အကြောင်းသိနေပြီမို့ ဘာပြောသလဲ ဘာဝယ်သလဲ စသဖြင့် သိကိုသိချင်စွာ လိုက်ပြီး စူးစမ်းသည်။

မင်းနေပြည် စိတ်မောလူမောစွာဖြင့် ထိုကာလကို ဖြတ်ကျော်ခဲ့ရပါသည်။ မနက်ဖြန် မနက်မင်္ဂလာဆောင်တော့မည် ဆိုသည်အထိ ဒီည မှတ်တို့က အကြပ်ကိုင် လိုက်ပြန်ပါသေးသည်။

"ဦးမင်း၊ နက်ဖြန် ပွဲထိုင်ဝတ်ဖို့ လက်ဝတ်လက်စားတွေက အလှပြင်တဲ့ မိတ်ကပ်ဆရာက စီစဉ်ယူလာပေးတတ်တယ်၊





ငှားရတာပေါ့၊ အစစ်ပဲငှားငှား အတုပဲငှားငှ
သူငှားခပေးရတယ်။ ငှားရတယ်ဆိုတာကြီး နေပြီ ..."
လို့၊ မိတ်ကပ်ဆရာကို လက်ဝတ်လက် မင်းနေပြည်
ထည့်မပြောထားဘူးနော်၊ မှတ်အတွက် ။ မေမေနှင့်
လက်စားကို ဦးမင်းမေမေကို အခုညထဲက ကြိုကြို နဲဝတ်ဖို့
ပြောထားဦး"
နေသည်။

မနက်ဖြန်မင်္ဂလာဆောင်အတွက် ချင် မေမေမှာ
ကို ကြိုကြိုတင်တင်ထဲ့၊ လုပ်သာလုပ်လိုက် သည်။
မရှိလျှင် ဘယ်လိုလုပ်ပါ့မလဲ၊ မေမေနှင့် စပ တော့... ရင်ဘတ်ထဲ
သွားတဲ့အခါ တဖြိုးဖြိုးတဖျပ်ဖျပ် ဝတ်စားသွား တစ်မျိုးတည်း
သော်လည်း ဘာတွေဘာတွေ ရှိမှန်း မင်းနေပြည် ကြိုးဆိုရင်ပဲ
မသိပါ။ ကုံးရှစ်ကုံး

မှတ်ပွဲထိုင်ဝတ်ဖို့ လက်ဝတ်လက်စ ဆီမှာပဲ
ကိုလည်း သူလုံးဝထည့်မစဉ်းစားမိတာ အမှန်ပင်။ အဲသ ားတဲ့
အသေးစိတ်တော့ သူကျွမ်းကျွမ်းကျင်ကျင် အောက်သက်မ
ခုမှ ထိတ်ကနဲ သတိရသည်။ ဟုတ်သားပဲ။ သတို့သမီးတွေ
သူမြင်ဖူးသမျှတော့ ရင်ပတ်ပေါ်မှာ ပြောင်လက်တောက်ပတာ
အပြည့်နဲ့ပေါ့။ အတုတွေလား၊ အစစ်တွေလားတော့ သူမသိပ

သူခေါင်းကို တဂျစ်ဂျစ်ကုတ်ရင်း

"ဟုတ်သားပဲ ... မှတ်ကလဲ ခုမှ ပြောတယ်ကွာ၊ ကိုယ်က လုံးဝ မစဉ်းစားမိဘူး၊ ဒီညမှကပ်ပြောတော့ မေမေ့မှာ

သိချင်သည်။ အပြဲပြေမှ ရှိရဲ့လား မသိပါဘူး"
ကား မှတ်ဆိုသ...း ... သူ့အမေလား မရှိမှာ ..."
အသေအချာ...ရှိမှာပေါ့... ဒါပေမဲ့ ပြည့်ပြည့်စုံစုံ ဖြစ်အောင်ရှိဦးမှ
လာပြား မျှော်ရဲ့..."

...င်းမေမေမှာ စိန်တစ်ပြည်လောက်ရှိတယ်၊ မယုံရင်
ငယ်ကလေးတွေ...်..."
မထိခလုတ် ထိခလု... တစ်ကယ်ပဲ ရှိပါစေဦး ...၊ ဝတ်ဖို့အဆင်ပြေ
ကလေးတွေ ဟိုကဒီ...ပ်မထားရင် မှတ် ဘယ်လိုဝတ်မလဲ ...
ကြောင့် မောရတာ...ပြီး ဝတ်လို့ရမလား မိန်းကလေးရဲ့... မေမေ့ကို
မှ...ကြည့်လိုက်အုန်းမှပဲ ... အချိန်မီများပြောပါတော့
မှတ်ရယ်..."
ဘီရိုကတမျိုး...ခုအချိန်မီသားပဲလို့ ..."
ချေးများ...ကြိုတင်ပြောဖို့ ကိုယ်ကပြောနေတာ ..."
အပြီးအ "ဦးမင်းမေမေ စဉ်းစားမိပြီးသား ဖြစ်မယ်ထင်တာပေါ့...၊
သိနေပြီ ဦးမင်းပြောလိုက်နော် ...၊ ပြီးရင် အကျိုးအကြောင်း ပြန်
လိုက်ပြီ ဆက်ပါအုန်း...၊ အစစ်ပဲ ဝတ်ချင်လို့ ဦးမင်းမေမေဆီက
ငှားဝတ်တာလို့နော်၊ အပိုင်ယူမပစ်ပါဘူးနော် ... လို့၊
ဖြ လိုအပ်ရင် မှတ်ကိုပေးထားတဲ့ စိန်တစ်ဆင်တာကိုလဲ ထည့်
ဝတ်ပါ့မယ်...၊ အဲဒါကတော့ ပြီးရင် မှတ်ပြန်ရရမှာနော်၊
မှတ်ကလေ... အမှတ်အသားလေးတွေ ခြစ်ထားတယ်
ဆရာ... မမှားစေရဘူး ..."





" အင်းပါမှတ်ရယ် ... အင်းပါ ..."
"မရှိဘူးတော့မလုပ်နဲ့နော် ... အချိန်ကပ်နေပြီ ..."

သူကပဲ တပြန်စီးလာချေသေးသည်။ မင်းနေပြည် ဖုန်းချပြီး မိခင်ဖြစ်သူကို ခပ်မြန်မြန် ပြေးပြောရပါသည်။ မေမေနှင့် စပယ်ကလဲ မေမေ့အခန်းထဲ သော့ပိတ်ကာ နက်ဖြန်ဝတ်ဖို့ ရတနာတွေ စိစစ်ရွေးချယ်နေတုန်း တန်းလန်းဖြစ်နေသည်။ မင်းနေပြည် အကျိုးအကြောင်း ပြောလိုက်လျှင် မေမေမှာ ရင်ပတ်စည်တီး မြည်တွန်တောက်တီးပါတော့သည်။

" ဟဲ့... ဖြစ်နိုင်ပါ့မလား၊ ခုမှကပ်ပြောတော့... ရင်ဘတ်ထဲ ဒီလောက် ပြွတ်သိပ်နေအောင် စီချဖို့ တစ်မျိုးတည်း ဘယ်ပြည့်ပြည့်ဝဝရှိမှာတုန်းဟဲ့ ...၊ ဆွဲကြိုးဆိုရင်ပဲ ခုနစ်ကုံးရှစ်ကုံးလိုမှာ... စိန်ဖြင့် စိန်ချည်းပဲ ခုနစ်ကုံးရှစ်ကုံး ဘယ်မှာမှ အသင့် မရှိဘူးဟေ့ ...၊ စိန်ကုန်သည်ဆီမှာပဲ ရှိမယ် ...၊ ကိုယ့်အိမ်ထား တဲ့ ကိုယ်ဝတ်ဖို့ လုပ်ထားတဲ့ ကိစ္စ ...၊ ဘယ်သူကဆင်တူ အများကြီးလုပ်မလဲ..."

"ဒါဖြင့်အဆင်မပြေဘူးပေါ့နော်မေမေ ..."

"သူကဘာရောင်ဝတ်မှာတဲ့လဲ ..."

"အဲဒါတော့မပြောဘူး ..."

"ပတ္တမြားဆိုရင် လုပ်ကထဲက အမေတစ်ကုံး သမီး နှစ်ယောက် တစ်ကုံးစီ ...သုံးကုံးပေါ့၊ နှင်းဆီပစ္စည်း တွေကလဲ ဒီမှာပဲရှိတော့ တစ်မျိုးကို သုံးကုံးစီတော့

ရှိနေမယ် ...၊ ပုံတူဆင်တူတော့ မဟုတ်ဘူး ... နေပါဦး ... သူ့အားလုံးပေးဝတ်လိုက်တော့ ကျုပ်က သတို့သားအမေ ဘာမှ မဝတ်ရတော့ဘူးလား...၊ လည်ပင်းပြောင်နဲ့ လိုက်ရမှာလားအေ့ . . . "

မေမေဒေါသထွက်နေတော့သည်။ မင်းနေပြည် ဘာလုပ်ရရင်ကောင်းမလဲ ဆိုတာပဲ သက်ပြင်းတချချ အကြံထုတ် နေရသည်။

" ရှိသမျှစိန် ... သူ့အကုန်ဆင်ပြီး ငါက အနီလေး အပြာလေးပဲ ဝတ်ရမလိုဖြစ်နေပါလား ...၊ စိန်တောင်မှ သူ့ကို စပယ့်တစ်ဆင်စာ ထုတ်ပေးပြီးတင်တောင်းလိုက်ရ တာ ... စပယ့်ကို ဟိုတလောကမှ အသစ်ပြန်လုပ်ထား ပေးရတယ်...၊ နှင်းဆီဟာ ငါ့ဟာ ... သူ့ကို တင်ထား တဲ့ဟာ အားလုံးပေါင်းမှလေးစုံ...၊ ဒါတောင် လည်ပင်း ချောင်နေအုံးမှာ... သူ့လဲ မပြည့်မစုံ ... ငါတို့လဲ မလှမပနဲ့တော့ ဘယ်လိုမှမဖြစ်ဘူး၊ ဒါမျိုးတွေ မိတ်ကပ်ဆရာက စီစဉ်ပေးနေကျ ...၊ ဒီဟာမလေးဟာ အစစအရာရာ လျှာကိုရှည်တယ် ...၊ ငါမပြောလိုက်ချင် တော့ဘူး ..."

"ပြီးတော့ ကိုကိုရယ် ...၊ စိန်အစစ်တွေ တသီကြီး သူ့ကိုယ်ပေါ် တင်ထားရမှာ ပြုတ်ပျက်ကျလဲ တန်ဖိုးက နည်းတာ မဟုတ်ဘူး ...၊ တစ်လုံးတစ်လေ ထွက်ကျတောင် မနည်းဘူး၊ နှမြောစရာကြီး၊ သူ့ဘေးလဲ တကောက်ကောက်ကပ်ပြီး လိုက်ကြည့်နေလို့ မရင်းဘူး၊ အတုပဲ ငှားဝတ်လိုက်ပြီးရော ... အားလုံးပေးလဲ ပြန်လျော် နိုင်တယ် ..."

စပယ်ကလဲ မျက်နှာလေးအုံ့ဖြ စိတ်ရှုပ်သလို ်ပြောတော့သည်။

" "ဒီမှာနေပြည် ... ဒီသေတ္တာထဲကဟာ မင်းကြည့် ...၊ နှင်းဆီရဲ့စိန်ကြိုးနဲ့ငါ့စိန်ကြိုးနှစ်ခု ငါဝလို့...၊ စပယ်က သူ့စိန်ကြိုးနဲ့ ပတ္တမြားရောဝတ်လိမ့်မယ်၊ တာတွေထဲက သူဝတ်ချင်ရင်ဝတ် ... မဝတ်ချင်လည်း မာ်နိုင်တော့ဘူး ဟော့ ... ငါ့နှယ် ..."

အနီအပြာ အစိမ်းနှင့် အခြား ရောင်စုံစုံတွေ ်နေသေးပေမယ့် အဲသလိုတွေကရာရောစပ်ငင်လိုက်လို့လဲ ဖြစ်သေးပါ၊ မင်းနေပြည်က ရယ်ကာမောနှင့် ဒေါသ ဘွထွက်နေသော မေမေ့ မေးစေ့ဖောင်းဖောင်းကို ဆွဲ ညစ်ကာ ...

" ဒါဖြင့် ကျွန်တော် အခြားက စီစဉ်ကြည့်ဦးစားလိုက် ဦးမယ် ..."

မေမေ့အခန်းမှ ထွက်လာကာ ကျင်တီထံ ့က်ချင်းဖုန်းဆက်ရပါသည်။ ဦးကျင်တီညီမနှင့်ယာက်ဖက ာရုပ်တန်းနား မဟာဗန္ဓုလလမ်းပေါ်မှာ ရပ်ဆိုင်ရှိတာ

သူသိထားသည်။ ဦးကျင်တီထံမှ ဖုန်းနံပါတ်တောင်းယူထား ဦးကျင်တီညီမ မဝါထံသို့ ဖုန်းဆက်ရပြန်ပါသည်။ မင်းနေပြည်နှင့် ဆုံဖူးသဖြင့် မခင်မင်သော်လည်း သူတို့လင်မယား နှစ်ဦးစလုံးက မင်းနေပြည်ကို သိကြပါသည်။

"မဝါလား ... ကျွန်တော်မင်းနေပြည်ပါ၊ ဦးကျင်တီဆီက ဖုန်းနံပါတ်မေးလိုက်ရတာ ကိစ္စတစ်ခုရှိလို့ပါ ..."

မဝါက မင်းနေပြည်ထက် ငါးနှစ်ခြောက်နှစ်ခန့် ကြီးမည်ဖြစ်သော်လည်း မင်းနေပြည်မှန်းသိလျှင် တလေး တစားပင်။

" အော် ဦးမင်းနေပြည် ...၊ ပြောပါ ... ဘာကိစ္စများလဲ"

"မဝါဆီမှာ စုံစမ်းချင်လို့ပါခင်ဗျ၊ စိန်ဆွဲကြိုး တစ်ကုံးလောက် ဆိုရင် ဘယ်လောက်များ တန်ဖိုးကျမလဲဆိုတာ "

"ဝယ်ဖို့လားရှင့် "

"ဟုတ်ကဲ့ ... ဝယ်ရင် ဘယ်လောက်များ ကျပါမလဲ"

"အဲဒါက အရွယ်အစားနဲ့ အလေးချိန်ရတီပေါ်မှာ အမျိုးမျိုး ကွာခြားမှာပေါ့၊ တစ်ကုံးထဲဝတ်ရင် လှမယ့် အရွယ်ဆိုရင် တစ်ကုံးနှစ်ဆယ့် ငါးလုံးတန်းလောက်ရှိမှာပေါ့...၊ ဒါဆိုရင် တစ်လုံးကို တစ်ရတီခွဲ နှစ်ရတီလောက် စီးပါမယ် ဈေးကတော့ တစ်ရတီ ခြောက်သောင်းရှစ်သောင်းကနေ တစ်သိန်းနှစ်သိန်း ဒီထက်လဲပိုရင်လည်း ပိုမယ်ရှင့် ..."

"ဟာ ... ဒါဖြင့် တစ်ကုံးကို အများကြီးကျမှာပဲ ...၊ ဒီလို





ကျွန်တော်ဝယ်ချင်တာ၊ ဝယ်ချင်တာက ခြောက်ကုံးခုနစ်ကုံး လောက်ဆိုတော့ ဘယ်လိုမှ မဝယ်နိုင်ဘူးဖြစ်နေတယ်..."

မဝါသည် ဇဝေဇဝါဖြင့်

" ဦးမင်းနေပြည် ဘာလုပ်ချင်တာလဲ ပြောပါဦး ..."

"ပွင့်ပွင့်လင်းလင်း ပြောရရင် သတို့သမီးဝတ်ဖို့ပါ..."

"အော် ... နက်ဖြန်အတွက်လား ၊ ဟင်းဟင်း၊ ဦးမင်းနေပြည်က လျှို့နေပြန်ပြီ၊ စိန်တွေ အမေဆီရှိမှာပေါ့၊ ငှားဆင်လိုက်ပေါ့ ..."

"အဲဒါခက်နေတာဗျ ၊ အမေနဲ့ ညီမလဲ ဝတ်ရဦးမှာ ...၊ ကျွန်တော်တို့လဲ ဒီလောက်ကြီးမရှိဘူးဗျာ၊ အဲဒါကြောင့် စဉ်းစားရခက်နေလို့ပါ၊ စိန်မဟုတ်ဘဲ တခြားပတ္တမြားတို့ ဘာတို့ရော ..."

"ရှိပါတယ် ၊ ဈေးအမျိုးမျိုးပါပဲ၊ စိန်မှဆိုရင်တောင် ကျွန်မတို့မှာ စိန်ကြိုးလုပ်ပြီးသား မရှိဘူးရှင့်...၊ လူတိုင်း မဝယ်နိုင်တော့ ငွေအိပ်တာနဲ့ အော်ဒါလုပ်ရမှ အထုပ်ဝယ် ပါတယ်၊ ရောင်းပျော်ဝယ်ပျော်လေးတွေပဲ များများ လုပ်တင်ထားတာ...၊ တစ်ခုတော့ရှိတယ် ၊ အဖြူရောင် ဆိုရင် ရုရှစိန် အမေရိကန်စိန်ဆိုတာတွေ ရှိပါတယ်. . "

" အဲဒါတွေကရော..."

" အဲဒါတွေက ရွှေဖိုးပါပါမှ တစ်ကုံးသုံးသောင်းဝန်းကျင် ကျမှာပါ ..."

" ဟုတ်လား ... ဈေးချိုသားပဲ၊ အဲဒါတွေက..."

" ဟုတ်ကဲ့... ကျောက်ဈေးက ရာဂဏန်းပဲ ရှိလို့ပါ... တချို့လည်း ဒါပဲဝတ်ကြပါတယ်၊ ကောင်းကောင်း သွေးထားရင် စိန်လိုပါပဲ..."

မင်းနေပြည်ခေါင်းကုတ်နေရင်းက သက်ပြင်း လိုက်သည်။

" တစ်ကုံးသုံးသောင်း ခြောက်ကုံးဆိုရင် ... တစ်သိန်း ရှစ်သောင်း၊ ခုနစ်ကုံး နှစ်သိန်းတစ်သောင်း မဆိုး ဘူးနော်..."

" စိန်လို တစ်တန်းသွား ပုံရိုးတင်မကဘူး၊ ပုံဆန်းလေး လည်းရှိပါတယ်၊ သုံးသောင်းပတ်ဝန်းကျင်ပေါ့... ကျော်ရင်လည်း နည်းနည်းပါ.."

"ဒါဖြင့်ရင်လေ ... ဖြစ်နိုင်မဖြစ်နိုင်တော့ ကျွန်တော်မ ဘူး... ပြောကြည့်မယ်နော်...၊ ကျွန်တော်ဝယ်ချင်ပါတ ဒါပေမယ့် နောင်ဆက်ဝတ်ဖို့ကလည်း ကျောက် ကော ကောင်း မဟုတ်ဘူးဆိုတော့ တစ်ရက်နှစ်ရက် နေ ပြန်ရောင်းချင်ပါတယ်..."

တစ်ဖက်မှမဝါသည် ဟက်ဟက်ပက်ပက် တော်တော်ကြာကြာရယ်နေရင်း

"ဦးမင်းနေပြည်ရယ် ...၊ ဖြစ်မှဖြစ်ရလေ...၊ အလေ တွက်တွေလည်းရှုံး၊ ကျောက်ဖိုးကလဲ ပြန်ရောင်း





ပြန်မရဘူးရှင့် ကျောက်ဖိုးလဲဆုံး၊ တအားရှုံးမှာပေါ့.."

"ဘယ်လောက်ရှုံးမလဲ မဝါ.."

"ဘယ်လောက်ရှုံးမလဲ မေးမနေပါနဲ့တော့၊ ကျွန်မသဘော ပေါက်ပါတယ်၊ နက်ဖြန်တစ်ရက်ပဲ ဝတ်ချင်တာ၊ ပြီးရင်လဲ ဦးမင်းနေပြည်က မိန်းမကို ဒါတွေဘယ်ဆက်ဆင်မလဲ... ဒီထက်ကောင်းတာဆင်မှာပေါ့ဟုတ်ဘူးလား၊ ဒီလိုလုပ်ပါ"

"ဟင် ... ဟင်း ...ဟင်း...၊ ဟုတ်ကဲ့မဝါ.. ပြောပါဦး"

"ခဏငှားဝတ်ပေါ့ ဦးမင်းနေပြည်ရဲ့..."

"ဟာ ... အဲလိုဖြစ်နိုင်ရင် ကောင်းတာပေါ့၊ ကျွန်တော် ပြောတဲ့ ခဏဝယ်ပြီးပြန်ရောင်းမယ် ဆိုတာလဲ အဲဒီ သဘောပါပဲ ...၊ ရောင်းတဲ့ကုန်သည်ဆိုတော့ ငှားပါလို့ မပြောသင့်ဘူး ထင်လို့ပါ.."

"အစ်ကိုကြီးနဲ့ အရင်းဆုံးလူတွေပဲ၊ မပြောသင့်တာ မရှိပါ ဘူး၊ ဦးမင်းနေပြည်ရယ်၊ ဒီလူဒီလူတွေ အရေးရှိကူရမှာပေါ့"

"ကျေးဇူးပါပဲ မဝါ ... ငှားခပြောပါဦး ..."

"ငှားခက ပစ္စည်းတန်ဖိုးပေါ် ရာခိုင်နှုန်းတွက်ပြီး ယူကြ ပါတယ်၊ ဒါပေမယ့် ဒီတစ်ရက်လေးဟာ၊ ကျွန်မဆိုင်မှာ ရှိတာထဲက ခြောက်ကုံးမဟုတ်ဘူး၊ ဆယ်ကုံးယူယူ... ယူဝတ်လိုက်ပါ၊ မဖြစ်စလောက် ငှားခကို မယူပါဘူးရှင်၊ ယူရမယ့်လူ မဟုတ်ဘူး၊ မယုံကြည်ရတဲ့သူတွေလည်း မဟုတ်ဘူး..."

"ဟာ ဒါတော့ အားနာစရာကောင်းပါတယ်ဗျာ ..."

"အားမနာရဘူး၊ အားမနာရဘူး... လာယူလိုက်ပါ၊ ဆက်ဆက်လာယူပါ...၊ ကျွန်မတို့လက်ဖွဲ့ပေါ့။ ငွေးခ မယူပါစေနဲ့...၊ ဘာမှလဲရှိတာမဟုတ်ပါဘူး၊ ပြီးတော့ ငွားရတာမို့လို့ဆိုပြီး အားနာပြီးတော့ နေ့ချင်းညချင်း ပြန်လာမပေးနဲ့ဦးနော်...၊ နောက်တစ်ရက်မှပေးပါ...၊ အေးအေးဆေးဆေးပဲ...၊ ဦးမင်းနေပြည် လာမယူရင် ကျွန်မတို့ စိတ်မကောင်းဖြစ်မယ်နော်၊ အကိုကြီးကို အများကြီး ကူညီဖူးတာ ကျွန်မလဲ သိတာပဲ...၊ ဒီတစ်ကြိမ် လေးလောက်မှ မကူညီလိုက်ရရင်တော့ စိတ်မကောင်း ဘူး..."

"ဟာ... ကျွန်တော် အားနာတယ်ဗျာ ...မဝါ..."

"အားမနာရပါဘူးဆို... ဒီညလာယူမလား... မနက် စောစောလာမလား၊ သတို့သားဆိုတော့ ကိစ္စ ဝိစ္စတွေ ရှုပ်ပြီး မအားရင် လာပို့လိုက်မယ်..."

"ဟာ... မလုပ်ပါနဲ့၊ လာတောင်ပို့ရရင် ကျွန်တော် အားနာ စရာ ကျန်မှာမဟုတ်တော့အောင် အားနာရလိမ့်မယ်ဗျာ...၊ ကျွန်တော်လာယူပါ့မယ်..."

"အခုလာမလား၊ကျွန်မအသင့်ထုတ်ထား လိုက်မယ်..."

"အခုရှစ်နာရီထိုးတော့မယ်၊ လာလိုက်မယ်လေ... မဝါ ကျေးဇူးပဲနော်၊ ဒါပဲနော်..."





"ဟုတ်ကဲ့... ဟုတ်ကဲ့..."

မင်းနေပြည်ဖုန်းကိုချကာ သက်ပြင်းကြီး တစ်ချက် လည်းချရင်း ခေါင်းကို ယမ်းကာယမ်းကာ တွင်တွင်ကြီး ခါနေမိ လေသည်။

မင်္ဂလာအခမ်းအနားက ချောချောမောမောပဲ ပြီးစီး သွားခဲ့ပါသည်။ နှစ်ရက် သုံးရက်အလိုကထဲက မှတ်ရဲ့အဝတ် အစား အသုံးအဆောင်တွေကတော့ ရွှေ့ထားပြီးဖြစ်ကာ ဒီနေ့ မနက်စောစောကြီးမှာ မှတ်က ပြောင်းရွှေ့လာပါသည်။ မိတ်ကပ် ကို မင်းနေပြည်တို့အိမ်မှာပဲ လိမ်းသည်။ ဟိုတယ်မှ အပြန်တွင်လဲ မင်းနေပြည်တို့ အိမ်သို့သာတန်းပါလာသည်။

ညနေကျ ဦးနိုင်ကျော်ဇောနှင့် ဒေါ်လေးကို ညစာစား ဖိတ်ထားသဖြင့် ချက်ချင်းနီးပါး ပြန်ရောက်လာကြမည် ဖြစ်တာတောင် သူ့ဒေါ်လေးကို ရှုံ့မဲ့ရှုံ့မဲ့နှင့် ငိုမလို နှုတ်ဆက်နေ သည်မှာ သနားစဖွယ်။ မင်းနေပြည်က မင်္ဂလာဆောင်နေ့မှာပင် လျှင် မတက်မဖြစ် ကုမ္ပဏီတစ်ခုအစည်းအဝေးသို့ ပြေးတက်လိုက် ရပါသေးသည်။

မင်းနေပြည်ရောက်လာတော့ မှတ်ကအိပ်ပျော်နေ သည်။ ပြင်ဆင်ဖီးလိမ်းဝတ်စားရတာတွေအတွက် ပင်ပန်းနွမ်းနယ် သွားပုံရပါသည်။ သို့သော် မင်းနေပြည်အခန်းထဲရောက် လာပြီး တိုက်ပုံချွတ် အကျႌလဲနေစဉ်ပင်နိုးလာကာ ကမန်းကတန်းထ ထိုင်လိုက် ၏။

"ဖေဖေတို့လာပြီလား..."

အိပ်ချင်မူးတူးနှင့်မေးသည်။

"မလာသေးဘူး၊ ကိုယ်ခုမှရောက်တာ..."

မှန်တင်ခုံပေါ်မှာ ပန်းတွေဆံထုံးတုတွေ လက်ဝတ်လက်စားတွေ ပြန့်ကျဲနေသည်။ မှတ်ကမေးတချက်ငေါ့ရင်း

"သူများဟာကြီးတွေ မြန်မြန်ပြန်ပေးအုံးလေ ဦးမင်း"

နှုတ်ခမ်းလေး မစူ့တစူလုပ်လျှက်ဆို၏။

"နက်ဖန်မှပေးလို့ရပါတယ်... မှတ်ရယ်..."

မှတ်က ကုတင်ပေါ် တင်ပလင်ခွေကာ ထိုင်ရင်း ခေါင်းငုံ့ချလျက် လက်နှစ်ဖက်ကို လက်သဲချင်းပွတ်ကာတိုက်ကာ ဆိတ်ဆွနေသည်။ ဆံပင်ဖြေချထားသဖြင့် ဆံပင်ရှည်ကြီးက ပုခုန်းနှစ်ဖက်ဘေးအထိ ဖြာကာ ပေါင်ပေါ်အထိလာပုံကျနေသည်။ မှတ်ကို ဆံပင်ဖားလျားနှင့် ပထမဆုံးမြင်ဖူးတာမို့ မင်းနေပြည်သဘောတကျ စိုက်ကြည့်နေသည်။

မျက်နှာက စိတ်ကောက်သလို စူတူမူတူကောက်ကွေးကွေး။ မနက်က လက်ဝတ်လက်စားတွေချပေးလိုက်တော့ 'ဟာ ဦးမင်း မေမေဟာတွေလား ထောလှချည်လား' ဟု ကိုင်တွယ်ကြည့်ကာ တအံ့တဩဆိုသည်။

"မေမေ့မှာ ဘယ်ဒီလောက်ရှိမလဲ၊ ရှိတာတွေထဲက သူတို့လဲ ဝတ်ရသေးတာ၊ ဒါက ဦးကျင်တီညီမ ရွှေဆိုင်က ဒီနေ့အတွက်ယူဝတ်တာ..."





"ငှားတာပေါ့..."

"အင်းပေါ့..."

"ဒီလိုပိုင်ရှင် လိုက်မလာပဲ လက်လွှတ်စပယ် ငှားလိုက်တယ်ဆိုတော့ စိန်အစစ်တွေတော့ ဘယ်ဟုတ်မလဲ. . ."

"ရှုရှုစိန်။ အမေရိကန်စိန်တွေတဲ့ . . . ကိုယ်လည်း သေသေချာချာတော့ နားမလည်ဘူးမှတ်ရယ်. . ."

မှတ်ကအတွန့်အခက်ကလေးတွေ ယပ်တောင်ပုံလေးတွေ အချိတ်ဆင်သဏ္ဍာန်လေးတွေ ပုံသဏ္ဍာန်အမျိုးမျိုးကြွားရွားလှပသော ဘယက်ကလေးတွေကို ကြည့်ကာ လှပမှုကြောင့် သဘောကျသော်လည်း မဲ့တဲ့တဲ့လေးလုပ်ကာ မင်းနေပြည်ကို ကလိတိတိတစ်ချက် လှမ်းကြည့်လိုက်ပါသေးသည်။ မင်းနေပြည်က ရယ်ချင်လာသဖြင့် ရယ်လိုက်မိသောအခါ မျက်စောင်းတစ်ချက်ထိုးသည်။

မှတ်ဟာ ချစ်စရာအဆိုးလေး။ အခုလဲ 'သူများဟာကြီးတွေ ကြာကြာမထားချင်ပါဘူး၊ ဘာဘူးညာဘူးနှင့် တိုးတိုးရေရွတ်ရင်း လက်သဲလေးဆိတ်ကာဆိတ်ကာနေသည်။

"ဟော .. ကားဝင်လာပြီ. . . ဆရာကြီးတို့လာပြီထင်တယ်. . ."

"ယောက္ခမကို ခုထိဆရာကြီးတဲ့. . .၊ မှတ်ဖြင့် သူ့မေမေကို မေမေလို့ခေါ်ရတာ စေ့စပ်ပြီးကတည်းက. . ."

အပြစ်ရှာနေပြန်သဖြင့် မင်းနေပြည်က ရယ်ကာ

"အသက်က ဆယ့်ငါးနှစ်ကျော်ကျော်လေးကွာတော့ ကိုယ်မရဲလို့ပါမှတ်ရယ်. . .၊ နွတ်လဲ ကျိုးနေလို့ပါ၊ အဖေ တစ်ယောက်လိုတော့ သဘောထားပါတယ်ကွာ၊ ကဲ ထ. . ထ . . မှတ်ဖေဖေနဲ့ ဒေါ်လေးကို ဆင်းကြို ရအောင်. ."

"မှတ်မျက်နှာသစ်အုံးမှာ. . ."

တွဲထူလိုက်သောလက်ကို ခိုကာ မှတ်ကအီးလေးဆွဲ ထရင်းဆိုလိုက်သည်။ 'ကဲ . . ကဲ ဒါဖြင့်မြန်မြန် . .' ဟုရေချိုးခန်းထိ ဆွဲခေါ်သွားရာနောက် တမင်တကာ ဒရွတ်ဆွဲရင်း မှတ်ရင်ထဲတွင် ကြည်နူးသယောင်ယောင် ချမ်းမြေ့သယောင် ယောင် ခံစားချက်တစ်ခုနှင့် နွေးထွေးရပါသည်။ ကိုယ့်အပေါ် ကြင်နာလိုက်လျောလွန်းသည့် ယောကျ်ားကြီး တစ်ယောက်ရဲ့ မြတ်နိုးခံဘဝတွင် လူလုပ်နေရခြင်းသည် ဘယ်လောက်များ သာယာလိုက်ပါသလဲ. .။

ဒီထက်ဆိုးဖို့ ဒီထက်ကပ်ဖိုးကပ်ဖဲ့တိုက်ဖို့ ရည်ရွယ် ချက် အပြည့်ရှိပြီးသောမှတ်သည် ခင်ပွန်းသည် အသစ်စက်စက် ကြီးကို ဖြတ်ကနဲမျှ ဂရုဏာသက်လိုက်မိရင်း စိတ်မကောင်းပါ။ သို့ပေမယ့် လူဆိုတာတော့ ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ်ပဲ မဟုတ်လားဦးမင်းရယ်. . . ဟင်။

မင်းနေပြည်အရင်ဦးစွာ အောက်ထပ်ဆင်းခဲ့ပါ သည်။ ဧည့်ခန်းထဲမှာ မှတ်ဖေဖေနှင့် ဒေါ်လေး အယ်လ်ဘမ်မ်





တစ်အုပ်စီနှင့် . . .။

"မှတ်ရော. . ."ဟု ဒေါ်လေးက လွမ်းလှသလို သဲသဲပိုပို လှမ်းမေးသဖြင့်

"မျက်နှာသစ်နေလို့. . . လာပါလိမ့်မယ်ဒေါ်လေး. . ."

အဖြေပေးရင်း မင်းနေပြည်အတွေးတစ်ခုနှင့် ဝင်ထိုင်လိုက်သည်။ အိမ်မှာရှိသော ငယ်ငယ်ကပုံများ၊ မိသားစုပုံ များ၊ ရှင်ပြုပုံများ၊ ဘွဲ့ယူပုံများ၊ မနှင်းဆီပို့လိုက်သော နိုင်ငံခြား မှပုံများ၊ အယ်လ်ဘမ်များကို ဦးနိုင်ကျော်ဇောက ကြည့်ရင်း ဘေးမှ ဒေါ်ခင်ခင်ညွန့်က ပြောပြတာကိုခေါင်းတညိတ်ညိတ်. .။ 'ဒါဘယ်တုံးက. . ဘယ်သူ. . .'ဘာညာနှင့် ဒေါ်ခင်ခင်ညွန့်က ပြောပြနေပါသည်။

ဦးနိုင်ကျော်ဇောက စိတ်ဝင်စားလှသည် မဟုတ်ပေ မဲ့ ဂရုတစိုက်ကြည့်ကာ ခေါင်းတညိတ်ညိတ်ရှိနေသည်။ မင်းနေ ပြည်က စကားမပြောသေးဘဲ မှတ်ရဲ့ဖခင်နှင့် ဒေါ်လေးကို အကဲ ခတ်နေမိပါသည်။ အိမ်ဖော်ကလေးလာချသော လိမ္မော်ရည်ကို ဒေါ်ခင်ခင်ညွန့်က ညွှန်ပြကာ . . .

"လိမ္မော်ရည်သောက်ပါဦး။ ဆရာကြီးသောက်ပါဦး. ."

မှတ်ဖေဖေသည် အယ်လ်ဘမ်ကိုကြည့်ရင်းမှ 'ဟုတ်ကဲ့'ဟု ခေါင်းညိတ်ကာ တခဏ ဆက်ကြည့်နေပါသေးသည်။ ခဏနေမှ အယ်လ်ဘမ်ကိုချရင်း နဖူးပြင်တွန့်လျက် မျက်ခုံးရိုး အလယ်ကို လက်ဖြင့်ဖိနှိပ်လျက်. .

"မနက်က လူလဲများတော့ တော်တော်ပြီးစီးစီ ဖြစ်သွားတာပဲ...၊ ခေါင်းတောင်ကိုက်ချင်တယ်"

"ဟုတ်ပါရဲ့၊ လူတွေကလည်းစည်ကားပ့ါ။ ပင်ပန်းပေမယ့် ဝမ်းသာပါတယ်ဆရာကြီးရယ်။ ကိုယ့်သားနဲ့ကိုယ့်သမီးကို ဆောင်ရွက်ပေးရတာ ကျေနပ်ပါတယ်၊ မှတ်ကလည်း မနက်က လှလိုက်တာ..."

ဦးနိုင်ကျော်ဇောက ခေါင်းညိတ်ရုံသာ။ ခေါင်းတော်တော်ကိုက်နေသလို နဖူးကြောမှာ တစတစ တွန့်သထက်တွန့်လာသည်။ ဒေါ်လေးသည် ရုတ်တရက် အယ်လ်ဘမ်ကြည့်လက်စကို စားပွဲပေါ် ချလိုက်ကာ

"အစ်ကိုကြီး..."

ဒေါ်လေးခေါ်သံကို ဦးနိုင်ကျော်ဇောက မျှော်လင့်ပြီးသားပင်။ သူ့ဖက်အလန့်အကြား ကြည့်နေသောဒေါ်လေးကို

"အေး ... တော်တော်ကိုက်လာတယ်၊ ကားထဲက ဒက်ရှ်ဘုတ်ထဲမှာ ဆေးသွားယူစမ်း၊ အိတ်လိုက်ယူခဲ့၊ ညည်းဟာညည်း တွဲစပ်ယူမလာနှင့်...၊ ဆေးသောက်ထားမှ ဖြစ်မယ်၊ သွားယူချည် ..."

ဒေါ်လေးက မျက်လုံးဝိုင်းဝိုင်းနှင့် ထထွက်သွားလေသည်။

"ဒီညီမတစ်ယောက်က အားလည်းကိုးရပါတယ်။ ဒါပေမယ့် တခါတလေလည်း သူကတပြန် ဆရာလုပ်ချင်သေး





တော့ ဆေးတော့ကိုယ်ဟာကိုယ် ဆုံးဖြတ်သောက်ပါရစေ ပြောထားရတယ်၊ သူက သူတိုက်တဲ့ဆေးမသောက်ရင် မကြည်ချင်တာရှိသေးတယ်ဗျ။ သူရှိနေလို့လည်း သမီးတစ်ယောက်အတွက် စိတ်ချရတာပဲ...၊ မှတ်က တစ်ချက်တစ်ချက် ခေါင်းမာချင်တယ်...၊ ထင်ရာတဇွတ်ထိုး လုပ်ချင်တတ်တယ်၊ နောက်ပိုင်းတော့ ဒီကအမကြီးတို့ပဲ သမီးရင်းသဘောထားပြီး ဆုံးမတန်တာ ဆုံးမပါ၊ ခွင့်လွှတ်တန်တာ ခွင့်လွှတ်ပေးပါလို့ ကျွန်တော်က တောင်းပန်ပါတယ်၊ မှတ်က စိတ်ဖြောင့်ပါတယ် သဘောမဆိုးပါဘူးခင်ဗျာ. .၊ ဒါပေမယ့် ဖြောင့်သူတွေရဲ့ထုံးစံ တခါတလေ... မဟုတ်မခံဆိုတာမျိုးတွေ တဇွတ်ထိုးနိုင်တာမျိုးလည်း ရှိတတ်ပါတယ်။ သူ့အိမ်ထောင်ဖက်ဟာ မောင်မင်းနေပြည်ဖြစ်တဲ့ အတွက်တော့ ကျွန်တော် အဖက်ဖက်က စိတ်ချပါတယ်။ မောင်မင်းနေပြည်ရဲ့ သည်းညည်းခံတတ်မှုတွေ၊ စိတ်ရှည်မှုတွေ၊ စိတ်ကောင်း ရှိတာတွေကို ကျွန်တော်မျက်စေ့နဲ့မြင်တွေ့နေရပါတယ်။ မင်္ဂလာဆောင်ကိစ္စမှာကိုပဲ မှတ်ဂျီးထူနေတာတွေ မောင်မင်းနေပြည်က လိုက်လျှောနေလို့ မှတ်ကို ကျွန်တော်က သတိပေးရပါသေးတယ်၊ ကျွန်တော်စိတ်ချပါတယ် ...၊ ကျေလည်းကျေနပ်ပါတယ်...၊ မှတ်က ဆရာဝန်သာ ဖြစ်တော့မယ်၊ လူကြီးစိတ် အပြည့်မမွေး

တတ်သေးဘူးပဲဗျ..."

နောက်ဆုံးစကားကို ဦးနိုင်ကျော်ဇောက သက်ပြင်းတစ်ချက်နှင့် အဆုံးသတ်လိုက်ပါသည်။

"သားကမြတ်နိုးတယ်ဆိုတော့ ကျွန်မတို့ကလည်း သမီးလေးတစ်ယောက် ထပ်ရတာပေါ့ ဆရာကြီးရယ်... ဆရာကြီးစိတ်ချပါ..၊ မှုတ်ကမဆိုးရှာပါဘူး..."

လှေခါးပေါ်မှ မှုတ်ဆင်းလာတာရယ်၊ အိမ်ရှေ့မှ ဒေါ်လေးပြန်ဝင်လာတာရယ်၊ တပြိုင်နက်ပင်ဖြစ်သည်။ ဒေါ်လေးက ဆေးမျိုးစုံ နည်းနည်းစီဆောင်ထားသော သားရေအိတ်အနက်သေးသေးကို ဦးနိုင်ကျော်ဇော လက်သို့အပ်ပြီး သူ့တူမထံ လှေကားရင်းထိ ဆီးကြိုလိုက်သည်။

"မှုတ်...မှုတ်..."

ဒေါ်လေးရဲ့ကတုန်ကရီအသံကြောင့် မှုတ်က ဒေါ်လေးရဲ့ ဝိုင်းစက်သော မျက်လုံးတွေထဲ စိုက်ကြည့် စူးစမ်းမိသည်။ ဒေါ်လေးရဲ့မျက်ဝန်းများက စကား အရာအထောင်ဆိုနေသလို..။ မှုတ်ဖေဖေ့ဆီ လှမ်းကြည့်လိုက်လျှင် ဖေဖေ့မျက်နှာသည် မှိုင်းမှုန်ကာ တင်းလျက် နီရောင်ပြေးနေသည်။

"ညည်းဟာက တစ်နေ့လည်ပဲ ခွဲရသေးတာကို သဲနေတာကိုး..၊ လာထိုင်စမ်းပါ ရီရီရဲ့..."

ဖေဖေက ခပ်တင်းတင်းလေသံနှင့် ရယ်သလိုမောသလို လုပ်ကာ ပြောလိုက်သဖြင့် ဒေါ်လေးဖေဖေ့ကို တစ်ချက်





ကြည့်ကာ နေရာမှာ ဝင်ထိုင်သည်။ မှုတ်အားလုံးကို ငေ့ယမ်းအကဲခတ်လိုက်ပြီးလျှင်

"မှုတ် ထမင်းစားဖို့ ဘာလိုလဲ ကူလိုက်ဦးမယ်..."

ပကတိ လိမ်မာသော ချွေးမလေး လေသံနှင့် ဆိုသည်။

"အဆင်သင့်ပါပဲ သမီးရယ်၊ ဒေါ်သန်းတို့အလုံးတို့ လုပ်ပါလိမ့်မယ်...၊ လာထိုင်ချည်ပါ၊ အဖေနဲ့အဒေါ်နဲ့ စကားပြောပါ..."

ဒေါ်ခင်ခင်ညွန့် စကားကြောင့် မှုတ်က ဆက်သွားရမလိုပြန်လှည့်ရမလို ရပ်နေသည်။ ဒေါ်ခင်ခင်ညွန့်က ထမင်းစားခန်းဖက် ထဝင်ရင်း ...

"သွား... သွားထိုင်၊ မစပယ်လည်း ဝင်ကြည့်နေတယ်၊ မေမေလဲ ကြည့်လိုက်ဦးမယ်၊ ဖေဖေတို့လာတုံး စကားပြောချည်ပါ..."

မှုတ်ခေါင်းညိတ်ကာ ဧည့်ခန်းထဲ ပြန်ဝင်လာသည်။ သူ့အဖေနှင့် နီးနီးကပ်ကပ်တစ်နေရာမှာ ထိုင်လိုက်ပြီး မျက်နှာလေးပျက်ပျက်နှင့် စားပွဲပေါ်မှ အယ်လ်ဘမ်တွေဆီ ကြည့်မိကြည့်ရာ ကြည့်နေသည်။ မင်းနေပြည်က အနည်းငယ် လှုပ်ရှားလိုက်ရင်း

"အော်...၊ ဒီညနေ ဖုန်းဆက်ရမယ့်ဟာ... မေ့နေတယ်၊ ဆရာကြီး ခဏခွင့်ပြုပါအုံး၊ ကျွန်တော် ဖုန်းဆက်စရာလေး...၊

"လုပ်ပါ. . . လုပ်ပါ. ."

ဦးနိုင်ကျော်ဇောက စကားတဝက်မှ ဖြတ်ေ ခေါင်းတညိတ်ညိတ်နှင့် လက်ကာပြသည်။ မင်းနေပြည် ထွက်သွားသည်ကို မှတ် လိုက်ငဲ့ကြည့်နေမိသည်။ ဖေဖေ့မျက်ႏ ထားက သိသာလိုက်တာ။ တစ်ခုခုပြောချင်တာရှိမှန်း ဦးမ အတတ်ရိပ်မိပြီး ရှောင်ထွက်သွားတာပဲဆိုတာ မှတ်သိပါသည်။ မှတ်သည် အပြစ်ရှိသူလို ငြိမ်သက်ပြီး တုန်လှုပ်နေမိသည်။

ဒေါ်လေးကား နှုတ်တရွရွ...။ တစ်ခုခုပြောတေ မလို ပြောတော့မလို ဖေဖေ့မျက်နှာမှာ လျှော့ချမရအောင် နီမြ နေသည်။ အတန်ကြာမှ ဖေဖေလှုပ်ရှားလာလေသည်။ လက်ဒ တစ်ဖက် ဆုပ်ကာ ဆက်တီလက်တင်ပေါ် ခပ်ဆတ်ဆတ်ထုရင်

"မှတ်...နင်..."

ကြမ်းကြမ်းပင် စကားစလိုက်သည်။ ဖြတ်ဆ မှတ်ဖက် ကိုယ်ပါ လှည့်လိုက်ကာ စိတ်လိုက်မာန်ပါနှင့် မှတ်ႇ နားရွက် တစ်ဖက်ကို ဆွဲလိမ်ကာ တဆတ်ဆတ် လှုပ်ရမ်းလိုက်ရင်

"နင်...ဒါ... ဘာရည်ရွယ်ချက်လဲမှတ် ... နင် ဒ ဘာကြောင့်လုပ်တာလဲ...၊ နင်မသိလို့မဟုတ်ဘူး။ နင်သ တယ်၊ နင့်ရုပ်ကိုကြည့်ရင် ငါနားလည်တယ်၊ နင်... နင်... ဒါ..."

မှတ်သည် ပူထူကာ တအားနာကျင်လှသော်လည်း အောင့်ခံနေသည်။ ဖေဖေက နားရွက်ကိုမလွှတ်။ တိုးလို့ဆွဲညှစ်





ဘာလိမ်ရင်း ဆွဲကာဆောင့်ကာ ခါယမ်းနေသည်။

"အစ်ကိုကြီး... အစ်ကိုကြီး၊ လွန်ကုန်မယ်"

"နင်မပါနဲ့၊ နင့်ပါးစပ်ပိတ်...၊ နင်ကပိပိရိရိရှိတဲ့ဟာ မဟုတ်ဘူး၊ မှက်စေ့ပျက်မျက်နှာပျက်နဲ့၊ မျက်လုံးပြူးလို့၊ နင်ဘာမှမပြောနဲ့... ရီရီ..."

ဒေါ်လေးနှုတ်ဆိတ်သွားသည်။

"မှတ်... နင်ပြောစမ်း၊ နင်ဒါဘာကြောင့်လုပ်တာလဲ..."

ဖေဖေ့အသံက အုပ်အုပ်ကလေး တိုးတိတ်ကာ မာကျောနေသည်။

"မှတ်မပြောတတ်ဘူး... ဖေဖေ"

"ဘာမပြောတတ်တာလဲ..."

"ဒါပေမယ့်ဖေဖေ့ကို တခုခုလုပ်တာတော့ မဟုတ်ဘူး ဆိုတာအမှန်ပါ၊ ဖေဖေ့ကို ဘာမှမရည်ရွယ်ပါဘူး ဖေဖေ...၊ မှတ်ကျိန်ရဲပါတယ်..."

"ဘာကျိန်ရဲတာလဲ...၊ နင်ဟာတော်တော်အံ့ဩစရာ၊ ကြောက်လန့်စရာကောင်းတဲ့ မိန်းမစားမျိုးပါလား ဟင်. .၊ ဘာအတွက်ဆိုတာ ငါမသိပေမယ့် မင်းနေပြည်ကိုယူပြီး အိမ်ထောင်တစ်ခု ကျပစ်လိုက်တဲ့အထိ...၊ ဘဝပုံပြီး မိုက်တဲ့ကောင်မပဲ၊ နင်မင်းနေပြည်ကို မချစ်ဘူး ငါသိတယ်..."

ဖေဖေသည် မှတ်နားတွေ ထူပူအူပိတ်ကာ အကြား

အာရုံလုံးထွေးကုန်သည်ထိ တအားဖိညှစ် လိမ်ဆွဲခါရမ်း နေလေရာ မှတ်နားရွက် ပြတ်မတတ် နာလှသည်။ ထိုအခိုက် ဒေါ်ခင်ခင်ညွန့် ထွက်လာသဖြင့် ဖေဖေက လက်လွှတ်ဖြုတ်ကာ မျက်နှာထား လျှော့ချလိုက်သည်။ ဘာမှမြင်ပုံမရသော ဒေါ်ခင်ခင်ညွန့်က

"အသင့်ပဲ၊ ဆရာကြီးတို့ စားကြတော့မလား..."

မှတ်သည် အခွင့်ကောင်းယူကာ ဖြတ်ကနဲ ထပြေးထွက်ခဲ့သည်။ ဘယ်သွားရမည်မသိဘဲ ဖုန်းရှိသည့် အခန်းချောင့်ကွယ်ဆီ လိုက်ဝင်လာခဲ့၏။ ဖုန်းတင်သည့် ခုံကော်ပေါ်မှာ လက်ထောက်ပြီး တစ်စုံတစ်ရာ စဉ်းစားနေသလို ငြိမ်ရပ်နေသော မင်းနေပြည်ကိုမြင်လျှင် သူ့နောက်နား ကပ်ရပ်လိုက်၏။ အားကိုးရသလို စိတ်ကလေး အနည်းငယ် လုံခြုံသည်ဆိုလျှင် ဝမ်းနည်းစိတ်က ရင်ခေါင်းထဲ လုံးကနဲ လှိမ့်ဝင်လာသည်။

"မှတ် ... ဘာလဲဟင်... ဘာဖြစ်လဲ..."

မင်းနေပြည်က ဗျာဗျာသလဲလှည့်ကာမေးရင်း ထိုအချိန်၌ မှတ်အတွက်လိုအပ်နေသော တယုတယမှုဖြင့် မှတ်ကို ပုခုံး နှစ်ဖက်မှ သိမ်းဖက်သည်။ မှတ်ကို ပထမဦးဆုံးအကြိမ် ဦးမင်းပွေ့ ပိုက်ခြင်းပါ။ မှတ်မရုန်းသည့်ပြင် ဦးမင်းရင်ခွင်သို့ တိုးတိုးကပ်ကပ် ပို၍ဝင်လိုက်သည်။ နှုတ်ကဘာမှမပြော။ မငိုမိအောင်သာ ထိန်းနေသည်။

"မှတ်...မှတ်"





ဦးမင်းက ညည်းတွားသလို ရေရွတ်နေသည်။ သူဘာတွေဘယ်လိုတွေး... ဘာတွေရေရွတ်နေလဲ မှတ်မသိသော်လည်း မစဉ်းစား။ ဦးမင်းကျောပြင်ကို လှမ်းဖက်ကာ ဝမ်းနည်းစိတ်ကို ဖျောက်သည်။ တကယ်ပဲ သူမရဲ့ အားငယ်မှု လျော့ကာ ဟာနေသောရင်ထဲ တစ်စုံတစ်ရာ နွေးထွေးပြည့်ဝင်လာသလို သက်တောင့် သက်သာရှိလာပါသည်။

"အော် ... မှတ်ကလေးရယ်"

မင်းနေပြည်သည် ငုံ့လိုက်လျှင်မြင်နေရသော ရဲတွတ်နီနေမြန်းသည့် မှတ်ရဲ့နားရွက်ပါးပါးလေးကို အသာအယာငုံ့ပြီး ပါးပြင်နှင့် ကပ်ထားလိုက်မိသည်။ မှတ်ကိုသနားခြင်း၊ ချစ်ခြင်းတို့သည် သူ့နှလုံးသားကို အောင့်လာစေသည်အထိ ရင်ထဲပြင်းပြလှိုက်မောရပါသည်။

* * * * *

(၃)

"ဒီနေ့စောပါလား သားကြီးရဲ့..."

မင်းနေပြည်အိမ်ထဲဝင်လာလျှင် ဒေါ်ခင်ခင်ညွန့်က ဆီးကြိုမေးလိုက်လေသည်။

"ဟုတ်တယ်မေမေ... မနှင်းဆီ ဆီက ပစ္စည်းထုပ်ရောက်လာတာ ရုံးခန်းကိုလာရွေးဖို့ စာရောက်လာတာနဲ့ ဆက်သွယ်ရေးရုံးသွားရွေးလာခဲ့တယ်...ဒီမှာ"

မင်းနေပြည်က လက်ထဲမှအထုပ်ကို မြှောက်ပြရင်း ပြောလိုက်သည်။

"လက်ဖွဲ့ထင်တယ်...၊ ဘာတွေလဲ..."

"အိပ်ရာခင်း ခေါင်းအုံးစွပ် တစ်စုံရယ်၊ မှတ်ဖို့ပိုက်ဆံအိတ် တစ်လုံးရယ်မေမေ...၊ စာလဲပါလာတယ် ၊ ရော့... မေမေ စာဖတ်ပါအုံး...၊ မှတ်ကိုသွားပြလိုက်ဦးမယ်..."

မေမေက မင်းနေပြည်လက်မှ စာကို ယူရင်း

"မှတ်မရှိဘူးသား...၊ သူ့အဖေ ဆေးခန်းသွားမယ်ဆိုပြီး ထွက်သွားတယ်၊ သူ့ နားနေတာ တစ်ပတ်လောက် ရှိပြီတဲ့၊ ဆေးခန်းလိုက်ထိုင်ဦးမယ်တဲ့..."

"ဦးခနဲ့သွားတာပေါ့. . ."

"အဲဒါပေါ့...၊ သူသွားခါနီး ဦးခက မရှိဘူး၊ ကားပြန်လာမှ သွားပါလို့ဆိုတာ၊ မစောင့်တော့ ဘူးဆိုပြီး သူ့ဟာ သူ ထွက်သွားတယ်ကွဲ့၊ ကားပဲငှားသွားမလားတော့ မသိ ဘူး၊ ကလေးမလေးက တစ်မျိုးပဲကွယ်၊ ဘယ့်နှယ်ဟာ လေးလဲ မသိဘူး၊ မင်းတို့ညှော်ခံပွဲ ဓါတ်ပုံတွေထဲက လေးငါးပုံ လောက် နှင်းဆီ ဆီကို ပို့မလို့ပေးပါဆိုတာလဲ မပေးချင်ဘူး တဲ့၊ နှင်းဆီကနောက်နှစ်ထဲ လာမယ်ဆိုတာ အဲဒီကျမှ တွေ့ဖူးပစေတဲ့၊ ငါ့ဖာသာကူးပြီး ပို့လို့မရအောင် နဂ္ဂတစ်တွေကိုပါ အပြီးသိမ်းထားလိုက်တယ်၊ ငါနှယ်... အံ့အားများသင့်ပါရဲ့၊ အကြောင်းမဟုတ်တာကို ဘယ်လို





ကတ်ဖိုးကတ်ဖဲ့ တိုက်မှန်းလဲ မသိပါဘူး..."

မင်းနေပြည် သက်ပြင်းတစ်ချက်ချကာ အပေါ်ထပ် တက်တော့ဘဲညှော်ခန်းထဲမှာပဲ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"သူက ကလေးစိတ် အရူးစိတ်ပါမေမေရာ...၊ လွှတ်ထား လိုက်ပါ။ သူမပို့ချင်လည်း မပို့နဲ့တော့ပေါ့၊ ဓါတ်ပုံတွေထဲ သူ့ကိုယ်သူ မလှဘူးထင်လို့နဲ့ တူပါတယ်..."

"လှလှ မလှလှ... နှင်းဆီကလဲ ဟိုကနေ မင်းမိန်းမပုံကို မြင်ဖူးချင်မှာပဲပေါ့၊ ငါနှင်းဆီကို ဘယ်လိုပြောရမလဲ... ဟိုကအစ်မက လက်ဖွဲ့တွေ ဘာတွေပို့လို့...၊ သူကဓါတ်ပုံ တစ်ပုံပို့ဖို့တောင် ကပ်စေးနဲ့နေတယ်..."

"သူကမပေးချင်ဘူးလို့သာ ရေးလိုက်ပေတော့မေမေ... မတတ်နိုင်ဘူး..."

"ကောင်းမလား နေပြည်ရဲ့..."

"မကောင်းလဲ သူမကောင်းမှာလို့သာ မေမေသဘောထား လိုက်ပါ၊ စိတ်ရှုပ်မခံနေပါနဲ့တော့ မေမေရာ နော်...၊ ပင်ပန်းပါတယ်..."

ထမင်းစားခန်းမှ လက်သုတ်ရင်းထွက်လာသော စပယ်က မင်းနေပြည်ကိုမြင်လျှင်

"ဟော...ကိုကိုပြန်လာပြီ..."

" ဒီမှာ ညည်း ယောက်မချောအကြောင်း ပြောနေတာ စပယ်ရေ့ ..."

"ပြောမနေပါနဲ့တော့မေမေ...၊ စပယ့်မှာလည်း ပြောမယ်ဆို ပြောစရာကြီးပဲ ..."

"ညည်းနဲ့ဘာဖြစ်လို့လဲ ..."

"မနက်စောစောကတည်းက ဒီနေ့မနက်စာ ကဘာချက် ညနေစာက ဘာချက်ဆိုတာ စပယ်က ဒေါ်သန်းတို့ကို မှာပြီးသား ...၊ ဒီနေ့ညနေစာ ဘာချက်မလဲလို့ ဒေါ်သန်း ကိုမေးတော့ ဒေါ်သန်းက ဒီညနေငါးမြင်းဟင်းပေါ့ ... ပြောလိုက်တာ...၊ သူက ငါးမြင်းမချက်ရဘူး၊ ကြက်သား ချက်လို့ ပြောသွားတယ်တဲ့လေ ...၊ ကြက်၊ ဝက်၊ အမဲက ရေခဲသေတ္တာထဲ ထားလို့ကောင်းတယ်၊ ငါးက ဒီနေ့ဝယ် ဒီနေ့ချက်မှ ...၊ ပုဇွန်လည်းဒီလိုပဲ ... ချက်ချင်း ချက်မှ ကောင်းတဲ့ဟာ...၊ ကြက်သားချက်ရင် ငါးမြင်းကို ဘယ်နေ့ ထိ ထားရမှာလဲ ..."

"ဘာလို့ သူက ငါးမြင်းမစားချင်တာလဲ ..."

ဒေါ်ခင်ခင်ညွန့်ကမှုန်ကုပ်ကုပ်မေးသည်။

"ဒေါ်သန်းကမေးပါရဲ့၊ ငါးမကြိုက်လို့လား...လို့...။ သူက ပြောသတဲ့ ...၊ ငါးဟင်းကြိုက်ပါတယ်၊ ဒီညနေအဖို့ စားချင်စိတ်မရှိလို့ပါတဲ့ ..."

မေမေသည် ဘေးမှမင်းနေပြည် စိတ်ကျဉ်းကြပ်မှုကို စိုးသလိုဘာမှဆက်မပြောပဲ နှုတ်ပိတ်ကာနေသည်။ သို့သော် မျက်နှာထားမှာဖုံးဖိမရ။ ဒေါသတွေ တမြမြထွက်နေသလို တင်းစန့်ကာ နေသည်။



"သူပြောသလို ကြက်သားတော့ ချက်လို့မဖြစ်ဘူး မေမေရဲ့...၊ ငါးကမနက်ကျ ရေခဲရိုက်ပြီး သိပ်ချိုမှာ မဟုတ်တော့ဘူး ...၊ ဒီညနေပဲ စားကောင်းမှာ အဲဒါနဲ့ သူ့ဖို့တစ်ယောက်စာ ကြက်သားတစ်ခွက် ချက်ပေးလိုက်ဖို့ ပြောခဲ့ရတယ်မေမေရေ့ ..."

အလျှော့ပေးကာ ကြက်သားချက်ပေးလိုက်ရသဖြင့် ဒေါ်ခင်ခင်ညွန့်က မအောင့်အည်းနိုင်တော့သလို

"သူကမွေးကထဲက.. စားချင်တဲ့ဟာမှစား.. မစားချင်ရင် ပုပ်ပုပ်သိုးသိုး လေလေလွင့်လွင့် ဂရုမစိုက်ပဲ အလျှံပယ် ကြီးပြင်းခဲ့ရ သနဲ့ တူပါရဲ့အေ ..."

မဟုတ်မှန်းသိသိနှင့် တမင်ကလာ ငေါ့တော့တော့ ပြောချကာ စိတ်တိုတိုနှင့်ထ၊ ထွက်သွားလေသည်၊ မေမေ့အမူအရာကို ကြည့်ကာ မင်းနေပြည် စိတ်မသက်မသာနှင့်ပင် ပြုံးလိုက်မိပါသေးသည်။

"မှတ်ကြည့်ရတာ တစ်စုံတစ်ခု မကျေနပ်တဲ့ ဓါတ်ခံနဲ့များ ဆန့်ကျင်ဘက် လုပ်နေသလား ထင်ရတယ်ကိုကို ...၊ မေမေနဲ့စပယ်ကိုလဲ မလုံးက... သနပ်ခါးသွေးပေးနေကျမို့ မလုံးကို မှာထားမိပါတယ် ...၊ မှတ်ရေချိုးသံကြားရင် သနပ်ခါးဝင်သွေးပေး.. လို့...၊ သူရေချိုးချိန်က ကိုကိုလဲ အလုပ်သွားနေတာဆိုတော့ လင်မယားအခန်းပေမယ့်

သူပဲရှိတဲ့အချိန်ပါ…၊ ပြီးတော့မလုံးက သစ္စာရှိရှိ နိုးသားပါတယ်၊ ဘာမှ မပျောက်မရှတတ်ပါဘူး၊ ဒါကြောင့် စပယ်က ဝင်သွေးခိုင်းမိတယ် …”

“အင်း”

“အဲဒါ … မင်္ဂလာဆောင်ပြီးနောက်တစ်ရက်ပါပဲ …၊ မလုံးသနပ်ခါးသွေးနေတာ သူရေချိုးခန်းထဲက ထွက်လာတာလဲတွေ့ရော…၊ ညည်းကို ဘယ်သူသွေးခိုင်းလဲ ဘာလဲနဲ့ ဆူပါလေရောလား. .၊ မလုံးက မမစပယ် သွေးခိုင်းတာပါ ပြောတော့ တကယ်ဆိုမကြိုက်ရင်လဲ … စပယ်က ခိုင်းတာမို့ ပြေပြေပြစ်ပြစ် ပြောပါလားကိုကိုရယ် …၊ မစပယ်သွေးခိုင်းရင် မစပယ်ကို သွေးပေးတဲ့၊ ငါ့ကိစ္စ ငါ့အခန်းထဲ ငါခိုင်းမှ လာလုပ်တဲ့၊ ငါ့ကိစ္စကို ဘယ်သူမှ ဝင်ခိုင်းဖို့မလိုဘူးတဲ့၊ စေတနာဟာ လုံးဝဝေဒနာဖြစ်ရတယ်၊ စပယ်အဲဒီနေ့က မလုံးပြန်ပြောတော့ စိတ်မကောင်းလွန်းလို့ ငိုတောင်ငိုချင်မိတယ် … ”

“အင်း …မှတ်တော့ …ဒုက္ခပဲ …”

မင်းနေပြည် သက်ပြင်းကြီးချမိပါသည်။

“သူ့ကို စပယ်က အိမ်မှာအိမ်သားသစ်မို့ အနေအစား မကျဉ်းကြပ်အောင် လိုက်ပြီး ဖေးဖေးမမ လုပ်မိတာလေး တွေရှိတယ်၊ ဒါတွေကို အမြဲ ဆန့်ကျင်တယ် … စပယ် စဉ်းစားကြည့်လို့ ရတာကတော့… အဲ့သလို ဆန့်ကျင်ရင်





စပယ်တို့နဲ့ သူနဲ့မှာ … မပြေလည်စရာလေးတွေ ဖြစ်ဖို့ပဲ ရှိတယ် …၊ လက်ခံလိုက်ရင် သူ့အတွက်လဲနေသားတကျ အဆင်တပြေဖြစ်ပြီး စပယ်တို့နဲ့ ချောမွေ့ပြေလည်မှာ…၊ ဒါကို သူဆန့်ကျင်နေတော့ … စပယ်တို့နဲ့ တမင်တကာ ပြဿနာဖြစ်ချင်နေတာလားလို့တောင် စဉ်းစားချင်စရာ ဖြစ်ရတယ် …”

အစစ်ပဲ … စပယ်ရေ … လို့ သူမပြောချင်တော့ပါ။

“စပယ်က .. တိုင်တဲ့သဘောမျိုးလို့ မယူဆနဲ့နော်ကိုကို…၊ ကိုကိုသူ့ကို တစ်ခုခုသတိပေးတာမျိုး ဆူတာမျိုးလဲ တကယ် မလုပ်စေချင်ပါဘူး၊ စပယ်က …ဟင်း.. ဟင်း… သူ့ကြောင့် စပယ်အိမ်ထောင်မပြုဘဲ နေခွင့်ရသွားလို့ သူ့ကို ကျေးဇူးရှင် သဘောမျိုးတောင်ထားသေး၊ ကိုကို့မိန်းမကို သည်းညည်းခံပြီး တည့်အောင်ပေါင်းဖို့ ရည်ရွယ်ချက် အပြည့်ရှိပြီးသား၊ သူ့အပြုအမူတွေကို အံ့ဩလို့ မအောင့်နိုင်လို့ ကိုကို့ကို ပြောပြတာ…”

ထိုစကားဝိုင်းမှထသောအခါ မင်းနေပြည်အခန်းထဲ ဝင်လာပြီး ကုတင်ပေါ် အသာအယာလှဲလျောင်းနေမိသည်။ မှတ်ကို သူလက်ထပ်ခဲ့တာ မှားများမှားယွင်းခဲ့ပါသလား…၊ အထပ်ထပ် စဉ်းစားမိပါသည်။ စိတ်ထဲမှာ ဖြောင့်ဖြောင့်ရှင်းရှင်း မဟုတ်ဘဲ တစ်စုံတစ်ရာသော မကျေနပ်မှု ခါတ်ခံရှိသည့် မိန်းကလေး တစ်ယောက်ကို အကောက်အကွေး အတေးအမှတ် ပြေဖို့

သူစွမ်းဆောင်နိုင်ပါ့မလား။

မှတ်ရယ်....၊

မင်းကို သူတို့နွေးနွေးထွေးထွေး လိုလိုလားလား လက်ခံကြိုဆိုခဲ့ကြတာပါ။ မေမေဆို သူကိုယ်တိုင် ကိုက သိပ်သဘောတူခဲ့တာ။ ဆရာဝန်မ ငယ်ငယ်ချောချောလေး ကို သူချွေးမအဖြစ် သူသိပ်ကို နှစ်သက်သဘောကျခဲ့တာပါ။ ကိုယ်တို့ မိသားစုအပေါ် ရိုးရိုးရှင်းရှင်း မဆက်ဆံနိုင်ဘူးဆိုရင်ဖြင့် ဘာကြောင့်များ ကိုယ်နဲ့လက်ထပ်ဖို့ သဘောတူခဲ့ပါသလဲ. . .။ သဘောမကျရင် အစကတည်းက ကင်းကင်းကွာကွာ ငြင်းပစ်လိုက်လို့လဲ ရရက်သားနဲ့။

ကိုယ်တို့မိသားစုထဲကို အသေးအဖွဲကလေးတွေနဲ့ တတိတိတရိရိ စိတ်အနှောင့်အယှက် ပြုသွားတော့မှာလား။ နှစ်နှစ်သက်သက် လိုလိုလားလား ကြိုဆိုကြမယ်. မင်္ဂလာ ကိစ္စမှာ မင်းစိတ်တိုင်းကျအထိ အကုန်အကျခံမယ် မင်းကျေနပ်အောင် အလိုလိုက်ကြမယ်ဆိုရင် မင်းရဲ့စိတ်တွေ ပြောင်းရဲ့လို့ ကိုယ်တွက်ဆတာ မှားပြီပေါ့။ မှားပြီလားမှတ်ရယ်။

အဲသလောက်ထိ အညှိုးမကြီးစမ်းပါနဲ့ မှတ်ရယ်...။

* * * * *

"ချစ်လို့...ဟုတ်လား... ဟင်းဟင်း၊မိရီ... ညည်းတူမ က မင်းနေပြည်ကို ချစ်လို့လက်ထပ်တာတဲ့ဗျ... ဟင်းဟင်း..."

"ဟာ...ဖေဖေကလဲအာကျယ်ပါကျယ်နဲ့၊ရှက်ဖို့ကောင်းတယ်"





မှတ်က စူပုတ်ပုတ်ပြောကာ နယူးစ်ဝိဒ် မဂ္ဂဇင်းကို မျက်နှာရှေ့ ဖြန့်ကနဲကွယ်ပြီး မျက်နှာဖွက်ထားလိုက်သည်။

မှတ်ကိုဖေဖေက ပထမရက်ပိုင်းတွေက သိပ်စကား မပြောပါ။ အင်တင်တင်နှင့်။ မင်္ဂလာဆောင်နေ့ရဲ့ နောက်မှာ မှတ်ထံ ဖုန်းမဆက်။ ဆေးခန်းလိုက်ဖို့လဲ ပြန်မခေါ်သဖြင့် မှတ်ဘာသာမှတ် ဆေးခန်းကို လိုက်သွားရပါသည်။ သို့သော် ဖေဖေက ဟက်ဟက်ပက်ပက် စကားမပြောဘဲ စိတ်ဆိုးနေသည်။ ဖေဖေဆူမှာ ကြောက်ကာ မှတ်ကလဲ စကားဟဟလိုက်မပြောရဲခဲ့ပါ။

ကြာလာတော့ မှတ်မနေနိုင်။ တစ်နေ့ ဖေဖေ ဆေးခန်းမရှိသည့်ရက် ညနေဖက် အိမ်ကိုရောက်ချလာပြီး မသိမသာ ချော့မော့သလိုနှင့် အရောပြန်ဝင်ရသည်။ လိုက်ချော့နေမှန်း သိသာသောသူ့သမီးကို ဖေဖေက စကားဟဟပြန်မပြောဘဲ အခွင့်အရေးယူပြီး မေးခွန်းထုတ်သည်။

"ကဲ ... ဒါဖြင့်၊ ညည်း ဘာကြောင့် မင်းနေပြည်ကို ယူသလဲ ဝန်ခံစမ်းပါအုံး ...တဲ့ ...၊"

မှတ်ကစဉ်းစားပြီးသည့်အလျောက် ခပ်သွက်သွက် ပင်။

"ဦးမင်းကို မှတ်ကချစ်လို့ လက်ထပ်ပ..ပါဖေဖေ ..."

အဲဒီအခါ ဖေဖေက ပထမနှုတ်ခမ်းမဲ့ရွဲ့လိုက်ပြီး နောက်တော့ ငေါ့တော့တော့လေသံနှင့် ဒေါ်လေးကို လှမ်းအော်

ပြောတော့သည်။

"ညည်းငါ့ကို လာညာမနေနဲ့ ...'

"ဘယ်မှာညာလို့လဲဖေဖေရ ..."

"မင်းနေပြည်ကို ချစ်လို့ဆိုတာပေါ့ ..."

"ဖေဖေမယုံလဲနေပေါ့ ..."

မှတ်က မီးဖိုထဲမှာ တကုပ်ကုပ်နှင့် လက်ဖက်သုပ်နေသော ဒေါ်လေးဆီထဝင်လာခဲ့သည်။ ထမင်းစားပွဲ အုပ်ဆောင်းမှာ ဖွင့်ကြည့်လိုက်သောအခါ ပုဇွန်ဟင်းနှင့် ချဉ်ပေါင်ကြော် မှတ်ကဒေါ်လေးဖက်မတိုးပဲ ညှော်ခန်းဘက် ပြန်တိုးကပ်ကာ နံရံကွယ်မှ အသံကျယ်နှင့်

"ဒေါ်လေးရေ ...၊ အပြန်ကျ ချဉ်ပေါင်ကြော် နည်းနည်းထည့်သွားမယ်နော်၊ ဦးမင်းက ဒေါ်လေးလက်ရာ ချဉ်ပေါင်ကြော် သိပ်ကြိုက်တာ၊ စားချင်လိုက်တာ တစ်နှိန်လုံးပြောနေတာ၊ အတော်ပဲ ...ဦးမင်းဖို့ထည့်ယူသွားဦးမှ ဦးမင်းဖို့ ...ဦးမင်းအကြိုက်လေး ..."

ဖေဖေ့ထံမှ စာရွက်လှန်သံ တရှပ်ရှပ် ပြင်းစွာထွက်လာပြီး

"မိမှတ်၊ ငါကြားအောင် လာအော်မနေနဲ့၊ ညည်းအချိုးတွေ မသိရင် ညည်းအဖေမလုပ်ဘူး ..."

"ဖေဖေဘာတွေပြောနေတာလဲဟင် ..."

မှတ်ကအရိုးခံလေးလို ခေါင်းပြူမေးလိုက်သည်။





"သွားစမ်း၊ ငါ့လာအရှုမလုပ်နဲ့၊ ညည်းအဒေါ်ကို ပြောရမှာ နောက်ဖေးမဝင်ပဲ ဘာဖြစ်လို့ ညှော်ခန်းနံရံနောက်က ကပ်ပြီးကျူးအော်နေသလဲ။ ငါကြားအောင်လုပ်မနေနဲ့၊ ဦးမင်းကိုချစ်လွန်းလို့ ဦးမင်းအကြိုက်လေးတွေ သတိတရ သိပ်ရှိတဲ့ပုံပေါ့ ...ဟုတ်လား ..."

ပြောပြီး ဦးနိုင်ကျော်ဇောက တငှင်းငှင်း ညစ်ကာရယ်နေသည်။

"ဖေဖေကမှတ်ကိုမယုံတော့ ခက်တာပဲ၊ သိပ်ခက်တာပဲ၊ မှတ်က တကယ်သတိရသွားလို့၊ ဦးမင်းကသိပ်ကြိုက်တာ၊ သူ့အိမ်မှာလဲ အမြဲကြော်ခိုင်းတာ၊ ဒါပေမယ့် ဒေါ်လေးလက်ရာ မမှီဘူးတဲ့ ...၊နော်...ဒေါ်လေး ...၊ ထည့်ယူသွားမယ်နော် ..."

"ယူ ...ယူ ..."

ဒေါ်လေးကရှည်ရှည်ဝေးဝေး မပြော။ တပြုံးပြုံးနဲ့ခေါင်းညိတ်သည်။

"တစ်ခါတည်း၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်... အဒေါ်လုပ်တဲ့လူပါ သဘောတွေခွေလို့ ..."

ဒေါ်လေးက လက်ဘက်နှင့် ရေနွေးကြမ်းပွဲကို အိမ်ရှေ့လာချရင်း

"အစ်ကိုကြီးကလဲ ... မှတ်ကို အကောင်းဖက်ကကို မထင် နိုင်ဘူးလား...၊ ဒီသမီးလေး တစ်ယောက်တည်း၊

တစ်ခါတစ်လေလေး လာလည်ရတာ ...”

ဖေဖေကဒေါ်လေးစကားကို ဂရုမစိုက်ဘဲ

“ဟိုမှာ ဒေါ်ခင်ခင်ညွန့်တို့ စပယ်တို့နဲ့ကော ပြေလည်သလား၊ ပြေလည်အောင် အနေတတ်အထိုင်တတ် ပြောတတ်ရဲ့လား ...”

“ ပြေလည်တယ်မပြေလည်ဘူး မရှိပါဘူး။ ဒီလိုပဲ မှန်တမ်းနေကြတာပေါ့ဖေဖေရဲ့ ...”

“တစ်ခုခု ဆိုရင်လည်း ညည်းလွန်မယ်လို့ ငါက တွက်တယ် ...”

“အော ...ဖေဖေ့ဒေါ်ခင်ခင်ညွန့်ကြီးက သိပ်ကောင်းတာကိုး ...”

“တခြားကောင်းကောင်း မကောင်းကောင်း ညည်းကိုတော့ ကောင်းသားပဲမဟုတ်လား၊ ငါနောက်မှ တဖြည်းဖြည်း ပြန်သိတာတွေ အများကြီး၊ မင်္ဂလာကိစ္စမှာ ညည်းကိုး ထူတာတွေ ဇာချဲ့တာတွေ ထင်ရာ လျှောက်ကြဲတာ အများကြီး။ ဟိုတယ်ခ စရိတ်ဆုံးလိုဆုံး၊ ငါ့မှာ နားမပါဘူး မထင်နဲ့၊ ပတ်ဝန်းကျင်မှာ ငါ့နားတွေရှိတယ်၊ ဒါတွေ ခွင့်လွှတ်ထားတယ် ဆိုကတည်းက ကောင်းလို့ပေါ့၊ ငါသာ ညည်းယောက္ခမဆို ဒီလိုမလုပ်ပေးသေးဘူး ...”

“သူ့သား လူအိုကြီး နှလုံးရောဂါသည်ကို ပစ်မှာစိုးလို့ ဟန်လုပ်ကောင်းနေတာ ...”





“ကြည့်စမ်း ...၊ ဒါလား ...၊ မင်းနေပြည်ကို ချစ်တာ ...၊ ကိုယ့်ယောကျ်ား ကိုယ်ပြောလိုက်တာများ ...၊ မိရို ညည်းတူမ ပါးစပ်ပေါက်တွေသမို့ မှတ်လား ...၊ ဒီ အပြောမျိုးနဲ့ ပြဿနာ မဖြစ်ဘူးဆိုရင် ဟိုကယောက္ခမနဲ့ ယောက်မကို ရှေ့ချလိုက်ချင်သေးတယ် ...’

“ဖေဖေက မှတ်အလွန်ချည်း ပြောနေလို့ပါ ...၊ လူအိုကြီး နှလုံးရောဂါသည် ဘာညာဆိုတာက ဂရုဏာဒေါသော နဲ့ခေါ်တာပါဖေဖေရယ်၊ မှတ် ဦးမင်းကိုချစ်ပါတယ်၊ ဖေဖေ့မလဲ မယုံနိုင်လောက်အောင်ကို ဖြစ်နေတာပဲ ...”

ချစ်ပါသတဲ့။ ချစ်ပါသတဲ့။ ဆံပင်ဖြူပေါက်စပြုနေတဲ့ လူကြီးဆင်ပုဆိုးကွက်နဲ့ ရိုးရိုးအေးအေးကြီးကို ချစ်ပါသတဲ့ရှင်။ မှတ်က စိတ်ထဲကထပ်ပြီး ရွှဲတဲ့တဲ့ပြောလျက် နှုတ်ခမ်းလေးမဲ့ပြီး လက်ဖက်ကို တဖွပ်ဖွပ် ခပ်ကာစားနေသည်။ ဖေဖေကလဲ မဲ့တဲ့တဲ့ပင်။ ခေါင်းကို တမင်ကလာ လေးလေးကြီး ဆတ်ကာ ဆတ်ကာ ငြိမ့်လျက်မဲ့နေသည်။

မှတ်က ဘယ်သူ့မှ မသိစေချင်သော်လည်း ဖေဖေ နှင့် ဒေါ်လေးက အမှတ်မထင် သိသွားပါပြီ။ သိသွားလဲ မှတ်က တယ်ဂရုမပြုပါဘူး။ တစ်စုံတစ်ယောက်မှ လုံးဝမသိနိုင်ပဲ မှတ်ရဲ့ လျှို့ဝှက်ချက်ကြီး တည်မြဲနေမယ်ရယ်လို့လဲ မှတ်က ထင်တစ်လုံး မရှိပါ။ တစ်နေ့နေ့တော့ တစ်ယောက်ယောက် သိကိုသိမှာပါ။ သိလဲသိပေါ့။ အနည်းဆုံး နိုင်ငံခြားက မနှင်းဆီဆိုတဲ့ နှုတ်အာ

ကြမ်းကြမ်း မောက်မာရင့်သီးသော မိန်းမကြီး ရောက်လာလျှင် မှတ်ဟာ ဘယ်သူဆိုတာ သူသိကိုသိမှာပဲပေါ့။ သိတဲ့အခါ ဘယ်သူက ဘာလုပ်ချင်သလဲ။ မှတ်ကဂရုမစိုက်ပေါင်။

ဖေဖေသိသွားတာကတော့ မှတ်တွေးထင်တာ ထက် အများကြီးစောနေသည်။ ဒီလိုနည်းလမ်းမျိုးနှင့် ဖေဖေ သိရှိသွားမည်ရယ်လို့လဲ မှတ်ကမှ မတွေးမိတာ။ တကယ်တမ်း သိသွားတော့လည်း အခြေအနေက ဘယ်လောက်မှ မဆိုးပါဘူး။ ဖေဖေမှတ်ကို ဘယ်လိုထင်မလဲဆိုတာဟာ စိုးရိမ်စရာ ဖြစ်ပေမယ့် ဘယ်လိုထင်ထင် ဖေဖေဟာ မှတ်ကို အခုလောက် စိတ်တိုစိတ် ကောက်တာထက် ဘာမှ ပိုပြီး အရေးယူမှာမှ မဟုတ်ပဲ။ ဘယ်လိုလဲ အရေးယူလို့ ရဦးမှာလဲလေ။ မှတ်က ဦးမင်းနေပြည်နှင့် မင်္ဂလာ ဆောင်နှင်း လက်ထပ်ယူပြီးခဲ့ပြီဥစ္စာ။

"ဟော ... အိမ်ရှေ့မှာ ကားတစ်စီးရပ်တယ်၊ မင်းနေပြည် လာတယ်ထင်တယ်။"

ဖေဖေပြောလျှင် မှတ်က မတုန်မလှုပ် အရေးမလုပ် နေနေပြီးမှ သတိရကာ ဖြတ်ကနဲထသည်။ အလွန်ချစ်သော ခင်ပွန်းသည်ကို ဆိုလျှင်ဖြင့် ထကြို့မှ သဘာဝကျတော့မပေါ့။

"မီမှတ် ...၊ ဘာဘဲဖြစ်ဖြစ် တစ်ခုသတိပေးချင်တာကတော့ ဘာကြောင့်ပဲ တည်ဆောက်တည်ဆောက် ... ကိုယ် တည်ဆောက်ထားတဲ့ အိမ်ထောင်ရေးတစ်ခုကို လေးစား ပါ။ တန်ဖိုးထားပါကွယ် ..."





ဖေဖေ့အသံ၌ ဒေါသမပါ။ ဆူချင်သောစိတ်ကို လျှော့ချကာ လုံးဝဒေါသအာဃာတ ကင်းသော အတွင်းသဘော နှင့် မျက်လုံးအစုံသည် နူးနူးညံ့ညံ့ တောင်းပန်ဟန်အရိပ်ပင် စွက်နေလျက် ချော့မော့ပြောင်းဖျ လေသံမျိုးနှင့် တီးတိုးဆိုလိုက် သောအခါ မှတ်မျက်ရည်ပင် ဝဲချင်လာသလို ရင်ထဲ ဝမ်းနည်း တိမ်းပါး သွားမိပါလေသည်။

"ဖေဖေတောင်းပန်ပါတယ် ...၊ အိုကြီးအိုမကျမှ အိမ်ထောင်သည်သမီးရဲ့ အိမ်ထောင်ရေးကိစ္စအတွက် ဖေဖေရတက်မပွေ့ပါရစေနဲ့တော့၊ စိတ်မဆင်းရဲပါရစေနှင့်တော့ ..."

မှတ် တွေတွေကလေး ငြိမ်ရပ်နေဆဲပင်။ စေ့ရုံစေ့ ထားသော သံပန်းတံခါးကို တွန်းဖွင့် ကာ မင်းနေပြည် ဝင်လာသည်။

"လာ ...ထိုင်၊ မောင်မင်းနေပြည်၊ ထမင်းစားပြီးပြီလား "

"ကျွန်တော်မစားရသေးဘူးဆရာကြီး၊ အိမ်ကျမှ စားပါ့မယ် ... မှတ်ရော စားပြီးပြီလား ..."

"မစားရသေးပါဘူး၊ ဒေါ်လေး ထမင်းအိုး ထပ်တည်ထား တယ် ...၊ လင်မယားနှစ်ယောက် ဒီမှာပဲ စားသွားကြ၊ တစ်ခါတစ်လေ ကြုံတုံးဟာကွယ်နော် ...၊ ဒီမှာပဲစား လိုက်ပါ ...၊ မကျွေးရတာကြာပြီ ..."

ဒေါ်လေးစကားကြောင့် မင်းနေပြည်က မှတ်ကို

ဆန္ဒခံယူသလို လှမ်းကြည့်သည်။

“မစားရင် ဒေါ်လေးက ညကျ ကြိတ်ငိုရင်ငိုမှာ ဦးမင်း ...”

“ညည်းကတော့လေ ... ငါ့များပြောရမယ်ဆိုရင် ...”

“ဒါဖြင့်စားမယ် ဒေါ်လေး ...”

“ညည်းပုဇွန်ဟင်းက ဆီတွေများသလား မိရီ ...၊ အဆီပါ လဲ ပုဇွန်သားချည်း သပ်သပ်စားပေါ့ကွာ၊ အရွက်လေးဘာ လေး တစ်ခုခု သုပ်စရာရှိ သုပ်လိုက်ပါလား ...”

“ဟုတ်ကဲ့ အစ်ကိုကြီး ...”

ဒေါ်လေးထဝင်သွားသဖြင့် မှတ်ကလဲ လိုက်ဝင်ခဲ့ပါ သည်။ အသုပ်တစ်ခုခု လုပ်ဖို့ ဒေါ်လေးကို လိုးချွတ်စရာ ကူရမည်။

“မောင်မင်းနေပြည် ဝက်သားတော့ လုံးဝ ရှောင်ထားပြီ မဟုတ်လား ...”

“ဟုတ်ကဲ့ ...၊ ဝက်သားတင်မကပါဘူး ဆရာကြီး၊ ငါးနဲ့ အသီးအရွက်ကြော် အသီးအရွက်သုပ်လောက်ပဲ စားပါ တယ်၊ အချိုမှုန့်လဲ ရှောင်ပါတယ်၊ ဂရုစိုက်စားပါတယ် ..”

“သံပုရာရည်လေးသောက်ပေး၊ အချိုလျှော့၊ ချဉ်ချဉ်ပေါ့”

“ဟုတ်ကဲ့”

ဦးနိုင်ကျော်ဇောက ပြုံးရင်း

“ချဉ်ပေါင်ကြော်တို့ဘာတို့ ကြိုက်သလား. .”





“ကြိုက်တယ်တော့မဟုတ်ပါဘူး၊ ကြုံရင်တော့စားပါတယ်၊ သံပုရာရည်တောင် ကြိတ်မှိတ်မျိုချရတာ၊ ကျွန်တော်က ချဉ်တဲ့ အရသာ မကြိုက်တော့ နည်းနည်းခက်တယ် ဆရာ ကြီး၊ ထူးထူးခြားခြား မကြိုက်ပါဘူး၊ ဘာဖြစ်လို့လဲ ဆရာ ကြီး၊ ချဉ်ပေါင်ကြော် စားဖို့လိုလို့လား ...”

“မဟုတ်ပါဘူးဗျာ၊ မိမှတ်က ကြိုက်တယ်ဆိုသလားလို့ပါ၊ ဦးမင်းက ချဉ်ပေါင်ကြော် သိပ်ကြိုက်သတဲ့၊ ဘာနဲ့ အမှတ် မှားတယ်မသိဘူး ...”

“သူပြောတာ ပဲပင်ပေါက်ကြော်များလား ...၊ ကျွန်တော်က ပဲပင်ပေါက်ကြော်ကြိုက်တယ်ဆရာကြီး ...”

“ပဲပင်ပေါက်နဲ့ ချဉ်ပေါင်အဝေးကြီးပါ ... ဟင်း ... ဟင်း ...ဟင်း ...”

ဘာမှသဘောမပေါက်ပဲ အရိုးခံပြောနေသော သားမက်ကို ဦးနိုင်ကျော်ဇောက သဘောတကျ ရယ်နေမိရင်းမှ

“မိမှတ်ရေ ...မိမှတ် ...”

နောက်ဖေးဖက်လှမ်းအော်လိုက်သည်။

“ရှင် ...ဖေဖေ ...”

“လာစမ်းပါဦးဟ ...”

“ရှင်”

မှတ်က ညှော်ခန်းနှင့် ထမင်းစားခန်းအစပ်သို့ ...ာရပ်သည်။ လက်ထဲမှာ အခွံသင်လက်စ ကြက်သွန်ဥနှင့်ဒါးပါး

တစ်ချောင်း။

"ဖေဖေဘာလဲဟင် ..."

"ဘာမှမဟုတ်ပါဘူးကွယ်၊ ချဉ်ပေါင်ကြော် ထည့်မသွားနဲ့လို့ ပြောမလို့ပါ ...၊ မောင်မင်းနေပြည်က ချဉ်ပေါင်ကြော် မကြိုက်ပါဘူးတဲ့ ...ဟား ...ဟား ...ဟား ..."

မှတ်မျက်နှာကလေး ရုတ်တရက် တွန့်ကာ ပါးစပ်မှ ပွစိပွစိလုပ်ရင်း လှည့်ဝင်သွားတာကို ကြည့်လျက် မင်းနေပြည် ဘာမှနားမလည်။ ဆရာကြီးက တဟားဟားနှင့် သဘောကျနေသဖြင့်လည်း သူလည်းအလိုက်သင့်ပြီး ပြုံးထားရပါသည်။ မှတ်ရဲ့ ပွစိပွစိရေရွတ် ဝင်သွားဟန်ကို မြင်ယောင်ကြည့်ကာ သူကောင်းကောင်းကြီး ပြုံးနေမိပါသည်။

* * * * *

တီဗီရှေ့မှာထိုင်နေကြရာမှ အိုရှင်ဇာတ်လမ်းတွဲမှ ဇာတ်ဝင်ခန်းစကားသံတွေ ဖုံးသွားအောင်ပင် အသံကျယ်ကျယ်နှင့်

"မလုံးရေ ကင်းရေခဲမုန့်တွေ ဦးမင်းဝယ်လာတယ် ...၊ တစ်ဗူးသွားယူခဲ့ပေးစမ်းပါ။"

ထမင်းဘူးအရွယ် ဘူးကြီးနှင့် နှစ်ဗူးဝယ်လာတာကို တစ်အိမ်လုံးမြင်တွေထားသဖြင့် မှတ်က တစ်ဗူးယူခိုင်းလိုက်သော အခါ မင်းနေပြည် ကြားထဲက အနေရခက်သွားပါတော့သည်။ မှတ်သည် မင်းနေပြည်ဝယ်လာသော စားသောက်စရာ ပစ္စည်းပစ္စယတို့ကို သူတစ်ဦးတည်းအပိုင်ဆုံးဖြစ်သလို သုံးစွဲစားသောက်





မဲ့. .။ ဒေါ်ခင်ခင်ညွန့်နှင့် စပယ်တို့ဝယ်လာသော မုန့်ပဲသားရေစာဆိုလျှင် အားလုံးဝိုင်းထိုင်စားမှပဲ သူမလဲစားဖြစ်သော်လည်း မင်းနေပြည် ဝယ်လာတာဆိုလျှင် သူမဖို့ပဲဟု ယူဆထားသလို ပြုမူတတ်လေသည်။

တစ်ခါတစ်ရံ ဘယ်သူမှ မတို့မထိ မစားလိုက်ရပဲ သူမတစ်ယောက်တည်း စားပစ်လိုက်သည်မှာ ဘယ်အချိန်က ကုန်ပြီးဖြစ်နေသည်ကိုပင် မသိလိုက်ရပါ။ ဒီကိစ္စမျိုးကို တားမြစ်ဖို့ရာပင် ရှက်စရာကောင်းသလိုလို မေမေရော စပယ်မှာ ဘာမှ မပြောပါ။ မင်းနေပြည်မှာသာ အနေခက်သည်။ မှတ်ဖို့ ရယ်လို့လဲ ရည်ရွယ်သလို တစ်အိမ်လုံးအတွက်လည်း သူရည်ရွယ် ဝယ်တာပါပဲ။ မိသားစုစားဖို့ပေါ့။ မှတ်တစ်ယောက်တည်းအတွက် ကြိတ်ဝယ်လာသည်ဆိုလျှင် ဘယ်ကောင်းနိုင်ပါ့မလဲ။

"မလုံး ...၊ မေမေတို့ နှင့်မမလေးတို့ဖို့ပါ ပန်းကန်တွေနဲ့ ပြင်ထည့်ပြီးယူခဲ့လေ ...'

မင်းနေပြည် လှမ်းအော်သံကြားလျှင်မှတ်က

" ငါ့ဖို့ ပန်းကန်နဲ့ မထည့်ဘူး၊ ဗူးလိုက်ဇွန်းတပ်ခဲ့၊ မှတ် တစ်ဗူးလုံး ကုန်တယ်ဦးမင်း ..."

မလုံးကိုရော မင်းနေပြည်ကိုပါ တစ်ဆက်တည်း လှမ်းပြောသည်။ ထိုအခါ အမိပွါယ်က သူမကတစ်ဗူးစား ကျန်လူများက တစ်ဗူးကို မျှစားကြပေါ့ ...။ ကုန်အောင်စားနိုင်ပါသည်ဆိုသူကို ကုန်အောင်မစားပါနဲ့ဟုလဲ ပြောမဖြစ်ပြန်။

"ငါမစားချင်ပါဘူး... ငါ့ဖို့မထည့်နဲ့ ..."

ဒေါ်ခင်ခင်ညွန့်က လေသံမှန်ဖြင့် ပြောလိုက်သော်လည်း မေမေမှတ်ကို မကျေနပ်ပြီဆိုတာ မင်းနေပြည်သိသည်။ မှတ်ကတော့ ဘာမှမသိသယောင် မေမေ့ဖက်လှည့်ကာ

"ဘာဖြစ်လို့လဲ မေမေ၊ ကောင်းတယ်မေမေရဲ့ ..."

"ရင်ပြည့်နေလို့၊ ခုပဲ ထမင်းစားပြီးတယ် ။ ဘယ်စားနိုင်မလဲ ..."

တကယ်တော့ ဖန်အုပ်ကလေးထဲ လှလှပြင်ထားသော ရေခဲမုန့်တစ်ပန်းကန်ဆိုတာ လျှောကနဲ ချောင်ချောင်ဝင်သွားနိုင်သော ပမာဏပါ။ မေမေတမင်ကို မကြည်လို့ မစားတာသိသဖြင့် မင်းနေပြည် စိတ်မကောင်းဖြစ်မိသည်။ မှတ်ကိုလဲ မသိတတ်ရန်ကောရယ်လို့ သူတအံ့တသြ စိတ်တိုပါသည်။ တကယ်တော့ အားလုံးစားဖို့ထည့်ခဲ့ပါ ဆိုတာမျိုး မှတ်ကပြောရမှာ ...။

မှတ်ကတော့ မလုံးယူလာပေးသော ရေခဲမုန့်တစ်ဖူးကြီးကို ဇွန်းနှင့် ခပ်ကာစားနေသညည်။ ဘာကိုမှ ပူပင်ကြောင့်ကျမရှိလေသည့်နှယ်။ မလုံးပန်းကန်လေးတွေနှင့် ပြင်ယူလာတာကို ဒေါ်ခင်ခင်ညွန့်က ကြည့်ရင်း

"တစ်ပန်းကန် ပြန်သိမ်းသွား ... ငါမစားဘူး ..."

ပြောပြီး စပယ့်ကို လှမ်းကြည့်သည်။ မေမေ့ဟန်ပန်မှာ စပယ်မှာ ငြင်းစေလိုဟန်ပါကြောင်း စပယ်သိပါသည်။ သို့သော် မျက်နှာပျက်နေသော အစ်ကိုလုပ်သူကို သနားပြီး





အားနာသဖြင့် မေမေ့အကြည့်ကို မမြင်သလိုပဲ နေလိုက်ရပါသည်။

"စပယ် ... ရော့"

မင်းနေပြည်ကိုယ်တိုင် လှမ်းယူပေးသော ပန်းကန်ကို ယူထားလိုက်ရပြီး မစားချင်ပဲ ဇွတ်ခပ်စားလိုက်ရပါသည်။ ရင်ထဲမှာ မှတ်ကို အင်မတန် မသိတတ်လှလေခြင်းရယ်လို့ တအံ့တသြရှိလှပါသည်။ ဘယ်လိုမိန်းမစားလေးပါလိမ့်။ တီဗီကြည့်တိုင်း အစားတစ်ခုခုစားသည်။ စားပြီးလျှင် သူထိုင်သော ကုလားထိုင်နံဘေးမှ စားပွဲပုပေါ်တွင် ပန်းကန်ပေသည်အတိုင်း၊ အခွံသည်အတိုင်း၊ အိတ်ဖြစ်စေ သည်အတိုင်းချန်ရစ်သည်။ အိမ်မှာ အလုပ်သမားတွေရှိသော်လည်း အမှိုက်ကို ကိုယ်တိုင်သွားပစ်လိုက်တာမျှကတော့ ဘာများပင်ပန်းလို့ပါလဲ. .။ ပန်းကန်ကို ဆေးဖို့နေရာမှာချထားလိုက်လျှင်ရော ဘယ်လောက်မောစရာမို့လို့လဲ။

ပစ္စလက္ခတ်နိုင်လှသည်။ လပေါ်သရေဆန်လှသည်။ တီဗီပြီးလျှင်ဖြစ်စေ။ သူမ မကြည့်တော့လျှင်ဖြစ်စေ၊ အမှိုက်ကို သည်အတိုင်း ကျောခိုင်းကာ သူမလှည့်ထွက်သွားသည်သာ။ စပယ်တို့ပြောစရာ မလိုပဲ ဒေါ်သန်းတို့ မလုံးတို့က ကောက်သိမ်းမည်သာဖြစ်သော်လည်း ထားနိုင်ခဲ့သူကို အံ့သြလှပါသည်။ သူ့အိမ်မှာသူ ဒီအကျင့်နှင့်ပဲ နေသည်ဖြစ်ပါစေ။ ယောက္ခမအိမ်ပေါ် တက်လာရမှာတော့ လေးစားသမှုနှင့်ဖြစ်စေ၊ အချိုးအချိတ်အကျင့်တွေ ပြုပြင်သင့်တာပေါ့။

"ဟင်း"

စပယ်သက်ပြင်းတစ်ချက်ချလိုက်သည်။

မှတ်ကတော့ ဘယ်သူဘာဖြစ်နေသည် တစ်စက်မှ စိတ်ဝင်စားပုံမပေါ်ပါ။ ရေခဲမုန့်ကို ဆေးခါးကြီးသောက်ရသလို မြန်မြန်ကုန် မြန်မြန်ဒုက္ခအေးသလိုပုံစံနှင့် ဆက်တိုက်ဆက်တိုက် အသက်မရှူစတမ်း စားပစ်လိုက်ပြီးလျှင် ဖူးနှင့် ဇွန်းကို ဘေးက စားပွဲပေါ် မကြည့်ဘဲ လှမ်းတင်လိုက်၏။ ဖူးက စားပွဲစွန်းမှာ တံတံလေး ချိတ်မိရုံတင်ကာ အောက်ကို ဂွပ်ကနဲပြုတ်ကျသည်။

"ပလုပ်တုတ်"

အော်ဟစ်ယောင်ယမ်းပြီး ဖူးကို ကောက်ယူကာ စားပွဲပေါ်ဘတ်ကနဲ ပြန်တင်တိုက်သည်။ ဇွန်းကိုရှာမတွေ့သဖြင့် ရှာမကောက်တော့။ ဇွန်းကဆက်တီတစ်ခုဘေးချောင်ထဲ ဝင်သွားသည်။ ကော်ဇောပေါ် ရေခဲမုန့် အကပ်အသပ် အရည်ပျော်တွေက လေးငါးစက်ကျကာ ပေကျံသည်။ မှတ်သည် လုံးဝဂရုစိုက်မကြည့်။ ခေါ်သုတ်ခိုင်းခြင်းလည်း မပြုပါတကား။

"မလုံး"

ဒေါ်ခင်ခင်ညွန့်အသံက ဒေါသထိန်းကာ ခပ်တင်းတင်းပေါ်လာသည်။

"ရှင်"

"ကော်ဇောမှာ အစက်တွေပေကုန်ပြီ၊ ချက်ချင်းသုတ်စမ်း၊ ဇွန်းကို ဆက်တီဘေးက ကောက်ပြီး ဖူးပါတစ်ခါတည်း သိမ်းလိုက်"





မလုံးထိုင်ရာမှထကာ အဝတ်စုတ်ယူရန် နောက်ဖေး ဝင်သွားသည်။တစ်ခဏမျှကြာသည်ကိုပင် ဒေါ်ခင်ခင်ညွန့် မအောင့်နိုင်ဘဲ

"ဟဲ့ ...မြန်မြန်လာစမ်း၊ တကထဲ ... အဝတ်စုတ်လေး ယူတာ မပြီးတော့ဘူး၊ ကြာမနေနဲ့၊ မြန်မြန်လာသုတ် ..."

မှတ်သည် သူ့ကြောင့်ပေပွပြီး သုတ်ရပြုရဖြစ်မှာကို သူနှင့်ဘာမှမဆိုင်သလို ဒေါ်ခင်ခင်ညွန့်လေသံကျယ်ကြောင့် အိုရှင် စကားမကြားရသယောင် ခေါင်းလေးရှေ့ထုတ်ပြီး ကုန်းကာ နားစွင့်နေသည်။ မျက်လုံးက တီဗီမှ တစ်ချက်မခွာ။ အသဲယား စရာ။ ထိုအခိုက် အိုရှင် ဇာတ်လမ်းပိုင်းက ပြီးဆုံးသွားသဖြင့် ဆတ်ကနဲ ထိုင်ရာမှထလိုက်သည်။ ထမင်းစားခန်းဖက် ထွက်သွားကာ ရေခဲသေတ္တာဖွင့်ပြီး ရေငွေ့သောက်ရင်း 'အား ရေခဲမုန့်စားရတာ ရေငတ်လိုက်တာ...' ဟု အော်ကျယ်ကျယ် ညည်းညူနေပြန်သည်။

"ဟဲ့ ...ဟိုမှာတစ်စက်၊ သုတ်ဦး ...၊ တော်တော့၊ အဲ သလောက်လဲ ဖိသုတ်မနေနဲ့ဟဲ့၊ ဇွန်းကဟိုဘက်ချောင်ထဲမှာ၊ နင့်မျက်စေ့ကန်းနေသလားဟင် မိလုံး၊ အလုပ် လုပ်တာ စိတ်က တီဗီဘက် အာရုံထားမနေနဲ့၊ ဒေါသက ထွက်လာပြီ ..."

ဒေါ်ခင်ခင်ညွန့် ဤမျှနှင့် ဒီလောက်စိတ်တိုနေ တာဟာ ဘာကြောင့်ဆိုတာ အားလုံးသိကြပါသည်။ မိလုံး ကိုယ်တိုင်ပင် သိပုံရပါသည်။ အဆူခံရဟန်မရှိပဲ ဒေါ်ခင်ခင်ညွန့်

စိတ်သက်သာရာ ရစေခြား ပြေးလွှားလုပ်ကိုင်နေရှာပါသည်။ မှတ်ကတော့ ဘာမှမသိသလို ရေသောက်ပြီးလျှင် ညည့်ခန်းကို ဖြတ်ကာလှေခါးတဒုန်းဒုန်း ပြေးတက်သွားပါတော့သည်။

"ဟင်း ...ဟင်း ... ငါနော် ငါ ၊ ငါဘာမှမပြောချင်ဘူး၊ စပယ် ငါ့ဖို့ သံပုရာတစ်ခွက်လောက် မြန်မြန်ဖျော်စမ်း .."

ဒေါ်ခင်ခင်ညွန့်မှာ မြို့သိပ်ရသဖြင့် တဇတ်ဇတ်တုန်မလိုဖြစ်လာသည်။ ရင်တုန်ကာ ချက်ချင်းလက်ငင်း သွေးပဲ တိုးလာသလိုလို ဖြစ်လာလေသည်။

"မေမေ ...၊ မူးလားဟင် မူးလား ..."

မင်းနေပြည် မေမေ့အနားသွားထိုင်ကာ စိုးရိမ် တကြီးမေးမိလေသည်။

"မူးတယ်၊ ရင်လည်းတုန်တယ်၊ ဟင်းမင်း မျက်နှာကြောင့် နော် နေပြည် ...၊ ငါ မင်းမိန်းမကို တော်တော့်ကို စိတ်ပျက်စိတ်ကုန်နေပြီ ...၊ တော်တော့်ကို မသိတတ်တဲ့ ဟာမ ..."

"စိတ်လျှော့လိုက်ပါမေမေရယ် ...၊ ကျွန်တော်သူ့ကို သေချာပြောပြပါ့မယ် ..."

"အလိုက်ကန်းဆိုး တစ်ချက်မှ မသိတဲ့ဟာမ၊ ငါကြိတ်ပြီး မြို့သိပ်နေရတာ များပြီ၊ ဘယ်နေ့ ဒေါသလုံးဆို့ပြီး သေမလဲမသိဘူး၊ ဒီလောက်ထိ မသိဆိုးရွားတာတော့ မဖြစ်နိုင်ဘူး၊ ငါတို့ကို သူနေ့စဉ်နဲ့အမျှ ဆွနေတာ





ရန်စနေတာဟဲ့၊ ပြဿနာရှာဖို့ ရန်စနေတာ ..."

စပယ် သံပုရာခွက်နှင့် ရောက်လာပြီး

"ကဲပါမေမေရယ် ...၊ စိတ်တိုတာတွေ ပြောမနေပါနဲ့၊ ရော့ ဂလူးကို့စ်လေးပါတယ်မေမေ ...၊ သောက်လိုက်ပါဦး။ အေးအေးလေး ..."

"ဒီမှာနေပြည် ... တစ်နေ့ငါနဲ့ ထိပ်တိုက်တွေ့တော့မယ်၊ အကြီးအကျယ်ပေါက်ကွဲကြတော့မယ်ဟဲ့ သိရဲ့လား ..."

"မေမေရယ်တော်ပါတော့ ...ကဲ ကိုကိုလဲတက်တော့ ကိုကိုလဲ ဘာမှ သိပ်စိတ်ညစ်ခံစားမနေနဲ့ဦး၊ ကိုယ့်ရောဂါက လည်းရှိသေးတယ်၊ ကဲ ... သွားပါကိုကိုရယ် ...၊ ကိုကိုရှိရင် မေမေဆက်ပြောနေရင်းနဲ့ ဒေါသကျမှာ မဟုတ်ဘူး ..."

စပယ်က အစ်ကိုကို တွန်းလွှတ်သည်။ အပျက်ကြီး ပျက်နေသော အစ်ကိုဖြစ်သူမျက်နှာကြောင့် အစ်ကို့ကိုလည်း စိတ်ပူရသေးသည်။ သို့သော် လိုအပ်လျှင် သူ့မိန်းမပြုစုလိမ့်မပေါ့ ဟုတွက်ကာ ဖွတ်ပင် အပေါ်ထပ်သို့တက်အောင် တွန်းလွှတ်လိုက် ပါတော့သည်။

မင်းနေပြည် လှေကားတစ်လျှောက် လေးလေးကြီး တက်လာရင်း ရင်ထဲတဒုန်းဒုန်း ခုန်နေသည်။ အဖြစ်အပျက်တွေကို သူစိတ်ပျက်လှပါသည်။ အခန်းတံခါးကို ဖွင့်ဝင်လိုက်လျှင် မှန်တင်ခုံရှေ့ ကျစ်ဆံမြီးဖြည်ကာ ဆံပင်ရှင်းဖြီးသင်နေသော မှတ်ကလှည့်မကြည့်ပဲ

"ဒီနေ့ရေခဲမုန့်က ဟိုတစ်ခါဝယ်လာတဲ့ ချောကလက်မှုန့်လေးတွေနဲ့ဟာထက် ပိုကောင်းတယ်၊ ခရမ်းရောင်လေး ဘာခေါ်လဲဟင် ..."

မင်းနေပြည် ကုတင်စွန်းမှာ ဝင်ထိုင်လိုက်သည်။

"ဟင် ... ဦးမင်းဘာခေါ်သလဲလို့ ..."

"မှတ်"

မှတ်ကတစ်မျိုးကြီးဖြစ်နေသော မင်းနေပြည် အသံကြောင့် ဆတ်ကနဲ လှည့်လာသည်။

"မှတ်လုပ်ပုံတွေ မဟုတ်သေးဘူး ..."

"ဘာကိုပြောတာလဲဦးမင်း ..."

"အားလုံးအားလုံးပဲ ...လိုက်ပြောနေရရင် အသေးအဖွဲကလေးတွေဖြစ်မယ်၊ ဒါပေမယ့် မှတ်ဆင်ခြင်သင့်ပါတယ်၊ မှတ်နည်းနည်း ဆင်ခြင်သင့်ပါတယ် ..."

"ဦးမင်းဘာတွေပြောနေတာလဲ ..."

"မှတ်ရယ် ...ဘာဘဲဖြစ်ဖြစ် ...မေမေဟာလူကြီး ...၊ မှတ်အမေလိုသဘောထားရမှာ၊ တစ်ခုခုစားခါနီး သောက်ခါနီးကျ ကျန်တဲ့သူတွေ သတိမရတောင် မေမေ့တော့ စားဖို့အရင်ခေါ်သင့်တယ် ...၊ လောကွတ်ပျူငှာ ပြောသင့်တယ် မဟုတ်လား ..."

"အော် ဒါများ ...၊ ဦးမင်းမျက်နှာကြီးက ကြောက်စရာကြီးဖြစ်နေလိုက်တာ၊ မှတ်မေ့သွားလို့ပေါ့၊ ဒါပေမယ့် ပြောလဲမေမေက စားမှာမှမဟုတ်ဘဲ၊ ဗိုက်တင်းနေတယ် ပြောတာ မကြားဘူးလား ..."





"ဗိုက်တင်းတာ သူ့ဟာသူတင်းပစေပေါ့..၊ အားလုံးစားကြဖို့ပြင်ပေးပါ ဆိုတာမျိုးဖြစ်သင့်တယ် မဟုတ်လား၊ မှတ်ကမှတ်တစ်ယောက်တည်းအတွက် ယူနိုင်းပြီးမှ ကိုယ်ကဝင်ပြီး စီစဉ်ရတော့ ဘယ်ကောင်းမလဲကွ ..."

"ဒါဖြင့် မေမေက ဗိုက်တင်းလို့မစားတာ မဟုတ်ဘဲ ဦးဦးဖျားဖျားမကျွေးလို့ မစားတာပေါ့"

"အဲဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက မှတ်စိတ်ထဲက မပါတောင် မေမေ့ကို အမေနေရာထား ဦးစားပေးသင့်တယ်ဆိုတဲ့ အသိစိတ်လေးနဲ့ သိတတ်မှု ပြသင့်ပြောသင့်တယ် ..."

"ဦးမင်း မှတ်ကိုဆူနေတာလား ..."

"မှတ်ကလေးမဟုတ်ဘူး၊ ဆူရမယ့်အရွယ်လဲ မဟုတ်တော့ဘူး၊ နောင်သိတတ်အောင် ကိုယ်ပြောတာ၊ မှတ်ကြိုက်မှန်းသိလို့ ကိုယ်ဝယ်လာတာမှန်တယ်၊ ဒါပေမယ့် လူကြီးစားသည်ဖြစ်စေ၊ မစားဘူးဖြစ်စေ၊ အရင်ဦးစားပေးတာမျိုး အရိုအသေပေးတာမျိုးနဲ့ ကျွေးရမယ်၊ မှတ်ဖေဖေကိုလည်း မှတ်ဒီတိုင်းပဲ လုပ်ရမယ် ..."

"မှတ်သိပါပြီ ... နောက်ဆို ဘာအစားအစာမှ မေမေမစားရသေးရင် မစားတော့ပါဘူးဦးမင်း စိတ်ချပါ ..."

"မှတ်သဘောပေါက် လက်ခံလို့ပြောတာလား၊ စိတ်ကောက်ပြီးပြောတာလား ..."

"ဘာကြောင့်ပြောပြော နောက်ဆိုရင် မှတ်အရင်မစားရင် ပြီးတာပဲ မဟုတ်လား။ မှတ်သိပါတယ်၊ ဦးမင်းမေမေ မှတ်ကို မကြိုက်ဘူး၊ တီဗီကြည့်ရင်း မုန့်စားတာကို မကြိုက်ဘူး၊ မှတ်မုန့်စားရင်ကို ဦးမင်းမေမေက တစ်မျိုးကြီးဖြစ်ရော"

"မုန့်စားတာကို မကြိုက်ဖူးရယ်လို့ မရှိပါဘူးမှတ်၊ ဒါပေမယ့် မှတ်အပြုအမူတွေကလဲ ကလေးပေါက်စကျနေတာပဲ၊ ပြုတ်ကျလိုကျ ...ပေကျံလိုပေကျံ ..."

"ဦးမင်းမေမေ မှတ်ကို စိတ်ဆိုးပြီး မလုံးကိုဖိဆူနေတာလဲ မှတ်သိတယ် ...၊ မှတ်က ကိုယ်အိမ်ကိုယ့်ယာလို သဘောထားမိတာကို၊ ဦးမင်းတို့ညှဲခန်းက ကော်ဇောကြီး တန်ဖိုးကြီးမှန်းသိပါတယ်၊ နောက်မပေစေရဘူး ...'

"မှတ်ကတလွဲလိုက်ပြီး မဟုတ်တဲ့ဘက်က တွေးနေတာပဲ ... ၊ ကောဇောပေ လို့ ကပ်စေးနဲပြီး နှမြောနေတာ မဟုတ်ဘူး... "

"စားပွဲပေါ်တင်ရင်း မတော်လို့ ပြုတ်ကျတာပဲဟာ ... မှတ်ဘယ်တတ်နိုင်ပါ့မလဲ ဦးမင်းရဲ့၊ ဇွန်းပြန်မကောက်တာလဲ မကြိုက်ဘူး မဟုတ်လား...၊ ဇာတ်လမ်းကပြီးခါနီးလေး ကောင်းနေလို့ ဇာတ်လမ်းကို ဂရုစိုက်ကြည့်နေလို့ပါ။ ဦးမင်းမေမေ မှတ်ကို ဆူလိုက်တယ် မဟုတ်လား၊





အောက်မှာ ခုထိပြောတုန်းဖြစ်မှာပဲ ...၊ ခက်တော့ ခက်တာပဲ၊ မှတ်က ကိုယ့်အိမ်ကိုယ့်ယာလို ကိုယ့်သဘောရှိ လုပ်လုပ်မိတယ် ...၊ ဒီလိုလုပ်တာ ဦးမင်းမေမေ မကြိုက် ဘူး၊ နောင်ဆို ညှဲသည်[illegible]လာသလို ဂရုတစိုက် လုပ်ပါ့မယ် ..."

"မှတ်ကို ကိုယ်ဘာမှ မပြောတတ်တော့ဘူးမှတ်၊ ကိုယ်ဆိုလို နေတာ ဒီလမ်းကြောင်းဖက်ကို မဟုတ်ဘူးဆိုတာ မှတ်သိဖို့ ကောင်းတယ် ..."

"မှတ်သိတာ တစ်ခုပဲ ...၊ အဲဒါက မှတ်မလွတ်လပ်ဘူး ဟုတ်တယ်၊ ထင်သလိုနေလို့မရဘူး၊ မှတ်ကို ဦးမင်းမေမေ က အပြစ်ရှာပြီး ကြည့်နေတယ်၊ ငါးပြားဖိုးမှားရင် အပြစ် တစ်ကျပ်ဖိုးလောက်မြင်တာ ...၊ မှတ်သီချင်းဖွင့်တာ ကျယ်ရင်လည်း မကြိုက်ဘူး၊ ရေချိုးရင်တောင် ရေ အများကြီးချိုးလို့ အပေါ်တိုင်ကီကြီးကို ရေထပ်မောင်း တင်ရတဲ့သဘောပြော[illegible]ယ်၊ ရေမောင်းရတာ ဒီနေ့ နှစ်ခါရှိ ပြီဆိုတာမျိုး၊ မှတ်ချိုးပြီးတိုင်းပြောတယ်၊ မှတ်မီးဖိုထဲ သွားလဲမကြိုက်ဘူး၊ တစ်ခါတစ်ခါ မီးဖိုထဲ ပျင်းလို့ကူမယ် စိတ်ကူးပါတယ်၊ မှတ်ဝင်ပြီးဟင်းစီစဉ်မှာကို သဘော မကျဘူး၊ မှတ်ဝင်စီစဉ်မှာ ဆရာလုပ်မှာ နေရာယူမှာ စိုးတယ်၊ မှတ်ဖုန်းဆက်တာကြာရင်လည်း မကြိုက်ဘူး၊ မှတ်တို့အခန်းထဲ မှတ်ခန်းဆီးလဲတာကအစ မကြိုက်ဘူး၊

ကဲ မှတ်ဘာလုပ်ရမလဲ ...၊ ဘာလုပ်လုပ် အပြစ်မတင်... အတူတူဆိုတော့ လုပ်ချင်သလို လုပ်နေတာ မကောင်း... လား ..."

"မှတ်မှားနေပြီ ..."

မင်းနေပြည် ဒါကိုပဲပြောနိုင်ပါသည်။ သူဘယ်ဖက်မှ မလိုက်ပဲ ပြောရလျှင် နှစ်ဘက်လုံး တစ်ယောက်... တစ်ယောက် အကောင်းမမြင်ကြဘူးဆိုလျှင်တောင် မှတ်... လွန်တာ အရင်ဦးစွာ စသည်ဆိုတာ သူသိနေသည်။ မှတ်... ဒီအိမ်ကို ရောက်မလာခင် ကတည်းက မသိမသာ တိုက်ခိုက်... နေခဲ့တာပဲ။ ရောက်လာပြီး နောက်မှာ တစ်ကွေ့ကွေ့ တွေ့... တော့မည် ဆိုတာသေချာသော အပြုအမူတို့နှင့် ထိုကွေ့... မရောက်ရောက်အောင် စတင်အကဲ စမ်းနေခဲ့သည်။ မေ... အပြစ်မြင်လာတာမှန်သည်။ ဒီလိုဖြစ်အောင် မှတ် စလုပ်ခဲ့သည်။

မင်းနေပြည် စိတ်မကောင်းခြင်းကြီးစွာ စိတ်မချမ်းသာခြင်း ကြီးစွာနှင့် ကုတင်ပေါ် မှိန့်စန့်ရန့်ရန်လှဲချလိုက်သည်။ သူကံမကောင်းခဲ့ပါလား။ ကြင်နာမြတ်နိုးမှုနှင့် အစတည်က... နှစ်နှစ်ကာကာ သူချစ်ခဲ့သောမိန်းကလေးသည် သူစိတ်ချမ်းသာ... ချမ်းသာခြား တစ်ချက်မှ မတွက်ပါလား။ သူမလုပ်ချင်ရာလုပ်မည်... ကြားလူဖြစ်သော မင်းနေပြည်အနေခက်ရုံမက လဲသေသေ ဆိုသည့် ခံစားမှုမျိုးပဲ ထားသည်ထင်ပါရဲ့။

"မှတ်ကို အပြင်ထွက်လည်တယ်လို့လဲ အပြစ်တင်တယ်





တစ်နေ့တစ်နေ့ မှတ်ဘာလုပ်ရမှာလဲ၊ဘယ်နားသွားသွား လိုက်ကြည့်နေတာ၊ ဟောက်စ်ကလဲမဆင်းရသေးဘူး၊ ဆင်းချင်လှပါပြီ။ ဒါမှ အိမ်ကထွက်ရမှာ၊ ခုတော့ အိမ်မှာလည်း ဟိုဟာမလုပ်ရဒီဟာလုပ်မရ ဖြစ်နေလို့ အပြစ်ကင်းအောင် အပြင်ထွက်ရှောင်ရတယ်၊ ဒါလဲ တစ်ပြစ်ဖြစ်တယ် ...ရေခဲသေတ္တာဖွင့်ရင်ပဲ ဘာနှိုက်စားမလဲ လိုက်ကြည့်နေပြန်တယ် ..."

"မှတ် မှားနေပြီ ..."

ဒီတစ်ခွန်းကိုပဲ သူထပ်ပြောလိုက်မိသည်။ အပြန်အလှန်ဖြစ်လာတာတွေကို သူမတတ်နိုင်တော့ပါ။ ဒါပေမယ့် ဒီလိုဖြစ်ဖို့ကိုပဲ မင်းရည်ရွယ်စတင်ခဲ့တယ် မဟုတ်လား မှတ်ရယ်။ မင်းစိတ်ပြောင်းလဲလာမလားလို့ ကိုယ်တစ်ချိန်လုံးမျှော်လင့်နေခဲ့ပါတယ်ကွယ်။ ဒါပေမယ့် မင်း ဘယ်လောက်ထိ ရေရှည်စစ်အေးတိုက်ပွဲဆင်နေတော့မှာလဲ။ မင်းမှာ ဘာများအကျိုးရှိပါသလဲ မှတ်ရယ်။

"တီဗီဆင်းကြည့်ရင် ပြဿနာဖြစ်တာပဲ...၊ တခုမဟုတ်တခုနဲ့ မိလုံးတို့ကို စောင်းဆူတာပဲ... ၊ ဦးမင်းမြင်နေတာပဲ မဟုတ်လား၊ တော်ပြီ၊ တီဗီဆင်းမကြည့်တော့ ဘူး၊ ကိုယ့်အခန်းထဲ ကိုယ်ကြည့်မယ်... ၊ ဦးမင်း တီဗီ တစ်လုံးထပ်ဝယ်ပေး.. "

မင်းနေပြည် ပါးစပ်ကိုဟကာ အသက်ဝဝရှူရသည်။

စိတ်ပင်ပန်းလှချေ၏ တကား။

"သိလား၊ အိမ်အောက်ကလို အကြီးကြီး မဟုတ်နဲ့ပေါ့ လက်မ ၂၀ ဝယ်ပေး အတော်ပဲ၊ ကိုယ့်အခန်းထဲ ကိုယ် ကြည့်ရင်ပြီးရော၊ ရေခဲမုန့်မကလို့ ဘာမှောက်မှောက် မှတ်ဘာလုပ်နေသလဲ ဦးမင်းမေမေ မမြင်တော့ဘူး၊ သူလဲ စိတ်ချမ်းသာသွားမယ်... "

မှတ်က ထိုင်ရာမှထလာကာ မင်းနေပြည်နံဘေး ကုတင်စွန်းမှာ လာထိုင်လိုက်သည်။

"သိလား ဦးမင်း... ဝယ်ပေးမှာလား... "

"မှတ်ရယ်... ကောင်းပါ့မလား၊ မင်း မစဉ်းစားတော့ဘူး လား... ဟင်"

"ဘာလို့ မကောင်းရမှာလဲ...၊ တီဗီတစ်လုံးဝယ်တာပဲဟာ ဦးမင်းမေမေလဲ မျက်စေ့နောက် သက်သာတာပေါ့... ဝယ်ပေးမှာလား မဝယ်ပေးဘူးလား... "

"တီဗီတစ်လုံးဖိုးဆိုတာ ဘာမှမရှိပါဘူး မှတ်... ဒါပေမယ့် တစ်အိမ်လုံး ဒီလိုပဲ တူတူကြည့်နေကျကနေ အခန်းထဲ သီးသန့်ဝယ်ထည့်တော့ ဒီပြဿနာတွေကြောင့် မှတ်က မိသားစုနဲ့ တီဗီအတူ ထိုင်မကြည့်နိုင်ရာ ကျမှာပေါ့ အဲ့ဒီလို မထင်ကြပေဘူးလား... "

"ထင်မှာတွေ လိုက်ကြောက်နေရရင် မှတ်သေလိုက်တာ ကောင်းဦးမယ်... "

စေတနာစာပေ



မှတ်က မျက်လုံးပြူးကာ စိတ်လိုက်မာန်ပါ အော်ဟစ် လိုက်သည်။

"ဦးမင်းဝယ်လာရင် ဦးမင်းမေမေက မှတ်ဖက်က အားပေးတယ်ထင်မှာ စိုးလို့လား၊ မှတ်ဘာသာ မှတ်သွားဝယ်မယ်၊ မှတ်မှာ ပိုက်ဆံရှိတယ် သိရဲ့လား၊ လက်မှုရတာ တွေထဲက ငွေသားချည်းပဲ တစ်သိန်းလောက် ရှိမယ်... အဲ့ဒီထဲကဝယ်မယ်... ကိုယ့်ဟာကိုယ်ဝယ်ချလာခဲ့ရင် ပြီးရော... ဦးမင်းခေါင်းပေါ်လဲ မကျတော့ဘူး... "

မင်းနေပြည် မျက်စေ့ကို မှိတ်ထားလိုက်သည်။ သူ စိတ်မကောင်း။ စိတ်ကောင်း ဖြစ်ရာမှ ဝမ်းနည်းလာပါသည်။ သူ မြတ်နိုးသော မိန်းကလေးထံမှ မရနိုင်သော ဆုံးရှုံးမှုအတွက် သူ ဝမ်းနည်းမိပါသည်။ သူ့ရဲ့ ကျဉ်းကြပ်ဆင်းရဲ ပင်ပန်းသော စိတ်ကို သူအသိဆုံးပါ။ ထိုစိတ်ပင်ပန်း ဆင်းရဲမှုမှ သူ ဘဝတသက်တာလုံး ရုန်းထွက် မရနိုင်တော့ဘူးလား။ သူ့ဘဝဟာ သူ့စိတ်ကို သူ့ပတ်ဝန်းကျင်ကို တမင်သက်သက် ညှင်းပန်းလိုသော မိန်းကလေး ကြောင့် ခုတိုင်းပဲ တသက်တာပတ်လုံး ကျဉ်းကြပ်ဆင်းရဲ သွားရ တော့မည်ပါလား။

ရင်ထဲလစ်ဟာကာ သူ့တကိုယ်လုံး အကြောတွေ ကပ်ချင်သလိုလို တောင့်တင်းလာလေသည်။ တလှိုက်လှိုက်နှင့် ဟာခနဲ လှပ်ခနဲ ဖြစ်နေသော ရင်ခွင်ထဲ၌ နှလုံးသားက စည်းချက် မရှိပရမ်းပတာ နှေးခါတလှည့် မြန်ခါတလှည့် ခုန်ပေါက်နေသည်။

စေတနာစာပေ

"သိလား... တီဗီတစ်လုံးဝယ်မယ်ဆိုတာ ကြားရဲ့လား"

မှတ်က မင်းနေပြည် လက်တစ်ဖက်ကို ကိုင်ဆွဲလှုပ်ခါ လိုက်သည်။

"ဟင်... အသားတွေက အေးစက်နေပါလား... "

မှတ် သူ့ဘာသာသူ လန့်သွားပါသည်။ မင်းနေပြည်ကို ငုံ့ကြည့်ရင်း...

"ဦးမင်း... ဦးမင်း ... "

"အင်း ... "

"ဦးမင်းဘာဖြစ်နေလဲ ...၊ အေးစက်လို့ ...၊ ဦးမင်း ... "

မှတ် ခုမှ စိုးရိမ်တကြီးဖြစ်ကာ မင်းနေပြည်ကို တလှုပ်လှုပ်ခေါ်ကြည့်သည်။ သတိတော့ရှိသေးသည်။ စကားမပြောတော့ပဲ သူ့ဖက်လက်တဖက် ဖြန့်ထောင်ပြကာ 'အသာနေပါ' ဆိုတဲ့ သဘောအမူအရာပြသည်။ ပြီးတော့ ရင်ဗတ်အောက် ခေါင်းအုံးတလုံး ဆွဲထည့်ကာ မှောက်ခုံကြီး စောင်းအိပ်လိုက်လေသည်။

"ဦးမင်း ... "

မှတ် မင်းနေပြည်ကို မျက်လုံးနှစ်ဖက်ဖြကာ ကြည့်သည်။ လက်ကောက်ဝတ်ကို စမ်းသည်။ ကမန်းကတန်း ထပြေးကာ အဝတ်စင်မှာ ချိတ်ထားသည့် နားကြပ်နှင့် မှန်တင်ခုံပေါ်မှ ပရက်ရှာကာဗ်ကို ယူကာ ဦးမင်းကို စမ်းသပ်စစ်ဆေးရသည်။

မှတ် စိတ်အနှောက်အယှက် ပေးမိတာ လွန်သွားပြီ





င်ပါရဲ့။ တကယ်တော့ သူ့စိတ်ထဲ ကျဉ်းကျပ်အောင်ကို တမင်ပြောနေခဲ့တာ။ သူ့ကိုရော သူ့အမေကိုရော သူညီမ သူ့အမတွေကိုရော စိတ်ဆင်းရဲစေချင်တာပဲဥစ္စာ။ သူတို့ တစ်မိသားစုလုံးဘ်ကို အိမ်သားအဖြစ်လဲ လက်ခံကြရမည်။ ပြီးတော့ တသက်ာပတ်လုံးလဲ စိတ်ဆင်းရဲသွားကြရမည်။ ဒါဟာ မှတ်ရဲ့အကြံအကုန်ပဲလေ။ ပြဿနာကြီးကြီး သေးသေး အမျိုးမျိုးဖြင့် စိတ်အနှောက်အယှက်ပြု နေမည်မှာ မှတ် တာဝန်ဖြစ်သည်။

အဓိက သူ့အမေနဲ့ နှင်းဆီဆိုတဲ့ သူ့အမ။ သူ့အမကမှမရှိတာ။ ဒီတော့ သူ့အမေပေါ့။ မစပယ်နှင့် ဦးမင်းကတော့တိယတန်းစားတွေပါ။ သူတို့နှစ်ဦးဟာ မှတ်ထင်တာထက် ပိုပြီးးညွှံသိမ်မွေ့လျက် စိတ်ကောင်းရှိကြပါပေသည်။ မစပယ်ကို အမျိုးမျိုး အတိုက်အခံ လုပ်သော်လဲ မစပယ်က အေးချမ်းစွာရှောင်ထွက်သွားတတ်မြဲမို့ တစ်ကြိမ်မှ ထိပ်တိုက်ဖြစ်မရပါ။ သည်းညည်းခံနိုင်သော မစပယ်ကို မှတ်ပြဿနာ လုပ်လို့ရသေးပါ။

ဦးမင်းဟာတော့ အားလုံးထဲမှာ အနူးညွံဆုံး။ ပြီးတော့ သူက မှတ်ကို မြတ်မြတ်နိုးနိုး ချစ်နေသေးသဖြင့် မှတ်ရဲ့ သည်းညည်းကို အဖေရင်း အဒေါ်ရင်းထက်ပင် ခံနိုင်ရှာပါသေးသည်။ တော်ရုံနှင့်လဲ အပြစ်မမြင်။ ခုဟာကတော့ သူ့အမေ အောက်မှာ တော်တော်ပြောဆိုလိုက်လို့နေမှာ။ ဘာပဲဖြစ်ဖြစ် မှတ်အပြုအမူ အပြောအဆိုကြောင့် သူ့ဝေဒနာရောဂါထလာရသည်

ဆိုသောအခါ မှတ် စိတ်မကောင်းပါ။

မှတ်စိတ်မကောင်းပါဘူး ဦးမင်းရယ် ...။

ရင်ထဲမှာ တကယ်ပဲ ပူပန်ကာ ဦးမင်းနှလုံးခုန်သံကို ဂရုတစိုက် နားထောင်စိစစ်ရသည်။ တစ်ကိုယ်လုံး အေးစက်နေသော ကို ဟိုနေရာဆုပ် ဒီနေရာဆုပ်နှင့် နွေးလာအောင်လဲ လိုက်၍ ဆုပ်နယ်နေမိသည်။

"ဦးမင်း ... ဦးမင်း ... "

တိုးတိုးကလေး ကပ်ခေါ်ရင်း မှတ်နောင်တရမိ မလို ရှိပါသည်။ ဦးမင်းရယ် ဦးမင်းကို ရောဂါမတိုး စေချင်ပါဘူး ဒါပေမယ့် ဦးမင်းတို့ မိသားစုကို မှတ်က မုန်းတယ်ရှင့်။ နာကျည်း တယ်ရှင့် ဦးမင်းရဲ့။

"ဦးမင်း ... "

"ကိုယ့်ရင်ပတ်ထဲက ... နာတယ်မှတ်ရဲ့ ... စူးပြီးအောင့် သွားလိုက်ရင် တအားနာတာပဲ ... "

"ဟုတ်ပြီ ... ဟုတ်ပြီ၊ သက်သာသွားမယ်နော် ... ၊ မှတ် ဆေးထိုးပေးမယ် ... သိလား"

"အင်း ... "

ဦးမင်းရဲ့ အင်းသည် သံရှည်ဆွဲ မပီကလာ။ ဖြစ်ညှစ် အင်း လိုက်ရသံမျိုး။ လူကအေးစက်သော်လဲ ချွေးစေးစိမ့်နေ သည်။ ဒုက္ခပါပဲ။ သူတော်တော် စိတ်ထိခိုက်သွားတာ။ မှတ် သည် တအားကျသွားသော ပရက်ရှာကြောင့် ဖေဖေ့ဆီ ဖုန်းဆက်





ရင်ကောင်းမလားပင် စိတ်ကူးကာ အောက်နှုတ်ခမ်းကို ဖိကိုက် တွေးနေရင်း မျက်ရည်ဝဲလာသည်။ မှတ်ရည်ရွယ်ချက်တွေနဲ့ ဦးမင်း ရောဂါနဲ့ကတော့ ဒုက္ခပဲ။

"မှတ် ... "

"အင်း... အင်း၊ ဦးမင်း မှတ်ရှိတယ်... "

"မှတ်... "

"ဦးမင်း... ဘာမှမဖြစ်ပါဘူး၊ မှတ်ဆေးထိုးပေးမယ်၊ စိတ် မညစ်နဲ့နော်၊ မှတ် တီဗီမပူဆာတော့ဘူး၊ ကြားလား ဦးမင်း ခဏ ခဏ... "

မှတ် အခန်းတံခါး ပြေးဖွင့်ကာ အောက်ထပ်ကို ကုန်းအော်လိုက်သည်။

"မစံပယ်ရေ... ဦးမင်း နဲနဲမောလို့ ဆေးထိုးဖို့ ခဏလာကူပါ"

တစ်ကြိမ်ထဲနှင့် ကြားအောင် ကျူးအော်တာမို့ အကျယ်ကြီး။ အောက်ထပ် ညှို့ခန်းထဲ လူစုမကွဲသေး။ ဘုရား တွေ အမလေးတွေနှင့် မေမေ၊ မစံပယ်၊ ဒေါ်သန်း၊ မလုံး၊ အားလုံး ပြေးလွှားတက်လာသည်။ တကယ်တော့ ကူဖို့လိုတာမဟုတ်ပါ။ မှတ် စိုးရိမ်တကြီးနှင့် အားကိုးအားထားရှိဖို့ လှမ်းခေါ်ရတာပါ။

အခန်းထဲ ဆေးသေတ္တာဖွင့်ပြီး တစ်ခါသုံးအပ်ထုတ်၊ ဆေးပုလင်းထုတ်၊ လက်တွေတုန်ကာ မှတ် ကြောက်အားလန့်အား ဖြစ်နေသည်။ ဦးမင်းကို ဦးတည်ပြီး ပြောဆို နေဖြစ်တာချည်း မို့ စိတ်ညစ်ဖို့ရှိ ဦးမင်းချည်း ကျူးညစ်နေရမှာ။ နောင်ဆို

ဒေါ်ခင်ခင်ညွန့်ကြီးကိုပဲ တိုက်ရိုက်ပြောပစ်မယ်။ ဦးမင်း စိတ်သိပ်လှုပ်ရှား ထိခိုက်မရတာ မှတ်မေ့လို့ပါ ဦးမင်းရာ။ ပြီးတော့ ဦးမင်းက ဒေါသသိပ်ထွက်သလို ပုံစံမျိုးလဲ မဟုတ်ပဲ မတုန်မလှုပ်မို့ မှတ်က ဖိပြောနေမိသေးတာ။

ဦးမင်းရယ် မှတ်ကို ခွင့်လွှတ်စမ်းပါကွယ်။

"ဟင်... ဘယ်လိုဖြစ်ကြတာလဲ... ၊ ရန်ဖြစ်ကြတာလား"

ဒေါ်ခင်ခင်ညွန့်က တန်းကနဲ မလွဲဘူး ယူဆကာ အတတ်သိသလို အပိုင်မေးလေသည်။ မှတ်မှာ သူ့မျက်နှာထား တင်းတင်းကြီးကို မနှစ်မြို့နိုင်။ သူ့သားကို မှတ်က ရန်ဖြစ်ပြီး သတ်သည်လို့ စွပ်စွဲတဲ့ မျက်နှာကြီး။ မှတ်ရဲ့ နာကျည်းချက်လေးက အရေးထဲ အညွန့်လူကာ ဆေးစုပ်ရင်းတန်းလန်း မအောင့်နိုင်ဘဲ ဒေါ်ခင်ခင်ညွန့်ဖက်လှည့်၍...

"ရန်မဖြစ်ပါဘူး မေမေရဲ့..."

လေသံနှိမ့်ကာ ဦးမင်းမကြားအောင်

"မှတ်က တီဗီတစ်လုံး ဝယ်ပေးဖို့ ပူဆာလို့ပါ.. "

တိုက်ရိုက်ရင်ဆိုင် ပြောလိုက်သည်။ သို့သော် မျက်နှာထား မချိုပါ။ ခပ်အေးအေးသာ။ ဒီတစ်ခွန်းနှင့်ပင် ဘာတွေ ပြောကြမည် ဆိုကြမည်ဆိုတာ ဒေါ်ခင်ခင်ညွန့် အခွန်းတိုင်းစေ့ကို ပါးနပ်စွာ မျှော်လင့်ယူဆနိုင်မှာပါ။ နှုတ်ဆွံ့ကြီးနှင့် မှတ်ကို သူရဲ တစ္ဆေလို စိုက်ကြည့်နေသည့် ဒေါ်ခင်ခင်ညွန့်အား ကျောခိုင်းလျက် ဦးမင်းကို ဆေးထိုးဖို့ ပြင်သည်။





"ဦးမင်း... ဦးမင်း သတိရတယ်နော်... "

ကုန်းမေးခိုက်တွင် လေသံသည် ပကတိ ရင်ထဲက အစစ်အမှန် နူးညံ့ခြင်းနှင့် ခုနကလေးက စကားကိုလဲမေ့ကာ ဦးမင်းကို သနားကြင်နာစိတ်သာ ရင်ထဲကြီးစိုး ကျန်ရစ်လျက် စောစောကအတိုင်း ပူပူပန်ပန် ဝမ်းနည်းလာပြန်သည်။

* * * * *

(၈)

"မမစံပယ်... "

"ဟင်... ဘာလဲမှတ်... "

စံပယ်က ပေါင်မုန့်ချပ်ကလေးကို ကင်စက်ထဲထည့်လိုက်ရင်း မှတ်ဖက် တစ်ချက်လှည့်ကြည့်သည်။ မှတ်က ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ရင်း နေ့လည်စာ ပြင်ဆင်ထားသော လက်ဖက်ရည်ကရားကိုအဖုံးဖွင့်ကာ တစ်ချက် ကုန်းရှုရှိုက်လိုက်၏။

"မှတ်... ဘာပြောမလို့လဲ... ပြောလေ... "

"မှတ်က ဦးမင်းရုံးခန်းကို တခါမှ ဖုန်းမဆက်ဖူးဘူး မမရဲ့"

"အင်း... "

"ခုနကမှဆက်တာ... ၊ ပထမဆုံးအကြိမ်ပဲ... "

"အင်း... "

"ဒီညနေ ဖေဖေ့ဆေးခန်းသွားပြီး အပြန်ကျ ဖေဖေနဲ့လိုက်

သွားမလို့... ၊ ဒီနေ့ ဖေဖေမွေးနေ့လေ... ”

“အော်... ”

“ဦးမင်းပါ ဖေဖေ့အိမ်ရောက်မှ ထမင်းစားပါလို့၊ ဖေဖေ တစ်ခုခု စီစဉ်ထားမှာ သေချာတယ်လို့၊ အဲဒါပြောမလို့ ဖုန်းဆက်လိုက်တာ၊ ကိုင်တာက မိန်းမ... မေးလိုက်တော့ ဦးမင်းရဲ့စက္ကထရီတဲ့ မမစံပယ်ရဲ့၊ ဦးမင်းက စက္ကထရီတွေ ဘာတွေ ထားရတယ်၊ မှတ် သိတောင်မသိဘူး၊ ခုမှပဲ သိတယ်... ”

စံပယ်က ပြန်ထွက်လာသော ပေါင်မုန့်ချပ် ပူနွေး ကြွပ်ရှလေးကို ပန်းကန်ပြားထဲ လှမ်းထည့်ရင်း မအောင့်နိုင်ပဲ ပြုံးမိလေသည်။ မှတ်ဟာ ဆိုးတာလဲဟုတ်၊ ကလေးဆန်တာလဲ ဟုတ်ရဲ့။ ဗမာအင်္ကျီလေးတွေနှင့် စံပယ်တို့ထက်ပင် ဝတ်စား ဆင်ယင်တာ လူကြီးဆန်သော်လည်း စိတ်မှာ နုနုလေး။ စံပယ် သည် မှတ်ကို အမြင်ကတ်တဲ့အခါလဲကတ်၊ ချစ်စနိုးဖြစ်တဲ့အခါ လဲဖြစ်။ ဘာကိုမှ ရေရှည်ဆွဲ အတေးအမှတ် မထားလိုက်ပါ။ ပြီး တာကို မေ့ပျောက်လိုက်ခြင်းဖြင့်သာ စိတ်မှန်မှန် ဆက်ဆံသည်။

ခုလို လာပြောတာကို သနားသလို ရယ်ချင်သလို ဖြစ်ရင်း...

“စက္ကထရီမှ ယောကျ်ားတစ်ယောက် မိန်းမ တစ်ယောက် နှစ်ယောက်တောင်ရှိတာ မှတ်ရဲ့၊ ကိုကိုက အလုပ် တအားကို များတာ၊ မှတ်က သိပ်စိတ်မဝင်စားလို့ မသိတာ





ဆောက် လုပ်ရေးလုပ်ငန်းရော... ၊ ဆောက်လုပ်ရေး ပစ္စည်းသွင်းတဲ့ကုမ္ပဏီရော၊ ပြီးတော့ ဆောက်လုပ်ရေး လုပ်ငန်းတွေမှာ လိုအပ်တဲ့ ကရိန်းတွေ ဝန်ချီစက် မြေတူး စက် ဘာညာတွေ ငှားရမ်းတဲ့ ကုမ္ပဏီကလဲ လူတစ်ဦးနဲ့ ရှယ်ယာ၊ ဟိုစပ်စပ် ဒီစပ်စပ် ရှယ်ယာပါတဲ့ ကုမ္ပဏီ တွေမှာလဲ ဒါရိုက်တာ အဖွဲ့ဝင် တာဝန်ယူထားရတာတွေက ရှိသေးတော့ အစည်း အဝေးက ပြေးတက်ရ.. အချိန်လု နေရတာ၊ ဇယားနဲ့ နာရီတိုင်းကို အကွက်ချထားရတာ၊ ကူဖော်လောင်ဖက် လိုတယ်လေ၊ အရင်ကဆို အပြန် သိပ်မိုးချုပ်တာ၊ မိန်းမရပြီးမှ... ခုလို ခြောက်နာရီခွဲလောက် ပုံမှန်ပြန်ရောက်အောင် သူမနည်းလုပ်ထားတာ... ”

“ဟုတ်လား၊ အလုပ်တွေက များလှချည်လား၊ မှတ်ဖြင့် ဦးမင်း ဟိုတယ်တွေ ပလာဇာတွေ ဆောက်တာပဲ သိတာ”

“မှတ်က မေးမကြည့်လို့ပါ.. ”

“ဒါနဲ့ ဦးမင်းရဲ့ အဲ့ဒီ စက္ကထရီမက ဘယ်လောက်အရွယ်လဲ အသံကဖြင့် သိပ်စူးတာပဲ၊ ပြာနေတာပဲ မုန်းစရာအသံကြီး”

“အစိတ်နဲ့သုံးဆယ်ကြားပဲ၊ မှတ်ထက် နဲနဲကြီးမယ်၊ ဟုတ် တယ်၊ သူကအသံ စူးစူးနဲ့... ”

“အရယ်ကလဲသန်ပ့ါ၊ ဖုန်းပိတ်ပြီး ဦးမင်းကို လှမ်းခေါ်ရင်း က ဘာတွေလဲမသိဘူး ပြောပြီး ရယ်နေတာ ဦးမင်း လာ ကိုင်တဲ့အထိ ရယ်သံမဆုံးဘူး... ”

"ဟုတ်လား၊ မမနဲ့တော့ မရင်းနှီးလှဘူး၊ ကိစ္စရှိရင် ပြောဆိုဖူးရုံပဲ... "

"သူက အပျိုလား... "

စံပယ်ကပြုံးရင်း...

"အင်း... ၊ အပျိုပါ... ဒါပေမယ့် မှတ်ဘာမှ စိတ် အနှောက်အယှက် မဖြစ်ပါနဲ့၊ သူက မှတ်လို မလှပါဘူး... မှတ်ရဲ့ ဦးမင်းကြီးကို ယုံထားစမ်းပါ၊ မိန်းမဆိုတာကို စိတ်ဝင်စားဖို့များ မှတ်နဲ့တွေ့မှ အသိတရားရတာပါ၊ လုံးဝ စိတ်မဝင်စားဘူး၊ မှတ်ကိုပဲ စိတ်ဝင်စားစရာ သူတွေ့ဖူးတယ်၊ မှတ်တယောက်ကိုပဲ သူချစ်တယ်၊ အဲဒါ အမှန်တရားပဲ မှတ်... "

မှတ်ရင်ထဲ နွေးမြရှိန်းပကာ ကျေနပ်သော နှုတ်ခမ်းစူလေးနှင့်...

"ဦးမင်းကရိုးပေမယ့်... မိန်းမတိုင်းက ရိုးတာမဟုတ်ဘူးတော့၊ မမစံပယ်ရဲ့... "

"တဖက်က မရိုးတာသိရင် ကြောက်အား လန့်အားနဲ့ အဆက်ဖြတ်မဲ့လူမျိုးပါ မှတ်ရယ်၊ ယုံစမ်းပါ၊ မှတ်ကို သူက စိတ်မချ သဝန်တိုရင်သာ ရှိရမှာ၊ မှတ်က ငယ်ငယ်လှလှ"

"ဟင်... မှတ်တို့ မိန်းကလေးတွေက တော်တော့်ကို အကျင့်ပျက် စရိုက်ကြမ်းတဲ့ဟာတွေကလွဲရင် အိမ်ထောင်ကျပြီး ဖောက်ပြန်ဖို့ စိတ်များ မကူးကြပါဘူး မမစံပယ်ရဲ့... "





"ယောက်ျားတွေကတော့ ဖောက်ပြန်ဖို့လွယ်တယ်... ဟုတ်ပါတယ်၊ ဒါပေမယ့် ကိုကိုမပါဘူး မှတ်ရဲ့... ပြောမပြတတ်ဘူး၊ သိနေတယ်၊ ကိုကိုဟာ မှတ်ကလွဲရင် ဘယ်မိန်းမမှ ရှိမယ်ထင်တဲ့ အစားမဟုတ်ဘူး၊ သူ့အသက် သူ့သိက္ခာ သူ့ဂုဏ်နဲ့ မှတ်ကို တော်တန်ရုံချစ်ရင်တောင် ဖွင့်ဟမှာမဟုတ်ဘူး၊ အတော်ကြီးကို မရှက်နိုင် မကြောက်နိုင်ချစ်လို့ သူပြောဖြစ်တာ... "

"ဦးမင်းကို မသင်္ကာတာရှိလို့... "

"ဘုရားရေ... မနောက်ပါနဲ့မှတ်ရယ်၊ အတည်လဲ မထင်ပါနဲ့"

"ဟုတ်တယ်၊ မနေ့က စာတစ်စောင် ဖွက်ရေးနေတယ်"

"ပေါက်တတ်ကရ... မှတ်ရယ်... "

"ဟုတ်တယ် မမစံပယ်ရဲ့ မှတ်က အိပ်ချင်လို့ အရင်အစောကြီးအိပ်နှင့်တာ၊ မှတ် တရေးနိုးတော့ ဦးမင်း စာရေးနေတယ်၊ မှတ်က မသင်္ကာမဖြစ်ပါဘူး၊ နဲနဲလှူပ်ရှားပြီး ပြန်အိပ်တာ၊ ဦးမင်းက မှတ်အိပ်ပျော် မပျော်ထကြည့်တယ် မမစံပယ်... "

"ဟင်... မှတ်ကလဲ... သူ့ဟာသူ ကြည့်ချင်လို့ကြည့်တာဖြစ်မှာ... "

"ဟုတ်ဘူး၊ သေချာထကြည့်ပြီး အိပ်ဘာမသေချာမှ ပြန်ထွက်သွားပြီး စားပွဲပြန်ထိုင်တာ၊ လာထကြည့်တုန်း ရေးလက်စ

စာကို အုပ်ခဲ့တယ်၊ ဦးမင်းလာကြည့်ပြီး ထွက်သွားတော့ မှတ်ကဘာလဲလို့ မျက်လုံးပြန်ဖွင့်ကြည့်မိတာ၊ ဦးမင်းက ဖိုင်ကြီးအောက်က စာရွက်ကို ပြန်ဆွဲထုတ်ပြီး တကုပ်ကုပ် ရေးတာ... ”

“မှတ်ကလဲ မသင်္ကာရင် ဘာလဲလို့ မေးလိုက်ပေါ့... ”

“မေးပြီး ချက်ချင်းထကြည့်မလို့ပဲ၊ သိပ်အိပ်ချင်လို့ ပြန်အိပ်ပျော်သွားတယ် မမစံပယ်ရဲ့... ”

“မနက်ထရှာပေါ့... ”

“ရှာတယ်... နံ့နေတာပဲ မတွေ့ဘူး... ”

“ဒါဖြင့် သူ့ကို ဖွင့်မေးပေါ့... ”

“မေးတာပေါ့၊ ညကရေးနေတာ ဘာစာလဲ ဘယ်မှာလဲလို့၊ ဦးမင်းက ဘာမှ မရေးဘူးတဲ့၊ ညာပြောတယ်... သူစာဖတ်နေတာတဲ့... ”

“ဟုတ်မှာပေါ့ မှတ်ရယ်... ”

“မဟုတ်ဘူး မမစံပယ်ရဲ့ သူရေးတာ မှတ်သေချာမြင်တာ”

“မှတ်ကလဲ အိပ်ချင်မူးတူးနဲ့ ထင်မိထင်ရာ မြင်မိမြင်ရာ ဖြစ်နေပါ့မယ်... ”

“တကယ်ပါဆို... မမစံပယ်ကလဲ၊ သူ့အကိုကြီးကို သူသိပ်ကာကွယ်နေ... ”





မှတ်ပြောပုံကြောင့် စံပယ်ရယ်မိကာ...

“အမလေး၊ ကိုယ့်အကိုပဲဖြစ်ဖြစ် ဖောက်ပြန်တဲ့သူ အကျင့်မကောင်းတဲ့သူဖက်တော့ မလိုက်ဘူးနော်၊ ခုဟာက မှတ်အထင်လွဲတာ ဖြစ်မှာပါ၊ ကိုကိုက ဒီလိုလူစား လုံးဝမဟုတ်ဘူး၊ စိတ်ရှုပ်မခံစမ်းပါနဲ့ မှတ်ရယ်... တကယ်အဲသလိုဖြစ်ကြည့်၊ မှတ်မသိရင်တောင် မမက မှတ်ကို ဖွင့်ပြောပြီး သတိပေးမှာ... ”

“မှတ်က သူစာရေးနေတာ သေချာမြင်တာပဲ... ”

“စာဆိုတိုင်း ရည်းစားစာဟုတ်ပါ့မလား၊ သူ့အရွယ်ကြီးနဲ့ ရော ဖေါက်ပြန်ပါအုံး... စာတွေဘာတွေ ရေးမလား မှတ်ရဲ့... ၊ ဖုန်းဆက်ဖို့တွေ့ဖို့ အခွင့်အရေးတွေ ရှိတာပဲဟာ... သူလား ရည်းစားစာကိုကော ဖြောင့်အောင်ရေးတတ်မှာ... ”

“ရည်းစားစာမဟုတ်လဲ တခြားတခုခုပဲ... ”

“စာရင်းတွေဘာတွေ တွက်တာတို့ အလုပ်ကိစ္စ တစ်ခုခု ရေးတာတို့ နေမှာပေါ့... ”

“အင်းပေါ့၊ အဲဒါတွေလဲ ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒါပေမယ့် သူက ဘာမှ မရေးဘူးလို့ ဖြောင်ကြီးကိုပဲညာတယ်၊ သူ့ဘောလ်ပင်အနက်ကို ကိုင်ပြီးရေးနေတာ မှတ်တွေ့တဲ့ဟာ”

စံပယ် စိတ်ရှုပ်သလို မျက်ခုံးတွန့်ရင်း...

"ဒါဖြင့်လဲ မပြောတတ်တော့ဘူး မှတ်ရေ.. "

တကယ်ကို မပြောတတ်တော့သဖြင့် စံပယ် လက်လျှော့လိုက်သည်။ မဟုတ်က ဟုတ်က ဖေါက်တီဖေါက်ပြန် ကိစ္စမျိုး မဟုတ်နိုင်တာကို ယုံကြည်စိတ်ချခြင်း လုံးလုံးရှိသဖြင့် ဘာများလဲဆိုတာကိုလဲ စိတ်ထဲ တဝင်တစား မသိချင်လှပေ။ မဟုတ်တာမဖြစ်ရင်ပြီးတာပဲပေါ့ဟု စိတ်အေးအေး ထားနိုင်သည်။

မှတ်က စားပွဲကို လက်ချောင်းကလေးတွေနှင့် တတောက်တောက်ခေါက်ရင်း နိုင်ငံခြားကားထဲက စုံထောက်သဖွယ် မျက်ခုံးတွန့် မျက်နက်ဝန်းစွေ စတိုင်ထုတ်ပြီး အတွေးနယ်ချဲ့နေပုံရသည်။ စံပယ်က ဘာမှ ဆက်မပြောဘဲ လွှတ်ပေးထားလိုက်သည်။ 'တခုခုပဲ...' 'တခုခုပဲ... 'ဟု တီးတိုးတီးတိုး ထပ်ခါထပ်ခါ ရေရွတ်နေသော မှတ်ကို ရယ်ချင်သည်။ မှတ်က အတန်ကြာထိ စံပယ်ထံမှ ဘာမှတုန့်ပြန်မလာတော့လျှင် ဆတ်ကနဲ ထိုင်ရာမှ ထရပ်ရင်း...

"မှတ်ကို ကလိန်ကျရင်တော့ မှတ်လဲ ပြန်ကလိန်ကျမှာပဲ၊
မှတ်ကို သစ္စာဖေါက်ရင်လဲ မှတ်လဲသစ္စာပြန်ဖေါက်မှာပဲ၊
မှတ်ကတော့ မှတ်ကိုလုပ်ရင် ပြန်လုပ်ရမှာပါကွယ်"

ဟော ကြည့်။





ဒါပြောစရာစကားလား။

ပြောင်ချော်ချော်လိုလို အတည်လိုလို ရေရွတ်ပြီး ...က်သွားသော မှတ်ကျောပြင်ကို ကြည့်လျက် စံပယ်စိတ်တိုတို ...ားပြီး ကျန်ရစ်ရပြန်သည်။

* * * * *

"ဟဲ့... ဒီပန်းကန်တွေ ဘယ်သူထုတ်တာလဲဟဲ့"

ဒေါ်သန်းသည် ဒေါ်ခင်ခင်ညွှန့် စိတ်ဆိုးပြီဆိုတာ ...လဲ သိနေတာမို့ ကမန်းကတန်း အပြေးကလေး ရောက်လာ...

"မှတ်... ထုတ်တာပါ မမ... ကျွန်မလဲ ပြောတော့ ပြောပါတယ်၊ ဒါတွေ ထုတ်မသုံးရဘူးလို့... ၊ ဒါပေမယ့် သူထုတ်တော့လဲ ဒီလိုပဲ ကြည့်နေရပါတယ်... "

ဖန်ထည်ပါးပါးနှင့် ပြုလုပ်ထားကာ အနားတွန့် ...လျောက် ရွှေရေးအရစ်တောက်တောက်နှင့် ကွပ်ထားသော ...းကန်စုံမှာ ခုခေတ်ကြီးထဲ ငွေပေးချင်ပါသည်ဟု လိုက်ရှာ...ယ်လျှင်ပင် ဘယ်ရတော့မှာလဲ။ အလွန်ဆုံး ဖန်ခွက်တွေလောက်...ှင်ရမည်။ ခုဟာက အအေးသောက် ဖန်ခွက်နှင့်ဖန်ချိုင့်ရော ...က်ဖက်ရည် ပန်းကန်နှင့်ကရားရော သကြားခွက် နို့ခွက် ...ာပတ်ခွက် သစ်သီးထည့်ဖန်အုပ် ထမင်းအုပ် ထမင်းပန်းကန် ...င်းပန်းကန် ပစ္စည်းအမယ်မယ် အစုံလိုက် ဖန်သားရွှေရစ်

ဝမ်းဆက်။

သူမင်္ဂလာဆောင်ကထဲက လက်ဖွဲ့ရခဲ့တာမို့ သိမ်းထားခဲ့တာ နှစ်ပေါင်းလေးဆယ်ကျော်ပြီ။ အရည်အသွေး ကောင်းလှသဖြင့် အချိန်ကြာသော်လဲ အက်ရာတစင်းမထင်။ လှပတန်ဖိုးကြီးကာ ရှားလဲရှားပါးလှသဖြင့် ထုတ်မသုံးရက်ပဲ သိမ်းထားသမျှ ရှေးအကျဆုံး။ အလီလီ အလာလာ သွင်းစရာ ထုတ်စရာ မလို။ နံရံထဲမြှုပ်ကပ်ထားသော မှန်ချိုးကော့စ် နံရံတဖက် အပြည့်ကြီးမှာ အပေါ်ဆုံးထပ်မှာ လှလှပပ စီထဲ့ထားတဲ့ ပန်းကန်စုံ။ ခုံဆင့်ပြီး တကူးတက ထုတ်ယူမှရမှာ။ တွန်းရွှေ့ မှန်တံခါးတွေကိုတော့ မလိုအပ်သမို့ ဘယ်သော့ခတ်ထားပါ့မလဲ။ တမင့်ကို ထုတ်ယူသုံးတာ။

မှတ်ရောက်ကထဲက တစ်ကြိမ်မှသုံးတာ မမြင်ဘူးဆိုလျှင် မသုံးရတဲ့ဟာမှန်း ဒင်းနားလည်ရမှာပေါ့။ သုံးချင်လှသည်ဆိုသော် အနဲဆုံး ဒေါ်ခင်ခင်ညွန့်ကို ပြောရမည် ခွင့်တောင်းရမည် မေးရမည်။ ခုတော့ ဒီအတိုင်း ထုတ်ယူပြီး ချခင်းပြင်ဆင် ပစ်လိုက်တာပဲ။

"ဒါတွေထုတ်ရအောင် ဘာလုပ်ဖို့တဲ့လဲ... "

"ဒီညနေ သူဆေးရုံက ဆရာဝန်လင်မယားဆိုလား ထမင်းကျွေးဖို့ မစံပယ်ကိုတော့ ပြောသံကြားပါတယ်၊ မစံပယ်ထဲ ဟင်းအပို လာစီစဉ်သွားတယ်... "





"စံပယ်... "

ဒေါ်ခင်ခင်ညွန့် ကုန်းအော်လိုက်သဖြင့် စပယ်ခြံသဲမှ ထူးကာ အပြေးကလေး တက်လာသည်။ မီးဖိုဖက်မှ လှည့်ဘက်လာသဖြင့် ချက်ချင်းရောက်လာသည်။ လက်ထဲမှာ ပိန်းပန်းရဲ့စိုရင့်ရင့်လေး ငါးပွင့်။

"ဒါဘာလုပ်ဖို့လဲ... "

"မှတ် ညွှသည်ထမင်းစားမယ်ဆိုလို့ ထမင်းပွဲထိပ်မှာ ပန်းအိုးထိုးပေးဖို့ ဆင်းခူးနေတာပါ မေမေ... "

"အေး... အေး စေတနာတွေပိုနေ... ပိုနေ၊ နင့်ခေါင်းကို နင်းပြီး နင့်ဆံပင်ပေါ် ချေးပါချသွားရင်လဲ ခံလိုက်ဟဲ့ မိစပယ်ရဲ့... "

"အော်... မေမေရယ် ယောက္ခမအိမ်မှာနေမှန်း ညွှသည်က သိတဲ့ဟာ... သပ်သပ်ရပ်ရပ် ပြင်ဆင်မထားရင် ယောက္ခမကတွန့်တိုတယ်... နေရာမပေးဘူး အထင်ခံရပါ့မယ်၊ ဟင်... ဒီပန်းကန်တွေက ဘာလို့ထုတ်တာလဲ ဒေါ်သန်း.."

"ခုပဲ... ညည်းဟာမ လာထုတ်ပြီးခင်းသွားတာ...၊ ဒါထုတ်သုံးစရာလား၊ သုံးဖို့မဟုတ်ဘူး၊ ငါမြတ်နိုးလို့ အလှပြထားတာ... "

"တိုးတိုးပြောပါ မေမေရယ်၊ မသုံးဖို့ ပြောလိုက်ရုံပေါ့... "

"မထုတ်သုံးရဘူးလို့ မသန်းပြောသားပဲ... "

"အော်... ဒေါ်သန်းပြောတာကို ဂရုမစိုက်ပေမယ့် စံသင်းတို့ပြောရင် ရမှာပါ... ၊ ပြောပြီး ပြန်သိမ်းတာပေါ့နော် ညွှန့်သည်ကလဲ ဆရာဝန်ကြီး လင်မယား... ညွှန့်ကောင်း မေမေ၊ မှတ်အဖေနဲ့လဲမိတ်ဆွေ၊ 'မင်္ဂလာဆောင်တုန်း နိုင်ငံခြားရောက်နေကြလို့ မလာရဘူး၊ အဲဒါ... ခုမှ လက်ဖွဲ့ ပေးကြလို့ မှတ်က ထမင်းပြန်ဖိတ်ကျွေးရတာတဲ့၊ မိန်းမငယ် မှတ်အခုပေါက်စ်ဆင်းနေရတဲ့ ဆေးရုံက ဝါ့ဒ်မှာ တိုင် အပိုင်ဆရာဝန်ကြီးပဲ... "

"ဟဲ့ ဖိတ်ကျွေးတာကျွေးပေါ့... မပြောပါဘူး၊ ငါ့ပန်းကန်တွေ ပြောနေတာ... "

"တိုးတိုးလုပ်ပါ မေမေရယ်၊ ပြောလိုက်ရင်ပြီးတာပဲ... "

စပယ်က တီးတိုးရှင်းပြကာ တားမြစ်နေခိုက်ပင် ခြေသံတရှပ်ရှပ်နှင့်အတူ မကြာခင် ထမင်းစားခန်းထဲ မှတ်ရောက် လာ၏။ စပယ်က ဟန်မပျက် ပန်းတွေကို ပန်းအိုးမှာ ထိုးစိုက်နေ လျှာထားနေသော်လဲ ဒေါ်သန်းက မတ်တပ်ခေါင်းငုံ့ လက်နောက် ပစ်။ ဒေါ်ခင်ခင်ညွှန့်က ခါးထောက်သော လက်ကို ဖြုတ်မချ ရသေး။ ခပ်တင်းတင်း။ တစုံတရာ အရေးအခင်းဆိုတာ မှတ် ဒက်ကနဲ ရိပ်မိသည်။

"ဘာဖြစ်လို့လဲ မမစပယ်... "





"အော်... ဘာမှမဟုတ်ပါဘူးကွယ်၊ ဒီပန်းကန်တွေက မေမေ့ အသဲစွဲတွေမို့လို့ ထိမိခိုက်မိမှာ စိုးလို့ ပြန်သိမ်း လိုက်ရအောင်၊ ဒေါ်သန်းရေ ဟို ဒုတိယထပ်က ပန်းကန် ထပ်ထုတ်လိုက်ပါ၊ အဲ့ဒါအင်္ဂလန်မိတ် အကောင်းစားတွေ လှလဲ လှပါဘိသနဲ့... "

ဒေါ်သန်း ရွှေ့လျားလိုက်စဉ်...

"နေပါစေဒေါ်သန်းရဲ့... မမစံပယ်ရယ် ဒါပဲပိုလှတယ်၊ ဒါပိုကြိုက်လို့ မှတ်ကိုယ်တိုင် ထုတ်ခင်းထားတာ... "

"မတော်တဆ ထိမိရင် မေမေ အသဲကွဲလိမ့်မယ် မှတ်ရဲ့"

"မကွဲစေရပါဘူး၊ သေချာကိုင်မှာပေါ့... ပြီးတော့ လေး ယောက်စာပဲ ထုတ်ထားတာ... ပန်းကန်တွေက ဆယ့်နှစ် ယောက်စာတောင် အစုံလိုက်ရှိတာ... "

"ဘက်ပဲ့သွားရင် တန်ဖိုးမရှိတော့ဘူး မှတ်ရဲ့၊ ဒါတော့ မလုပ်ပါနဲ့တော့ နော်၊ စားဖို့ မဟုတ်ဘူး၊ တကြိမ်မှလဲ ထုတ်မစားဘူး မှတ်ရဲ့... "

"ပန်းကန်ပဲဟာ မမစံပယ်ကလဲ စားဖို့မဟုတ်ရင် ဘာလုပ် ဖို့လဲ... "

"အလှထားတာပေါ့မှတ်ရဲ့... ကဲပါ... ဒေါ်သန်း ဒုတိယထပ် က လေးယောက်စာထုတ်လိုက်... "

မှတ်မျက်နှာ စူတင်းတင်းဖြစ်သွားရင်း...

"အထူးဧည့်သည်လာမှာမို့ ထုတ်တာပါမေမေ... မေမေ့ပန်းကန်တွေ ကွဲအောင်လဲ ကိုင်မှာ မဟုတ်ပါဘူး၊ ဘာမှလဲ မဖြစ်စေရဘူး... "

ဒေါ်ခင်ခင်ညွန့်မျက်နှာ တင်းမာသွားကာ...

"ဟဲ... ဘယ့်နှယ်ဟာလဲ ဒီလောက်တောင် ပြောနေတာတောင် မလျှော့ပါလား။ ကွဲကွဲမကွဲကွဲ ထုတ်သုံးဖို့ ထားတာမှမဟုတ်ပဲ၊ အလှကြည့်ဖို့ အမြတ်တနိုးသိမ်းလာတာ၊ နှစ်လေးဆယ်တောင် ကျော်ပြီ၊ ဧည့်သည်မကလို့ သိကြားမင်းဆင်းလာလဲ ဒါနဲ့တော့ ထုတ်မကျွေးဘူးအေ့... ဧည့်ကောင်းဝတ်ကောင်းမှန်း သိပါတယ်၊ ဒါပေမယ့် ညည်းဧည့်သည်မကဘူး... ငါ့ဧည့်သည်လာလဲ ဒါနဲ့ထုတ်မကျွေးဘူး... "

"မေမေ ဘာကိုဆိုလိုတာလဲ... မှတ်ဧည့်သည်က မေမေ့ဧည့်သည်လောက် အရေးမပါဘူး ဂုဏ်သရေမရှိဘူး ဆိုတဲ့ သဘောပြောတာလား... "

"အလိုတော် ကက်ကက်လန် ပြန်ပြောနေပါလား၊ ဒီမှာ မှတ် ညည်းနဲ့ငါ ပြဿနာမဖြစ်ချင်လို့ အတန်တန် ရှောင်ပါတယ်၊ ဒါပေမယ့် မရဘူး၊ ပိုင်ရှင်က မသုံးစေချင်ဘူးဆိုရင် မသုံးရုံပဲ၊ ညည်းမှာအရှက်ရှိမှပေါ့... "

မှတ်မျက်နှာက နီမြန်းသွားပြီး...





"ရပါတယ်၊ မှတ်ကိုယ်တိုင် ပြန်သိမ်းပေးပါ့မယ်... "

ထမင်းစားပွဲမှ ကုလားထိုင်တခု ဆွဲယူကာ မှိုးကော့စ်နှင့်ကပ်ချပြီး မှတ်က ထမင်းပန်းကန် ဟင်းပန်းကန် အရည်သောက်ပန်းကန်လုံး ဘဲဥပုံပန်းကန်ပြား တမင်းအုပ်တို့ကို တစ်ခုချင်း ဖိုးဖိုးဇတ်ဇတ် မယူသယ်တင်သည်။

"နေ... နေ... နေ၊ ဒေါ်သန်းထွဲ့လိမ့်မယ်... "

စပယ်က အထိတ်တလန့် တားသည်။ မှတ်က မရပ်။ ဒေါ်ခင်ခင်ညွန့်ကား တခုခုဖြစ်တော့မလို ရင်ကိုမပြီး ကြောင်တက်ကာ ကြက်သေသေနေသည်။ မှတ်သည် သယ်လိုက် ခုံပေါ်တက်လိုက် အပေါ်ဆုံးထပ်မှာ ထားလိုက်၊ တွန်းထဲ့လိုက် ပြန်ခုန်ဆင်းလိုက် သယ်လိုက် ဒလကြမ်း လုပ်နေသည်။

"မှတ်... မှတ်... ဟို... ဟိုတခု... "

စပယ့် အလန့်တကြားသံ မသုံးသေး။ ဖင်မငြိမ်ပဲ တရွှံ့ကြီး စောင်းထပ်ထဲ့ရစ်ခဲ့သော ဘဲဥပုံ ဖန်ပန်းကန်ပြန့်ကြီးသည် လျှောကနဲကျကာ ကြမ်းပေါ်တွင် ဝွမ်းကနဲ ကျယ်လောင်စွာ မြည်ဟည်းကွဲကြေမွသွားလေသည်။

"အမလေး... "

ဒေါ်သန်းရဲ့ အလန့်တကြား အော်သံ။ ဒေါ်ခင်ခင်ညွန့်ကား မအော်နိုင်။ ဖိကြိတ်မရသော ဒေါသနှင့် မခံ

ရပ်နိုင်ခြင်းများ အုံကြွလာသလို မျက်နှာကြီး တင်းသထက် တင်းကာ ရှုတ်ချည်း မျက်ရည်လျှံတက်လျက် လူက တုန်ရီလာသည်။

"နင်... နင်... တမင်... "

မှတ်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ စကား ဖြောင့်အောင်မဆက်နိုင်။

"ညည်းစော်ကားတာတွေ များပြီ၊ ညည်းတမင်လုပ်တာ၊ ညည်းတမင် ငါ့ကို မလေးမခန့် စော်ကားတာ... "

"မေမေ... မေမေရယ်၊ စိတ်လျှော့စမ်းပါ... မှတ်... မှတ် တမင်လုပ်တာဆိုရင် မှတ်ဟာ သိပ်ကို လွန်လွန်းအားကြီး သွားပြီ၊ သိရဲ့လား၊ တို့ ဒါပဲပြောမယ်... "

မှတ်သည် ကုလားထိုင်ပေါ်မှ မဆင်းသေး။ မစပယ်နှင့် ဒေါ်ခင်ခင်ညွန့်ကို တလှည့်စီ ကြည့်နေသည်။ ဒေါ်ခင်ခင်ညွန့်သည် ဒေါသမျက်ရည်ပူများ အပေါက်ပေါက်ကျလျက် မှတ်ကို စိမ်းစိမ်းတောက်တောက် ကြည့်ကာ...

"ညည်း တမင်လုပ်တာ၊ ညည်းစော်ကားတာ... "

ဒါကိုပဲ ထပ်ထပ်ခါခါ ပြောမိနေသည်။ မှတ်က ဘာမှ ခွန်းမတုံ့။ စပယ် မှတ်ကို စိတ်လဲဆိုး အုံ့လဲညြ ကြောက်လဲ ကြောက်သလို ကြည့်နေရာမှ ဆတ်ကနဲလှဲ့ရင်း...





"ဒေါ်သန်း... မြန်မြန်သိမ်းလိုက် လှဲလိုက်ပါ၊ လာ... မေမေ လာ... ၊ စပယ့်အခန်းထဲ ဝင်လှဲနေလိုက်... "

အနီးဆုံး သူ့အခန်းကို တဆတ်ဆတ် တုန်နေသော အမေကို ဖွတ်ပဲ ဆွဲဖက်ခေါ်သွားရပါတော့သည်။

* * * * *

"ငါ့ကို သူတမင်လုပ်တာ၊ ငါ့ကို စိတ်ဒုက္ခ အမျိုးမျိုးပေးနေတာကြာပြီ... အမျိုးမျိုးသော နည်းတွေနဲ့၊ တအိမ်လုံး ကော်ဇောအပြည့်ခင်းထားလို့ ဘယ်တုံးကမှ မမွေးခဲ့တဲ့ ကြောင်ကို ဖွတ်ယူလာမွေးတယ်၊ နှစ်ကောင်တောင်၊ ကြောင်က ဟိုနားသေးပေါက်... ဒီနားသေးပေါက်... အီးပါ မချတာ ကျေးဇူးတင်ရဦးမယ်၊ ကော်ဇော်တွေဆိုတာ ပျက်စီးနံစော်လို့... မြတ်ရ... လျှော်ရ... ၊ ငါမကြိုက်တာသိမှ ဒီကြောင်နှစ်ကောင်ကို သဲသဲပိုပြီး လုပ်တယ်၊ တမီမီ တညောင်ညောင်နဲ့၊ ဒါတမင်ဂွတိုက်တာ... "

ဒေါ်ခင်ခင်ညွန့်က မောသလို ခဏရပ်ပြီး ရှုဆေး တစ်ချက်ရှုလိုက်သည်။ မင်းနေပြည် ကုတင်စွန်းမှာ ထိုင်ကာ ခေါင်းငုံ့နေမိသည်။

"ဒုဝန်ကြီးကတော်မှာထားတဲ့ ကယ်တလီယာနှစ်ပွင့်ကို လားလား... သူကခူးပန်ချသွားတယ်၊ မတောင်းမရမ်း စည်းကမ်းမရှိ ငါတောင် ကိုယ့်ပစ္စည်းကိုယ် မပန်ရက်တာ၊

ဟိုမှာပေးဖို့က ပြောပြီးနေပြီ၊ ဒါကိုလဲ ပြောသံဆိုသံ သူ ကြားနိုင်ပါတယ်၊ သူတော့ တကူးတက မပြောမိဘူးပေါ့၊ ခူးပန်ပစ်လိုက်မယ်မှ မထင်ဘဲ... ငါ့မှာ ပေးစရာ ပန်းမရှိတော့လို့ မျက်နှာပျက် မခံနိုင်တာနဲ့ သစ်ခွဖြဲတကာ ပတ်ရှာပြီး ဒီအရောင် နှစ်ပွင့်ဝယ်လာရတယ်... တစ်ပွင့် ခြောက်ရာနဲ့ ထောင့်နှစ်ရာဖိုး၊ ဟင်... ကဲ... ”

စပယ်က ကုတင်နဘေး စားပွဲမှကုလားထိုင်ပေါ် ထိုင်နေရာမှ အစ်ကိုကို ခိုးကြည့်သည်။

“အများကြီးမှအများကြီး၊ ငါအကုန်မပြောပါဘူး မင်းကို၊ မင်းစိတ်ဆင်းရဲမှာစိုးလို့... ခန်းဆီးတွေတအိမ်လုံး ဖြုတ်လဲလျှော်ဖွပ်တော့ မင်းတို့ အခန်းကိုလဲ တအိမ်လုံးနဲ့ ဆင်တူဇာအပြာလဲတပ်တာပေါ့၊ အပြာမကြိုက်တောင်မှ နှစ်ပတ်လောက် ခန်းဆီးအပြာ တပ်ရတာ သူဘာဖြစ်မှာမို့လဲ၊ ချက်ချင်းပြန်ဖြုတ်ပြီး တခြားဟာလဲပစ်တယ်၊ ဒါငါ့ကို သက်သက်မဲ့ ဆန့်ကျင်ရပြီးရော လုပ်တာမဟုတ်ရင် ဘာလဲ ဖိနပ်စင်သုံးထပ်မှာ ဖိနပ်တွေတင်ပြီလားဆို သူ့ဖိနပ်ကို သီးသန့် အပေါ်ဆုံးအဆင့်မှာ... ကျန်တာတွေ အောက်ဆင့်မှာ အလူးလူး အထွေးထွေး၊ သူ့ဟာတခုထဲ အပေါ်မှာကဲ... ယောက္ခမအိမ်ပေါ်တက်ပြီး သူ့လောက် ဘယ်သူမိုက်ရဲသလဲ... ငါ ထစ်ကနဲမပြောပါဘူး၊ မြိုသိပ်ပါတယ်ဟဲ့... ဟိုတခါ ဖြစ်ပြီးကထဲက ငါတို့ရေခဲမုန့်ဝယ်လာရင် သူက





မစားဘူး၊ လုံးဝမတို့ဘူး၊ ဆန္ဒပြတာလေ... တဘူးကုန်အောင် တဖြုန်းဖြုန်း စားနိုင်တဲ့ ဟာမက လုံးလုံးမထိဘူး၊ ဒါ ငါ့ကိုအာခံနေတာ၊ စမ်းနေတာ၊ ဒင်းက ဘာရည်ရွယ်ချက်နဲ့ ဒီလို လူပါးဝနေရတာလဲဟင်... ”

“တော်ပါတော့ မေမေရယ်... ”

စပယ်က ညည်းညည်းကလေးပြောသည်။

“ဘာတော်ရမှာလဲ... မတော်ဘူး၊ ဘုန်းကြီးကျောင်း အာရုံဆွမ်းကပ်ဖို့ တအိမ်လုံး ငါပါမကျန် မနက် သုံးနာရီထ ချက်ပြုတ်တယ်၊ သူကမထဘူး၊ သွားခါနီးမှ တက်နိုးရတယ်၊ သူကဘာလဲ၊ ဘုရင်မလား... ဘာဖြစ်လို့ ဒီလောက် မသိတတ်ရတာလဲ၊ ဘာလို့ အကြောက်အလန့် မရှိ အားနာသမှုမရှိ ထင်တိုင်းနေပြီး လူပါးဝနိုင်ရတာလဲ၊ အခုကြည့် ငါ့ပန်းကန်ကို ဒင်းတမင်ခွဲပစ်တာ... ဥစ္စာခြောက်မကြီး... သိရောပေါ့ဟဲ့ဆိုပြီး တမင်ခွဲတာ... ငါ့သမီးအရွယ်က တက်ပညာပြနေတာ ခံရတာ ငါရင်နာတယ်ဟဲ့... ”

မင်းနေပြည် အပြင်မှပြန်လာလာချင်း အပေါ်ထပ် ပင် မရောက်သေးပါ။ စပယ့်အခန်းက အောက်ထပ်မှာ။ ရေရွှတ်ကြိမ်းမောင်း ရိုက်ငင်သံများကြောင့် ဝင်ကြည့်လိုက်သောအခါ စပယ့်ကုတင်ပေါ် အိပ်နေသော မေမေက ဆီးကြိုကာ အကြောင်းစုံ ရင်ဖွင့်တော့တာပါပဲ။ သူစိတ်ရှုပ်ထွေးကာ ခေါင်းတွေ နောက်ကျိ

သွားသည်မှာ ရှူးပင်ရှူးပစ်လိုက်ချင်သည်။ ရှူးချင်လောက်အောင် သူ စိတ်ညစ်ပါသည်။

"ကဲ... ကိုကိုအပေါ်တက်တော့... မေမေက သွေးနဲ့နဲ့ တိုးတယ်ထင်ပါရဲ့၊ ဒေါသဖြစ်လို့ပါ၊ စပယ်ချော့ပါ့မယ်၊ ကိုကိုသွားနား၊ သွားပါစေမေမေရယ် ကိုကိုက ဟိုးတလော ကလဲ တခေါက်ဖြစ်လိုက်သေးတာ၊ ကိုကို စိတ်ဆင်းရဲနေ မယ်... "

နှလုံးရောဆိုတာ ခေါက်ကနဲ လဲသေတတ်သည် ရယ်လို့ လူပြိန်းသိသာ သိသောစပယ်တို့အဖို့ မင်းနေပြည် ရုတ်တရက် တခုခုဖြစ်မှာကို စိုးရိမ်ပါသည်။ စပယ့်စကားကြောင့် မေမေ့စကားသံတွေပါ ရပ်သွားတော့သည်။ မင်းနေပြည် ဘာမှ မပြောဘဲ ထထွက်ခဲ့ပါသည်။

အပေါ်ထပ် အခန်းတံခါးကို တွန်းဖွင့်လိုက်လျှင် ပြူတင်းပေါက်မှာ ရပ်ငေးနေသော မှတ် ဖြတ်ကနဲ လှည့်လာ၏။ မှတ် မျက်နှာမှာ မျက်ရည်စတို့နှင့်။ အိပ်ခန်းထဲ ကြောင်တစ်ကောင် ရောက်နေတာမို့ မေမေ့စကားကို သတိရကာ ဒေါသပိုထွက်လာပြီး ကြောင်ကို ဂုတ်ကဆွဲ အခန်းပြင် လွှင့်ပစ်ပြီး အခန်းတံခါး တွန်း ပိတ်လိုက်သည်။

"ဦးမင်း... မှတ် တမင်ခွဲတာမဟုတ်ပါဘူး... "

မှတ်စကားကြောင့် မှတ်ကို သူ စိမ်းစိမ်း စိုက်ကြည့်





လိုက်သည်။ ဦးမင်းအကြည့်ကြောင့် မှတ်ရင်ထဲ ဆွေးသွားပါသည်။ ဘာပဲလုပ်လုပ် ဒေါ်ခင်ခင်ညွန့်ကို ဦးတည်ကာ မထိခလုတ် လုပ်တတ်မြဲမို့ ထိုပန်းကန်တွေ ချခင်းတာဟာလဲ မသုံးရတဲ့ ဟာမှန်း သိသိမို့ တမင် ပူညံပူညံ စိတ်ရှုပ်သွားရုံ ချခင်းတာပါ။ ကြိုက်မှာ မဟုတ်တာကို မှတ်သိပါသည်။ ဘာမှမပြောပဲ မြုံနေလျှင်ပြီးရော။ ပြောလာလျှင် ကောက်သိမ်းလိုက်ဖို့ ရည်ရွယ်ပြီးသားပါ။

ဤမျှ တန်ဖိုးထား မြတ်နိုးတာကိုလဲ မသိပါ။ ပြောရင်းက သူမ တော်တော်ကြီး အသဲစွဲ မြတ်နိုးတာသိသဖြင့် ဘဖျတ်ဖျတ် နမော်နမဲ့ သိမ်းပြုပြီး ဒေါ်ခင်ခင်ညွန့် အသဲတယား ယား ရင်တလှပ်လှပ်ဖြစ်အောင်ထိတော့ ရည်ရွယ်မိပါသည်။ ဒါဟာ သစ္စာစကားအမှန်။ ခွဲဖို့ မှတ် စိတ်ကူးမရှိပါ။ သူတပါးရဲ့ အမြတ် တနိုးပစ္စည်းကိုလဲ မှတ်ဖျက်ဆီးလိုစိတ် လုံးဝမရှိတာ အမှန်ပင်။

ခုတော့ ပန်းကန်က ကျကွဲသွားသည်။ တကယ့်ကို မတော်တဆ။ ဦးမင်း ယုံချင်မှ ယုံပါလိမ့်မည်။ ဦးမင်းပြန်လာတာ မိနစ်နှစ်ဆယ်လောက် ရှိပြီ။ ခုမှ အပေါ်ထပ်ရောက်လာသည် ဆိုတော့ အောက်မှာ ကြားသိခဲ့ပြီး ဖြစ်မည်။

မင်းနေပြည် အဝတ်အစားလဲသည်။

"ဦးမင်း... မှတ်တမင်ခွဲတာ မဟုတ်ဘူး၊ မတော်တဆ ကွဲတာပါ.. "

မှတ်ဝမ်းနည်းနေသည်။ တမင်ချခွဲတာဆိုလျှင် မှတ်

ဟာ အင်မတန် မိုက်ရိုင်းသွားပြီ။ တမင်ခွဲတာလို့ ဦးမင်းယုံကြည်လျှင် မှတ်ကို အင်မတန် ထိတ်လန့်အထင်သေးကာ ခွင့်မလွှတ်နိုင်ရအောင် ရှိလိမ့်မည်။ ဒါကို မှတ်မခံနိုင်ပေ။ ကိုယ် မကောင်းတာကို ကိုယ်သိသော်လဲ ထိုမကောင်းသည့် ဖြစ်မှုတွေထဲ မတော်တဆမှု ပါဝင်လာမှာကိုတော့ မှတ် မလိုလားပေ။

"ဦးမင်း... "

မင်းနေပြည်သည် မှတ်ကိုခြောက်သွေ့ နာကျင်သော မျက်ဝန်းများဖြင့် လှည့်ကြည့်လေသည်။ နာကျည်း မုန်းမျက်မှု မပါသေးသဖြင့် မှတ်အသက်ပြင်းပြင်းရှိုက်ရင်း...

"မှတ်ပြောတာ ကြားရဲ့လား၊ မှတ် မတော်တဆ ဖြစ်တာ"

"ဒါဖြင့်ရင် ပြီးတာပါပဲ... "

ဤမျှနှင့် စကားစ ဖြတ်လိုက်သဖြင့် မှတ်အတော်ပင် အောင့်သက်သက် ဝမ်းနည်းသွားသည်။ ဒေါ်ခင်ခင်ညွှန့် တဆတ်ဆတ်တုန်ရီကာ မျက်ရည် တပေါက်ပေါက်ကျလာတာကို ပြန်လည်မြင်ယောင်ရင်း သူမ ဘာတွေ စိတ်အနှောင့်အယှက် ပေးခဲ့ပြီးဖြစ်သည်ကို အမှတ်စဉ်လိုက် ပြန်ပြီး စဉ်းစားနေမိသည်။ အင်းမေ့တဲ့ဟာတောင် မေ့ပြီ။ တော်တော်တော့ မွှေပြီးပြီပဲ။ ကုတင်ပေါ် မှောက်အိပ်နေသော ဦးမင်းကို တချက်လှမ်းကြည့်ကာ မှတ် သက်ပြင်းချလိုက်မိသည်။

ဦးမင်းရောဂါက ပက်လက်အိပ်လျှင် ပိုဆိုးသည်။





တစောင်းအိပ် မှောက်အိပ်လျှင် သက်သာသည်။ ဦးမင်း ရင်ပတ်နာလာပြန်ပြီများလား။ မှတ်သည် တွေတွေကြီး ငိုင်နေမိရင်း ဦးမင်း အနားကပ်လာသည်။

"ဦးမင်း... နေကောင်းရဲ့လား... "

"ရပါတယ်... "

"ဦးမင်း... မှတ်ကို စိတ်ဆိုးနေတာလား... "

ဦးမင်းက မျက်နှာကို တစောင်းပေါ် ထားရာမှ မှတ်မကြည့်စေချင်သလို ခေါင်းအုံးပေါ် တဲ့တဲ့မှောက်ချ ဖွက်ရင်း နာကျင် ကြေမွနေသောအသံနှင့်...

"မင်းကို ကိုယ်အရှုံးပေးပါတယ် မှတ်ရယ်... "

ရုတ်တရက် မှတ်ရင်ထဲ ထိခိုက် ကြေကွဲသွားသည်။ ထိုသို့ ပြောလိုက်မည် မထင်သဖြင့် အပြောခံလိုက်ရသောအခါ အခံရလဲခက်သည်။ ထောင်းကနဲ မာနစိတ်လဲ ထကြွလာသလို ရှိသော်လဲ တကယ်တမ်း အဆုံးသတ်၌ မှတ် ဝမ်းပမ်းတနည်း ကျန်ရစ်လေသည်။ သို့သော် ဘာမှ မဖြစ်သလို လေသံမှန်ဖြင့်

"မေမေကော သိပ်ဒေါသဖြစ်နေတုံးလား... "

ဦးမင်းထံမှ စကားထွက်မလာ။

"မေမေက မှတ်တမင်လုပ်တယ်လို့ထင်သွားတယ်၊ တထစ်ချယူဆပစ်လိုက်တယ်၊ ဒါဖြင့် မှတ်သွားပြောပြ လိုက်ရ

မလား... ”

“ပြောမနေပါနဲ့တော့... မေမေ စိတ်လဲထိခိုက် မူးလဲမူးနေတယ်... ”

“ဒါဖြင့် မှတ် ပရက်ရှာသွားတိုင်းကြည့်လိုက်မယ်... ”

မှတ် မရဲတရဲစွန့်ကာ ဦးမင်းကျေနပ်လို ကျေနပ်ခြားသွေးတိုးစမ်းသည်။ ဦးမင်းဝမ်းသာသွားကာ စိတ်လဲချမ်းသာပြီး ခေါင်းညိတ်တိုက်တွန်းမည် ထင်သော်လဲ ဦးမင်းကမလှုပ်။ မှတ်သက်ပြင်းချလိုက်ရင်း ဆုံးဖြတ်သည်။ ဘာပဲဖြစ်ဖြစ် ချွေးမ တစ်ယောက်လုံး ဆရာဝန်ဖြစ်နေတာ။ ယောက္ခမ သွေးတိုးတာလောက်တော့ ပရက်ရှာချိန်ပေးသင့်ပါသည်။ သူ့မြတ်နိုးရာကိုလဲ ဖျက်ဆီးသလို ဖြစ်ခဲ့သည် မဟုတ်လား။ မှတ် အလွန်တွေ အကြောင်းအားလျော်စွာ ရှိနေသည်။ ဦးမင်းနှင့်လက်ထပ်အပြီး ခုထိ ခြောက်လလောက် အချိန်အတွင်း ဒေါ်ခင်ခင်ညွန့်ကို တကြိမ်တခါမျှ ပရက်ရှာကလေးပင် တိုင်းမပေးဖူးခဲ့ပါ။

မှတ် နားကြပ်နှင့် ပရက်ရှာကာ့ဗ်ကိုင်ပြီး အခန်းထဲမှ ထွက်ခဲ့သည်။ အောက်ထပ် အခန်းဝရောက်လျှင် မစံပယ်က ဒီဖက်လှည့်ထိုင်နေသဖြင့် မှတ်ကို တအံ့တသြ ဦးစွာမြင်တွေ့သွားလေသည်။ မှတ်မျက်နှာထားနှင့် လက်ထဲက ပစ္စည်းပစ္စယတို့ကြောင့် သဘောတရားကို ရိပ်မိပုံနှင့် စပယ်ခေါင်းညိတ် ဖိတ်ခေါ်လိုက်ရပါသည်။ အမှန်အားဖြင့်တော့ မှတ်ကိုစပယ် အင်မတန်မှ





စိတ်ဆိုးနေပါသည်။ သို့သော် မှတ်ပုံစံက ကြေအေးလိုသော ပုံပန်းနှင့် ယောက္ခမကို ပြုစုယုယဖို့ လာပုံမျိုး မဟုတ်လား။ တော်စပ်ထားရပြီးသော ပတ်သက်မှုဟာ ကြီးမားသော ပြဿနာမရှိပဲနှင့်တော့ ပယ်ဖျက်ခက်လှသည်ပဲ။

စပယ်စိတ်ကို လျှော့ချလိုက်ပါသည်။

“လာလေ... မှတ်... ”

မှတ်ဝင်လာလျှင် ဒေါ်ခင်ခင်ညွန့်မှာ ပြန်လည်တင်းမာတုန်ရီလာကာ...

“မလိုပါဘူးအေ... ငါ ဘာမှ မဖြစ်ဘူး... ”

ခပ်တင်းတင်း ဆီးကြိုနှင်ထုတ်လိုက်လေသည်။

“မေမေမူးနေတယ်လို့ ဦးမင်းကပြောလို့ပါ... မှတ် ပရက်ရှာချိန်ကြည့်မလို့ပါ... ”

“အမလေး... ဆရာဝန်ချွေးမရထားတော့... ခြောက်လအကြာမှာ တခါသွေးချိန်ခံဖူးရတော့မှာပေါ့လေ... နေပါစေ မလိုဘူး... ”

“မေမေကလဲ... မတော်တဆ ပြဿနာ ဖြစ်ကြရတဲ့ဟာ စိတ်ပြေမှပေါ့၊ တယောက်နဲ့တယောက် မိသားစုတွေပဲဟာ... ”

စပယ်က သူ့အမေကို ဖျောင်းဖျသည်။ မှတ်သည်

မျက်နှာနီမြန်းကာ ရှက်လဲရှက်ဒေါသလဲထွက်။ သူကလာလျှော့ တာတောင် တင်းနေသေးသည်။ လက်ထဲက ပရက်ရှာကာ့ဗ်ကို ပေါက်ပစ်လိုက်ချင်တာ ထိန်းထားရသည်။ ဒီမိန်းမကြီးကို ဒီလို အလျှော့ပေးဖို့များ ဘယ်တုံးကမှ သူမ အိပ်မက်မမက်ခဲ့။ ဘာ ကြောင့်များ လာကြေအေးမိပါလိမ့်။ အရှုံးမ လျှာရှည်တာကိုး ဟု ကိုယ့်ဘာသာ ကြိမ်ဆဲရင်း ဒေါ်ခင်ခင်ညွန့်ကို စေ့စေ့ကြည့်ကာ…

"မေမေ မယုံရင်လဲ မတတ်နိုင်တော့ပါဘူး၊ ဒါပေမယ့် မှတ် မတော်တဆ လွတ်ကျကွဲရတာဆိုတာ ဘုရား သိမှာ ပါ၊ မှတ် တမင်ရိုင်းတာ မဟုတ်ဘူး… "

"မတော်တဆ… ညည်းလား မတော်တဆလုပ်မှာ… ဘုရား တွေ ဘာတွေ ဘာမှဆွဲထည့် နေစရာမလိုဘူး၊ တမင် တကာ ငါ့ကို မှတ်ပီလားဆိုပြီး ပညာပြတာ၊ ဘာကြောင့် မှန်းသာ ငါမပြောနိုင်တာပါ…ညည်းငါ့ကို တမင်သက်သက် ထိပ်တိုက် လိုက်ဆိုင်နေတာ ငါသိပါတယ်၊ တမင် သက်သက် ဆန့်ကျင်ဖက်လုပ် အရွဲ့တိုက်နေတာတွေကို ဘာကြောင့်မှန်းမသိပဲ ငါငြိမ်ပြီး ကြည့်နေရမှာလား အေ့"

ဒေါ်ခင်ခင်ညွန့် သံကုန်မြင့် အော်သည်။ မှတ် မျက်နှာ ပိုပြီးနီမြန်းကာ…

"ဒါပေမယ့်… အခုက မတော်တဆ ကျကွဲတာ မေမေ… ဒါအမှန်ပဲ… "





ပြောပြီးပြီးချင်း ချာကနဲ လှည့်ထွက်လိုက်သည်။ အောက်ထပ်အခန်းဝတွေမှာ လက်သုံးလုံးခန့် ခါးပန်းရှိတာ မှတ် ဝင်ထွက်နေကျ မဟုတ်၍ မေ့လျော့နေသည်။ အခန်းမှ ခါးပန်းကို ခလုတ်တိုက်ကာ ဟပ်ထိုးကြီး မှောက်လဲကျသွားသော မှတ်သည် မျက်လုံး ပြာကာ နာကျင်ရှုံ့မဲ့သွားရလေသည်။

နားကျပ်နှင့်ပရက်ရှာကာ့ဗ်လဲ တခြားစီ လွင့်သည်။ ဒေါ်ခင်ခင်ညွန့်ပင် လန့်သွားကာ ချက်ချင်းပင် 'လူကြီးသူမအပေါ် ရိုင်းစိုင်းလို့ ငရဲကြီးတာပဲ… ' ဟုအတွေးဝင်လျက် ပုထုဇဉ်ပီပီ ကျေနပ်သလို စိတ်ကြောင့် ဒေါသအတန်လျော့သွားသည်။

"မှတ်… ဖြစ်ရလေ… မထနိုင်ဘူးလား… "

စပယ်သည် ထိုင်ရာမှ အပြေးထကာ အတန်ကြာ မထနိုင်သော မှတ်ကိုသွား တွဲထူရလေသည်။ မှတ် မျက်နှာပြင်မှာ ရှုံ့မဲ့လျက် မျက်ရည်ပေါက်ပေါက် ကျလာသည်။

"သိပ်နာသွားလို့လား မှတ်ရဲ့၊ ဘယ်ကိုဆောင့်သွားလဲ"

ဒေါ်ခင်ခင်ညွန့်သည် ရှုဆေးရှူရင်း ခေါင်းအုံး စ်ဆင့်ပေါ် လှဲကာ စိမ်ပြေနပြေပင် ခပ်မဲ့မဲ့ကြည့်နေသည်။

"ဗိုက်အောင့်သွားပြီ… မမစပယ်… အား… မှတ် ထမရ ဘူး၊ မြန်မြန်လေး ဆရာဝန်တစ်ယောက်လောက် ဖုန်း ဆက်ခေါ်ပေးပါ… အား… ကျွတ်… ကျွတ်… မှတ်မှာ ကိုယ်ဝန် ရှိနေတယ်… "

"ဟင်... "

"ဘာပြောတယ်... "

လှဲအိပ်နေသူ ဒေါ်ခင်ခင်ညွန့် ဝုန်းကနဲ ထကာ လွှားကနဲ ရောက်လာသည်။

"ဘာပြောတယ်မှတ်... ငါကြားလိုက်တာ.. ကိုယ်ဝန်... "

"ဟုတ်တယ်... မေမေ... လေးလတောင် ရှိနေပြီ.. "

"ဟင်... "

ဒေါ်ခင်ခင်ညွန့် သူ့ရင်ပတ်ကိုသူ ဖြန်းကနဲ ပုတ်လိုက်သည်။

"ဘာဖြစ်လို့ မပြောပဲ မြိုထားရသလဲ.. မိစပယ်.. ချက်ချင်း ဖုန်းဆက်စမ်း၊ တယောက်ယောက် ငါလဲ မစဉ်းစားတတ်ဘူး၊ ဟဲ့ မြန်မြန်... ဒေါ်သန်း.. မိလုံး လာကြစမ်း ဟဲ့... မြန်မြန်... ဒီမှာလာတွဲထူစမ်း၊ ကုတင်ပေါ်... ကုတင်ပေါ်၊ ဖြည်းဖြည်းဟဲ့... မှတ်... မှတ် သတိတွေ ဘာတွေရရဲ့လား ဘုရား ဘုရား ဘာမှ မဖြစ်ပါစေနဲ့ဟဲ့ ကိုယ်ဝန်ကြီးနဲ့ဟာကို ဒီလို လျှပ်ပြာရသလားဟဲ့... ဟင်... ပြောပြုထားပါတော့လား၊ ပိုင်းဂရုစိုက်လို့ရအောင်.. အမလေး.. ဒီလောက် အရေးကြီးတဲ့ကိစ္စကို... ခုနကလဲ ခုံခုပြီး အမြင့်တက်နေလိုက်တာ... ပန်းကန်ကျမကွဲပဲ ညည်းပြုတ်ကျကွဲမှ ကိုယ်





"ဒီမှာ... သေတော့သေချာပါတယ်နော်... "

ဒေါ်ခင်ခင်ညွန့်က ရင်ဖိကာ မေးနေပြန်သေးသည်။

"မှတ်... ဆရာဝန်ပါ မေမေရယ်... "

ဒေါ်ခင်ခင်ညွန့်သည် ပြုံးပြုံးကြီး အားမလိုအားမရနှင့် မှတ်လက်မောင်းနှစ်ဖက်ကို ကိုင်ကာ တဆတ်ဆတ် လှုပ်နေသည်။ မှတ်မှာဖြင့် သူ့ကို သနားတောင်သနားကာ ငိုချင်သလိုလို ရီချင်သလိုလိုပင် ဘာလုပ်ရမည် မသိတော့။ မြေးဦးရမှာ အပျော်ထူးနေရှာလိုက်တာ။ သူ့မြေးဦးကို လွယ်ပိုးထားရတဲ့သူဆိုသည့် ဂုဏ်ပုဒ်နှင့်ချက်ကောင်းကို ကိုင်ကာ ကောင်းကောင်းကြီး ပညာပြလိုက်ဦးမည် ရယ်လို့ ရည်ရွယ်ကြံစည်ခဲ့သော မှတ်မှာ ဒေါ်ခင်ခင်ညွန့်မျက်နှာကြီးကို ကြည့်ကာ စိတ်မကောင်းခြင်း ကြီးစွာနှင့် ဘယ်သူမှမသိသော ကိုယ့်အကြံအစည်အတွက် ရှက်သလိုလို ဝမ်းနည်းသလိုလို နောင်တရသလိုလို ငိုင်ငိုင်ကြီးတွေနေမိသည်။

* * * * *

(၉)

ခြံထဲမှ ဒန်းဖြူဖြူကလေးပေါ် ထိုင်ကာ မှတ်အတွေးတွေ လွင့်မျောထွေပြားလျက် ရှိသည်။ အချိန်တွေ တရွေ့ရွေ့ကုန်ခဲ့သည်နှင့်အမျှ မှတ်ရဲ့စိတ်သဘောတို့သည် ကိုယ်တိုင်ကျေနပ်ရမလား မကျေနပ်ရမလား မသိသော အခြေအနေ တခုသို့ တစိမ့်စိမ့် ပုံစံပြောင်း မျောရွေ့လာသည်။ မှတ်ရဲ့ကိုယ်ပေါ် မှာ ဝတ်ဆင်ထားသည်ကား ပိတ်ဖေါက်ချည်ထည်ပါးပါး အဖြူရောင်ပေါ် တွင် ဇာနားတွန့်လေးတွေ တဖားဖားကွပ်ထားသော ကိုယ်ဝန်ဆောင်အင်္ကျီ။ မစပယ်ကိုယ်တိုင် စက်ခုံမှာထိုင်ပြီး တကျောင်းကျောင်းချုပ်ပေးခဲ့သော အင်္ကျီကလေးဖြစ်သည်။ မှတ်မှာ ဗိုက်ဖုံးအင်္ကျီအလှကလေးတွေ အရောင်စုံ အဆင်စုံ တလ ဝတ်လို့မထပ်အောင် များပြားလှသဖြင့် မစပယ်ကို တားယူရသည်။ မစပယ်ကား စက်မချုပ်တဲ့ နေ့မရှိသလောက်။ မှတ်ဖို့ မဟုတ်လျှင် ကလေးငယ်ဖို့။ နောက်ကွဲအင်္ကျီ ကားကားကလေးများ သေတ္တာတလုံးပြည့်တော့မည်။ စက်မချုပ်သောနေ့ရှိလျှင် ထိုနေ့သည် သိုးမွှေးထိုးသောနေ့ ဖြစ်သောကြောင့်ပင်။ ကလေးငယ်တွင် မမွေးမီကတည်းက ခြေစွပ်လက်စွပ် ဦးထုပ်ဆွယ်တာ သာမက ထွေးပတ်





ဖို့ သိုးမွှေးလေးထောင့် ပုဝါကြီးကအစ လေးငါးမျိုး။ ချည်လေးပင်ပူးကာထိုးသော သိုးမွှေးစောင် ထူထူအိအိတွေက မနည်း။

အဖွားကြီးကား စက်ခုံမထိုင်နိုင်။ သို့သော် သွားလာနိုင်သည်။ စိတ်ကူးပေါက်သလို ကားနှင့်ရွှတ်ကနဲ ထွက်သွားပြီး ပြန်လာလျှင် ကလေးမွေ့ရာ ခေါင်းအုံး ဖက်လုံး စောင်ဝမ်းဆက်အတွဲလေး ကိုင်ကာ ပြန်လာသည်လဲရှိ။ ဒါမှမဟုတ် ကလေးဖိနပ်၊ ပုခက်ကြီး၊ ခြင်ထောင်လေးများ။ ထီးကဲ့သို့ ဖွင့်ရသော ခြင်ထောင်မှာ အသေးအလတ်အကြီး ဆိုဒ်စုံအိမ်ကို ရောက်နေပြီ။ ပြီးတော့ အရုပ်တွေ။ ရောင်စုံဂျောက်ဂျက်။ ပုခက်မှာ ချိတ်ဖို့ အသံစုံပါးပါးလေးလွင်မြည်သည့် တန်းလန်းကျ အရုပ်ခေါင်းလောင်းတွဲများ။ ကလေးကို ဝတ်ပေးဖို့ တခါသုံး ရှူးခံ အီးခံ ဘောင်းဘီထုပ်များ။ ပြီးတော့ ထိုင်စီးသည့် ဗွေ။ တွန်းလှည်းလေးမှာ မိုးပြာပြာတစီး၊ ပန်းနုတစီး။ ကလေးအီးပါဖို့ ငန်းရုပ်လည်ပင်းရှည်ကြီး ကျောပေါ် အပေါက်ဖေါက်ကာ အိုးပြုလုပ်ထားသည့် အိမ်သာအိုး။ နိုင်လွန်မျှင်များ ထည့်ချုပ်ထားသည့် ခေါင်းပုံစံ ပြုပြင်သော ခေါင်းအုံးမှာ အရုပ်မျိုးစုံပုံစံ လေးငါးရှစ်လုံး ရှိနေပြီ။ နို့ဗူး အဆန်းအပြားများ။ နို့ဗူးထည့်သည့် အပူခံဗူးရှည်လေး။ သွားပေါက်ခါနီး ကိုက်သည့်

အရုပ်ပျော့များ၊ အနီးတွေက ဝယ်လာလိုက် ဖြတ်လိုက် အထပ်လိုက်၊ ကလေးတွေ အရေးပေါ်သုံး လိုအပ်သည့် ဆေးမျိုးစုံမှ မုန့်ညင်းဆီကို စပါးကြီးသည်းခြေတို့က အစ၊ ကလေးကြည့်ဖို့ မျက်နှာကြက်မှာ ချိတ်ရသည့် လည်ပတ်သော အရုပ်များ၊ ကလေးဆပ်ပြာ၊ ပေါင်ဒါ၊ ကလေးခေါင်းလျှော်ရည်၊ ကလေးအသားလှဆီ၊ ကလေးအဝတ် သီးသန့်လျှော်ဖို့ ဆပ်ပြာရည်၊ ကလေးချိုး ရေထဲထဲ့ဖို့ အမွှေးဆပ်ပြာရည်။

မှတ်မှာ စဉ်းစားရတာပင် ခေါင်းမူးလာပါသည်။ ဒါတွေက အဖွားကြီး ဝယ်ဝယ်လာတာ၊ ဦးမင်း မိတ်ဆွေများ၊ ဖေဖေ၊ ဒေါ်လေးတို့ ဝယ်ပို့ထားသည်မှာလဲ ပစ္စည်းတမျိုးထဲ၌ ဆင်တူထပ်နေတာတွေ အများကြီး။ အဖွားကြီးသည် ကလေး အိပ်ရာဝင်တီးလုံး အခွေဆိုတာကိုပင် ဈေးကြီးပေးဝယ်လာပါသည်။ တီးတောင်ကလင်ကလင် သံလေးတွေနှင့်။

မမောနိုင် မပန်းနိုင် မရိုးနိုင်အောင် ဝယ်ကြခြမ်းကြချပ်ကြလုပ်ကြသည်မှာ ကလေးအမေ မှတ်အတွက် ဘာမှဝယ်စရာမကျန်သည်အထိ။ ဒေါ်လေးမှာ မကြာခဏ ရောက်လာတတ်သဖြင့် အခြေအနေတွေကို မြင်သိနေသည်။





"သမီး သိပ်ကို ကံကောင်းတယ်... လိမ်မာနော်သမီး၊ ယောက္ခမ ယောက်မက ဘယ်လောက်ကောင်းလဲ... သိပ်ကံကောင်းပါတယ်ကွယ်... "

မှတ်ကံကောင်းရတာကို ပျော်ပါသည်။ သို့သော် မှတ်မပျော်နိုင်ပါ။ မှတ်ဘယ်လောက်အထိများ ဆက်လက် ကံကောင်း နေမှာပါလိမ့်။ ကံကောင်းခြင်းများဘယ်နေ့မှာရပ်တန့်သွားမှာပါလိမ့်။ မဝေးတော့ပြီထင်သည်။ အမအကြီးဆုံး ဒေါ်နှင်းဆီသည် နောက်နှစ်ဆန်းတွင် အလည်လာတော့မည် မဟုတ်ပါလား။

ဦးမင်းကို စတင်လက်ထပ်ခဲ့စဉ် အခါက တနေ့နေ့ ဒေါ်နှင်းဆီကို ရင်ဆိုင်ရမှာပဲ ဆိုတာကို မှတ် အတတ်တွေးပြီးသားပင်။ သို့သော် ထိုသို့ ရင်ဆိုင်ပြီးလျှင် ဘယ်လိုရှေ့ဆက်စခန်းသွားကြမည်ဆိုတာကို မှတ်လုံးလုံး မတွေးခဲ့၊ ဂရုမစိုက်ခဲ့။ ထိုစဉ်က မှတ်ရဲ့ မာကျော ခက်ထန်သော စိတ်အစဉ်မှာ ဘာဖြစ်ဖြစ်ပေါ့ဟု မိုက်ရူးရဲ ဆန်ခဲ့လှပါတကား။

ယခုအခါ ဒေါ်နှင်းဆီနှင့် ရင်ဆိုင်ရ ဆုံတွေ့ရတော့မှာကို မှတ်ဘာကြောင့် စိုးရိမ်ကြောက်ရွံ့နေပါသနည်း။ အချုပ်ဆိုရလျှင် မှတ်သည် ဤဘဝလေး၌ သာယာနှစ်ခြိုက် ပျော်ပိုက်

ကျေနပ်ကာ ယခုဘဝလေးကို စွဲလန်း သံယောဇဉ် ကြီးခဲ့ပြီတည်း။

မှတ်ပြုဖြင်ပါသည်။

အံ့ဩစရာ ကောင်းလောက်အောင် မှတ်သည် ဒေါ်ခင်ခင်ညွန့်ကို တရိုတသေ ပြောင်းလဲ ဆက်ဆံနေခဲ့မိပြီ။ ဘယ်တုံးက စပြောင်းသွားသလဲ အဖြစ်အပျက် အတိအကျနှင့် မပြောနိုင်သော်လဲ မှတ်ရဲ့ တမင်တကာ ရန်စခြင်း စိန်ခေါ်ခြင်း ပြဿနာရှာခြင်း အမြင်မကတ်ကတ်အောင် ပြုမူပြောဆိုခြင်းများ ၄တ်ထံမှ လုံးလုံး ပျောက်ဆုံးခဲ့တာ ကြာပါပြီ။ မစပယ်ကိုကား ပြောစရာမရှိ။ အရင်ကထဲက ရန်ဖြစ်ချင်လို့ပင် သူက စိတ်မဆိုး သဖြင့် မဖြစ်သာခဲ့သော မစပယ်လို ယောက်မနှင့် ယခုအခါ တဝမ်းတွင်း တအူတုံတွင်း ဆင်းသလို ပလဲနံပသင့်နေလေသည်။

အရင်တုံးကတော့ ကျောင်းက သူငယ်ချင်း တယောက် ရယ်စရာ ပြောဖူးသည်။

"ယောက်မဆိုတာ မွေတာမို့ ယောက်မလို့ခေါ်ကြတာ..."

"ချွေးမဆိုတာက ချွေးကျအောင် လုပ်ရမယ့်ဟာမပေါ့ သားမက်ဆိုတာက သားကဲ့သို့မက်စရာမို့လို့... ယောက်ဖ ဆိုတာက ရရင်ဖွေဖောက်သွားလို့ ရဖောက် ယောက်ဖ





ပေါ့ဟဲ့... "

ဟုတ်ဟုတ်မဟုတ်ဟုတ် နားထောင်ကောင်းသဖြင့် ရယ်ခဲ့ကြရပါသည်။

"ယောက္ခမကကော... "

"ရတာနဲ့ခမောက်လို ဦးထက်မှာ ဆောင်းပေတော့ဟေ့..."

"အမယ် သူ့ကျခမောက်လို့ ဆောင်းရမယ်၊ ငါတို့ကျ ချွေးကျ အောင် လုပ်ရမယ်ပေါ့.. တရားလှချည့်လား.. "

"အဲသလို မတရားသမှုလေးတွေကိုက ယောက္ခမနှင့် ချွေးမ တို့၏ ဖြစ်ရိုးဖြစ်စဉ် ပုံပြင်များပေါ့ဟဲ့... "

နဂိုကထဲကပင် မကြည်လင်သော နာကျည်းချက် ရှိခဲ့သော မှတ်မှာတော့ ဒေါ်နှင်းဆီနှင့် ဒေါ်ခင်ခင်ညွန့်ကို မမြင် ခင်ကပင် မုန်းတီးပြီး။ ဒါကြောင့်လဲ ရပြီးသည့်အခါမှာတော့ ကိုယ့် လက်ချက်ကိုသာ တဖက်က မြည်းစမ်းစေရမည် ဆိုသည့် ထုံး နှလုံးမူလျက် ကိုယ်ချည်း ဦးအောင်ပြဿနာ ရှာသည်သာ။ ဒေါ်ခင်ခင်ညွန့် မခံမရပ်နိုင်ဖြင့် ဒေါသဖြစ် စိတ်အနှောက်အယှက် ဖြစ်လေသမျှ ကိုယ့်အောင်ပွဲပေါ့။

တကယ်တန်းတော့ ဒေါ်ခင်ခင်ညွန့်သည် သူ့ဟာ

သူ သူဌေးမကြီးမို့ ပစ္စည်းဂုဏ်မောက်တာ မမောက်တာထား၊ မှတ်ရဲ့ အချိုးအချိတ်တို့ကို အတော်ကြီး သည်းခံမျက်ကွယ် ပြု ပေးခဲ့သည်မှာ အမှန်တရား ဖြစ်တော့သည်။

"ဟင်း.. "

မှတ်သည် ပြီးခဲ့သမျှအတွက် စိတ်ဆင်းရဲ၍ မပြီး နိုင်ချေတကား။

ယောက်မဖြစ်သူကလဲ မွှေဖို့ နေနေသာသာထား၊ ဒီဖက်က အဆက်မပြတ် မွှေနေတာတောင်မှ မဆူပဲ မပွက်ပဲ ရှိသည့်သူ။ ပြီးခဲ့သည့် တနင်္ဂနွေက ဦးမင်းတို့ မိသားစု ဆောက် လုပ်လှူဒါန်းသည့် ငါးထပ်ကြီးအနီး ဘုန်းကြီးကျောင်းတကျောင်း အတွင်းမှ ကျောင်းဆောင်သစ်တခု ရေစက်ချပွဲအလှူမှအပြန် အိမ်မှာ ဝိုင်းထိုင်စကားပြောကြစဉ်တွင် ထိုယောက်မက တစုံ တခုကို အတိအလင်း ကြေညာလိုက်ပါသေးသည်။

"စပယ်တို့မှာ မောင်နှမက လေးယောက်တောင် ရှိပေမယ့် မျိုးဆက်ဆိုလို့ ရှားရှားပါးပါး.. အခု မှတ်ရဲ့ ဗိုက်ထဲက ရင်သွေးကလေးပဲရှိတယ်၊ နောက်လဲ ထပ်ပြီး တိုးချင်တိုး လာဦးမှာပေါ့လေ... ဒါပေမယ့် မနှင်းဆီ ဆီကနဲ့ စပယ့်





ဆီကတော့ ဘယ်လိုမှ မျိုးဆက်အမွေခံကလေး ရှိမလာ နိုင်တော့ဘူးနော်... စပယ်က အပျိုကြီးပဲ တသက်လုံး လုပ်သွားမှာမို့ တကိုယ်ရေတကာယနဲ့ ဘာမှ ပူပင်စရာ မရှိဘူး၊ စပယ့်တယောက်ကိုလဲ ကိုကိုက တသက်လုံး ကျွေးသွားနိုင်မှာပါ၊ စပယ့်မှာ ဘာမှမလိုဘူး၊ စပယ် ဆုံး ဖြတ်ပြီးပြီ၊ စပယ့်နာမည်နဲ့ ရှိနေတဲ့ ရှယ်ယာတွေ... စပယ့် ရပိုင်ခွင့် ရှိတဲ့ပစ္စည်းတွေ... ရှိရှိသမျှ စပယ့်အတွက် အမွေစု ကို ဒီပထမဦးဆုံး တူလေး သို့မဟုတ် တူမလေးကို စပယ် လွှဲအပ်မယ်... "

မှတ်က ငေးမောသွားသလို မင်းနေပြည်ကတော့

"စောပါသေးတယ်... စပယ်ရယ်၊ အချိန်လုရမှာ ကျနေတာ ပဲ... "

"ဟင့်အင်း... စပယ်လေ... မမြင်ရသေးပေမယ့် အဲ့ဒီဟာ လေးကို သိပ်ချစ်နေပြီ... တူဖြစ်ဖြစ် တူမဖြစ်ဖြစ် ဒီဟာ ကလေးကို စပယ် အသဲအမဲ ချစ်မိရတော့မှာဆိုတာ စပယ် သိနေတယ်၊ အခုမှနဲ့နောက်မှက အရေးမကြီးပါဘူး၊ ဒင်း ကလေး ကင်ပွန်းတပ်တာနဲ့ စပယ်အားလုံးလွှဲမှာပဲ၊ အဲဒါ

စပယ် တရားဝင်ပြောတာ... "

မှတ်သည် ဗိုက်ထဲက သူငွေးလောင်းကလေး အကြောင်းစဉ်းစားရင်း ပြုံးချင်နေမိသည်။ လူတို့၏ ကုသိုလ်ကံ ဆန်းကြယ်ပုံကို စဉ်းစားမိလေသည်။ သူကလေးမှာ လူရယ်လို့ မဖြစ်ခင်က သူငွေးကလေး ဖြစ်နေပါကလား။

"မှတ်ရေ... "

"မှတ်ရေ... "

မှတ်သည် ဒန်းပေါ်မှ လှုပ်ရှားလိုက်သည်။ ခြေတင်ထိုင်နေသဖြင့် ခြေကျင်ကာ ရုတ်တရက် ထမရပါ။

"မှတ် ဒန်းပေါ်မှာ မမစပယ်... "

အိမ်ပေါ်မှ ဆင်းလာသံကြားသည်။

"ထင်တယ်ထင်တယ်... အောက်မှာထင်လို့ကို လှမ်းခေါ် ကြည့်တာ... ဒီလိုလက်ပြတ်နဲ့ ဒီအချိန် ဖြံထဲနေလို့ ဘယ်ဖြစ်မလဲ မှတ်ရဲ့၊ ရာသီဥတုက အေးနေပြီဟာ... ဒီဇင်ဘာ တောင်ကုန်တော့မယ်... ရော့... ရော့... ထင်လို့ တခါထဲ အနွေးထည်ယူလာတယ်... ထပ်ဝတ်ထားလိုက်... "





မှတ်က ဆွယ်တာ အနက်လေးကို လှမ်းယူကာ ကလေးတယောက်လို နာနာခံခံ ဝတ်လိုက်သည်။

"ကိုယ်က ဖျားလို့နာလို့ ရတဲ့သူ မဟုတ်ဘူးလေ... နေကောင်းရဲ့လား၊ မျက်နှာမကောင်းပါလားဟင်... မှတ်..."

"နေကောင်းပါတယ် မမစပယ်၊ မှတ်နဲနဲပျင်းလို့ ဒီညနေ ဖေဖေတို့ဆီ သွားချင်တယ်၊ ဖေဖေကလဲ ဒီညနေ အားတယ်၊ ဆေးခန်းမရှိဘူး... "

"သွားလေ... ဦးခလဲ ရှိနေသားပဲ... ကိုကိုပြန်လာမှ ကြို နိုင်းလိုက်မှာပေါ့... "

မှတ်ခေါင်းလေးညိတ်ကာ ဦးခနှင့်အတူ ချက်ချင်း ပင် ထွက်လာခဲ့ပါသည်။ အိမ်တွင် ဖေဖေနှင့်ဒေါ်လေးက စောစော စီးစီး ထမင်းစားနေကြသည်။ မှတ်အိမ်ထဲဝင်လာတာကို မြင်လျှင်

"ဟဲ့... အော်... ကျုပ်တို့က ခုပဲလာကြမလို့... ထမင်း စောစောစားနေတာ၊ ပြီးရင် ထွက်ခဲ့ကြမလို့... ထမင်းစား မလား... "

"ဟင့်အင်း... "

"ဟဲ့ မျက်နှာမကောင်းပါလား၊ နေကောင်းရဲ့လား သမီး"

ဖေဖေက ဒေါ်လေးစကားကြောင့် မျက်လွှာလှန်ကာ မှတ်ကို အကဲခတ်သည်။

"နေကောင်းပါတယ်... "

"ဘာတွေပြဿနာဖြစ်သလဲ... "

ဖေဖေက ထမင်းကို လက်စသတ်ကာ လက်ထဆေးရင်း သူ့သမီးကို အကြောင်းသိပီပီ ဒက်ကနဲ မေးလိုက်သဖြင့် မှတ်က ပြုံးရင်း...

"ဘာပြဿနာမှ မဖြစ်ပါဘူး ဖေဖေ... "

"ကဲ... ဒါဖြင့်... ဘာပြောမလဲ ပြောစမ်း... "

ဖေဖေက လက်သုတ်ကာ စားပွဲမှာ ပြန်ဝင်ထိုင်သည်။ ဇောင်ငှ ငှက်ပျောသီး ရှည်ရှည်တလုံး ဖြုတ်ယူကာ နွှာစားနေလေသည်။

"ဘာမှတော့ ထူးထူးထွေထွေ မရှိပါဘူး ဖေဖေရာ... အော်... နောက်လထဲ ဒေါ်နှင်းဆီ လာလယ်မယ်လေ... ဒီမှာ တစ်လလောက် ကြာမယ်... "





"ဒေါ်နှင်းဆီဆိုတာ အမအကြီးဆုံးပေါ့... "

"ဟုတ်တယ်ဖေဖေ... သူတို့မိသားစုထဲမှာ မှတ်ကို မြင်ဖူးတွေ့ဖူးတဲ့ တဦးတည်းသောသူပေါ့... "

ဖေဖေမျက်နှာမှာ မှတ်ရဲ့ဓါတ် ကူးစက်ကာ ရှေ့ကို အများကြီး တဖြုတ်ဖြုတ်ကျော် တွေးမိလျှက်သား အိုစာ၍ပင် သွားသလို ရှိပါသည်။ ထို့နောက် ဘာမှ မပြောမမေးပဲ ခပ်တွေတွေ ထိုင်နေသည်။ ဒေါ်လေးအကြည့်က မှတ်ကိုတလှည့် ဖေဖေ့ကိုတလှည့်။ သူဘာမှ မဆွေးနွေး တတ်သလို ဒေါ်နှင်းဆီ ပြန်လာလျှင် ဘာဖြစ်နိုင်သည်ဆိုတာလောက်တော့လဲ တွေးတတ်သဖြင့် မျက်နှာတွင် ပူပန်ကြောက်အားနှင့် မျက်နှာပျက်နေသည်။

မှတ်သည် ရုတ်တရက် ထမင်းစားပွဲပေါ် မှောက်ကာ ငိုချလိုက်မိသည်။

"ခုမှတော့ ငိုမနေနဲ့တော့... "

ဖေဖေအသံက ဂရုဏာဒေါသောနှင့် တင်းပြတ်နေသည်။

"အစကထဲက ဘာကြောင့် မင်းနေပြည်ကို လက်ခံခဲ့ သလဲ ဖေဖေစဉ်းစားလို့ကို ခုထိမရဘူးကွယ်... "

ချက်ချင်း လေသံပြန်ပျော့သွားကာ တိုးတိုး ပြောလိုက်လေသည်။

"အဲဒါ ဖေဖေ့ကို ပြောရမှာ မျက်နှာပူလို့ မှတ်မပြောတာပါ။ မှတ်နဲ့ဟိုကောင်လေး ပြတ်သွားကြတာဟာ.. ဖေဖေ သဘောမတူတာလဲ တကြောင်းအပြင် သူတို့ဖက်က သဘောမတူတာလဲ တကြောင်းကြောင့်ပါ ဖေဖေ.. "

ဟိုကောင်လေးတဲ့။

သူတို့လူငယ်တွေချင်း ချစ်စနိုးခေါ် ခေါ်ကြတဲ့ အမည်တွေလေ။ စကားထဲထဲ့ပြောရုံသာမဟုတ် တဲ့တဲ့ခေါ် လျှင်လဲ 'ဟိတ်.. ဟိုကောင်လေး..' ပါပဲ။ ဟိုကလဲ သမီးမှတ်ကို 'အပြာလေး' တဲ့။ ခေါ်ပုံတွေက ကယုကယင်။ 'မီညိုပြာမှတ်' ဆိုတဲ့အထဲက 'ပြာ' ဆိုတဲ့ ဘယ်သူကမှ မခေါ်သည့် အမည်ကို ရွေးခေါ်သည်။ ပထမတော့ တကျောင်းထဲ တတန်းထဲ တကျူရှင်ထဲမို့ ခင်မင်ဝင်ထွက်ကြသည်ထင်ကာ အဲဒီ 'ဟိုကောင်လေး' အိမ်လာလာ တတ်တာကို ဦးနိုင်ကျော်ဇော ဘာမှမပြောပါ။

နောက်တော့ကလေးနှစ်ယောက်ရဲ့ 'ဟိုကောင်လေး' 'အပြာလေး' စတဲ့ ချစ်စနိုး ခေါ်ပုံတွေကို သံသယဖြစ်လာသည်။





ဦးနိုင်ကျော်ဇောက သိပ်ကြီး တုံးတုံး အောက်အောက်နှင့် သမီးကို ချုပ်ချုပ်ချယ်ချယ် ထဲက မဟုတ်။ ယောကျာ်းလေး သူငယ်ချင်းကို လက်ခံသည်။ ရည်းစားမထား စေချင်သေးတာကတော့ သမီးလုပ်သူက စာတော်လှသူလေး ဖြစ်သဖြင့် ရည်းစားသနာဖက် အာရုံများကာ ရည်ရွယ်ချက် ယိုင်နဲ့မှာ စိုးခဲ့တာပါ။ မှတ်ကလဲပဲ တစထက်တစ စာကျက်သည်ရယ်လို့နဲ့ကာ ဖုန်းပြောနေတာ၊ သီချင်းတွေနားထောင် ရွေးကူးနေတာ၊ အိပ်ချိန်ယူတာ များလာသည်လေ။

သမီးကို ဆရာဝန်ပဲ ဖြစ်စေချင်သည်။ ဖြစ်လဲဖြစ်နိုင်တာမို့ ခြေချော်လက်ချော် အဖြစ်မခံနိုင်။ ရည်းစား ထားဖို့ကလဲ ငယ်လွန်းပါသေးသည်။ ဆေးကျောင်းရောက်သွားပြီးတဲ့အခါ ပြန်ကြိုက်ကြမည်ဆိုလျှင်ဖြင့် ဦးနိုင်ကျော်ဇော သိပ်ပြောစရာ မရှိတော့ပါ။ ဟိုကောင်လေး ဆိုသည့်သူငယ်ကလဲ ရိုကျိုးလေးစားတတ်သော စိတ်ထားဖြူဖြူ သူဌေးသား ငယ်ငယ်ရွယ်ရွယ်လေး ဖြစ်သည်။ မှတ်ကိုလဲ တကယ့်ကို ချစ်ပုံရရှာပါပေသည်။

သို့သော်စောသည်။ ဟိုကောင်လေးကြောင့် သမီး စာကျက်ပျက်လာတာ တခုကိုတော့ဖြင့် ဦးနိုင်ကျော်ဇော အမြင်

ကတ်လှသဖြင့် တနေ့ သမီးကို ဖွင့်မေးရပါသည်။ မှတ်ကလဲ မလိမ်မဝှက် ဝန်ခံသည်။ သူသဘောမတူဘူး ဟုသာ တိုတိုနှင့် ကိစ္စဖြတ်သည်။ မှတ်က ဘာကြောင့်လဲဟု မေးတော့ 'ဘာကြောင့်လဲဆိုတော့ ကြည့်လို့ကို မရလို့' ဟု သူ ယတိပြတ် ပိတ်ပြောပစ်လိုက်ပါသည်။ မကြာခင်ပဲ သမီးဖက်က တင်းတင်းမာမာလုပ်ကာ သူတို့ချင်း ပြတ်သွားကြလေသည်။ သမီးကြိတ်ငိုတာတွေ သူသိခဲ့သည်။ သမီးကို သူချိုးကျူးရင်း သနားခဲ့ရပါသည်။

"ဖေဖေ ဖြတ်ခိုင်းပြီး သုံးလေးငါးရက်အတွင်းမှာပဲ... ကျူရှင်ကို သူ့အစ်မလာပါတယ်၊ အဲဒီ ဒေါ်နှင်းဆီပေါ့... ဟိုကောင်လေးကိုလဲ ကျူရှင်က ထုတ်တယ်၊ ကျောင်းမှာ ခွင့်တင်ပြီး အိမ်မှာပဲ ပိုင်းနဲ့သင်တော့တယ်၊ မှတ်ကိုတော့ ရင့်ရင့်သီးသီး နစ်နစ်နာနာ ပြောသွားပါတယ်၊ မတန်မရာဘူးပေါ့... မှတ်ဆတ်ဆတ်ခါနာလို့ ဟိုကောင်လေးကို ဖြတ်လိုက်ပါတယ်၊ ပထမတော့ မရဘူးပေါ့၊ ဟိုကောင်လေးက အမျိုးမျိုး ဆက်သွယ်ဖို့ လုပ်ပါတယ်၊ ဒါပေမယ့် မှတ်ရင်ထဲမှာ ဟိုကောင်လေးကို ချစ်တဲ့စိတ်ထက် သူတို့မိသားစုကို နာကျည်းတဲ့စိတ် မုန်းတဲ့စိတ်က ပိုများတယ်၊ ဒါနဲ့... ဖြတ်သွားပါတယ်... "





ဦးနိုင်ကျော်ဇော သက်ပြင်းတစ်ချက် ချသည်။ အင်းဒီလောက်ချမ်းသာကြတာ မှတ်နဲ့သဘောမတူတာ သဘာဝကျသည်ပဲ။ သမီးမှတ်က ထိုကာလတုံးက ညှိုးနွမ်းစုတ်ချာလှသည်။ အဝတ်လဲမဝတ်နိုင်၊ မုန့်ဖိုးလဲသိပ်မရ၊ ဘတ်စ်ကားတိုးစီးနေရသည်။ တော်တော့်ကို နွမ်းဖတ် အရောင်မထွက်တာ။

"တခုရှိတာက... မှတ်ကို သူတို့ အပြာလေးဆိုတဲ့ နာမည်ပဲသိတယ်... မြင်ဖူးတာလဲ ဒေါ်နှင်းဆီတယောက်ပဲ... သူတို့ဆီ သတင်းရောက်တော့ ဒေါ်နှင်းဆီက လိုက်ချောင်းကြည့်တာကိုး၊ အဲဒီဒေါ်နှင်းဆီက ဟိုကောင်လေးနဲ့ မောင်နှမလို မဟုတ်ပဲ သားအမိလို သိပ်ချစ်တာ၊ အကြီးဆုံးနဲ့ အငယ်ဆုံးကိုး။ အသက်လဲ တအားကွာတာ၊ သားအမိလောက်ကို ကွာတာ... ဒါ့ကြောင့် သူက ဆတ်ဆတ်ခါ အဖြစ်ဆုံး ထင်ပါရဲ့... "

အဲ့ဒီတုန်းက ရင့်ရင့်သီးသီး အပြောခံခဲ့ရသည်များကို မှတ် မမေ့နိုင်သေးပါ။ ဘယ်မေ့နိုင်ပါ့မလဲ။ မိန်းကလေး တယောက်ဘဝမှာတော့ ဒီထက်ပိုပြီး နင့်နင့်နာနာ အပြောခံရဖို့ မရှိတော့ပါ။ ပိုင်းလုံးမဆိုတာက ပါလိုက်သေး။ မှတ် ဘာမှ ဆတ်

စေတနာစာပေ

ဆတ်ကြဲ ပြန်မပြောမိပါ။ အဲ့ဒီတုန်းက ပြောလဲမပြောတတ်။ ပြောစရာစကားလဲ ခေါင်းထဲမပေါ်။ ဒေါ်နှင်းဆီကို 'ရှင်က သူ့အစ်မပါ၊ အခုက ဆုံးဖြတ်နိုင်တာ သူ့အမေ တစ်ယောက်လုံး ရှိပါသေးတယ်' ဆိုသည့် စကားတစ်ခွန်းသာ ပြန်လည်ရန်ထောင်မိပါသည်။

"သူ့အမေက ပိုဆိုးတော့မပေါ့၊ ညည်းနဲ့ မျက်နှာချင်းဆိုင်ခုလို စကားပြောရမှာ သနလွန်းလို့ ငါ့ကို လွှတ်လိုက်တာပေါ့၊ တယောက်တလေကများ စိတ်ဖေါက်ပြီး သဘောတူလေမလား မထင်နဲ့၊ တမိသားစုလုံး ညည်းကို တွေ့ကိုမတွေ့ချင် မမြင်ချင်တာ၊ ငါ့အမေကလဲ... မင်းရွှေစည်ကို နွားနို့နဲ့တောင် ရေပြန်ချိုးပစ်ချင်တဲ့သူ... "

မှတ်အင်မတန် နာခဲ့ပါသည်။ အင်မတန်ကို နာခဲ့ပါသည်။ ဒေါ်နှင်းဆီကိုလဲ နာကျည်းသလို သမီးဖြစ်သူရဲ့ 'လေ'ဟာ အမေဖြစ်သူရဲ့ 'အာဘော်'ပဲပေါ့... ဟု ဒေါ်ခင်ခင်ညွန့်ကိုလဲ မမြင်ဖူးပါပဲ အင်မတန် နာကျည်းခဲ့ပါသည်။

"ဒါနဲ့... "

"ဒါနဲ့... သမီး... ဦးမင်းကို ယူလိုက်တာပေါ့... "





"တိမ်တိမ်ကလေးတွေးပြီး ကိုယ့်ဘဝ ပျက်မှာတော့ မတွက်မိုက်လုံးကြီးလှချည်လား မှတ်ရယ် ဟင်... နင်မိုက်လုံးကြီးလှချည်လား... "

"မှတ် တအားမိုက်ပါတယ် ဖေဖေ... မှတ်စိတ်ထဲမှာ သူတို့ကို ကောင်းကောင်း ပညာပြမယ်၊ သူတို့သဘောမတူဘူးဆိုတဲ့ မိန်းကလေးနဲ့ပဲ ဦးမင်းအိမ်ထောင်ကျတယ် ဆိုတာ သိရင် ဟင်ကနဲ ရင်ကွဲပက်လက် မရှုနိုင် မကယ်နိုင် ဖြစ်ကြမယ်၊ ထွန့်ထွန့်လူးကုန်မယ်၊ ဒါကို မှတ်ဝမ်းသာချင်တယ်... "

ဦးနိုင်ကျော်ဇော စကားမဆို။ မိုက်တွင်းနက်လှသောသမီးကို ရင်ထဲ မီးတောက်ကာ ငေးကြည့်နေသည်။ သူများထွန့်ထွန့်လူးတာ မြင်ရဖို့ ကိုယ့်တယောက်လုံး အဆုံးခံတဲ့သမီး။ သူကျတော့ ဘာဖြစ်ကျန်ရစ်မည်ထဲ့မတွေး။ မစင်ပုံထွေးသူလို ဟိုမှာ ပေကျံလျှင်ပြီးရော သဘောကျနေလျက် ကိုယ်ငုံရတာကို ကိုယ်မမြင်။ မိုက်ပါဘိတော့ သမီးရယ်။

"သဘောမတူဘူးဆိုတဲ့အခါမှာ... ဖြစ်နိုင်ခြေ အမျိုးမျိုး ရှိတယ်ကွဲ့၊ ဖေဖေဆိုရင် အမှန်ဝန်ခံရရင် ဟိုကောင်လေး

ကို လူပုဂ္ဂိုလ်အရ မကျေနပ်တာ မဟုတ်ခဲ့ပါဘူး၊ သမီး ပညာရေး ထိခိုက်လာတာရယ်... စောလွန်းတာရယ် ကြောင့် သဘောမတူဘူးလို့ သုံးရတာပဲ၊ အခုချိန်လောက်မှ ဟိုကောင်လေးနဲ့ သမီးကြိုက်ကြတယ်ဆိုရင်တော့ ဘာမှ သဘောမတူစရာ မရှိတာ အမှန်ပဲကွဲ..."

မှတ်က ဖေဖေ့ကို ငေးကြည့်နေသည်။

"သူတို့ သဘောမတူဘူး ပြောခဲ့တာဟာလဲ အဲသလို သဘောမျိုးလဲ ဖြစ်နိုင်တယ်၊ သမီးကို ဆင်းရဲလို့ သဘော မတူခဲ့တာလဲ ဟုတ်ချင်ဟုတ်မှာပေါ့.. ဒါပေမယ့် အခု မင်းနေပြည်နဲ့ လက်ထပ်ကြတော့ရော... သမီးက ချမ်းသာ တဲ့မိန်းမစားမှမဟုတ်ပဲ၊ မရှိမရှားလေး နေနိုင်ရုံရှိတာ"

"အဲ့ဒီတော့ ဘာဖြစ်သလဲ ဖေဖေ"

"အဲဒီတော့... ဖေဖေ့စိတ်မျိုးနဲ့ သဘောမတူခဲ့တာ ဖြစ်ရင် ခုနေမှာ ဟိုကောင်လေးနဲ့သမီးကို ဟိုတုန်းကလောက် ဘယ်ခါးသီးမလဲ... ခုချိန်မှာ သဘောတူရင်တူနိုင်မှာပေါ့ မဟုတ်ဘူးလား..."





မှတ်က ငြိမ်ပြီး စဉ်းစားနေသည်။

"မင်းနေပြည်နဲ့ကိစ္စမှာ သူ့အမေရော ညီမရော ထွန့်ထွန့်လူး သဘောတူပြီး အားတက်သရော ဝဲလ်ကမ်းမ် လုပ်ခဲ့ကြ တာပဲ၊ သူတို့ကိုယ်တိုင် သဘောသိပ်တူတာ ရာခိုင်နှုန်း အများကြီးပါပြီး တည်ဆောက်ထားတဲ့ အိမ်ထောင်ရေးပါ၊ သမီး သိပ်အားမငယ်နေပါနဲ့၊ ဒေါ်နှင်းဆီရောက်လာပြီး သမီးကို 'အပြာလေး' လို့ သိသွားရင်လဲ ကွဲကွာရဖို့ အထိ တော့ ဖြစ်မလာနိုင်တော့ဘူး ထင်ပါရဲ့ သမီးရယ်၊ ကဲ... ခုတော့ ဒီလိုပဲ တွေးထားရမှာပဲ... စိတ်ညစ်မနေနဲ့..."

မှတ် ဦးမင်း မျက်နှာကို မြင်ယောင်ကာ မျက်ရည် စိမ့်ကနဲ အိုင်လျှမ်းတက်လာသည်။ စိတ်သဘောထားခြင်း မတိုက် ဆိုင်လို့ ကံအကြောင်း မလှလို့ ကွဲကွာကြသော အိမ်ထောင်တွေ ရှိပါမည်။ အိမ်ထောင်ကွဲ အိမ်ထောင်ပျက်ရယ်လို့ အထင့်သေးစရာ မရှိပါ။ လူဆိုတာ ကိုယ့်အကြောင်းနှင့်ကိုယ်။ မှတ်သည် အိမ် ထောင်ကွဲ တခုလပ် အမျိုးသမီး တယောက်အဖြစ် အများအမြင် မှာ ရပ်တည်ဖို့ရန် အကြောင်းခိုင်လုံလျှင် ဝန်မလေးပါ။

ရှင်းရှင်းပြောရလျှင် ယောက်ျားနှင့်ကွဲရမှာ သူမရှက်ပါ။ သို့သော်လဲ သူမသည် ဦးမင်းဆိုသည့် လူကို မခွဲနိုင်တော့ပါပြီတည်း။ ရိုးအေးသဘောကောင်းလှသော အနွံတာခံနိုင်အားလှသော အလိုလိုက်နိုင်လွန်းလှသော ဤယောက်ျားကို မှတ်နှလုံးသားတို့က ဘယ်လိုမှ ဝေးဝေးမခွာနိုင်တော့ပါတကား။

ထိုနေ့ညက ဦးမင်းလာကြို့ပြီး အပြန်တွင် မိုးချုပ်နေပါပြီ။ ကိုးနာရီ။ ကားပေါ်တွင် ဦးမင်းကို အငေးသား မျက်လုံးကြီးဝိုင်းလျက် ကြည့်ကာ

"ဦးမင်းကို... တခုပြောပါရစေ... "

မှတ်တီးတိုးဆိုသည်။

"ပြောလေ မှတ်... ဘာဖြစ်လဲ... "

"ယုံပါလို့ တောင်းပန်ပါတယ်... "

"အင်းပါ မှတ်ရယ်... မှတ်ပြောရင် ယုံရမှာပေ့ါ... ပြောပါ"

မှတ်သည် အသက်အောင့် အားယူပြီး...





"ဦးမင်းကို... မှတ်... ချစ်နေမိပြီ... "

တိုးတိတ် အေးစက်စွာ ပြောချလိုက်သည်။ ဦးမင်း အလန့်တကြား ဖြစ်သွားပုံမှာ စတီယာရင် ယောင်ယမ်းဆွဲချမိ၍ ကျော်တက်သော ကားတစီးနှင့် တိုက်မိမလို ပွတ်ဖြတ် ရှပ်တိုက်ပြီး တဖက်ကားမှ ဟွန်းရှည်ကြီးကိုရော ခေါင်းထွက်ဆဲဆိုသွားမှုကိုရော လက်ခံလိုက်ရပါလေသည်။

* * * * *

## (၁၀)

ထိုနေ့က မှတ် အင်မတန် ရင်တွေခုန်နေပါသည်။ လုပ်ကိုင်သမျှသည် အလွဲလွဲ အမှားမှား။ အတုန်တုန် အလှုပ်လှုပ်။ ထိုနေ့ညနေတွင် ဒေါ်နှင်းဆီ ရောက်လာပါမည်။ ဦးမင်းကို နံနက်စာစားအပြီး Disprin တခြမ်း Persentin တလုံး တိုက်ရမည့်အစား Disprin ကို တလုံးလုံး တိုက်မိမလို ဖြစ်လိုဖြစ်။

"မှတ်... နေကောင်းရဲ့လားဟင်... "

"ကောင်းပါတယ် ဦးမင်း... "

မင်းနေပြည် ရိုပ်မိနိုင်သည်အထိ မှတ် အမူအယာတွေ ပျက်နေခဲ့ပါသည်။ မှတ်ကိုကြည့်ကာ မင်းနေပြည် သနားလဲသနား၊ ရယ်လဲရယ်ချင်၊ မှတ် ထိတ်လန့် ခြောက်ချားနေပေမည်။ အစကထဲက ဒီလိုဖြစ်လာနိုင်တာကို မတွေးဘူးလား မှတ်ရယ်။ မတွေးမိဘဲတော့ မဖြစ်နိုင်ပါ။ တွေးမိပါလျက် တဇွတ်ထိုးဆန်ခြင်း မိုက်ရူးရဲဆန်ခြင်းသာ ဖြစ်မည်။

အမိုက်မလေး။

ခုမှ ဘာကြောင့် တုန်လှုပ်ခြောက်ချားနေသလဲ။ အဖြေကို မင်းနေပြည် နှလုံးသားနှင့် ရင်းပြီးသိတာပေါ့။ သံယောဇဉ်လေ။ သံယောဇဉ်ရယ်လို့ ဘာမှမရှိဘဲ တစုံတရာကို ဆုံးဖြတ်ရဲနိုင်ပေမယ့် သံယောဇဉ်နှောင်ကြိုးကြောင့် ထိုတစုံတရာကိုပဲ ရင်ဆိုင်ဖို့ ဝန်လေးလာနိုင်တယ် မဟုတ်လား။

အော် မှတ်ကလေး မှတ်ကလေး။ ဦးမင်းကို မှတ်ချစ်မိနေပြီတဲ့လား မှတ်ရယ်။ ရင်ကို နွေးထွေးတုန်ခိုက် သွားစေတဲ့စကား။ ကိုယ်ယုံပါတယ် မှတ်ကလေးရယ်။ တဖြည်းဖြည်း





တစစနဲ့ ဘယ်တုန်းကစ ပြောင်းလဲမှန်းမသိ ပြောင်းလဲလာတဲ့ မှတ်ရဲ့အပြုအမူတွေကြောင့် ကိုယ် ယုံပါတယ်။ မေမေ့အပေါ် ရန်သူတစ်ယောက်လို မှတ်ဆက်ဆံနိုင်တာဟာ ကိုယ့်ကိုထွဲ မတွက်လို့ပဲ ဆိုတာ သဘောပေါက်သလို မေမေ့ကို တစစ နူးညံ့ဖြူစင်စွာ ဆက်ဆံလာတာဟာလဲ ကိုယ့်ကို ငဲ့ကွက်လို့ဆိုတာ ကိုယ် နားလည်တာပေါ့။

"မှတ်... ရေချိုးလို့ရပြီ... မလုံး ရေနွေးသယ်လာပြီ.. တံခါး ဖွင့်... "

စပယ့်အသံကြောင့် မင်းနေပြည်ကပဲ တံခါးသွားဆွဲဖွင့်လိုက်သည်။ ရှေ့က စပယ်၊ နောက်က မလုံး ရေနွေးကရားကိုင်လျက်သား။ စပယ်က ရေချိုးခန်းထဲဦးဆောင် ဝင်သွားကာ ရေချိုးကြွေကန်ထဲ ရေနွေးတွေ လောင်းထည့်စေသည်။ ပြီးတော့ ဘုံဘိုင်မှ ရေအေးဖြင့် သူ့လက်နှင့် အပူအအေး ဆ,ပြီးမှ...

"မှတ်... လာ... လာ... အတော်ပဲ... နေကျသွားမယ်၊ ချိုးလိုက်တော့... "

စပယ်မှာ မှတ်ရဲ့ဗိုက်တလုံးအတွက် သူနာပြုကြီး

လိုလို ဘထိန်းတော်ကြီးလိုလို စောင့်ကာကြပ်ကာ တာဝန်ယူကာ ထာဝစဉ် အရေးတွေကြီးနေသည်။ မှတ်ကလဲ ဆရာမ စကား နားထောင်သော တပည့်လိမ်မာနှယ်။ စပယ်က စားဆိုလျှင် ဘာ သားမှန်းမသိခင် မြိုမြိုးဖြစ်နေပြီ။ ဒါတွေကြောင့် မင်းနေပြည် အင်မတန်မှ မြင်ရတာ စိတ်ချမ်းသာလှပါသည်။

"မှတ်ရေချိုးပြီး ကိုကိုလဲ စောစောစီးစီး ချိုးထားအုံး၊ သွား ကြရမှာ... "

"အေးပါ... တက်ကြွလိုက်တာ၊ အစောကြီး ရှိပါသေးတယ် စပယ်ရယ်... "

"မတွေ့ရတာ ကြာလှပြီဟာ... တွေ့ချင်တာပေါ့... ကိုကို ကလဲ... "

"သဲကိုသဲပါတယ်... "

"အရုပ်တွေ ပါလာမှာ မြင်ယောင်သေး၊ ဟိုတနေ့က ဖုန်း ဆက်တော့ အာလ်ထရာဆောင်း ရိုက်ပြီးပြီ ယောကျ်ား လေးဆိုတာ ပြောပြလိုက်တယ်လေ... ဝမ်းသာလိုက်တာ မမကြီးလေ... သူ့မောင်လေးမင်းရွှေစည် အစားရလို့ဆို





ပြီး... ဟုတ်တယ်ကိုကိုရယ်... မင်းရွှေစည်များ လာဝင်စား ရင် သိပ်ကောင်းမှာပဲ... "

မှတ်မျက်နှာ ကွက်ခနဲ ပျက်ကာ မင်းနေပြည်ကို လှမ်းကြည့်သည်။ မင်းနေပြည် မသိချင်ဟန်ဆောင် ပြုထားလိုက် ရပါသည်။

"ကလေးပစ္စည်းတွေ ချည်းဝယ်လာမယ်တဲ့၊ သိလားမှတ် မမကြီးလဲ မမြင်ရသေးတဲ့ တူကို ဘယ်လောက်သဲနေတယ် ဆိုတာ... မေမေက သွားပြောလိုက်တယ်လေ... စပယ်က အမွေလွှဲမလို့တဲ့... ဆိုပြီးတော့... မမကြီးက... သူလဲလွှဲရမှာ ပေါ့တဲ့... သူကလဲ ဟိုမှာပဲ အခြေချသွားဖို့ကများနေတော့ ဒီက အမွေရတာတွေ ဘာလုပ်မှာလဲတဲ့... ညည်းသားတော့ သူဌေးဖြစ်နေပြီ ဒေါ်မှတ်ရေ... "

မှတ်က သဲ့သဲ့ကလေးမျှ ပြုံးပါသည်။

အင်း မှတ်ရဲ့သား သူဌေးကလေး ဆင်းရဲတဲ့ ကောင် မလေးတစ်ယောက်ယောက်ကို ကြိုက်မိလာရင် မှတ် ဘာမှ မကန့် ကွက်မိပါစေနဲ့။ မှတ်ဝင့်လည်မှာကြောက်သည်။ ကိစ္စရှင်းအောင်

ဆင်းဆင်းရဲရဲ ကောင်မလေးမျိုးနဲ့ ကြိုက်ကို မကြိုက်မိပါစေနဲ့တော့။ အချစ်စစ်လား ပစ္စည်းမက် အချစ်တုလား ခွဲခြားသိဖို့ရာက ခက်ပါဘိသနဲ့။ တွေးပြီးကာမှ ကိုယ့်အတွေး ကိုယ်တရားကျ မိပြန်လေသည်။

ရေကမန်းကတန်းချိုးပြီး သနပ်ခါးရေကျဲလူးကာ ကုတင်ပေါ် ပြန်လာလှဲနေမိသည်။ မင်းနေပြည်တယောက် ရေချိုး မှတ်ဆိတ်ရိတ်နေတာကို ငေးမောနေမိလေသည်။

"မင်းရွှေစည် ဝင်စားရင်... မှတ်သဘောကျသလား"

ရုတ်တရက် မေးလိုက်သော ဦးမင်း မေးခွန်းကြောင့် မှတ်ဆတ်ကနဲ တုန်သွားရလေသည်။

"ဘာဖြစ်လို့လဲ ဦးမင်း... "

"သဘောမကျဘူးဆိုရင်... မနှင်းဆီတို့ စပယ်တို့က ပြောတဲ့အခါ စိတ်အနှောက်အယှက် ဖြစ်နေမှာစိုးလို့ မပြောကြဖို့ တားရမှာပေါ့... "

"တားဖို့မလိုပါဘူး... ဦးမင်း၊ ပြောချင်ရင်ပြောပါစေ... "





"ဘာပဲဖြစ်ဖြစ် ဝင်စားတယ်လို့ လူများစုက ပြောကြလိမ့်မယ်၊ မင်းရွှေစည်က ရုပ်ကလေး ကလေးဆန်ပြီး နုနယ်တာတခုပဲ...၊ ကိုယ်နဲ့ဆင်တယ်၊ အဲဒီတော့ ကိုယ့်ရဲ့ဂျူနီယာကလေးက မင်းရွှေစည်နဲ့ ပိုတောင်ဆင်ဦးမယ်၊ ကိုယ့်ကို ကလေးရုပ်ပြောင်းကြည့်ပေါ့... "

မှတ် တိတ်ဆိတ်ကာ နေသည်။

"တကယ်ဝင်စားမယ်ဆိုရင်လဲ ကိုယ် သဘောကျပါတယ်၊ ကိုယ်... ညီလေးကို ချစ်တယ်၊ သနားလဲသနားတယ်... "

"ဘာ... ဘာဖြစ်လို့လဲ ဦးမင်း... "

"စောစောဆုံးသွားတာမို့လဲ ပါတာပေါ့၊ ပြီးတော့ ညီလေးဟာ ငယ်ငယ်က ရည်းစားတယောက်ရှိပြီး အဲ့ဒီရည်းစားနဲ့ကွဲဖူးတယ်လေ... သူသိပ်ခံစားခဲ့ရတာကို ကိုယ်မြင်နေခဲ့ရတယ်၊ သနားပါတယ်... "

မှတ်သည် အသက်မှန်မှန်ရှုကာ နှုတ်ခမ်းကို ကိုက်လျက်သား နေသည်။ ဦးမင်းကိုလဲ ကြောက်လန့်တကြား စိုက်ကြည့်ကာနေသည်။

"သူရည်းစားရှိတာသိတော့ အိမ်မှာ ပွက်လောရိုက်ရော ပေါ့၊ အငယ်ဆုံးလေးကိုး၊ မမကြီးကဆို သိပ်ချစ်တာ၊ သား လိုကိုချစ်တာ၊ ရည်းစားမထားဖို့လဲ ကြိုတားထားတာ... ဒါကြောင့်လဲ သူ့မှာ ရည်းစားရှိတာ အိမ်ကိုမပြောဖူးလေ... ညီလေးကဖွက်ထားတယ် သူများပြောမှ သိကြရတယ်၊ သိကြတော့ အမိကကတော့ မေမေနဲ့မမကြီး မကြိုက်ကြ ဘူးပေါ့... မမကြီးက ဆတ်ဆတ်အခါဆုံး မမကြီးက မင်းရွှေစည်အပေါ် သိပ်သဲတာ... ဒါနဲ့ ကောင်မလေးကို သွားတားခဲ့တယ်... "

မင်းနေပြည် ခေါင်းဖြီးတာကို လက်စသတ်ပြီး မှတ် နဘေး ကုတင်ပေါ်ကိုလာပြီး လှဲလိုက်ပါသည်။ မနှင်းဆီက မင်းရွှေစည်ကိုစစ်။ မင်းရွှေစည်ကမဖြေ။ မနှင်းဆီမှာလိုက်ချောင်း ကြည့်မှပဲ မြင်ဖူးတော့ကာ နာမည်ကိုလဲ 'အပြာလေး' ရယ်လို့သာ မင်းရွှေစည်ခေါ်သလို သိရပါသည်။ ကောင်မလေးကို သွားတွေ့ ပြီး ဖြတ်ဖို့ ပြောမည်ဆိုပြီး မနှင်းဆီစီစဉ်တော့ မင်းနေပြည် တား မိ ပါသေးသည်။ ကိုယ့်လူကိုယ် ရအောင်ပြော။ တခြားဖက်ကို သွားမပြောဖို့။ မင်းရွှေစည်က တားမရသဖြင့် မနှင်းဆီက ဇွတ်ပင်





သွားတွေ့ပြီး ကောင်မလေးကို နောက်ဆုတ်ခိုင်းတာတွေ သူ အကြမ်းဖျဉ်းသာသိသည်။ 'မင်းလောက်အဆင့်နဲ့ မင်းရွှေစည်ကို လုံးဝသဘောမတူနိုင်ဘူး' ဆိုတာ 'အိမ်ကလူကြီးတွေ သဘောမတူ ပဲ ဇွတ်လုပ်ရင်လဲ ဇွတ်လိုက်အရှက်ခွဲမှာပဲ' ဆိုတာ 'ရွှေလိုဥထား သောမိသားစုရဲ့ အသဲနှလုံးလေးကို သူမကြုံဖူးတာတွေနဲ့ မက်လုံး ပေးမြူဆွယ်မထားပါနဲ့' ဆိုတာတွေ။ ဒါတွေလောက်တော့ ပြောခဲ့ တာ ရိပ်ဖမ်းသံဖမ်းသိသည်။ မင်းရွှေစည်ကို ကြည့်ပြီး သနားနေ မိတာကလွဲလို့ ထိုအရေးထဲ စိတ်ဝင်တစားကြီး သူမပါခဲ့ပါ။

ပြီးတော့လဲ မေ့မေ့ပျောက်ပျောက်။ မနှင်းဆီကို မင်းရွှေစည် စိတ်ကောက်သွားသည်မှာ သဘော်လိုက်သွားသည် အထိပင်။ တကယ်တမ်းတော့ မနှင်းဆီဟာ တဖက်က ကောင်မ လေးကို ဆင်းရဲလို့ဆိုတာထက် မင်းရွှေစည်ကို သဝန်တိုပြီး ခါးခါး သီးတာဆိုတာ နောက်တော့ တစစ ပေါ်လွင်လာခဲ့ပါသည်။

"ညီလေးက မမကြီးကို စိတ်ကောက်သွားတာ သဘော် လိုက်မသွားခင် နောက်ဆုံးထိပဲ၊ မမကြီး သိပ်စိတ်မကောင်း ဖြစ်တာပေါ့၊ မင်းရွှေစည် ဆုံးသွားတော့ သူများထက်

သူပိုထိခိုက်တယ်... အသက်တိုတဲ့ သူမောင်ကလေး အသက်ရှိချိန်မှာ စိတ်ဆင်းရဲစရာကြီး တခု သူပြုမူလိုက်မိတယ်ဆိုပြီး မမကြီး သိပ်စိတ်မကောင်း ဖြစ်ခဲ့တယ်လေ"

မှတ်သည် အဖြစ်အပျက်တွေကို မျက်လုံး၌ တရေးရေး ပြန်ကာ မြင်နေသည်။

"အဲ့ဒါကြောင့် မှတ်ဗိုက်ထဲမှာ မင်းရွှေစည်သာ လာဝင်စားမယ်ဆိုရင် တမိသားစုလုံး သိပ်ဝမ်းသာနေကြမှာ... ကိုယ်လဲ ဝမ်းသာမိမှာပါ.. "

မင်းနေပြည် စိတ်ထဲရှိသလို အမှန်ပြောခြင်းသာ။ ညီလေးရဲ့ချစ်သူကို သူချစ်မိခဲ့သည်မှာ အပြစ် ဟုတ်သည် မဟုတ်ဘူး သူမသေချာ။ သူ့ဆီမှာ ရှိနေသော စာရွက်ကလေးတရွက်က သူ့ကို ဝမ်းနည်းကြင်နာမိစေသည်။ ဆောင်းတည မီးလှူနေသော မှတ်ကလေးရဲ့ ခြံဖက်မှ လွင့်လာတဲ့ စာရွက်လေး။ မနက်ကျ နှင်းစိုစို စာရွက်လေးကို ကောက်တွေ့သည်နှင့် လက်ရေးကို သူ ထိတ်လန့်စွာ မှတ်မိပေသည်။ ညီလေးရဲ့လက်ရေး။ စာဟာ တိုက်တိုက်ဆိုင်ဆိုင် မင်းရွှေစည်ရဲ့ နောက်ဆုံးစာ။ စာထဲက အဖြစ်





အပျက် စကားလုံးလေးတွေမှာ ကျေမွနာကျင်နေကြသည့် တမျက်နှာထဲလေးအတွင်း၌ 'ဟိုကောင်လေး' ဆိုတဲ့ ကောင်လေး တယောက်နှင့် 'အပြာလေး' ဆိုတဲ့ ကောင်မလေး၏ အချစ်ကို သူ ခံစားနိုင်ပါသည်။

"တော်ပါတော့ ဦးမင်းရယ် မှတ်ခေါင်းမူးလာလို့ပါ.. "

"ဆောရီးမှတ်ရယ်... မှတ်မျက်နှာ အရမ်းနွမ်းနယ်နေတယ် ခေါင်းသိပ်မူးလို့လား မှတ် ဘာဖြစ်သလဲဟင်... "

"ဦးမင်း... "

"ဟင်... "

"ဦးမင်းကို မှတ်ပြောစရာတွေ အများကြီးရှိတယ်... "

"ပြောလေ မှတ်... "

"အခု မပြောပါရစေနဲ့အုံး မှတ်မပြောရဲဘူး ဒါပေမယ့် မကြာခင် ပြောရတော့မှာပါ.. မကြာတော့တဲ့ တချိန်ချိန်မှာ ဦးမင်းနဲ့ မှတ်ကြားမှာ ပြောစရာတွေ ရှိလာတော့မယ်"

"ဘာများလဲမှတ်ရယ်... ကိုယ်တို့အတွက် အကျိုးမရှိပဲ စိတ်အနှောင့်အယှက်ပဲ ဖြစ်ရရုံစကားဆိုရင် ကိုယ့်ကို မပြောနဲ့တော့နော်... ပျော်စရာ ဝမ်းသာစရာပဲပြော"

"ဟင့်အင်း... မှတ်မှာ ဝမ်းသာစရာ စကားပြောစရာ မရှိဘူး၊ ဒါပေမယ့်... ဦးမင်းသိထားရမှာ တခုကလေ... မှတ် ဦးမင်းကိုချစ်တယ် သိလား၊ ဦးမင်းကို မှတ်ချစ်လာတယ်၊ တကယ်လို့များ မှတ်အပေါ် စိတ်ဆိုးစရာ တခုခု တွေ့လာရင် ဦးမင်းကို မှတ်ချစ်နေပြီ ဆိုတာကိုတော့ မမေ့ပါနဲ့..."

မှတ် အသံလေးသည် ကလေးကို ပုံပြောသိပ်နေသလို နူးနူးညံ့ညံ့။ မင်းနေပြည် မြဲ့မိကာ မှတ် လက်ကလေးကို ရင်ပတ်ပေါ် ကြင်နာစွာ တင်၍ ဆုပ်ကိုင်ထားသည်။ ဒါကို မေ့ထားပါ့မလားမှတ်ရယ်။ သူ့ဘဝအတွက် အလိုအပ်ဆုံး အကောင်းဆုံးစကား။

"ကိုကို... ပြင်ဆင်ကြတော့နော်... မေမေက ခဏနေရင် ထွက်မယ်တဲ့..."

ရုတ်တရက် စပယ့်အသံက တံခါးအပြင်ဖက်မှ





တံခါးပုတ်သံနှင့်အတူ ထွက်ပေါ်လာသည်။

"ကဲ... မှတ်... ပြင်တော့တဲ့ အဝတ်လဲ... ကိုယ်ထုတ်ပေးရမလား..."

မှတ်မျက်နှာကလေးမှာ ငယ်ကာပျက်ကာ ဇီးရွက်လေးမျှရှိလျက်...

"မှတ်... မှတ်မလိုက်လို့ မရဘူးလားဟင် ဦးမင်း၊ မှတ်နေခဲ့ချင်တယ်..."

မင်းနေပြည်က မျက်နှာလေး ဖြူဖတ်ဖြူလျော် ဖြစ်ကာ ခေါင်းလေးတခါခါ ပြောနေသော မှတ်ကို ကြင်နာစွာကြည့်ရင်း နဖူးပြင်ကလေးကို ငြင်ငြင်သာသာ ငုံ့မွှေးလိုက်ပါသည်။

"လိုက်ခဲ့ပါမှတ်ရယ်၊ လေညှင်းခံရင်း ခေါင်းမူးလဲ ပျောက်သွားမှာပါ၊ ပြီးတော့ မမကြီးကလဲ မှတ်ကို ခေါ်ခဲ့ပါလို့ ပြောတယ်..."

မှတ်မျက်ရည်ပေါက်ကြီး တပေါက် ပြုတ်ကျလာသည်။

"ဦးမင်း... မှတ်... မှတ်ဟာ... "

မင်းနေပြည် မှတ်ရဲ့နှုတ်ခမ်းကလေးကို လက်ဝါးနှင့်အသာကပ်ကာ ပိတ်လိုက်သည်။ ဝန်ခံဖို့ မလိုပါဘူး မှတ်ကလေးရေ။ မှတ်ဟာ မင်းရွှေစည်ရဲ့ ရည်းစားလေးပါ ဆိုတဲ့ စကား ကိုယ်မကြားပါရစေနဲ့တော့။

"မမကြီးက မှတ်ကို သိပ်လှတာပဲလို့ ပြောတယ်၊ မှတ်လှလှလေးပြင်ပြီး လိုက်ခဲ့နော်... "

"ဟင်... မမကြီးက မှတ်ကို... "

"မှတ် အပြစ်တင်ရင်လဲ ခံရမှာပဲ၊ မမကြီးဆီကို ကိုယ် မင်္ဂလာဆောင်ဓါတ်ပုံတွေလဲ ပို့လိုက်တယ်၊ မှတ်ရဲ့ ရှိုးရှိုးလေးရိုက်ထားတဲ့ အရင်က ဓါတ်ပုံလေးတွေလဲ ပို့ထားတယ်... "

"ဟင်... "

မှတ်ရင်တဒိတ်ဒိတ်တုန်ကာ...

"မမကြီးက... ဘာ... ဘာပြောသလဲဟင်... "





"ဘာပြောရမှာလဲ... မင်းမိန်းမကလှတယ်လို့ ပြောတာပေ

"ဒါပဲလား ဦးမင်းရယ်... "

"ဒါပါပဲမှတ်ရယ်၊ ဒါပါပဲ... "

မှတ်သည် ဉာဏ်မမှီသလို ခေါင်းကလေးစောင်းကာ ငိုင်နေသည်။

"မဟုတ်သေးဘူး ဦးမင်း... "

"ဘာလို့ မဟုတ်ရမှာလဲ... "

"မမကြီးက... မမကြီးက မှတ်ကို သိပါတယ်၊ အရင်ကထဲကသိပါတယ်... "

မင်းနေပြည် ခေါင်းကို သွက်သွက်ယမ်း လိုက်သည်။

"ဟင့်အင်း၊ မသိပါဘူး သူမှတ်ကို ဘယ်တုံးကမှ မသိဘူး"

"ဦးမင်း... "

"ဒီမယ်မှတ်... မှတ် နားလည်ထားဖို့က မမကြီး မှတ်ကို မသိဘူး၊ လုံးဝမသိပါဘူး၊ ဟုတ်လား မှတ်... နားလည်ရဲ့ လား... "

မှတ် ဦးမင်းကို မျက်လုံးဝိုင်းလေး ခြာခြာလည်ကာ အကြာကြီး စိုက်ကြည့်နေပါသည်။ အကြာကြီးမှ တကယ့်ကို အကြာကြီး။ အဓိပ္ပါယ်တွေ စကားလုံးတွေ အများကြီး ပျော်ဝင်နေသော မှတ်ရဲ့ မျက်လုံးအကြည့်ကို သူ့ဖက်မှလဲ စကားအခွန်းပေါင်းများစွာ ပါဝင်သော အကြည့်နှင့် တုန့်ပြန်ရင်ဆိုင်ကြည့်မိလျက်သား။ အကြာကြီး တိတ်ဆိတ်ငြိမ်သက်နေကြပြီးသော် မှတ်ပါးပေါ်မျက်ရည်ဥကလေးများ စီကာစဉ်ကာ သွယ်ကျလို့ လာသည်။

"မှတ်ရယ်... "

မှတ်ကိုယ်ကလေးကို သူ ထွေးပွေ့ကာ နှစ်သိမ့်သည်။

"ဦးမင်း... ဦးမင်းရယ်... "





မှတ်နှုတ်မှ ညည်းညူသံမှာ တိုးတိတ်လှပါသ မင်းနေပြည်မှာ မှတ်အပေါ် အဆုံးစွန်သော သနားဂရုဏာသက မှုနှင့် ရင်ထဲနင့်မိသည်။ သူ မမကြီးကို အကျိုးအကြောင်း အားလုံးနှင့်တကွ အနူးအညွတ် တောင်းပန်စာတစ်စောင်ကို ရေးပို့ပြီးခဲ့တာ ကြာပါပြီ။

* * * * *

ဟော

သူမထွက်လာပါပြီ။

ကြိုဆိုသူလူအုပ်ကြား နောက်နားခပ်ရှိုရှိုရှိနေသော မှတ်နှင့် စစ်ဆေးခံပြီးသော ခရီးသည်များ ထွက်ပေါက်မှ ညော့ခန်းမထဲဝင်ရောက်လာသော ဒေါ်နှင်းဆီတို့ ဦးစွာ မျက်ဝန်းချင်းတန်းကနဲ ဆုံကြသည်။ ပန်းနုရောင် ဆိုးထားသော နှုတ်ခမ်းများ။ တချိန်တုံးက မဲ့ကာ ရွဲ့ကာ ရက်ရက်စက်စက် ပြောဆိုခဲ့ဖူးသော နှုတ်ခမ်းများပေါ့။ ထိုနှုတ်ခမ်းများမှာ ယခု ဈေ့လျက်သား။

မှတ်လက်ဖျားခြေဖျား အေးစက်ကာ စူးစူးကလေး ငေးကြည့်နေမိသည်။ မျက်မှန်အောက်မှ ဒေါ်နှင်းဆီ မျက်ဝန်း

ကို လမင်းမိုးမို

ကလဲ အမေညီမတို့ကို ကျော်လျှက် မှတ်ထံမှာသာ။ တဦးကို ဂဦး အရိပ်အကဲခတ်ကာ ရွံ့တွန့်စူးရှစွာ ရင်ဆိုင်ကြည့်နေကြရာမှ ဒေါ်နှင်းဆီ နှုတ်ခမ်းပါးပါးက ပွင့်ဟ လှုပ်ရှားလာပါသည်။

"မှတ်က အပြင်မှာခါတ်ပုံထဲကထက်တောင် လှတာပဲ"

အပြင်မှာ ဓါတ်ပုံထဲကထက်တောင်...

အပြင်မှာ ဓါတ်ပုံထဲကထက်တောင်...

ကြားလိုက်ရသော စကားကြောင့် မှတ်အောင့်ထားသောအသက်ကို ရှူထုတ်လိုက်ရပါတော့သည်။

"ကျေးဇူးတင်ပါတယ်... မမကြီးရယ်... "

လှိုက်လှဲတိုးတိတ်သော စကားအဆုံးတွင် နံဘေးမှ ဦးမင်းရင်ခွင်ကျယ်၌ မှတ်ခမျာ မူးရီရီ ယိုင်မှီနေမိလေသည်။

လမင်းမိုးမို

စေတနာစာပေ

